www.burmeseclassic.com




# လမင်းပိုပို

တစ်ခါကစ်ရုံကော့ ရင်မှာကိတ်တနိုး
သိမ်းဆည်းရမယ့်အရာ...

www.burmeseclassic.com

www.burmeseclassic.com







တစ်နေ့သောအခါ ...
ကျွန်မသိပ်ချစ်တဲ့ ကောင်တလေးကို
ကျွန်မသိပ်ချစ်တဲ့ သူငယ်ချင်းက
ကျွန်မရဲ့ ရင်ခွင်နှစ်ခြမ်းကို ခွဲတာပြီး
အသာတလေး
ခွဲထုတ်နုတ်ယူသွားလိမ့်မယ်လို့
ကျွန်မ မထင်ခဲ့မိဘူး။
အဲ့ဒါထက်ကို
ကျွန်မချစ်တဲ့ ကောင်တလေးက
အသာတကြည် ကောက်ကောက်ပါအောင်
လိုက်သွားခဲ့လိမ့်မယ်လို့
ပိုလို့တောင် မထင်ခဲ့မိဘူး။
သိခွင့်ရလိုက်ချိန်မှာ
သူတို့နှစ်ဦးကြားမှာတွေတော့
ဂျူ ဝင်အချစ်တစ်ခုက



www.burmeseclassic.com

www.burmeseclassic.com



*အရူးအမူး နိုင်မတန်ပိုးကြီးနေခဲ့ပြီး ...*
*ကျွန်မရဲ့ ကာလရှည်ကြာ အချစ်တို့ကတော့*
*တန်ဖိုးမဲ့ သေးသိမ် အေးမှိန်ခဲ့လေရဲ့။*

*(ရွှန်းရွှန်း)*

✧ ❦ ✧



BURMESE CLASSIC



တစ်ခါတစ်ရံတော့
လူတွေသတ်မှတ်ထားတဲ့
သစ္စာတရားဆိုတာကြီးက
တော်တော်ဒုက္ခပေးတယ်များ။
တစ်စုံတစ်ရာကို
တစ်ကြိမ်ဆုပ်ကိုင်ခဲ့မိဖူးတာနဲ့
တစ်သက်လုံး ဘယ်သောအခါမှ
လွှတ်ချထားပစ်ခဲ့ခွင့် မရှိဘူးလို့
ကျွန်တော် မယုံကြည်နိုင်ဘူး။
ဖောက်ပြန်မှုဆိုတာကို
ကျွန်တော်လည်း ရွံမုန်းတတ်တယ်
ဒါပေမဲ့ ဘယ်လိုအရာကို
ဖောက်ပြန်မှုလို့ အဓိပ္ပာယ်သတ်မှတ်တာလဲဆိုတာ
ကျွန်တော်ကိုယ်တိုင် မရှင်းလို့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ထက် နားလည်တတ်ကျွမ်းသူများ
တစ်ဆိတ် ရှင်းလင်းပြကြပါလားဗျာ။

(မိုးဇွဲ)

✧ ❦ ✧



BURMESE CLASSIC



ဟင့်အင်း ...
တခြား ဘာကိုမှ မသိဘူး
ဘာမှလဲ မပြောချင်ဘူး
ကျွန်မသိတာက
မိုးဇွဲကို ကျွန်မ ချစ်တယ်
မိုးဇွဲကို သိပ်ချစ်တယ်။
မှန်တယ်ဆိုရင်လည်း ချစ်တယ်
မှားတယ်ဆိုရင်လည်း ချစ်တယ်
တရားတယ်ဆိုလည်း ချစ်တယ်
မတရားဘူးဆိုလည်း ချစ်တယ်
ချစ်သင့်တယ်ဆိုလည်း ချစ်တယ်
မချစ်သင့်ဘူးဆိုလည်း ချစ်တယ်။
လူတွေရဲ့မျက်လုံးတွေကိုလည်း နားလည်တယ်
ကျွန်မ လျှောက်တော့မယ့်လမ်းပေါ်
ပန်းခင်းမထားဘူးဆိုတာလည်း သိတယ်



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ...

ကျွန်မ ...

မိုးစွေကိုတော့ သိပ်ချစ်တယ်။

(ထက်လှအိ)





## ၁

ထိုနေ့က ရန်းရန်းသည် ထက်လှအိရဲ့နှုတ်ခမ်းလေးကို လိမ္မော်ရောင်ဖျော့ဖျော့ ဆိုးပေးခဲ့သည်။ ဒီနှုတ်ခမ်းဆိုးဆေးရောင်က လူတိုင်းနှင့်လိုက်တဲ့အရောင် မဟုတ်။ သို့ပေမယ့် သိပ်လည်းအသားမဖြူလှတဲ့ ထက်လှအိရဲ့နှုတ်ခမ်းထူထူဖူးဖူးကလေးနှင့်တော့ လိုက်ဖက်လှသည်။

"ဟဲ့ ... ရန်းရန်းနော်။ ငါ့ကို မလုပ်ကြနဲ့၊ နင့်အရောင်က ကြောက်စရာကြီး၊ ငါ့အသားအရေကိုလည်း ကြည့်ဦးဟယ် ကလေးမရဲ့"

"ပါးစပ်ပိတ်ထား ထက်လှ၊ နင် ငါ့ကို မယုံဘူးလား"

"ခိ ခိ ... နင့်ကို ငါက ဘာကြောင့် ယုံရမှာလဲ"

"ဟဲ့ ... ငါက နာမည်ကြီး မိတ်ကပ်ပ်အားတစ်စ်လေ၊ နင်မသိတိုင်း ..."



www.burmeseclassic.com

www.burmeseclassic.com



“ဩော် ... ငါ ... ဒီနဲ့ ငါးနှစ် ကင်းကွာနေပေမယ့် ဒီလောက်တော့ သိပါတယ်ဟယ်၊ စာမဖတ် ဘာမဖတ် မျက်စိပိတ်ပြီး နားပိတ်ပြီး နေခဲ့တာကျနေတာပဲ”

“အေး ... အဲဒါဆို နည်းနည်းပါးပါး ယုံကြည်မှုလေး ထားဦးပေါ့၊ ငါ့မှာ အနုပညာမျက်စိရှိမယ်လို့ တွေးပေးပေါ့”

“အဟိ ... တွေးပေးလိုက်ပါပြီဟယ်”

“နင်ဝတ်မှာ မီးခိုးရောင်လေ၊ မီးခိုးရောင်နဲ့ လိမ္မော်နဲ့က Match colour ပဲလေဟယ်၊ ကဲ ... ကြည့်၊ လှလား မလှဘူးလား”

ထက်လှအိက မှန်ထဲမှာ သူ့ကိုယ်သူ ရွှန်းရွှန်းစားစားကြည့်ရင်း ...

“အင်း ... လှတယ်၊ လှလိုက်တာ”

“တွေ့တယ် မဟုတ်လား”

ရွှန်းလက်တောက်ပနေသော ထက်လှအိရဲ့အလှကို အလှဖန်တီးပေးခဲ့တဲ့ ရန်းရန်း ကိုယ်တိုင်ပင် မျက်တောင်စင်းစိုက် ငေးမောရကာ ပင့်သက်ရှိုက်ရသည်။ လှနိုင်အားလွန်းတဲ့ ထက်လှအိ။ မဖြူလှတဲ့ အသားပေါ်မှာ လိုက်ဖက်စွာ အရောင်ရွေးထားတဲ့ မိတ်ကပ်က ညက်သိပ်နေကာ ဝင်းအိနေပါသည်။

“နင့်သတို့သားရော နည်းနည်းလိမ်းလိုက်ပါလား”

“ဘာသတို့သားလဲ နင်ကလည်း၊ လက်ထပ်တာကျနေတာပဲ၊ စေ့စပ်တာကို”





“ဟဲ့ ... စေ့စပ်တာလဲ သတို့သားလောင်းပဲလေ၊ တူတူပဲလေ”

“သူ့ကိုထားလိုက်စမ်းပါ သူ့ဟာသူ ဘာဖြစ်ဖြစ်၊ ငါ့ကို ခန်းမထဲမထွက်ခင် ဓာတ်ပုံရိုက်ဖို့ အရင်လုပ်ပေးဦး၊ နင်ပဲ စီစဉ်ထားမှာဆို”

“အင်းပါ ... ရောက်လောက်ပါပြီ”

“ခေါ်လိုက်လေ”

“အင်း”

ရန်းရန်းက သူ့ဖုန်းကိုထုတ်၍ ဂဏန်းတစ်ခုနှိပ်လိုက်ပါသည်။

“ဟဲလို ... မိုးစွေ”

“အင်း”

“နင် ရောက်နေပြီလား”

“အေး ... ရောက်ပြီ”

“ဒါဆို အလှပြင်ခန်းထဲ ဝင်ခဲ့တော့ ... လာ၊ ထက်လှက ဓာတ်ပုံရိုက်ချင်လို့”

“အေး ... လာခဲ့မယ်”

ရန်းရန်းက ဖုန်းကိုပိတ်ရင်း ...

“လာလိမ့်မယ်”

“ဓာတ်ပုံဆရာက နင်နဲ့ ရင်းနှီးတယ်ပေါ့ ... ဟုတ်လား”

“အင်း ... ရင်းနှီးပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



ခဏအကြာမှာပဲ အခန်းတံခါးကို အပြင်ကခေါက်လိုက်တဲ့အသံ ထွက်ပေါ်လာပါသည်။

"ဝင်ခဲ့ပါ"

အခန်းတံခါးဖွင့်ပြီး ဝင်လာသူကို ထက်လူအိက မှန်ကတစ်ဆင့် လှမ်းကြည့်လိုက်ပါသည်။ မှန်ထဲမှာတော့ ကင်မရာကြိုး လည်ပင်းချိတ်ထားသော အသားညိုညို ဆံပင်ထောင်ထောင် မျက်ခုံးမျက်လုံးမှောင်မှောင် ကောင်လေးတစ်ယောက်က မှန်ထဲကတစ်ဆင့် ထက်လူအိကို ပြန်ကြည့်ရင်း ဝင်လာနေပါသည်။

သူကလည်း ထက်လူအိကို ကြည့်နေပေမယ့် ထက်လူအိက မျက်တောင်မခတ် ပြန်စိုက်ကြည့်နေဖြစ်တဲ့အတွက် သူကအရင် မျက်လွှာကိုစိုက်ချလိုက်သည်။ အဲဒီမျက်လွှာစိုက်ချပြီး အကြည့်ဖယ်လိုက်ပုံမှာ ပြောရခက်သော အရိပ်အရောင်တစ်ခု ပါဝင်နေလေသည်။

"မိုးစွေ ... ထက်လူတစ်ယောက်တည်းပုံတွေ ရိုက်မယ်"

"အေး"

မိုးစွေက မှန်ရှေ့ကနေ သူ့ဘက်လှည့်ထိုင်လိုက်သော ထက်လူအိရဲ့မျက်နှာကို မကြည့်တဲ့ ဘေးက နည်းနည်းပါးပါး ရှုပ်ယှက်ခတ်နေတာတွေကိုသာကြည့်ကာ ဟိုဟာဖယ် ဒီဟာဖယ်နှင့် မြင်ကွင်းကို ရှင်းနေသည်။ အဲဒီကောင်ကလေးကို ထက်လူအိက စူးစူးစိုက်စိုက်ပဲ လိုက်ကြည့်နေမိပါသည်။





သူ့မျက်နှာပေါ်မှာ ရှိုးတိုးရှန့်တန့် အရိပ်အယောင်တစ်မျိုးလေး တစ်ခုရှိသည်။ တခြားတွေကို ကြည့်နေရာမှ ထက်လူအိထံ ဖျတ်ခနဲ ပြန်ကြည့်လိုက်လျှင် ထက်လူအိက တည့်တည့်စူးစိုက်ကြည့်နေတာနှင့်ပဲ တိုးပြန်၍ သူက မျက်နှာတည်ကာ မျက်လုံးလွှဲသွားပြန်လေသည်။ ထက်လူအိက ကောင်ကလေးကို ရယ်ချင်သွားကာ ပြုံးလိုက်မိရပါသည်။

"ရှန်းရှန်း"

"ဟင်"

"ဓာတ်ပုံဆရာနဲ့ ငါ့ကို မိတ်ဆက်ပေးဦးလေ၊ ရင်းနှီးမှ ဓာတ်ပုံရိုက်လို့ ကောင်းတာ၊ နို့မို့ စိမ်းစိမ်းကြီးတွေဖြစ်နေရင် ငါလည်း အိုက်တင်လုပ်လို့ မကောင်းဘူး၊ သူလည်း ပုံကောင်းထွက်မှာ မဟုတ်ဘူး"

ရှန်းရှန်းက မိုးစွေကို တစ်ချက်ကြည့်လိုက်ရင်း ...

"မိုးစွေ ... ဒါ ငါနဲ့ငယ်ငယ်လေးကတည်းက သူငယ်ချင်းလေ၊ ထက်လူအိတဲ့"

"ဪ ... အင်း"

"ငါ နင့်ကိုပြောဖူးပါတယ်၊ ဒီမှာ ကျောင်းပြီးပြီးတော့ စင်ကာပူမှာ ကျောင်းသွားဆက်တက်နေတာလေ၊ ပြန်ရောက်လာတာ သိပ်မကြာသေးဘူး၊ သူ့သတို့သားလောင်းနဲ့က လည်း စင်ကာပူမှာပဲ တွေ့လာကြတာလေ၊ ငါနဲ့မတွေ့တာ ငါးနှစ်ရှိပေမယ့် အရမ်းခင်တာ၊ နင်လည်း ငါနဲ့လိုပဲ ရင်းနှီးနှီးခင်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မိုးစွေက ခေါင်းဆတ်ရင်း ထက်လှအိကို တစ်ချက်လှမ်းကြည့်လိုက်ပြန်ပါသည်။ ရွှန်းလက်တောက်ပသော မျက်လုံးကြီးများနှင့် လုံးဝမလွဲမဖယ် တောက်လျှောက်ကြည့်နေတဲ့ ထက်လှအိနှင့် အကြည့်ချင်းအဆိုင်မှာ သူ တစ်မျိုးဖြစ်သွားရပြန်ပြီး မျက်လွှာချလိုက်ရပြန်သည်။

မင်း ဘာဖြစ်နေတာလဲ မိုးစွေ။

ဝင်လာကတည်းက မှန်ထဲကနေတစ်ဆင့် ဒီမျက်နှာလေးတွေ့လိုက်ကတည်းက သူ တစ်မျိုးဖြစ်သွားတယ်ဆိုတာ သူ့ကိုယ်သူ သိပါသည်။ ဘာဖြစ်တာမှန်းတော့ သူ မသိ။ ဒီကောင်မလေးကို သူ မကြည့်ပဲမကြည့်ရဲသလို ဘာကြောင့်ဖြစ်နေမိတာလဲ။ သူက ဓာတ်ပုံဆရာလေ။ ဓာတ်ပုံဆရာဆိုတာလောက် ကောင်မလေးအချောအလှတွေကို စေ့စေ့ကြည့်ရတဲ့သူစား ရှိလို့လား။

တစ်နေ့ တစ်နေ့ မကြည့်ချင် မမြင်ချင်မှအဆုံး။ နည်းနည်းလှတဲ့သူရယ် များများလှတဲ့သူရယ် အရမ်းကိုလှတဲ့သူရယ်။ တစ်ချိန်လုံး အလှဓာရားအမျိုးမျိုးကို ခံစားထိတွေ့နေရတဲ့သူပဲလေ။ ဒီအလှတွေကို စေ့စေ့ကြည့်ပြီးတော့မှပဲ လှသထက်လှအောင် ကိုယ့်ဘက်က ဖန်တီးပုံဖော်ပေးရတဲ့ အလုပ်မျိုးကိုလုပ်နေပြီး မိန်းကလေးတစ်ယောက်ကို မကြည့်ရဲဘူးဆိုတာမျိုး ရှိသင့်လို့လား။

"ထက်လှ ... ဒါက မိုးစွေတဲ့၊ ငါ့သူငယ်ချင်းပဲ"





"ငါ ထွက်သွားပြီးမှ နင် အသစ်ရတဲ့သူငယ်ချင်းပေါ့နော်"

"အေးပေါ့"

"အရမ်းခင်တာလား"

"အင်းပေါ့"

"ဒါပေမဲ့ နင် ငါ့ကို အွန်လိုင်းမှာ တစ်ခါမှလည်း မပြောဖူးဘူး"

"အင်းလေ၊ နင်နဲ့ငါကလည်း အွန်လိုင်းမှာ အမြဲတွေ့နေတာမှ မဟုတ်တာ၊ တစ်လတစ်ခါလောက်ပဲ တွေ့တာကိုး၊ တွေ့တုန်းလည်း စကားမစပ်မိဘူးလေ"

ထက်လှအိက မိုးစွေကို ပြုံးကြည့်ရင်း ...

"ဟိုလေ 'ကို'တွေ ဘာတွေ မတပ်ဘဲ ရှန်းရှန်း ခေါ်တဲ့အတိုင်းပဲ မိုးစွေလို့ခေါ်ရင် ရမလားဟင်"

"ဪ ... ရပါတယ်၊ ခေါ်ပါ"

"ကဲ ... မိုးစွေ၊ ထက်လှ ဘယ်လိုနေရမလဲ၊ ထက်လှက ခုလိုမျိုး မိတ်ကပ်ပြင်ခဲတော့ ပြင်ဖြစ်တုန်း လှလှလေး ရိုက်ပေးပါ"

"ဟုတ်ကဲ့ ... စိတ်ချပါ"

ထိုစဉ်တုန်းက ရှန်းရှန်းသည် မိုးစွေစကားနည်းနေတာကို သတိမပြုမိလှ။ မိုးစွေ ဆိုတဲ့ ကောင်ကလေးက စကားခပ်များများကောင်လေး။ သူသိ သူတတ် သူဆရာ။ ရှန်းရှန်းကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ချက်စိအေါက်ထောက်ကြည့်။ ပြစ်တင်စေဖန်ဆုံးမ။ ဟောဟောဒိုင်းဒိုင်း ဒိုးဒိုးဒေါက်ဒေါက် နှိုင်လွှန်း၍ နားကိုညည်းယူရတဲ့သူ။ သူ့ထံ ဓာတ်ပုံရိုက်တဲ့ မိုဒယ်လ်မလေးတွေသည် မိုးစွေကို ဟောက်တတ်တဲ့ဓာတ်ပုံဆရာအဖြစ် ကြောက်ကြသည်။

မိုးစွေ အသံတိတ်နေတယ်ဆိုတာသည် အလွန်တရာဖြစ်တောင့်ဖြစ်ခဲ ထူးခြားလှတဲ့ကိစ္စ ဖြစ်ပေမယ့် ရှန်းရှန်း ကိုယ့်အာရုံနှင့်ကိုယ် သတိမပြုမိပဲရှိခဲ့သည်။ ထက်လှအိကို ကိုယ်နေဟန်ထား လှပအချိုးကျအောင် ကိုယ်ပါကူညီပြုပြင်ညွှန်ကြားပေးနေရင်း အာရုံများနေခဲ့လေသည်။

ရုံဖန်ရံခါ မိုးစွေရဲ့စတူဒီယိုကိုသွားကာ မိုးစွေ ဓာတ်ပုံရိုက်တာကို ရှန်းရှန်း ထိုင်ကြည့်နေဖူးသည်။ အထူးသဖြင့် နာမည်ကျော် လှတီးပတ မိုဒယ်လ်မလေးတွေကို ရိုက်ရမည်ဆိုလျှင်ဖြင့် ရှန်းရှန်းက အခန်းထောင့်မှာ မထွာပ်တိုင်တက်သလို အစွင့်သားလေး သွားထိုင်နေလေ့ရှိတတ်သူပင်။

အဲဒီအခါကျ ထိုအနီ မိုဒယ်မလေးတွေကို မိုးစွေ ဘယ်လိုဆက်ဆံသလဲဆိုတာကို ပိုက်စိပ်တိုက် အကဲခတ်ရသည်။ ဒီနေ့မှာတော့ ထိုသို့အကဲမခတ်မိသည်မှာ သတိလက်လွှတ်ဖြစ်နေလို့တော့မဟုတ်။ ထက်လှအိ ဆိုတာ ရှန်းရှန်းရဲ့သူငယ်ချင်းအရင်းဖြစ်နေလို့အပြင် ဒီကနေ့ဟာ ထက်လှအိရဲ့ စေ့စပ်မင်္ဂလာပွဲဖြစ်နေသေးလို့ပင်။





မိုးစွေအပေါ် အလွန်အမင်း သဝန်တိုတတ်တဲ့ ရှန်းရှန်းဟာ ခုချက်ချင်းလက်ငင်း စေ့စပ်မင်္ဂလာကျင်းပနေတဲ့ မိန်းကလေးတစ်ယောက်နဲ့ ပတ်သက်၍တော့ သဝန်မတိုမိတော့ဘဲ ရှိခဲ့တာပင်။ ခါတိုင်းလို မိန်းကလေးဘက်ကိုလည်း အကဲလေးတောင် ခတ်မနေမိ။ သူ့ချစ်သူနဲ့သူ လက်ထပ်ဖို့ ရည်ရွယ်ပြီး စေ့စပ်ပွဲဆင်နွှဲနေတဲ့ မိန်းကလေးတစ်ယောက်ဟာ လျှပ်တစ်ပြက်တွေ့တဲ့ သာမန်ဓာတ်ပုံဆရာကလေးတစ်ယောက်အပေါ် မည်သို့မျှ စိတ်ညွတ်မည်မှ ထင်စရာမရှိဘဲ။

✧ ❦ ✧



www.burmeseclassic.com

www.burmeseclassic.com



## ( ၂ )

ငယ်ငယ်ကတည်းက မာမီတို့ လင်ညီအစ်မနှစ်ယောက်ရဲ့ အကြီးအကျယ်ပြိုင်ဆိုင်ပွဲတွေဟာ တစ်ဆွေတစ်မျိုးလုံး အကြား မသိချင်အဆုံးပေ။ အိမ်မှာချက်တဲ့ဟင်းကအစ စိန်ဝယ်တာတဆုံး တစ်ခုမကျန် ပြိုင်ဆိုင်ကြတာပင်။ ကလေးမွေးကြတော့လည်း ဒက်ဒီ့အစ်ကိုကြီးမိန်းမက သမီးချည်းနှစ်ယောက်မွေးတော့ မာမီက သားမွေးနိုင်ဖို့ မျှော်လင့်ခဲ့တာ။

ကိုယ်ဖန်တီးမရတဲ့ ကုသိုလ်ကံတရားနဲ့တော့ ယှဉ်ပြိုင်လို့မှ မရနိုင်တာပဲ။ မာမီလည်း သမီးဖြစ်သူ ထက်လှအိကိုပဲ မွေးလာသည်။ အဲဒီတော့ တစ်ခါ ကလေးချင်း အချောအလှပြိုင်ကြ။ ကျောင်းထားတော့ စာတော်ပြိုင်ကြ။ သမီးကို လာကြိုက်တဲ့ ကောင်လေးတွေရဲ့ ဂုဏ်ရှိန်ဂုဏ်ဝါပြိုင်ကြ။

ခြံဝင်းကြီးတစ်ဝင်းထဲမှာပဲ မြေကိုမခွဲစိတ်ဘဲ ညီအစ်ကိုနှစ်ယောက် တစ်ယောက်တိုက်တစ်လုံး နေကြတာမို့





တစ်ယောက်ဘာလုပ်လဲ၊ ဘာဝယ်လဲ၊ ဘယ်သွားလဲ၊ ဘာထူးလဲ၊ အကုန်မသိချင်လို့မှ မရတာ။ ထက်လှအိသည် သူ့ရဲ့အစ်မတစ်ဝမ်းကွဲနှစ်ယောက်ဖြစ်သော ခင်နုနုလှ၊ တင်ယုယုလှတို့နှင့် မွေးကတည်းက တစ်ချိန်လုံး ပြိုင်ဆိုင်လာခဲ့ရပါသည်။

မမနုနု ဂရိတ်သူဌေးသားတစ်ယောက်နှင့် ဖူးစာဖက်သွားတဲ့အခါ ပိုဆိုးပါတော့သည်။ မာမီဟာ ထက်လှအိ ထားရမည့် ရည်းစားကို သူကိုယ်တိုင်ပင် ကွင်းဆင်းလေ့လာဖွေရှာခဲ့တာပင်။ တက္ကသိုလ်တက်နေစဉ်ကာလတစ်လျှောက်မှာ ထက်လှအိသည် အမေနှစ်ယောက် သဘောတူ Arranged လုပ်ယူတဲ့ ရည်းစားလေးတစ်ယောက် ထားဖူးဖြစ်ခဲ့လေသည်။

ကောင်လေးအမေကလည်း ထက်လှအိကို အရမ်းသဘောကျ၊ မာမီကလည်း ကောင်လေးကို အရမ်းသဘောကျ။ ကာယကံရှင်နှစ်ယောက်က သွေးအေးအေး။ ကျောင်းမပြီးခင်ပဲ ကောင်လေးက သူ့ မြတ်နိုးတဲ့ နောက်မိန်းကလေးတစ်ယောက်နှင့် ရည်းစားထပ်ဖြစ်သွားလေသည်။

မာမီသာ ဆတ်ဆတ်တွေခါနေခဲ့ပြီး ထက်လှကတော့ သူတို့စုံတွဲနှင့် ပြုံးပြုံးရယ်ရယ် ခေါ်ပြောနှုတ်ဆက်နိုင်လေသည်။

ဒီတစ်ခါ တွဲဖြစ်ခဲ့တဲ့၊ စေ့စပ်တဲ့အထိ ဖြစ်လာခဲ့တဲ့ ခင်းသူရမောင်ကိုကျတော့ မာမီတစ်ယောက်တည်းရဲ့ သဘောဆန္ဒချည်း မဟုတ်ဘဲ ကိုယ့်ဆန္ဒလည်း တချို့တဝက် ပါဝင်ရွေးချယ်ခဲ့တာပါ။ ကိုယ်တိုင်လည်း အသက်နှစ်ဆယ့်လေး နှစ်ဆယ့်ငါး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာပြီဆိုတော့ ဘဝကို ဟိုးအမြင့်ထက်ဖျားမှသာ စီးမိုးသိမ်းပိုက်ထားလိုတဲ့ဆန္ဒမျိုး ကိုယ်တိုင်လည်း ရှိလာသည်ပင်။

ဒီလောက်ပြိုင်ဆိုင်တဲ့ ကြီးတော်၊ ဒီလောက်ပြိုင်ဆိုင်တဲ့ အစ်မဝမ်းကွဲတွေ၊ ဒီလောက်ပြိုင်ဆိုင်တဲ့မိခင်နှင့် ကြီးပြင်းလာခဲ့မှတော့ အဲဒီဓာတ်တွေ ထက်လှထံ အနည်းအကျဉ်းတော့ကူးဆက်သည်ပင်။ မာမီ့စကားတွေ မြေဝယ်မကျ နားထောင်ရင်း နားထောင်ရင်းက ကိုယ်တိုင်လည်း မင်းသူရမောင်လို လူစားမျိုးကို ရွေးချယ်မိလျက်သား ဖြစ်ခဲ့တော့တာပင်။

မင်းသူရမောင်လို ယောကျ်ားလေးမျိုးဟာ ဘယ်သမီးရှင်မျိုးမဆို ဝေါနဲ့ထမ်းပင့်ချင်မည့် သမက်လောင်းမျိုး၊ ဘယ်ကောင်မလေးမဆို ကြာကြာမှုမနေရဲမည့် ချစ်သူလောင်းမျိုး။ အဲဒီလူမျိုးက ထက်လှအိကိုမှ တစွဲတလမ်း ချစ်ခင်တာ ဆိုတော့လဲ။

မင်းသူရမောင်က ထက်လှအိ အချစ်ကိုရဖို့ လိုက်ယူခဲ့တာ သုံးနှစ်သုံးမိုးတောင်မှပါ။ ထက်လှအိ အဖြေပြန်ပေးဖြစ်တာက လွန်ခဲ့တဲ့ ခြောက်လကမှ။ အဲဒီအဖြေပေးချိန်ကိုပဲ စောင့်နေပုံရတဲ့ မာမီဟာ ချစ်သူတွေဖြစ်ကြပြီဆိုတဲ့ သတင်းကြားတာနှင့် လူကြီးချင်း ရွှေလမ်း ငွေလမ်း ဖောက်ဖို့ စိုင်းပြင်းတော့တာပင်။ ဟိုတစ်ဖက်က အမေကလည်း သူ့သား သုံးနှစ်သုံးမိုး စွဲစွဲလမ်းလမ်း လိုက်နေကတည်းက ထက်လှအိကို သိပြီးသား၊ နှစ်လိုမှုရှိပြီးသားပါ။





ခြောက်လအကြာမှာ စေ့စပ်ဖြစ်တာကတော့ အမေနှစ်ယောက်နှင့် မင်းသူရမောင်တို့ရဲ့ သဘောဆန္ဒ။ ထက်လှအဖို့က ချစ်သူနှင့် စေ့စပ်ရတာယ်ဆိုသော်လည်း ရင်မခုန်လှဘဲ ရှိနေသည်မှာ ဆန်းသည်ပြောချင့်လည်း ရတာပင်။ အိမ်ထောင်ရေးကို စိတ်မဝင်စားလှသေးတာလည်းပါသည်။

"တီ တီ ... တီ"

ဖုန်းမြည်သံကြောင့် စားပွဲပေါ်က ဖုန်းလေးဆီမျက်လုံးလေးရွေ့ကာ ကြည့်လိုက်တဲ့ ထက်လှသည် Screen ပန်းခရမ်းပြာရောင် မီးအလင်းလေးထဲမှာ Moe Sway ဆိုတဲ့ စာလုံးလေးကို လှမ်းမြင်သည်။ တစ်နေ့က ကတည်းက သူပေးခဲ့တဲ့ ကတ်လေးထဲက သူ့ဖုန်းနံပါတ်ကို ထက်လှဖုန်းထဲ နာမည်နှင့်အတူ သွင်းဖြည့်ထားပြီးသားလေ။

"မော်မော်"

"ရှင်"

"ဒီကိုလာစမ်း"

"ဟုတ်"

"ငါ ဖုန်းဖွင့်ပေးမယ်၊ နင်ပြော၊ မမထက်လှ ရေချိုးနေပါတယ်၊ မှာခဲ့ပါလို့ပြော၊ နားလည်လား"

"ဟုတ်"

သွက်လက်ချက်ချာတဲ့ လက်တိုလက်တောင်းမလေး မော်မော့်ထံ ဖုန်းလည်းဖွင့် စပီကာပါ တစ်ခါတည်းဖွင့်လှသုမ်းပေးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို"

"........."

"ဟယ်လို ... ပြောပါရှင်"

ကောင်မလေးအသံက ကလေးသာသာ မပီကလာ ဖြစ်နေလို့ထင်သည်။ တစ်ဖက်က ရုတ်တရက် အသံတုံ့နေသေးပြီးမှ ...

"ဒါ မထက်လှအိမ်ဖုန်းလားခင်ဗျာ"

"ဟုတ်ပါတယ်ရှင်၊ မမထက်လှ ရေချိုးနေပါတယ်"

"ဪ"

"ဘယ်သူပါလဲရှင်"

"ဪ ... ကျွန်တော် ... ဟို ...၊ ခဏနေမှပဲ ထပ်ဆက်ပါ့မယ်"

"ဘာကိစ္စလို့ ပြောထားပေးရပါမလဲရှင်"

"နေပါစေ ... ရပါတယ်၊ ကျွန်တော် ပြန်ဆက်လိုက်ပါ့မယ်"

တစ်ဖက်က ဖုန်းကျသွား၍ မော်မော်က ထက်လှ လက်ထဲ ဖုန်းလေးလှမ်းထည့်ကာ ...

"ပြန်ဆက်မယ်တဲ့ မမ"

"အေးပါ ... ငါ ကြားပါတယ်"

စပီကာနှင့် နားထောင်လိုက်တော့ သူ့စကားကို ဘေးလူတစ်ယောက်လို ကြားရသည်။ အဲလိုနားထောင်ကြည့်ချင်





တာ။ ဘာကြောင့်လဲ။ ဘာကြောင့်လို့ မပြောနိုင်ပေမယ့် သူ ဒီနေ့ ဖုန်းဆက်မှာကိုသိ၍ ထက်လှ မနက်ကတည်းက ဖုန်းသံမျှော်နေခဲ့မိတာလေ။ ဒီလိုပဲ စပီကာဖွင့်ပြီး ဘေးကပဲ နားစွင့်ဖို့ ကြိုတင်စိတ်ကူးစီစဉ်ထားတာ။

သူကတော့ ...

"ကျွန်တော် ခတ်ပုံမိုးစွေပါ၊ ခတ်ပုံတွေရကြောင်း ဆက်တာပါ" ဘာဘာညာညာ ပြောခဲ့လို့ရတာပဲ။ ဘာကြောင့် ဘာမှမမှာခဲ့ဘဲ ခဏနေမှ ပြန်ဆက်မယ်ချည်း ပြောသွားရတာလဲ။ မဖြစ်မနေ တိုက်ရိုက်ပြောရမှာကိစ္စမှ မဟုတ်ဘဲ။

ထက်လှအိမ်ရဲ့ နှုတ်ခမ်းလေးက အလိုလိုပြုံးလာမိသည်။

အဲဒီနေ့က ထက်လှ တစ်ယောက်တည်း ပုံတွေရိုက်နေတုန်း ရှန်းရှန်းကို မာမီက လှမ်းခေါ်ပြီး သူ့ဆံထုံးအချောသတ်ခေ၍ ရှန်းရှန်း မာမီ့အခန်းကူးသွားရပါသည်။ အခန်းတံခါးတော့ ဟင်းလင်းဖွင့်ထားပေမယ့် အခန်းထဲမှာ ထက်လှနှင့် မိုးစွေပဲကျန်ခဲ့သည်။ အခန်းပြင် တံခါးဝနားမှာတော့ ထက်လှရဲ့လက်တို လက်တောင်းလေး မော်မော်က ကြမ်းပေါ်ကျုံ့ကျုံ့လေး ထိုင်စောင့်နေတာ ရှိပါသည်။

ရှန်းရှန်းမရှိတော့တဲ့အခါ မိုးစွေရဲ့လှုပ်ရှားမှုတို့ ပို အသက်ပါလာသလားလို့ ထက်လှက ထင်မိသည်။ ခုနက ခပ်ရှိန်ရှိန်လေးလို ဖြစ်နေရာက ဖျိုးဖျိုးဖျတ်ဖျတ် သွက်လက်ချေးပူ



www.burmeseclassic.com

www.burmeseclassic.com



ကာ သူ့ဘာ အသက်ပါလာသည်။ ရိုက်ချက်တွေကလည်း ပိုပြီး သက်ဝင်လှုပ်ရှားလာသည်။ ဟန်မူရာတွေလုပ်ရင်းက နဖူးစပ်မှာ ချွေးဥလေး စို့လာတဲ့ ထက်လှကိုပင် Tissue Box မှ တစ်ရှူး ဖြုတ်ယူ ကမ်းပေးလိုက်သေးတာ။

အဲသလို တက်ကြွသက်ဝင်လာတဲ့ ဓာတ်ပုံဆရာလေးဟာ သတို့သားလောင်း မင်းသူရမောင် ရောက်လာကာ နှစ်ယောက်တွဲပုံတွေ ရိုက်တဲ့အခါမှာတော့ သိသိသာသာကြီး သံပတ်ကုန်နေးတုံ့လေးကန်သွားခဲ့ပြန်တာလေ။ အဲဒီနောက်တော့ မိုးချွေဟာ ထက်လှကို သေသေချာချာ စူးစူးစိုက်စိုက်ပင် မကြည့်တော့ပြန်။

ပွဲပြီးအထိ သူ ရှိခဲ့ရသည်။

ပြန်ခါနီး သူ့ကတ်ကို ထက်လှက တောင်းယူရင်း ...

"ပုံတွေ ဘယ်တော့ရမလဲ မသိဘူး"

"သန်ဘက်ခါလောက် ကျွန်တော် ..."

"ကိုယ်သွားယူလိုက်မယ်လေ ထက်လှ"

"ဟင့်အင်း ... ထက်လှပဲ အရင်လိုချင်တယ်၊ မိုးချွေ ... ထက်လှဆီပဲ အရင်ဖုန်းဆက်လိုက်ပါ"

"ဒါဖြင့် လာခေါ်ပေးရမလား၊ သွားရွေးဖို့"

"အဲဒီကျလိုအပ်ရင် ထက်လှ ပြောမယ်လေ ကို၊ မိုးချွေ ဘာပဲဖြစ်ဖြစ် ထက်လှဆီကိုတော့ အရင်ဆက်လိုက်ပါ"

"ဟုတ်"





ထက်လှအိက သက်ပြင်းတစ်ချက်မှုတ်ထုတ်လိုက်ပါသည်။ သူ့အကြောင်း ပြန်စဉ်းစားလိုက်တာ ဘာကြောင့်ရင်ထဲမှာ မောကျပ်ကျပ် ဖြစ်သွားရတာလဲ။ ထက်လှက ဖုန်းလေးကို ခုနန့်ပါတ်ပြန်နှိပ်ခေါ်လိုက်ပါသည်။

"ဟယ်လို"

ချက်ချင်းပဲ ဖွင့်ထူးလိုက်သံတွင် အသက်ရှူသံပင် ကပ်ပါနေသည်။

"ထက်လှပါ ... မိုးချွေ"

"ဟုတ် ...၊ ဟိုလေ ... ဓာတ်ပုံက စီဒီတော့ရပြီဗျ၊ ပုံတွေက တအားများနေတော့ ကောင်းတာလေးတွေ ပြန်ချိုက်စ်လုပ်ပြီးမှ ကူးလိုက်ရင်ကောင်းမယ်၊ နို့မို့ရင် တစ်မျိုးတည်းလည်း ပုံတွေထပ်နေမယ်လေ၊ အဲဒါ"

"အဲဒါ !!"

"အဲဒါ ပုံတွေကို ကျွန်တော့်ဘာသာရွေးပြီး ကူးလိုက်ရမလား၊ ထက်လှကိုယ်တိုင် ရွေးဦးမလားလို့ပါ"

"ထက်လှရွေးပေးလို့ရရင် ရွေးချင်တယ်"

"ရတယ်လေ ထက်လှ၊ စတူဒီယိုကို ထက်လှလာရွေးမလား၊ ဒါမှမဟုတ် ထက်လှဆီ ကျွန်တော် လာပို့ရမလား"

"အပန်းမကြီးရင် မိုးချွေ လာပို့ပါလား၊ အိမ်မှာလက်ပ်တော့ပ်နဲ့ ကြည့်ရွေးရင် ရမယ်မို့လား"

"ရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် အခုလာမလား၊ မိုးစွေ အားလား"

"ဟုတ် ... အားပါတယ်"

"ဒါဆို ထက်လှ စောင့်နေမယ်"

သူတို့နှစ်ယောက်အကြားက Conversation တွေဟာ သူစိမ်းဆန်မနေဘဲ ရိုးရိုးစကားလေးတွေပေမယ့် ရင်းနှီးမှုနဲ့ သွေးနွေးပူကြွနေတယ်လို့ ထက်လှအိ ထင်မိသည်။ သိပ်မကြာခင် အချိန်တိုအတွင်းမှာပဲ မိုးစွေက သူ့ရဲ့အနီရောင်ဂျစ်ကားကလေးနှင့် ရောက်လာပါသည်။

ဧည့်ခန်းမှာပဲ ထက်လှရဲ့ Laptop လေးနှင့် စီဒီထဲကပုံတွေကို ရွေးကြသည်။ လူချင်းကလည်း နီးနီးကပ်ကပ်ရှိနေခဲ့သလို ရယ်ကာမောကာနှင့်လည်း တရင်းတနှီး ဖြစ်ခဲ့ရသည်။ နီးကပ်နေတဲ့ မိုးစွေရဲ့ဆံပင်ဖွာဖွာလေး၊ မျက်တောင်မည်းမည်းလေးတွေ၊ ပါးပြင်လေး၊ အောက်နှုတ်ခမ်းကို ဖိထားတတ်တဲ့ သူ့အကျင့်၊ မောက်စ်နှိပ်နေတဲ့ ရှည်သွယ်သော သူ့လက်ချောင်းများ၊ ပုံပန်းကျနပြီး သွေးရောင်လျှမ်းနေတဲ့ သူ့ရဲ့လက်သည်းတွေ။

တစ်ခုချင်းစီကို ငါ ဘာလို့ ဒီလောက်တောင် အာရုံဝင်စားနေတာလဲ၊ သတိပြုမိနေတာလဲ ဆိုတာ ကိုယ့်ကိုယ်ကိုယ် မေးခွန်းထုတ်ရင်း ထက်လှသည် ဘဝတစ်သက်မှာ ဆန်းကြယ်သိမ်မွေ့သော ခံစားချက် အရသာတစ်မျိုးကို ပထမဦးဆုံးအကြိမ်အဖြစ် တသိမ့်သိမ့်ခံစားခဲ့ရလေသည်။

"ထက်လှ ... ပုံတွေ သဘောကျရဲ့လား"





"အင်း ... ထက်လှ ဒီလိုအလှတွေပြင်ပြီး ဓာတ်ပုံမရိုက်ဖူးဘူး၊ ဓာတ်ပုံရိုက်တာလည်း ဝါသနာမပါဘူး၊ စင်ကာပူမှာ ထက်လှနဲ့တူတူနေတဲ့ သူငယ်ချင်းတစ်ယောက်က ဓာတ်ပုံရိုက်တာ အရမ်းဝါသနာပါတာ၊ အပတ်တိုင်း အလှတွေပြင်ပြီး ဓာတ်ပုံရိုက်တယ်၊ ပြီးရင် facebook မှာတင်တယ်၊ ထက်လှကတော့ သူ့ကိုရယ်နေရတာ၊ ပုံတွေတင်လွန်းလို့"

"ထက်လှ Face book မှာ ဘာနာမည်နဲ့လဲ"

"Htet Hla ပဲ"

"ကျွန်တော် လာ Add ရင် လက်ခံပေးမလား"

ထက်လှနှင့်သူ နီးနီးကပ်ကပ် မျက်နှာချင်းဆိုင် ကြည့်မိရင်း ...

"အင်းလေ ... လက်ခံမှာပေါ့၊ Why not ? "

မိုးစွေက ထက်လှထံမှ မျက်လုံးလွှဲပြီး ဓာတ်ပုံတွေကိုပဲ အာရုံစိုက်ကာ ကြည့်ရွေးနေပါသည်။ ထက်လှကတော့ Laptop ရဲ့ စကရင်ပေါ် မျက်လုံးတစ်ချက်တစ်ချက်၊ မိုးစွေမျက်နှာကို မျက်လုံးတစ်ချက်တစ်ချက် ခိုးကြည့်နေမိတာပါ။ အဲဒီအတွက် ကိုယ့်ကိုယ်ကိုယ်လည်း အံ့အားတွေသင့်နေမိကာ စိတ်ထဲမှာတော့ အဲဒီဓာတ်ပုံတွေ သူ ရွေးချယ်နေတာ မြန်မြန်ပြီးမသွားပါစေနဲ့လို့ ဆုတောင်းနေခဲ့မိတာ။

"ဒါလေး ယူလိုက်မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါလေးလည်း ကောင်းတယ် မဟုတ်လား"

"ဒါရော ထက်လှ"

သူ့စကားတွေကို ထူးထူးထွေထွေ စကားမပြန်ဖြစ်ဘဲ "အင်း" "အင်း"နှင့်သာ ခေါင်းလိုက်ညိတ်နေခဲ့မိသည်။

"တီတီ ... တီတီ"

"ဟယ်လို"

"ထက်လှ ... ကိုယ်ပါ"

"ဟုတ် ... အင်း ... ပြော"

"ဓာတ်ပုံတွေ ရပြီလား"

"ဟင့်အင်း ... ခုပဲ မိုးစွေက ရွေးကူးမယ့်ပုံတွေ စီဒီထဲက ရှိုက်စ်လုပ်နေတယ်"

ထက်လှစကားကြောင့် မိုးစွေက အနည်းအကျဉ်း အာရုံပျံ့ကျဲသွားပုံပင်။

"မိုးစွေဆိုတာ ဘယ်သူလဲ"

"မိုးစွေဆိုတာ အဲဒီနေ့က ဓာတ်ပုံရိုက်တဲ့ ဖတော်ဂရာဖာလေ"

"အော် ... ထက်လှက သူ့စတူဒီယိုရောက်နေတာလား"

"ဟင့်အင်း ... မိုးစွေက ထက်လှအိမ်မှာပါ"

"ဟုတ်လား၊ ဒါဖြင့် ကိုယ်လည်း လာခဲ့မယ်လေ၊ ကိုယ်လည်း ဝိုင်းရှိုက်စ်လုပ်လို့ ရတာပေါ့"





"ဟင့်အင်း ... ရတယ်၊ ပြီးတောင်ပြီးနေပါပြီ၊ ကို မလာနဲ့တော့"

"လာခဲ့မယ်လေ၊ ကိုယ်လည်း ရွေးချင်တာပေါ့"

"ဟင့်အင်း ... ခုပဲ ပြီးနေပြီ ကို၊ ထက်လှရွေးလိုက်တာလည်း ကိုရွေးလိုက်သလိုပဲပေါ့၊ ကူးပြီးတော့ ဓာတ်ပုံတွေ ရမှပဲ ကို အေးအေးဆေးဆေးကြည့်တော့"

ထက်လှ အသံလေးက စိတ်ပဲမရှည်လှချင်သလိုလို၊ ညည်းညည်းညူညူလေးလိုလို နွဲ့ဆိုးဆိုး။

"လာချင်ရင် နောက်မှ အေးဆေးလာ၊ အခုကပြီးတော့မှာ၊ ဒါပဲနော် ကို၊ ထက်လှတို့ ဆက်ရွေးလိုက်ဦးမယ်"

ထက်လှဟာ ပြောလည်းပြီး ဖုန်းလည်းပိတ်။ မိုးစွေလှမ်းအကြည့်မိတွင် ပခုံးလေးတွန့်ပြီး ဟိခနဲ ရယ်မောလိုက်ပါသေးသည်။

"ဟို ... တစ်ယောက် ... ကို ... မင်းသူရမောင် ရွေးချင်လို့လား၊ ကျွန်တော်စောင့်ပေးမယ်လေ ထက်လှ"

"အို ... ကိစ္စမရှိပါဘူး၊ အရေးမကြီးပါဘူး၊ လာရွေးမနေနဲ့တော့လို့ ပြောပြီးပါပြီ၊ ယောကျ်ားလေးနဲ့ ဓာတ်ပုံတွေနဲ့ ဘာဆိုင်လို့လဲ"

ထက်လှအပြောကြောင့် မိုးစွေက တစ်ချက်ပြုံးရယ်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"သူလည်း သတို့သားလောင်းဆိုတော့ဗျာ"

"အို ... နေပစေပါ၊ ထက်လှလည်း ကောင်းတာတွေရွေး မှာပဲ့လေ၊ ဘယ်သူရွေးရွေး ကောင်းတာလေးတွေချည်းရွေး မှာပါပဲ မိုးစွေရယ်၊ မထူးပါဘူး"

ထက်လှရော မိုးစွေရောဟာ ညှော်ခန်းရဲ့ပါကေးကြမ်း ခင်းတွေပေါ်မှာ ထိုင်နေကြတာပါ။ မှန်စားပွဲလေးပေါ်က Laptop ကို နှစ်ယောက်အတူ ကြည့်နေကြတာပါ။ အဲဒီအချိန်ကာလကလေး ဟာ နာရီပေါင်းများစွာတော့ချီပြီး မကြာညောင်းပေမယ့် ထက်လှ ရဲ့နှလုံးသားတို့ကို ပူနွေးလာခဲ့စေဖို့ အထိတော့ လုံလောက်သည်။

တကယ်ကို ဘာကြောင့်မှန်းမသိ၊ မင်းသူရမောင်ကို လုံးဝရောက်မလာစေချင်ခဲ့တာဟာ သစ္စာစကားပင်။ ခုအတိုင်း လေးမှာ ထက်လှ ကျေနပ်နှစ်သိမ့်ပျော်ရွှင်နေပါသည်။

"ကဲ ... ဒီလောက်ဆို ရပြီထင်တယ်၊ စုစုပေါင်း ပုံ ၁၂၀ ရှိတယ် ထက်လှ"

"အင်း ... တော်ရောပေါ့၊ မိုးစွေ နှစ်စုံကူးပေးနော်၊ ဟိုဘက်ကိုတစ်စုံ၊ မာမီဖို့တစ်စုံ"

သူ့ဖို့ရယ်လို့မပြော မာမီဖို့တဲ့။ မိုးစွေက ပြုံးမိသည်။

"ထက်လှ လာရွေးမယ်လေနော်"

"လာခဲ့လေ ထက်လှ၊ အလုပ်များနေရင်တော့ ကျွန်တော် လာပို့ပေးလို့လည်း ရပါတယ်"





"ဟင် ... ဘာအလုပ်များစရာရှိလဲ၊ အရမ်းအလုပ်အားနေ တာ မိုးစွေရဲ့၊ ထက်လှပဲလာခဲ့ပါ့မယ်၊ မိုးစွေ ဖုန်းဆက် နော်"

"ဟုတ်"

နှုတ်ဆက်သော မျက်ဝန်းများ စက္ကန့်ပိုင်းမျှ ဆုံစည်း ငြိတွယ်မိကြသည်။

✧ ❦ ✧



www.burmeseclassic.com

www.burmeseclassic.com



## ၃

မိုးစွေသည် ခါတ်ပုံအယ်လ်ဘမ်အသေးလေးတွေကို တစ်ခုချင်းကောက်ကြည့်နေတဲ့ ရှန်းရှန်းဘက်ကို ကျောခိုင်းရင်း အလုပ်များချင်ယောင်ဆောင်နေရာမှ ရင်ထဲမှာ မလုံမလဲ တဒိတ်ဒိတ် ခုန်နေသည်။

"နှင့်အယ်လ်ဘမ်လေးတွေက အကောင်းတွေပါလား၊ ထက်လှ ပေးထားတာလား"

"မဟုတ်ပါဘူး"

"ဟင် ... နှင့်ဟာနှင် ဝယ်ထည့်ထားတာပေါ့"

"အေး"

"ဟင် ... ဘာလို့ ဈေးကြီးတဲ့ အယ်လ်ဘမ်တွေနဲ့ထည့်ရတာလဲ"

"အာ ... နင်ကလည်း၊ ဘယ်ကဈေးကြီးရမှာလဲ၊ သူများကြားရင် ရယ်ချင်စရာ၊ အပေါ်စားပဲဟာကို"





"အေးပါ ... အပေါစားတော့ အပေါစားပါပဲ၊ ဒါပေမဲ့ ခါတိုင်းက ဟို ... တစ်အုပ် နှစ်ရာတန် ဟိုကတ်ထူပါးလေးတွေနဲ့ ထည့်ရင်ထည့်၊ ဒါမှမဟုတ်ရင် နှင် ဒီတိုင်း အိတ်နဲ့ပဲထည့်ပေးလိုက်တာတောင် ရှိတာပဲဟာကို"

"သြော် ... ထက်လှအိမ်ကကျတော့ နှင့်သူငယ်ချင်းဖြစ်နေလို့ပါ ရှန်းရှန်းရယ်"

"ငါ့သူငယ်ချင်းဖြစ်လည်း ကိစ္စမရှိပါဘူးဟယ်၊ နင်ကလည်း သူတို့အိမ်ရောက်တော့ သူတို့က စပါယ်ရှယ်အယ်လ်ဘမ်ကြီးထဲထည့်ပြီး ဒါတွေကို လွှင့်ပစ်မှာပဲလေ၊ နမြောစရာကြီးလေ၊ ပြန်ဖြုတ်ထားမလား"

"ထားလိုက်ပါ ... နင်ကလည်း"

ရှန်းရှန်းက အယ်လ်ဘမ်လေးတွေအောက်က စက္ကူအိတ်အညိုကြီးနှင့် ထည့်ထားသော အကြီးကြီးကူးထားတဲ့ ခါတ်ပုံကို ဆွဲထုတ်လိုက်ပါသည်။ မိုးစွေက သက်ပြင်းရှိုက်ကာ အသက်အောင့်ထားလိုက်မိ၏။

"ဟင် ... တစ်ယောက်တည်းပုံကြီး"

လှပလွန်းအားကြီးတဲ့ ထက်လှအိရဲ့ တစ်ယောက်တည်းပုံကြီးကိုကြည့်ရင်း ရှန်းရှန်းက ရေရွတ်လိုက်ပါသည်။ မိုးစွေကလည်း မကြားချင်ယောင်ဆောင်နေပါသည်။

"ဟဲ့ ... မိုးစွေ"

"ဘာလဲဟ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... နင် ဒီဘက်လှည့်စမ်းပါ၊ ငါ့ကိုကြည့်ဖြေစမ်းပါ"

"နင်ကတော့ လုပ်ပြီ၊ အလုပ်များနေတဲ့သူကို၊ ကဲ ... ဘာလဲ"

တကယ်တော့ ရှန်းရှန်းနှင့် မျက်နှာချင်းသိပ်မဆိုင်ချင်။ ရှန်းရှန်းဟာ သူ့ရင်ထဲကို နက်နက်ရှိုင်းရှိုင်း ထွင်းဖောက်သိမြင်နိုင်လွန်းတဲ့သူပါ။ သူ ထူးထူးခြားခြား တစ်ခုခုဖြစ်နေရင် ရှန်းရှန်းကို လိမ်ညာဖုံးဖိထားလို့မရဘဲ သိပ်မကြာခင် ရှန်းရှန်းက သိသွားမြဲထုံးစံ။ ရိပ်မိမြဲထုံးစံ။

"ဒီပုံက !"

"လက်ဆောင်ပုံကြီးချဲ့ပေးတဲ့ပုံလေ ... နင်ကလဲ"

"ဟဲ့ ... စေ့စပ်ပွဲပုံလေ၊ ပုံကြီးချဲ့ပေးတာက စုံတွဲပုံဖြစ်ရမယ်လေ၊ ဩော် ... ဘာလဲ၊ နှစ်ပုံချဲ့ပေးတာလား၊ စုံတွဲတစ်ပုံ တစ်ယောက်တည်း တစ်ပုံလား"

"ဒီတစ်ပုံပဲ"

"ဟဲ့"

မိုးမွှေက ကျောပြန်ခိုင်းကာ ကွန်ပျူတာထဲပဲ အာရုံစိုက်နေလိုက်သည်။

"ဟဲ့ ... စေ့စပ်ပွဲပုံတွေ ရိုက်တဲ့ဟာ၊ စုံတွဲပုံကူးချဲ့ပေးရမှာပေါ့ဟဲ့"

"ဟုတ်ပါတယ်၊ မင်္ဂလာဆောင်ဆိုရင်တော့ စုံတွဲပုံပဲကူးချဲ့ပေးရမှာပါလေ၊ အခုက မင်္ဂလာဆောင် မဟုတ်လို့ပါ"





"ဟယ် ... မင်္ဂလာဆောင်မဟုတ်လည်း စေ့စပ်ပွဲဆိုတာ မင်္ဂလာဆောင်လိုသဘောပဲလေဟယ်၊ ဟိုတစ်နေ့ကတောင် မင်္ဂလာဆွမ်းကျွေးပုံမှာ နင် စုံတွဲပဲကူးချဲ့ပေးတာပဲ"

"မင်္ဂလာဆွမ်းကျွေးကတော့ မင်္ဂလာဆောင်ပဲလေ"

"စေ့စပ်တာက ဘာထူးလို့လဲ"

"အာ ... နင်ကလဲ၊ စေ့စပ်တာက စေ့စပ်တာပဲလေ၊ စေ့စပ်တယ်ဆိုတာက အသေအခိုင်မှ မဟုတ်သေးတာပဲ၊ ဘာမှ သေချာသေးတာ မဟုတ်ဘူး"

"ဟင် ... အဲဒါက ဘယ်လိုအတွေးလဲ"

"ကြိုးဆိုရင်တောင် ပထမတစ်ဆင့် တဲပြီးလျှာထားလိုက်တဲ့ ချည်နှောင်မှုမျိုးလောက်ပဲ၊ ခေါက်တုံ့ချည်ပေါ့ဟာ၊ အချိန်မရွေး အစလေး ဆွဲဖြေလိုက်လို့ရတယ်၊ လက်ထပ်တယ်ဆိုတာကမှ ခေါက်တုံ့မချန်ဘဲ အသေဆွဲချည်ပစ်လိုက်တာမျိုး"

"အေးပါ ... အဲဒါတွေ ထားပါ၊ အဲလောက်ထိ ဒဿနတွေလိုက်တွေးနေဖို့မှ မလိုတာ မိုးမွှေ၊ စေ့စပ်ပွဲဆိုတာ လူနှစ်ယောက်ရှိမှဖြစ်တာ၊ ချစ်သူနှစ်ယောက်၊ သတို့သားလောင်းနဲ့သတို့သမီးလောင်း၊ နှစ်ယောက်အတူကျင်းပတဲ့ပွဲ၊ နင် စုံတွဲပုံပဲကူးရမှာပဲလေ"

"ဒီလိုတစ်ပုံလက်ဆောင်ကူးပေးတယ် ဆိုတာတောင် သူတို့အစဉ်အလာအဖြစ် သိမှာမဟုတ်ပါဘူး၊ မကြာခင်အထိ



www.burmeseclassic.com

www.burmeseclassic.com



စင်ကာပူမှာပဲ နေခဲ့ကြတာလေ၊ ခုလို တစ်ယောက်တည်း ပုံ ကူးပေးတာတောင် နှင့်သူငယ်ချင်းတွေ့ရင် သဘောကျပြီး ကျေးဇူးတင်နေမှာပါ”

“ထက်လုကတော့ မကြိုက်ဘဲ မနေဘူးဆိုတာ ငါသိတယ်လေ၊ ဒီလောက်လှတဲ့ပုံကို သူ ကြိုက်မှာပေါ့၊ ငါပြောတာက သူ့ဘက်ကို မဟုတ်ဘူး၊ နှင့်ဘက်ကို”

“ငါ့ဘက်က ဘာဖြစ်လဲ”

“နှင့်ဘက်က ထုံးစံမဟုတ်တာကို လုပ်တာကို ပြောနေတာ”

အင်း ... ရှန်းရှန်း ရစ်ပြီ။

မိုးစွေက သက်ပြင်းတစ်ချက်ရှိုက်ကာ ဆံပင်တွေထဲ လက်ယှိုးဖွပစ်မိရင်း ...

“ရှန်းရှန်း ... ဒီပုံကလှလား မလှဘူးလား ... ပြော ငါ့ကို”

“အင်း ... လှတယ်”

“လှရုံပဲလား၊ ထူးထူးခြားခြား အရမ်းလှနေတာမဟုတ်ဘူးလား”

ရှန်းရှန်း စိုက်ကြည့်လိုက်တဲ့ မျက်ဝန်းမှာ အပူငွေ့တွေပါလာသည်။

“ကြည့်လိုက်တော့ ထူးထူးခြားခြား သိပ်လှတဲ့ပုံတွေ့တာနဲ့ အဲဒါကိုပဲ ကူးချဲ့လိုက်တယ်ဟာ၊ ဒီလောက်ပဲလေ”

ရှန်းရှန်းသည် အနည်းငယ်ပွလောင်ကာ လည်ချောင်းဝကို နင်တက်လာတဲ့ အလုံးတစ်ခုကို မျိုချလိုက်ရင်း ပုံကိုစ…



အိတ်ညိုကြီးထဲ ထိုးထည့်လိုက်ပါသည်။ ဒီလိုခံစားမှုမျိုး ပထမဆုံး ခံစားရတာတော့မဟုတ်။ ရှန်းရှန်းက ချစ်သူဓာတ်ပုံဆရာလေးကို အလွန်သဝန်တိုတတ်သူ ဖြစ်ရကား မိန်းကလေးလှလှလေးတွေနှင့် ဓာတ်ပုံရိုက်တဲ့ အဖြစ်အပျက်တိုင်းမှာ ခိုးလိုးခုလုဖြစ်တာ၊ ရင်ပူတာ၊ နင်တာလေးတွေ ရှိတော့ရှိခဲ့တတ်မြဲ ထုံးစံပါ။

ဒီတော့ ထုံးစံအတိုင်း မျိုချလိုက်ရပါသည်။

တကယ်တော့လည်း ရှန်းရှန်း တိုမယ့်သာ တိုနေတာ။ ရယ်စရာတောင် ကောင်းချင်ကောင်းနေမှာလေ။ ထက်လုနဲ့ယူမယ့် မင်းသူရမောင်ဟာ လူသိများတဲ့ သူဌေးကြီးတစ်ယောက်ရဲ့သား။ လူပုံသဏ္ဌာန်ကြည့်မလား၊ နေတဲ့အိမ် ကြည့်မလား၊ စီးတဲ့ကားကြည့်မလား၊ ဘယ်အရာမှ သူနဲ့ မိုးစွေနဲ့ ယှဉ်လို့မရနိုင်တာလေ။ ထက်လုတို့သားအမိက ဟိုးငယ်ငယ်ကတည်းက ဘာကို ဘယ်လိုရွေးချယ်လာခဲ့ကြတယ်ဆိုတာ ရှန်းရှန်းလည်း အားလုံးလိုလို သိထားနေတာပဲလေ။

ရှန်းရှန်းက “ဟက်”ခနဲ တစ်ချက်ရယ်လိုက်ရင်း ...

“နင်ကတော့ ထွင်ရမှ ... နော်၊ ဘာပဲဖြစ်ဖြစ် ဒီပုံက အရမ်းလှတာတော့ အမှန်ပဲဟ၊ ဘယ်လိုလှမှန်းမသိဘူး”

ရှန်းရှန်းက မိုးစွေ အနားရောက်လာကာ မိုးစွေနောက်မှာရပ် မိုးစွေကိုယ်ပေါ်ကိုင်းပြီး ရှေ့ကိုငိုက်မိုက်ကာ ...

“မိုးစွေ”

“အင်း”

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကိုချစ်လား"

"အင်း"

"ကောင်းကောင်းပြောဟ၊ ရင်ခုန်အောင်ပြော"

"ချစ်ပါတယ်ဟ"

"မယုံဘူးဟ"

"ရှန်းရှန်း ... အလုပ်ရှုပ်နေပါတယ်ဆိုဟာ၊ နင်ကရစ်ပြီ"

"ရစ်နေတာ မဟုတ်ဘူး၊ နင် ငါ့ကိုချစ်တာတော့ ငါသိပါတယ်၊ ဒါပေမဲ့ နင့်အချစ်က သူငယ်ချင်းမိတ်ဆွေသာသာပဲ၊ အေးစက်ကျနေရလွန်းတယ်၊ ငါ့ကို အရမ်းရင်တွေခုန်နေတာ၊ တအားပူနွေးတက်ကြွနေတာ ငါ တစ်ခါမှ မခံစားခဲ့ရဘူး"

ရှန်းရှန်းက ခပ်တိုးတိုး ပြောနေပါသည်။ ရှန်းရှန်းစကားက မှန်နေ၍ မိုးဇွေပင် လက်ထဲကမောက်စ်လေးငြိမ်ကာ ငေးမောတွေးတောသွားပါသည်။

"ငါပြောနေတာ စိတ်ကောဝင်စားလား"

"အင်း ... ဝင်စားပါတယ်"

"ဟုတ်လား၊ မဟုတ်ဘူးလား"

"နင်က ပူလောင်တဲ့အချစ်မျိုးကို လိုချင်လို့လား"

"မလိုချင်ဘူးလို့ပြောမှ ဏ္ဍန္တြေသိက္ခာရှိတဲ့ မိန်းကလေးဖြစ်မှာလားဟင် မိုးဇွေ"

"အဟင်း ဟင်း ... အရူးမ"





"အဲဒီစကားထဲမှာ ချစ်စနိုးအရိပ်အငွေ့လေးပါတာ ငါသိပါတယ်၊ ဒါပေမဲ့ တစ်ခါတလေကျရင် ငါ့အတွက် နင်ရှန်းရင်းဆန်ခတ် ပူလောင်ပေါက်ကွဲနေတာကို ငါသိပ်မြင်ချင်တာပဲ မိုးဇွေ"

"နင်ကလည်းဟာ"

"ပြော ... ငါက ဘာဖြစ်လဲ"

"ငါက ပူလောင်တတ်တဲ့လူမျိုးမှ မဟုတ်ဘဲ၊ ငါကအေးအေးဆေးဆေးသမားပဲ"

"ဟုတ်ပါတယ်လေ၊ နင့်ရဲ့ အဲဒီအေးဆေးငြိမ်းချမ်းတဲ့ပုံကိုပဲ ငါကလည်း ချစ်ခဲ့တာပါ၊ အဲဒီအေးစက်စက်လူကိုလည်း လှုပ်ခတ်လာအောင် ငါကပဲ နှိုးခဲ့ရတာပါ၊ တစ်ခါတလေကျတော့လည်း ဖွတ်နှိုးတဲ့သူရှိလို့ နိုးလာရပေမယ့် နင်တကယ်နိုးထချင်စိတ်ရှိရဲ့လားဆိုတာ သံသယဖြစ်တယ်"

"ရှန်းရှန်း"

မိုးဇွေက ခေါင်းတစ်ချက်ကုတ်ရင်း ...

"နင်လေ ... နင်အားနေရင် ငါ့ကိုရစ်တယ်။ စကားကြီးစကားကျယ်တွေ တောင်စဉ်ရေမရ ထင်ရာမြင်ရာလျှောက်ပြောမယ်၊ လျှောက်တွေးပြီး သံသယတွေဝင်မယ်၊ အဲဒီအတိုင်းပဲ၊ ကဲ ... နင် သိပ်အားနေရင် ငါ့ဒီစတူဒီယိုခန်းရှင်းပေးစမ်းဟာ၊ ပစ္စည်းတွေနည်းနည်းရှင်းပြီး တံမြက်စည်းလှဲပေး"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ"

ရှန်းရှန်းက မိုးစွေကို မျက်စောင်းထိုးရင်း ...

"နင့် တပည့်ကျော်က ဘယ်သွားသေနေပြန်လို့လဲ"

"နောက်ခန်းထဲမှာရှိတယ်လေ၊ ညကပုံတွေ အပြီးကူးခိုင်းထားလို့ အိပ်ရေးပျက်နေတာနဲ့ ပြန်အိပ်ချင်အိပ်လို့ အိပ်ခိုင်းထားတာ လုပ်ပါဟာ၊ ခဏနေ ဧည့်သည့်တွေ ဘာတွေလာရင် ရှုပ်ပွနေမှာစိုးလို့ပါ"

"နင် ဘာလို့ဖွသေးလဲ"

"တမင်တကာတော့ ဖွပါ့မလားဟာ"

"ဟွန်း"

ရှန်းရှန်းက တံမြက်စည်း ထယူကာ ရှင်းဖို့လှည်းဖို့တော့ ပြင်လိုက်ပေမယ့် ပါးစပ်ကတော့ ဗျစ်တောက်တောက် လုပ်နေပါသည်။

"ငါ့ကိုဆို ခိုင်းဖို့ ရည်းစားတော်ထားတာ ကျနေတာပဲ၊ သူကချည်း မအားတော့ ငါကချည်း လာရတာ၊ လာတိုင်းလည်း သူ့စတူဒီယိုက သပ်ရပ်တယ်ကို မရှိဘူး၊ အမြဲပွရှုပ်နေလို့ အမြဲရှင်းပေးနေရတာချည်းပဲ၊ ရည်းစားဘာဝချစ်ကြည်ကလူ ကျီစယ်ရမလားမှတ်တယ် သူခိုင်းတာပဲ လုပ်ပေးနေရတယ်"

မိုးစွေက ကျိတ်ပြီး ရယ်နေမိပါသည်။





ရှန်းရှန်းဟာ သူငယ်ချင်းဘဝကလာသူမို့ သူ့သံယောဇဉ်ကြီးပါသည်။ ချစ်ခင်တန်ဖိုးထားပါသည်။ ဒါပေမဲ့ ...။ အင်း။ အဲဒီဒါပေမဲ့ကို သူရှင်းမပြတတ်။ ရှန်းရှန်းပြောတာ မှန်သည်။ သူ့မှာ ရှန်းရှန်းအတွက် ရင်တွေခုန် ပူလောင်ဝန်တိုပေါက်ကွဲ ယောက်ယက်ခတ်ရတာတွေ မရှိခဲ့ပါလား။

ရှန်းရှန်းက သူ့ကိုလာဖက်ထားလျှင်တောင်မှ သူ့ရဲ့စိတ်မှာ ပီတိတစ်မျိုး ရှိတတ်တာကလွဲ၍ ရင်တွေတဖျပ်ဖျပ် လှုပ်ရှားမလာတတ်ပါလား။

"........."

သူ့ဖုန်းမှ သီချင်းသံ Ring မြည်လာ၍ မိုးစွေက ခလုတ်နှိပ်ရင်း ...

"ဟယ်လို"

"မိုးစွေ"

"ဟင် ... ဗျာ"

တစ်ဖက်ကအသံကြောင့် မိုးစွေရဲ့အသည်းနှလုံးတွေသည် မြောက်ခနဲ ခုန်သွားသလို ရင်ထဲဝရုန်းသုန်းကား ထိတ်သွားပြီး လူပါဟန်ချက်ပျက်သွား၍ မိုးစွေက ရှန်းရှန်းဖက် မလုံမလဲငဲ့ကြည့်လိုက်ပါသည်။ ရှန်းရှန်းက နံရံမှာကပ်၍ မှီထားသော ဆေးသွင်းပြီး ပုံတချို့ကို ကောက်ကြည့်နေကာ သူ့ကိုသတိမပြုမိ။

"မိုးစွေ ... ထက်လှပါ"

"ဪ ... ဟုတ်၊ ပြောပါခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



မိုးစွေက ဝရန်တာဘက် ထွက်လာခဲ့ပါသည်။ ကြည့်စမ်း ... သူ မရှိးသားလိုက်တာ။ ထက်လှဟာ ရှန်းရှန်းသူငယ်ချင်း။ ရှန်းရှန်းကြောင့် ထက်လှစေ့စပ်ပွဲကို သူ ဓာတ်ပုံရိုက်ခဲ့ရတာ။ ထက်လှဖုန်းဆက်တာ ရှန်းရှန်း မသိဖို့ မလိုသလို ထက်လှကို သူစကားပြောတာကိုလည်း ရှန်းရှန်းမကြားဖို့မလို။

"ဓာတ်ပုံတွေလေ ... ရလောက်ပြီထင်တယ်နော် မိုးစွေ"

"ဟုတ် ... ရပြီ ထက်လှ"

"ဒါဖြင့် ထက်လှ လာယူလို့ရပြီပေါ့"

"ရပြီ ... ထက်လှ၊ ဒီနေ့ လာမလား"

"အဟင်း ... ဟင်း ... ဟင်း"

"ဗျာ"

တစ်ဖက်က ရယ်သံလွင်လွင် သာသာကလေးဟာ မိုးစွေရဲ့တစ်ကိုယ်လုံးကို ကြက်သီးမွေးညင်းပင် ထသွားစေခဲ့သည်။ ရင်ညွန့်မှာ နွေးကျင်ပြီး တစ်မျိုးလေး ခံစားလိုက်ရကာ ...

"ဗျာ ... ထက်လှ၊ ထက်လှ ဘာလို့ရယ်တာလဲ"

"အဟင်း ဟင်း ဟင်း"

"ထက်လှ"

မိုးစွေရဲ့နှုတ်ခမ်းက အလိုအလျောက် ကော့မြူးပြီး ချိုလာမိသည်။

"အဟင်း ဟင်း"





ကြည့်ပါဦး အကြောင်းမသိရဘဲ ရယ်နေလိုက်တာ။ ရယ်နေသံလေးက ကျွန်တော့်ရင်တွေ တုန်စေလိုက်တာ ထက်လှရယ်။

"ထက်လှ ... အဟင်း၊ ကျွန်တော်လည်း ရယ်ချင်လာပြီဗျ"

"မိုးစွေက ဒီနေ့လာမလားဆိုလို့ ထက်လှက ရယ်မိတာပါ"

"ဒီနေ့လာမှာ မဟုတ်ဘူးပေါ့"

"အခု ထက်လှ အောက်ရောက်နေတယ် မိုးစွေရဲ့"

"ဗျာ"

"မိုးစွေရဲ့အခန်းဝရန်တာ ထောင့်လိုက် ဆိုင်းဘုတ်ကြီးအောက်မှာ၊ မိုးစွေကိုတောင် လှမ်းမြင်နေရတယ်၊ မိုးစွေက တီရှပ်အစိမ်းလေးနဲ့လေ"

"ဗျာ"

မိုးစွေသည် တဒိတ်ဒိတ် ခုန်လှုပ်ပူနွေးလာသောရင်နှင့် ဝရန်တာမှ အောက်သို့ ရယ်ရယ်မြူးမြူး ငုံ့ကြည့်ရင်း ...

"ထက်လှ ဘာကားနဲ့လဲဟင်"

"ခဲရောင်လေ၊ ဗော်လ်ဗို ဗင်ကား၊ တွေ့လား မိုးစွေ"

"သြော် ... ဟုတ် ... တွေ့ပြီ"

မိုးစွေသည် မှန်မှောင်မှောင်တွေနောက်က ထက်လှကို သဲသဲကွဲကွဲ မတွေ့ရပေမယ့် ကားပြတင်းတစ်ဖက်က ထွက်လာကာ ဇော့ယမ်းပြလိုက်တဲ့ လက်ဖြူဖြူကလေးကိုတော့ မြင်လိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ထက်လှ တက်လာမယ်"

အင်း ...။ တကယ်တော့ မလာစေချင်သေးတာ သစ္စာစကားပင်။ ရှန်းရှန်း ရှိနေတယ် မဟုတ်လား။ ဒါပေမဲ့ အောက်တောင်ရောက်နေတဲ့သူကို မတက်လာနဲ့ဦးလို့ ပြောဖို့ခက်သည်။

"လာလေ ... ထက်လှ၊ ရှန်းရှန်းတောင် ရှိတယ်"

သူ ခပ်တိုးတိုး ပြောလိုက်ရသည်။

"ဟုတ်လား ... ဒီနေ့ သူ နားရက်ထင်တယ်"

"ဟုတ်"

"ထက်လှ လာခဲ့မယ်နော်"

"ဟုတ်"

ကိုယ့်ကိုယ်ကိုယ် မရိုးသားဘူးဆိုတာ ကိုယ်တိုင် ခေါင်းနပန်းကြီးကြီး ရိပ်မိသိရှိရတဲ့ အချိန်ကာလက တိုတောင်း မြန်ဆန်လွန်းပါသည်။ မိုးဇွေက ဝရန်တာမှ ပြန်ဝင်လာသည်။

"မိုးဇွေ"

ကိုယ်က မပြောရသေး ရှန်းရှန်းမှာ ပြောစရာစကား ကအသင့်။

"နင် ဒီမှာလည်း ထက်လှပုံ အကြီးကြီး နှစ်ပုံတောင်ကား ထားပါလား"

"အေး ... ဒါက ဒီစတူဒီယိုမှာ ချိတ်ထားဖို့လေ"

"သူ့ကိုရော ခွင့်တောင်းပြီးလို့လား"





တကယ်တော့ မင်းသမီးရဲ့ဓာတ်ပုံ မော်ဒယ်လ်ရဲ့ ဓာတ်ပုံမျိုးတွေသာ ချိတ်ဆွဲထားလေ့ရှိတဲ့ စတူဒီယိုအခန်းထဲ ထက်လှပုံကို ချိတ်မည်ဆိုတာကို ရှန်းရှန်း ရင်ထဲ နင်သွားတာပင်။ ဒါဟာ ထက်လှကို မိုးဇွေက သိပ်လှတယ်လို့ သတ်မှတ်တင်စားတဲ့သဘောပေါ့။

"ငါ ခွင့်တောင်းမှာပါ"

"ခွင့်မတောင်းရသေးဘဲနဲ့ သူလက်ခံမခံ ခွင့်ပြုမပြုလည်း မသိဘဲ နင်က ကြိုကူးထားရလား၊ ခွင့်မပြုရင်ရော"

"ခွင့်ပြုမယ် ထင်ပါတယ်၊ ငါ ခုပဲခွင့်တောင်းလိုက်မယ် လေ၊ အခု ထက်လှတက်လာနေပြီ"

မိုးဇွေရဲ့မျက်ဝန်းများ ထက်သန်တက်ကြွနေတာကို ဘအံ့တသြကြည့်ရင်း ...

"တက်လာနေပြီ ! "

"ဟုတ်တယ်၊ အောက်ကနေ ခုနဖုန်းဆက်တယ်"

ရှန်းရှန်း ဘာမှဆက်မပြောသာတော့ဘဲရှိစဉ် အခန်းကို ထက်လှက ဘွားခနဲ ရောက်လာခဲ့ပါသည်။ အဖြူရောင် ဝါဝန်တိုလေးနှင့် လှလွန်းနေသော ထက်လှကို မိုးဇွေမပြောနှင့် ရှန်းရှန်းပင် ငိုင်ငေးသွားရပါသည်။

"အဟင်းဟင်း ... မိရှန်း၊ နင်ရှိမှန်း ငါက အနံ့ခံပြီးသိလို့ ထွက်လာခဲ့တာဟ၊ ဟား ဟား ... နင် ဘာလုပ်နေလဲ"

"ငါလား ..."



www.burmeseclassic.com

ရန်းရန်းက လက်ထဲမှာ တံမြက်စည်းတစ်ဖက်ကိုင်ထားဆဲ။

"သင်းရဲ့ရှုပ်ပွနေတဲ့အခန်းကို လာရှင်းပေးနေရတာလေ"

ရန်းရန်းက မိုးဇွေဘက်ကို တကယ်မုန်းမုန်းနှင့် မျက်စောင်းထိုးရင်းပြောလျှင် ထက်လှက ခေါင်းလေးမော့၍ ရယ်သောအခါ မိုးဇွေ မျက်ဝန်းများက ထက်လှရဲ့ဟန်မူရာလေး၌ ငြိကာစိုက်နေမိလေသည်။

✧ ❦ ✧



# ၅

"အဆင်ပြေလား ထက်လှ"

ထက်လှက ဖျတ်ခနဲပွင့်လာတဲ့ ဖေ့စ်ဘွတ်စာမျက်နှာမှ မျက်လုံးခွာပြီး မင်းသူရမောင်ကို ခပ်မြူးမြူးကလေးကြည့်ကာ...

"ရပြီ ကို၊ သဲင့်ခ်ယူး"

ဒီကနေ့ မင်းသူရမောင်က ထက်လှအိမ်မှာ Sky net ဆိုင်း အင်တာနက်လိုင်း လာရောက်တပ်ဆင်ပေးတာပါ။ ပြန်ရောက်အပြီးကတည်းက အင်တာနက်သုံးချင်လျှင် ဆိုင်မှာသွားသုံးနေရတဲ့ ထက်လှအီ အိမ်မှာအသင့်သုံးလို့ရအောင် သူပဲလျှောက် သူပဲငွေသွင်း သူပဲရှိသမျှကိစ္စအဝဝ ဆောင်ရွက်သွားတာပါ။

"ဒါဖြင့် ကိုယ် ညမှ အွန်လိုင်းတက်လာပြီး ထက်လှနဲ့တွေ့မယ်"

"ဟုတ်"

"နက်ဖြန် လိုက်ခဲ့နော်၊ ကိုယ်လာခေါ်မယ်"

www.burmeseclassic.com



"ဘယ်ကိုလဲ ကို"

"ဟော ... ကြည့်၊ မေ့သွားပြန်ပြီ၊ ကိုယ့်အခေါ်လေ၊ အန်တီဆင်ဒီတို့အိမ်လေ"

"ဪ ... အင်း"

"မပျက်နဲ့နော်၊ ကိုယ် သေချာချိန်းထားပြီးပြီ၊ သူတို့မနက်စာ စီစဉ်ထားမှာ ... နော် ထက်လှ"

"အင်းပါ ကိုရယ် ... မပျက်ပါဘူး၊ ခုန ခဏမေ့သွားတာပါ"

"ဒါဖြင့် ကိုယ်သွားမယ်နော်၊ ဒီလူတွေ လိုက်ပို့လိုက်ဦးမယ်"

"ဟုတ်"

မင်းသူရမောင်က လာရောက်တပ်ဆင် ချိန်ညှိပေးတဲ့ လူရွယ်အဖွဲ့ကိုခေါ်ကာ လှည့်ထွက်သည်ဆိုသည်နှင့် တံခါး၀တောင် မရောက်သေးခင် ထက်လှရဲ့အာရုံက လက်ပ်တော့ပ်ရဲ့ စကရင် မျက်နှာပြင်ပေါ် ပြန်ရောက်သွားပြီ။ ပွင့်လာတဲ့ စာမျက်နှာပေါ်မှာ မက်ဆေ့ချ်ဘောက်စ် (Message Box)ထဲ စာလေးတစ်စောင် ရောက်နေတာ မြင်လိုက်ရတယ် မဟုတ်လား။

မမသူဇာထံက မက်ဆေ့ချ်ရောက်စရာရှိသည်။ မမသူဇာဆိုတာ စင်ကာပူမှာတုန်းက ထက်လှနှင့် တစ်အိမ်တည်း အတူနေခဲ့တဲ့ အစ်မလိုချစ်ရသူ။ မမသူဇာနှင့် သူ့ရဲ့မပွင့်လင်း သေးတဲ့ ချစ်သူ ကိုအေးမင်းစောရဲ့သတင်းသစ်ကို ထက်လှ သိချင်နေတာ။ မနေ့က သူတို့ချင်း ဆုံတွေ့ကြမှာကို ဂျီတော့ခ်က နေ ထက်လှသိထားသည်။

ဆုံတွေ့ပွဲလေးရဲ့ အဖြစ်အပျက် အသေးစိတ်ကို မမသူဇာက မက်ဆေ့ချ်ပို့ထားမည်လို့ ပြောထားပါသည်။ ဒါကြောင့် မမသူဇာဆီက ရောက်နေတဲ့ မက်ဆေ့ချ်ပဲလို့ အရမ်းကို စိတ်ဝင်တစား သိချင်သွားရတာ။

Message Box ကို ဖွင့်လိုက်တဲ့ ထက်လှရဲ့မျက်လုံးလေးကဝိုင်းကာ မျက်ခုံးလေးပင့်သွားရသည်မှာ ပေးပို့ထားသူရဲ့ အမည်က ခင်သူဇာသွယ် မဟုတ်ဘဲ "Moe Sway"ဆိုတာတွေ့ မြင်လိုက်ရလို့ပင်။

"ဟင်"

နှုတ်ခမ်းလေးကိုတောင် လက်ညှိုးလေးနှင့်ထောက်လိုက်မိကာ တအံ့တဩလေး ရေရွတ်လိုက်မိရင်း ကမန်းကတန်း ဖွင့်ဖတ်လိုက်ပါသည်။

"ထက်လှ ...

ကျွန်တော် Request ပို့ထားပါတယ် ...

Aceept လုပ်ပေးပါခင်ဗျ ...

မိုးဆွေ"

ထက်လှနှုတ်ခမ်းကလေးက ပြုံးသွားရပါသည်။ ...ချင်းပဲ သူ့ထံ သူငယ်ချင်းဖြစ်ဖို့ Request ပို့ထားသူစာရင်း... ဖွင့်လိုက်ကာ မိုးဆွေ နာမည်ကိုရှာပြီး လက်ခံလိုက်ပါသည်။







www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပဲ မိုးစွေရဲ့စာမျက်နှာပေါ်သွားကာ ကြည့်မိလျှင် များသောအားဖြင့်က သူ့ရဲ့ဓာတ်ပုံလက်ရာတွေကို တင်ထားတာတွေ့ရပြီး ကြားမှာ သီချင်းတချို့လည်း တင်ထားတာကိုတွေ့ရသည်။

သူ့သီချင်းလေးတွေကို လိုက် Click ကာဖွင့်နားထောင်နေမိဆဲမှာပဲ ထက်လှရဲ့စာမျက်နှာပေါ်သို့ မိုးစွေရဲ့ "Thanks" ဆိုသော ကျေးဇူးနှုတ်ဆက်စကားလေးက ချက်ချင်းပင် တက်လာပါသည်။ အဲဒီစာလုံးလေးနဲ့ မိုးစွေရဲ့ပရိုဖိုင်ဓာတ်ပုံကလေးဖြစ်တဲ့ ထီးနီနီကလေးပုံကို မေးထောက်စိုက်ကြည့်နေမိရာမှ ထက်လှခေါင်းလေးကို တစ်ချက်ခါယမ်းကာ သက်ပြင်းချလိုက်မိပါသည်။

မိုးစွေရေ ...

ဖြူစင်သော သူငယ်ချင်းမိတ်ဆွေများလိုပဲ ကျွန်မတို့ဆက်ဆံကြရလိမ့်မယ် မိုးစွေရဲ့။ မြင်မြင်ချင်း ဘယ်လိုနှစ်လိုမှန်းမသိ နှစ်လိုမိတဲ့ မသိစိတ်ကြောင့် ရေစက်တစ်ခုတော့ ရှိလိမ့်မယ်လို့ ထက်လှ မကြာခဏတွေးမိပါရဲ့။ အဲသလို မကြာခဏတွေးနေမိချိန်မှာ ကျွန်မတို့ ဆုံတွေ့ကြတာ သုံးကြိမ်သာရှိသေးပြီးရက်စွဲကာလနဲ့ဆိုရင်တော့ တစ်ပတ်အတွင်းသာ ရှိသေးတယ်မဟုတ်လား။

ဘာကြောင့်မှန်းမသိ ရှင့်မျက်နှာကို တစ်ခဏစိုက်ကြည့်မိရင်ပဲ ကျွန်မရင်တွေ ပူပူနွေးနွေး လှုတ်ခတ်လာတယ်ဆိုတာကိုယ့်ဟာကိုယ် သတိထားမိနေတော့ မမျှော်လင့်သော တစ်စုံတစ်ရာ ဖြစ်ပျက်လာမှာမျိုးလည်း ကြောက်လှပါတယ် မိုးစွေရေ။





ဟော ...။

သူငယ်ချင်းအဖြစ် လက်ခံပြီးမှသာ ဝင်ကြည့်နိုင်မည့် ထက်လှရဲ့ စာမျက်နှာများကို မိုးစွေ တရစပ် ဝင်ကြည့်နေပြီ။ ဘာကြောင့်လဲဆိုတော့ ထက်လှတင်ထားတဲ့ အယ်လ်ဘမ်တချို့ (များသောအားဖြင့်က စင်ကာပူမှာတုန်းက ရိုက်ထားတဲ့ဓာတ်ပုံတွေ) ဓာတ်ပုံတချို့အောက်မှာ မိုးစွေဝင်နှိပ်နေတဲ့ like ကလေးတွေက တစ်ခုပြီးတစ်ခု ထက်လှထံ သတင်းပို့ တက်လာနေလို့ပါပဲ။

သူဝင်ကြည့်နေတဲ့ Album တချို့ကို ထက်လှက ပြန်ဖွင့်ကြည့်မိသည်။ စင်ကာပူမှာ အားရက်တွေ လျှောက်လည်တာ ရှော့ပင်ထွက်တာတွေတုန်းက ပေါ့ပေါ့ပါးပါး ရိုက်ယူထားတာတွေချည်းပင်။ တချို့ပုံတွေက မမသူဇာတို့ လဝန်းတို့နဲ့ သူငယ်ချင်းမိန်းကလေးတွေ စုရိုက်ထားတာတွေ။

အဲဒီထဲမှာ မင်းသူရမောင်နဲ့ ပုံတွေလည်းပါရဲ့။ ကိုနဲ့ လက်ချိတ်တွဲထားတဲ့ပုံတွေ ပခုံးဖက်ထားတဲ့ပုံတွေ။ ထက်လှရဲ့စေ့စပ်ပွဲကိုတောင်မှ သူ ဓာတ်ပုံရိုက်ပေးခဲ့ရတဲ့ အခြေအနေရှိပြီးမှတော့ သူလည်း မရိုးမသားခြေလှမ်းစ,ဖို့ ခက်မှာပါလေ။ သူ့ရဲ့မသိမ်းဖွက်နိုင်တဲ့ တွယ်ငင်သော ကျုံးဆုံးသော မျက်ဝန်းအကြည့်ကလေးများကို ထက်လှ အကဲခတ်မမှားဘူးဆိုရင်တောင် သူ့အတွက် ရှေ့တိုးဖို့ ခက်ခဲမယ့်အနေအထားပဲဆိုတာတော့ ထက်လှ သိနေတာပဲ၊ သူလည်း သိနေတာပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



ထက်လှက မိုးခွေရဲ့စာမျက်နှာကို ပိတ်လိုက်မည်ပြင်စဉ်မှာပင် သူ့စာမျက်နှာပေါ် သူတင်လိုက်တဲ့ သီချင်းလေး တစ်ပုဒ်က တက်လာသည်။

ထူးအယ်လင်းရဲ့ သီချင်းတစ်ပုဒ်။

သီချင်းကိုဖွင့်၍ တဆုံးနားထောင်နေလိုက်မိပြီးမှ ထက်လှက သူ့စာမျက်နှာလေးကို ပိတ်လိုက်ပါသည်။ သီချင်းလေးကတော့ တစ်ကြိမ်တည်းနှင့် နားထဲစွဲကာ မှတ်မိနစ်ခြိုက်ခဲ့ပြီ။





"မိုးခွေ ... သား ဒီနေ့ည ဘယ်မှာအိပ်မှာလဲ သား"

"မေမေ ကိစ္စရှိလို့လား၊ သား တစ်ခုခု ဘာလုပ်ပေးဖို့ရှိလဲ မေ"

"သား စတူဒီယိုမှာအိပ်မယ်၊ မနက် အလုပ်ရှိတယ်ဆိုရင်လည်း ရတယ်၊ အလုပ်မရှိရင်တော့ ည အိမ်မှာအိပ်ပြီး မေမေ့ကို မနက်ဆေးခန်းပို့ပေးမလား"

"မနက်ကျ သား အလုပ်အရေးတကြီး မရှိပါဘူး မေမေ၊ သီချင်းခွေ စီဒီကာဗာတစ်ခုရိုက်ဖို့ နေ့လယ်နှစ်နာရီချိန်းထားတာပဲရှိတယ် မေမေ"

မိုးခွေက အိမ်မှာအိပ်တဲ့အခါအိပ်၊ စတူဒီယိုမှာအိပ်တဲ့အခါ အိပ်ပါသည်။ စတူဒီယိုမှာ တပည့်ကျော် စံတီးကတော့ ညတိုင်းစောင့်အိပ်နေကျမို့ သူ မအိပ်လည်း ရပါသည်။ အိမ်မှာသည်း မေမေရယ်၊ ဒေါ်လေးရယ်၊ ကူညီတဲ့ မတင်ရယ်၊ လူအင်အားသုံးယောက်ရှိ၍ သူ မအိပ်လည်း ဘာမှမဖြစ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"သား မပို့နိုင်ရင်တော့ မေမေက ဒီနားက ဦးမြတက္ကစီကို ညကတည်းက မှာထားရမယ်လေ"

"သား ပို့မယ် မေမေ၊ စံတီးကို ဒီညမလာတော့ဘူးလို့ ဖုန်းဆက်လိုက်မယ်"

"အေး ... အေး"

"မေမေ မနက်ခွဲလူနာလား၊ မွေးလူနာလား"

"ဗိုက်ခွဲဖို့ သား၊ '......'ဆေးခန်းမှာ တစ်ယောက်က အစောဆုံးခွဲချင်တယ်ဆိုလို့ မေမေက မနက်ခုနစ်နာရီခွဲ ပေးထားတယ်၊ နောက်တစ်ယောက်က ကိုးနာရီခွဲ ... '......'ဆေးခန်းမှာ မွေးလူနာ ..."

"ဪ ... ဒါဆိုရင် မေမေ ဆေးခန်းတောင် ကူးရဦးမှာ၊ သား မဖြစ်မနေပို့မှာပေါ့ မေမေရဲ့၊ မေမေ့ကို ခုနစ်နာရီခွဲ အမီ '......'ဆေးခန်းကိုပို့၊ ပြီးရင် အဲဒီနားက နာမည်ကြီး ဆိုင်တစ်ခုမှာ သား ဘရိတ်ဖတ်စ်စားမယ်၊ မေမေပြီးတဲ့ထိ စောင့်ခေါ်ပြီး '......'ဆေးခန်းကို ပို့မယ်"

"အဲဒီကနေတော့ ဒပ်ဖရင်ကို ပြန်စောင့်မပို့နဲ့တော့ သား၊ အဲဒီဆေးခန်းက ကားကိုပဲ ပို့ခိုင်းလိုက်မယ်လေ"

"ဟုတ်"

မေမေကိုယ်တိုင်က ရံဖန်ရံခါမှာ သူ့ကားသူ တစ်ခါ တစ်ရံမောင်းပါသည်။ သို့ပေမယ့် မေမေဟာ ခွဲစိတ်လူနာ မွေးလူနာတွေထံ OT ဝင်ဖို့ အသွားမှာတော့ ဘယ်တော့မှ ကိုယ့်ကား





ကိုယ်မမောင်းပါ။ စိတ်ငြိမ်းချမ်းအေးဆေးချင်သည့် အကြောင်းပြချက်နှင့် မိုးစွေကို ပို့ခိုင်းရင်ခိုင်း၊ မိုးစွေမအားလျှင် လမ်းထဲက ခင်မင်နေသည့် တက္ကစီအိမ်ကကားနှင့်သွား။

"မိုးစွေ"

"ဗျာ ... ဒေါ်လေး"

"နက်ဖြန်ညနေ စတူဒီယိုကအပြန် ဒေါ်လေးကို စကော့ဈေးတစ်ချက် ဝင်ပေးပါဦးသား"

"ဟုတ် ...၊ ဟို ... ကုလားကြီးဆိုင်လား"

"အေး ...၊ ဒေါ်လေးမှာထားတဲ့ ကြယ်သီးတွေ၊ ကျောက်တွေ၊ ဘော်ကြယ်တွေ အထုပ်လိုက်ရောက်နေပြီပြောတယ်၊ သား သွားယူလိုက်ရုံပဲ၊ ပေးတာသာယူခဲ့၊ ပိုက်ဆံက ဒေါ်လေးတို့ချင်း နောက်မှပြန်ရှင်းစရာတွေ ရှိသေးတယ်"

"ဟုတ်"

မိုးစွေရဲ့မေမေက သားဖွားမီးယပ်ပါရဂူဆရာဝန်မကြီးဖြစ်ကာ ဒေါ်လေးက အိမ်မှာပင် အထည်ချုပ်လုပ်ငန်းလုပ်နေတဲ့ ဖက်ရှင်ဒီဇိုင်နာတစ်ဦးပါ။

"ဒီမှာ အိပ်မှာဆိုရင် စံတီးကို စောစောဖုန်းဆက်ဦးသား၊ မလာတော့ဘူးဆိုတာ"

"ဟုတ်ကဲ့ မေမေ"

မိုးစွေက ရေခဲသေတ္တာမှ ရေပုလင်းထယူကာ မေမေ့ အခန်းနှင့် ဒေါ်လေးဖန်ခွက်ထဲလည်းထည့်၊ သူလည်းထည့်သောက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး အိမ်ရှေ့ဘက်ထွက်လာပါသည်။ စံတီးထံဖုန်းဆက်ဖို့ ဖုန်းကို ဂျင်းဘောင်းဘီနောက်ဘက်အိတ်မှအထုတ် ဖုန်းကမြည်လာသည်။ ထီးလုံးသီချင်းသံလေး အစမှာပင် ဖုန်းကိုချက်ချင်းဖွင့်လိုက်ရင်း ...

"ဟယ်လို ... ပြောပါခင်ဗျာ"

"ဟဲ့ ... ရှိသေမနေနဲ့၊ နင်ကလည်း ဖုန်းလာတာကို ဖုန်းစကရင်ကို မကြည့်တော့ဘူးလား၊ ငါမှန်းတောင်မသိတော့ဘူး"

"အေး ...ငါက စံတီးကိုဆက်ဖို့ ဖုန်းကိုအိတ်ထဲကဆွဲအထုတ်လေဟာ၊ သီချင်းသံက မြည်လာတော့ မကြည့်မိဘဲ ချက်ချင်းဖွင့်လိုက်တာ ... ပြော ရှန်းရှန်း"

"ထမင်းစားပြီးပြီလား"

"အင်း ... ခုပဲ"

"ဘာဟင်းလဲ"

"ငါးဟင်း၊ ကဲပါ ... ဘာဟင်းလဲက ဘာအရေးကြီးလို့လဲ နင်ကလဲ"

"မိုးစွေ"

"အင်း"

"ငါ ပျိုးနေတာဟဲ့"

"နင်ကလည်းဟာ ... ဒီလူနဲ့ ဒီလူ ပျိုးနေစရာလား၊ ဘာလဲပြော"





"ငါက အိမ်မှာအင်တာနက်လိုင်း မချိတ်ထားဘူးလေ၊ ဆိုင်မှာ သွားသုံးရတာ၊ နေ့တိုင်းလည်း မသုံးဖြစ်ဘူး မအားဘူး၊ အဲဒီတော့ နေ့တိုင်း နင်အင်တာနက်သုံးပြီး ဂျီတော့ခ်တွေ ပြောနေလား၊ ဖေ့စ်ဘွတ်မှာ ကဲနေလား၊ ငါက သိနိုင်တာမဟုတ်ဘူး မိုးစွေ၊ ငါဝင်ဖြစ်တဲ့နေ့မှ နင့်ကိုကြည့်ရတာ"

"အခု ဘာဖြစ်လို့လဲ"

"နင်နဲ့ထက်လှက ဘယ်တုန်းက Friend တွေ ဖြစ်သွားရတာလဲဟင်"

"ဩော်"

မိုးစွေက ဒီဘက်မှာ မျက်နှာရှုံ့မဲ့ ခေါင်းပွတ်ရင်း ...

"ဟိုတလောကပါဟာ"

"နင်တို့နှစ်ယောက် Friend ဖြစ်သွားတာ နင် သွား Add တာလား၊ သူက နင့်ကိုလာ Add တာလား"

"နင်ကလည်း သူကတော့ ငါ့ကိုလာ မ Add ပါဘူး၊ ငါက သွား Add တာပါဟ"

"ဘာ"

ရှန်းရှန်းအသံက စူးရှနေကာ ...

"နင်က ဘာကိစ္စအမြီးရှည်ပြီး သူ့ကိုသွား Add ရတာလဲ"

"ဟာ ... ဘာဖြစ်လို့လဲဟ၊ သူနဲ့ နင်နဲ့ကလည်း သူငယ်ချင်းပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကိုထည့်မပြောပါနဲ့၊ ငါ့သူငယ်ချင်းတွေဆိုတာ ဒီပေါ်မှာ အများကြီးရှိတာပဲဟာ၊ တချို့ဆို နင့်ကိုတောင်လာပြီး Request လုပ်ကြသေးတာ နင် ပြန်တောင်လက်မခံဘဲထားပြီး ထက်လှကျမှ ဘာဖြစ်လို့ နင်ကစပြီး သွား Add တာလဲ"

"ရှန်းရှန်းရယ်၊ သူက ငါ့ဆီလည်း ဓာတ်ပုံရိုက်ဖူးတဲ့ ငါ့ client လည်း ဖြစ်တယ်မဟုတ်လား၊ လှမ်းလည်းတွေ့လိုက်တာနဲ့ လှမ်း Add လိုက်တာပါ၊ အဲဒါဘာဖြစ်လို့လဲ၊ ဘာလို့ရေးကြီးခွင်ကျယ် လုပ်နေတာလဲ"

"ဟဲ့ ... ထက်လှက ဘဝင်မြင့်မြင့် ကြီးကြီးကျယ်ကျယ် ဟဲ့ ... နင်သိရဲ့လား"

"သူ့ဟာသူ ဘဝင်ပဲမြင့်မြင့် ကြီးပဲကျယ်ကျယ် ငါ့ကိုပြန်လက်ခံပါတယ်ဟ"

"အေး ... ပြန်လက်ခံတာကို ပြောမနေနဲ့၊ တော်ကြာ ငါ့ကိုလာပြီး သူ့ကို မိုးစွေက Add ပါတယ် လာလုပ်နေရင် ဘယ်လိုလုပ်မလဲ"

"ဘယ်လိုလုပ်စရာရှိလို့လဲ၊ ဘာမှလုပ်စရာမလိုဘူးလေ၊ သူက ပြောလာရင် အေး ... ငါသိတယ်လို့ပဲ ခပ်အေးအေး ပြောလိုက်ပေါ့ ... ဘာဖြစ်လို့လဲ"

မိုးစွေက ခပ်အေးတိအေးစက် အရေးမကြီးသလို ပြောနေတဲ့အခါ ရှန်းရှန်း အသည်းမှာ ကလိကလိ ဖြစ်ရသည်။





ရှန်းရှန်း သိထားတာပဲလေ၊ မိုးစွေအကြောင်းက စပြီး ခင်မင်ဖို့သွားကမ်းလှမ်းတဲ့ အဖြစ်အပျက် အစဉ်အလာဆိုတာ အင်မတန်ရှားတဲ့ဟာ။

"ငါ့သူငယ်ချင်းမို့လို့ သွား Add တယ်ဆိုတာကို မကျေနပ်တာ၊ ငါ့ရဲ့တခြားသူငယ်ချင်းတွေကို နင် Add လို့လား"

"အဲဒါတော့ Add ချင်စိတ်မှ မဖြစ်တာဟာ၊ နင်ကလည်း ဖြေရတာ လက်ပေါက်ကပ်လိုက်တာ၊ သူ့ကိုတော့ မလုပ်ဘူး၊ သူ့ကိုတော့လုပ်တယ်လို့ နှိုင်းယှဉ်ပြောလို့ ရတာမျိုးမှ မဟုတ်တာ။ တစ်ယောက်နဲ့တစ်ယောက် တူတာမှ မဟုတ်တာ ရှန်းရှန်းရယ်"

"အို ... ဘာပဲဖြစ်ဖြစ်"

"ရော"

"ရောတွေ ဘာတွေလုပ်မနေနဲ့၊ နင်က ကောင်မလေးတွေကို စိတ်ဝင်စားတတ်တဲ့ သူမျိုးလည်းမဟုတ်ပါဘူး၊ နင်အခု ထက်လှကို သွား Add တာ သူ့သတို့သားလောင်း သူ့ရည်းစားတွေ့ရင် ဘယ်လိုနေမလဲ"

"ဘာဖြစ်လို့လဲ၊ သူ့စာရင်းထဲမှာ ယောကျ်ားလေးမိတ်ဆွေ အများကြီးပါ၊ ငါ့တစ်ယောက်တည်းကို လက်ခံထားတာမှ မဟုတ်ဘဲ"

"နင်ဆင်ခြေမပေးနဲ့ဟဲ့ မိုးစွေရဲ့၊ နင့်ဆီက ဆင်ခြေတွေ ထွက်လာလေ ငါက ပိုအသည်းယားလေ သိရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



မိုးစွေက သက်ပြင်းတစ်ချက်ချလိုက်ပါသည်။ သူ မိတ်ဆွေဖွဲ့ချင်တာ ဘယ်လိုလုပ်မလဲ။ သူငယ်ချင်းမိတ်ဆွေဖြစ်ပြီးမှ သူ့ပုံလေးတွေကို ကြည့်လို့ရမည်၊ သူ့ရဲ့ Profile information တွေ သိခွင့်ရမည်။ စာမျက်နှာတွေပေါ်မှာ သူ လွှပ်ရှားသက်ဝင်နေတာတွေကို မြင်နေခွင့်ရမည်လေ။ မှတ်ချက်လေးတွေ ရေးလို့ရမည်။

သူက ဒါတွေကို ကြည့်ချင်သိချင် မြင်ချင်တာလေ။ စာလေးတွေလည်း ဝင်ရေးချင်နေမိတာလေ။ ရန်းရန်းကိုအပြစ်မကင်းခံစားမိကာ မိုးစွေက သက်ပြင်းတစ်ချက် ရှိုက်လိုက်ရင်း ...

"ရန်းရန်း ... နင်မကြိုက်ရင် ငါပြန်ထွက်လိုက်ရမလား၊ သူငယ်ချင်း List ထဲကနေ ထက်လှကို Remove လုပ်လိုက်ရမလား"

"ဟဲ့ ... အဲ့ဒီတော့ ကောင်းမလားဟဲ့၊ သူက နင့်ကို လက်ခံပြီးနေပြီ၊ နင်သွားရေးတဲ့ comments တွေအောက်မှာတောင် သဲင့်ခ်ယူးတွေ ဘာတွေပြန်လုပ်ပြီးပြီ၊ နင်က ခုချိန်မှပြန်ဖျက်တော့ ဘာဖြစ်လို့လဲလို့ ဖြစ်မှာပေါ့၊ ပြီးတော့ ထက်လှက ငြိမ်နေမယ့်သူမျိုး မဟုတ်ဘူး၊ နင့်ကိုလှမ်းမေးမှာ၊ အဲဒီကျ နင် ဘယ်လိုဖြေမလဲပြော"

"........."





"ရန်းရန်းက မကြိုက်လို့ ပြန်ဖျက်တာပါလို့တော့ နင်သွားပြောလောက်အောင် ဂေါက်မယ်မထင်ပါဘူးနော်"

"အဲဒါဆိုလည်း ပြင်မှမရတော့တာဟာ၊ နင် ဒီလိုပြောတော့ ငါ စိတ်အနှောင့်အယှက်ဖြစ်ရုံပဲ ရှိတာပေါ့ ရန်းရန်းရယ်"

"အဲဒါကိုပြောနေတာလေ ပြင်မရတော့တာကို ပြောနေတာ၊ ဒီမှာ မိုးစွေ၊ ပြင်ရခက်တဲ့ ပြင်မရတဲ့ အမှားမျိုးတွေ ကျေးဇူးပြုပြီး မကျူးလွန်စမ်းပါနဲ့ မိုးစွေရဲ့၊ အခုလည်း သွား မ Add ခင် ငါ့ကိုတိုင်ပင်ရင် ဘာမှမဖြစ်ဘူး၊ ငါကြိုသိရင် ငါတားချင်တားမယ်၊ ကြိုတားခွင့်ရမယ်၊ အဲဒါဆို ခုလိုပြန်ပြင်ရခက်တာမျိုးလည်း ဖြစ်မလာတော့ဘူး၊ နင်နားလည်ရဲ့လား ... ဟင်"

"အင်း"

"ပြောလိုက်ရင်လေ နင်က အေးတိအေးစက်နဲ့၊ ငါတကယ်နင့်ကို အသည်းယားတယ် သိရဲ့လား မိုးစွေ၊ နင့်ကိုအသည်းယားတာနဲ့ပဲ ငါ အသက်တိုမယ်"

"ငါ့ကို အသည်းယားတာများ တစ်ခါတလေပဲဟာ ရန်းရန်းရယ်"

"ဘယ်က တစ်ခါတလေရမှာလဲ၊ အမြဲပဲ၊ ခုလည်း ငါ အောင့်သက်သက် ဖြစ်နေတာကြာပြီဆိုတာ နင် သိရဲ့လား"

"ဘာကို အောင့်သက်သက် ဖြစ်နေတာလဲ ရန်းရန်းရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ချစ်သူရယ် ကိုယ့်ရည်းစားရယ်လို့ နင် အားကြိုးမာန်တက်တွေ့ခွင့်ရဖို့ ဘယ်နှခါ ကြိုးစားသလဲ ပြောစမ်းပါ မိုးစွေ၊ နင်ယောက်ျား၊ ငါမိန်းမနော်၊ နင်က လာတွေ့ရလား ငါကလာတွေ့ရလား နင်ပြောစမ်း"

"ရန်းရန်းရယ်၊ ဒါကတော့ ငါ့အလုပ်က အလုပ်ချိန်အတိအကျမှ မဟုတ်တာ၊ အချိန်မရွေး အလုပ်က ငါ့ဆီရောက်လာနိုင်တယ်၊ နင်ကတော့ ဆိုင်မှာ အလုပ်ချိန်က ဒီအချိန်ကနေ ဒီအချိန်အထိ၊ နားရက်ကအတိအကျ၊ ဒါကြောင့်မို့ နင်က အလုပ်ချိန်ပြင်ပဖြစ်ရင်ပြီးရော လာနိုင်တာလေ"

"နင်ပြောတဲ့စကားက ယုတ္တိယုတ္တာနဲ့ အမှန်တရားပဲ ဖြစ်နေလို့ ငါ ငြင်းစရာစကား မရှိဘူး မိုးစွေ၊ ဒါပေမဲ့ မိန်းကလေးဆိုတာ အလုပ်ဆင်းရင် သူ့ချစ်သူက ရုံးရှေ့ဆိုင်ရှေ့က လာစောင့်ကြိုနေတာမျိုးကို ကြည်နူးတယ်၊ ဂုဏ်ယူတယ်ဟာ၊ နင် သိထားစေချင်တယ်"

ရန်းရန်းရဲ့အသံလေးကတုန်ကာ တိမ်ချင်သလိုဖြစ်သွားတဲ့အတွက် မိုးစွေ ကိုယ့်ကိုယ်ကိုယ် ခွင့်မလွှတ်ချင်အောင် ခံစားရပါသည်။ တကယ်တော့ ရန်းရန်းဟာ အပြစ်မဲ့သောချစ်သူပါ။ သူ့အချစ်ကို နှစ်ရှည်လများ စောင့်စားမျှော်လင့်ရင်း တစ်ဖက်သတ် မေတ္တာစေတနာ အကြင်နာတွေ ပိုခဲ့တဲ့ မိန်းကလေး။





ဒေါ်လေးနှင့် ရန်းရန်းအမေက သိပ်ခင်မင်ကြရာက တစ်ဆင့် သူတို့ချင်းလည်း သူငယ်ချင်းဖြစ်ရကာ နောင်တော့ Make-up artist နှင့် ဓာတ်ပုံဆရာဆိုတာကလည်း လုပ်ငန်းချင်း တစ်စိတ်တစ်ဒေသ ပတ်သက်နေသည်ဖြစ်၍ ပိုပြီးတဆက်တစပ် ရင်းနှီးကျွမ်းဝင်လာရင်းက တစတစ သဒ္ဓါလွန်ခဲ့ကြတဲ့သဘောပင်။

ရန်းရန်းက သူ့ကိုချစ်မြတ်နိုးခဲ့တာ မေမေတို့ ဒေါ်လေးတို့ပင် ရိပ်မိသိရှိခဲ့ကြပါသည်။

"မိုးစွေ ... သား၊ ရန်းရန်းလေးက မင်းကို တစ်ဖက်သတ် ချစ်နေတာ သိသိသာသာကြီးကွယ်၊ မင်းသဘောထားက တွေတွေဝေဝေနဲ့ သေချာလေး ဆုံးဖြတ် သား၊ မင်း ရန်းရန်းကို လုံးဝစိတ်မဝင်စားနိုင် မချစ်နိုင်ရင်တော့ နည်းနည်းလေး နောက်ဆုတ်ခွာလိုက်ပါ သားရယ်၊ မျှော်လင့်ချက်မရှိဘူးဆိုရင်လည်း မရှိတာကို မိန်းကလေးဘက်က သဲသဲကွဲကွဲ သိပါစေ၊ ရှေ့တိုးမှာဖြင့်လည်းတိုး၊ နောက်ဆုတ်မှာဖြင့်လည်းဆုတ်၊ တစ်ခုခုတော့လုပ်၊ ဟိုမရောက် ဒီမရောက် အကြာကြီးနေတာက မိန်းကလေးဘက်ကို မရိုမသေ မလေးစားရာကျတယ်ကွယ့်"

ဒေါ်လေးကတော့ အပျိုကြီးပီပီ မဟာ"မ"ဝါဒ လက်ကိုင်ပြုသူတည်း။ မိန်းမတွေကို မရိုမသေ မလေးစားတာမျိုး



www.burmeseclassic.com

သူကမကြိုက်။ မေမေနှင့် ဒေါ်လေးတို့ရဲ့ ရုန်းရုန်းအပေါ် နှစ်လိုမှု ရှိခြင်းကလည်း သူတို့နှစ်ယောက်ပတ်သက်မှုကို ရှေ့တိုးဖြစ်စေခဲ့တဲ့ တွန်းအားတစ်ချက်လို့ ခုမှ ထည့်ပြောရင်လည်း သူဆင်ခြေကန်ရာကျမည်ပင်။

အင်း ... အချစ်ဆိုတာ ဘယ်လိုများပါလိမ့်။ သူ ရင်မောမိသည်။



## ၅

မေမေ ကားပေါ်က ဆင်းသွားပြီးနောက် မိုးစွေက ကားကိုမှန်တင်သော့ပိတ်ဖို့ ပြီးတော့ တစ်ခုခုသွားစားဖို့ ကားထဲက မထွက်ခင်ရှိဆဲ ဘေးမှာရပ်လိုက်သော ကားတစ်စီးပေါ်မှ ဆင်းသွားသော အမျိုးသမီးကြီးနှင့် အဖော်တစ်ဦးတို့ကို ငေးကြည့်မိရင်း အံ့အားသင့်နေမိပါသည်။

တွေ့ဖူးသည်။ ဘယ်သူလဲ။

ကားမှန်တွေက မှောင်နေ၍ ကားထဲမှာ လူရိပ်ကျန်နေတာမြင်ပေမယ့် သဲသဲကွဲကွဲ မတွေ့ရ။ အထဲမှာ တလှုပ်လှုပ်ရှိနေပြီးမှ ကားတံခါးပွင့်ကာ တစ်စုံတစ်ယောက် ထွက်လာသည်နှင့် မိုးစွေ ပါးစပ်အဟောင်းသား ပွင့်ဟသွားရသည်။

ထက်လှအိ။

ဒါဆို ခုနအန်တီက ထက်လှအမေပဲ။ စေ့စပ်တဲ့နေ့က တွေ့ဖူးတာပဲ။ ရုတ်တရက် မမှတ်မိပဲရှိတယ်လို့။ ထက်လှ

www.burmeseclassic.com



က စာရွက်ဖိုင်တချို့နှင့် အိတ်ငယ်တစ်လုံးဆွဲ၍ ဆေးခန်းကြီးထဲ စိုက်စိုက် စိုက်စိုက်လျှောက်ဝင်သွားပါသည်။ ခဏကြောင်နေပြီးမှ မိုးဇွေက ကားပေါ်မှ အပြေးအလွှား ဆင်းလိုက်မိပါသည်။

ဆေးခန်းထဲ အပြေးတစ်ပိုင်း လိုက်ဝင်သွားချိန်မှာ ထက်လှက ဓာတ်လှေကားထဲ ဝင်ရောက်ကာ ဓာတ်လှေကား တံခါးက စေ့ပိတ်နေပြီ။ ဝုန်းခနဲပြေးကာ စေ့လာတဲ့တံခါးနှစ်ချပ်ကို လက်ထိုးခံဆွဲဟပြီး မိုးဇွေ ဓာတ်လှေကားထဲ လှမ်းဝင်လိုက်ချိန်မှာ ဓာတ်လှေကားထဲမှာ ထက်လှ တစ်ယောက်တည်းပင်။

ထက်လှက ဝင်လာသူကို မော်မကြည့်ဘဲ ဓာတ်လှေကားကြမ်းပြင်ကိုသာ စိုက်ကြည့်ကာ ငြိမ်နေသည်။ ဝရုန်းသုန်းကား ဖြစ်သွားတာရော ရင်ခုန်တာရော နှစ်ခုပေါင်းမောကာ မိုးဇွေက သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ရင်း ...

"ထက်လှ"

အသံကလည်း လည်ချောင်းဝမှာ ခြောက်ကပ်နေကာ ကတုန်ကယင်ကလည်း ဖြစ်လိုက်သေးသည်။ လက်ဖဝါးတွေလည်း ချွေးစေးနှင့် အေးစက်စိုစွတ်လာသည်မှာ အံ့သြဖွယ်ကောင်းလှလေစွ။

"ဟင်"

မော့ကြည့်လိုက်တဲ့ ထက်လှမျက်လုံးလေးက ဝိုင်းသွားကာ နှုတ်ခမ်းလေးက ရုတ်တရက် ပန်းလေးတစ်ပွင့် ဖူးတ်ခနဲပွင့်သွားသည့်နှယ် ...





"မိုးဇွေ"

"........."

ပြုံးပြလိုက်မိခြင်း၌ပင် ရင်ထဲ၌ နွေးကာဖိုသွားရလေသည်။

"ဘယ်လိုကနေ ရောက်လာတာလဲ"

"ထက်လှ အမေ ဘာဖြစ်လို့လဲ"

"မာမီက ဒီမနက်ခွဲဖို့ရှိလို့"

"ဟုတ်လား"

မိုးဇွေက လက်ဆန့်တန်းကာ ထက်လှလက်ထဲက အိတ်ကို ကမ်းလိုက်ရင်း ...

"ပေးလေ ထက်လှ"

"ရပါတယ်"

"ပေးပါ ထက်လှရဲ့"

ထက်လှက အပြုံးလေးနှင့် အိတ်ကိုလှမ်းပေးလိုက်ပါသည်။

"ဘာဖြစ်လို့လဲ ထက်လှ"

"အမျိုးသမီးကိစ္စ၊ အိုဂျီကေ့စ်ပါ မိုးဇွေရယ်"

"ဟင် ... ဟုတ်လား"

"အင်း"

"ဘယ်သူနဲ့ခွဲမလို့လဲ၊ ဒေါ်ခင်သက်ထားဦးနဲ့လား"

"ဟင် ... ဟုတ်တယ်၊ မိုးဇွေ ဘယ်လိုလုပ်သိတာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



မိုးစွေကပြီးရင်း ...

"အဟင်း ... မေမေ ဒီနေ့ အိုတီဝင်ဖို့ရှိလို့ ကျွန်တော်က လိုက်ပို့ရတာလေ"

"ဟင် ... မိုးစွေအမေက ! "

" ......... "

"ဒေါ်ခင်သက်ထားဦးက မိုးစွေအမေပေါ့"

"ဟုတ်"

ထက်လှက အံ့ဩခြင်း၌ပင် အပြုံးကလေးတော့ဖ ဖူးပွင့်နေရင်း ...

"ဘာလို့ ဒီလောက်တိုက်ဆိုင်တာလဲဟင်"

"အင်းဗျ"

ကြည့်စမ်းပါဦး "အင်းဗျ"တဲ့။ ထက်လှသည် မိုးစွေ ရဲ့မချိုမချဉ်ပြုံးလေးနှင့် "အင်းဗျ"လေးကို အတော်စွဲမက်သွား သည်။ ဓာတ်လှေကားတံခါးအပွင့်တွင် နှစ်ယောက်လုံးအပြုံးကလေ ကိုယ်စီနှင့် ထွက်လာခဲ့ရင်း ...

"မိုးစွေက ဘယ်အထပ်သွားမှာလဲ၊ မိုးစွေအမေက အိုတီရှိ အထပ်မှာရှိမှာပေါ့၊ ထက်လှက မာမီယူထားတဲ့အခန်းရှိ အထပ်မှာ ဆင်းလိုက်တာ မိုးစွေရဲ့"

"မေမေ့ဆီ ကျွန်တော် မသွားပါဘူး၊ ဒီအချိန် မေမေလည်း သူ့အလုပ်သူ ရှုပ်နေမှာလေ၊ ထက်လှနောက်ပဲ လိုက်ခဲ့ တာပါ"





"ဒီမှာ မာမီ့အခန်း"

ထက်လှ တံခါးဖွင့်ဝင်လိုက်တဲ့ အခန်းထဲမှာ ထက်လှ အမေရော အဖော်တစ်ယောက်ပါ ရှိနေပါသည်။

"မာမီ ခွဲခန်းအထပ် မသွားရဘူးလား"

"သူတို့ လာခေါ်မယ်ပြောတယ်၊ ဒီမှာပဲ ခဏစောင့်တဲ့"

ထက်လှမာမီက မိုးစွေကို အကဲခတ်သည်။ သမီး ဖြစ်သူခေါ်လာတဲ့ မျက်နှာစိမ်းလူရွယ်ကို ဘယ်သူပါလိမ့်ဟု စိတ်ဝင်တစားနှင့်ပင်။ စေ့စပ်ပွဲနေ့က ဓာတ်ပုံဆရာရဲ့ရုပ်ကို မှတ်မိပုံမရပေ။

"မာမီ"

"အင်း"

"သမီးတို့ အဲင်ဂေ့ဂျ်မန့်ထဲ ဓာတ်ပုံရိုက်တဲ့ မိုးစွေလေ"

"ဩော်"

"မိုးစွေနဲ့ အောက်မှာတွေ့တာ၊ မိုးစွေက ဒေါ်ခင်သက်ထား ဦးသားတဲ့"

"ဟင် ... ဟုတ်လား၊ ဩော် ... ကြည့်စမ်း၊ တိုက်ဆိုင် လိုက်တာ"

ခုမှ ထက်လှအမေက ပြုံးပြုံးရယ်ရယ် ဟက်ဟက် ပက်ပက် ဖြစ်လာပါသည်။

"သားက မေမေ့လာပို့တာပေါ့"

"ဟုတ်ကဲ့ ခင်ဗျ၊ အောက်မှာ ထက်လှကိုတွေ့ပြီး နှုတ် ဆက်လိုက်လို့ မေမေနဲ့ခွဲမယ့်လူနာလို့ သိရတာပါ"

www.burmeseclassic.com



"ဩော် ... လူသိတွေလို ဖြစ်နေပြီပေါ့"

"ဟုတ်ကဲ့ ခင်ဗျ"

"မေမေလည်း ရောက်နေပြီပေါ့နော်"

"ဟုတ်ကဲ့ ... ရောက်ပါပြီ ခင်ဗျ"

"သားအမေက စိတ်လည်းရှည်တယ်၊ တစ်ရက် တစ်ရက် လူနာတွေ အရမ်းအများကြီးလည်း လက်ခံမကြည့်ဘူး၊ သေသေချာချာ ပြောဆိုမေးမြန်းလို့ရတယ်၊ အဲဒါကို အန်တီက အရမ်းသဘောကျတာလေ၊ ခွဲမယ့်သာခွဲရတယ် အန်တီက ကြောက်တတ်တယ်ကွယ်၊ သားအိမ်မှာအလုံးဆိုလို့လေ၊ လွန်ခဲ့တဲ့ ခြောက်လထက် ဆိုက်ဇ်လည်းနည်းနည်းပိုကြီးလာတယ်ဆိုလို့၊ တစ်ခါတစ်ခါကျ တော်တော်ကြီးနာတာ မခံနိုင်ဘူးကွယ်၊ မမက ခွဲလိုက်တာ ကောင်းပါတယ်ဆိုလို့ သာ ခွဲရမှာ ...

နောက်မကြာခင် ထက်လှ မင်္ဂလာပွဲလည်း ရှိဦးမှာဆိုတော့ နည်းနည်းဆေးတုန်းလေး စောစောစီးစီးခွဲထားလိုက်တော့ ပြီးရောပေါ့၊ နို့မို့ အချိန်တွေကပ်မှ နေမကောင်းဖြစ်နေမှာ ကြောက်လို့သားရဲ့"

"ဟုတ်ကဲ့ အန်တီ၊ ခွဲထုတ်လိုက်တော့လည်း စိတ်ထဲရှင်းသွားရတာပေါ့ ခင်ဗျာ၊ ဒါရိုးရိုးကျော်စ်လေးပါပဲ အန်တီ၊ မကြောက်ပါနဲ့"





"ဒါပေမဲ့ အန်တီကတော့ မခွဲမစိတ်ဖူးတော့ ရင်တုန်တာပဲကွယ်"

အပြင်က တံခါးခေါက်သံနှင့်အတူ နာ့စ်တစ်ယောက်ဝင်လာပြီး ...

"ဒေါ်အိမွန်ခင် အဝတ်အစားလဲပြီး အိုတီအထပ်ကို သွားရပါမယ်"

ထက်လှအမေ အဝတ်လဲတုန်း မိုးဇွေက အခန်းပြင်ထွက်စောင့်နေပေးကာ ထွက်လာတော့ အိုတီအထပ်ကို ဓာတ်လှေကားနှင့် ပြန်ဆင်းလာကြပါသည်။ ခွဲခန်းဝင်တဲ့ လူနာဝတ်စုံဝတ်ပြီး ဗိုးချဲပေါ်ထိုင်လိုက်ရတဲ့ ဒေါ်အိမွန်ခင်ဟာ နေရင်းထိုင်ရင်း အကောင်းပကတိကနေ လူနာရုပ်ပေါက်သွားပြီး မျက်နှာလေးဆောင် ငယ်သွားတာမို့ ထက်လှက သူ့အမေလက်ကို ဆုပ်ကိုင်အားပေးလာသည်။

အိုတီခန်းရှေ့ရောက်ကတည်းက အတွင်းဘက်က အမေ့အသံကို သဲ့သဲ့ကြားနေရပါသည်။ မိုးဇွေကို မေမေ့သားမှန်းသိသော အစိမ်းဝတ်နာ့စ်ကြီးကြောင့် မိုးဇွေ ရောက်နေတာ မေမေသိသွားကာ တံခါးဝဆီ ထွက်လာသည်။

"သား ရောက်နေတယ်ဆိုလို့၊ ဘာဖြစ်လို့လဲ သား၊ ကိစ္စရှိလို့ ပြန်ချင်ရင်ပြန်လေ၊ မေမေ့ကို ဒီကကားက လိုက်ပို့ပေးလိမ့်မယ် သားရဲ့"

"မဟုတ်ပါဘူး မေမေ၊ အသိတွေ့လို့ ပြန်ပါလာတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အသိ"

"ဟုတ် ... မေမေ၊ ဒါ ထက်လှအိတ်ပဲ၊ ရှန်းရှန်းသူငယ်ချင်းပဲ၊ သားနဲ့လည်း ဓာတ်ပုံရိုက်ပေးဖူးရင်း ခင်နေတာ။ ဒီနေ့ ခွဲလူနာ မေမေ့ပေးရှင့်က ထက်လှအမေလေ၊ အောက်မှာတွေ့တာနဲ့ သား ပြန်တက်လိုက်လာတာပါ"

"ဪ"

မေမေက ပြုံးရင်း ...

"လူသိတွေ ဖြစ်နေတာကိုး"

မေမေက မိုးစွေကို ပြုံးပြုံးလေးကြည့်ရင်း ...

"ဒါဖြင့် သား စောင့်နေမှာ မဟုတ်လား"

"ဟုတ် ... မေမေ"

"လာ ... ဝင်ကြစို့၊ သမီးလည်း မာမီ့ကို စိတ်မပူနဲ့နော်၊ ဒါ ဘာမှစိုးရိမ်ရတဲ့ ခွဲစိတ်မှုမျိုး မဟုတ်ဘူး သိလား"

ထက်လှက ဆံပင်တွေ သိမ်းတင်ထားကာ မဟာနဖူးဝင်းဝင်းနှင့် မိုးစွေအမေရဲ့ ရုပ်ဆင်းသဏ္ဌာန်ကို ချစ်ခင်နှစ်လိုစွာကြည့်ရင်း ...

"ဟုတ်ကဲ့ အန်တီ"

"သားက သူငယ်ချင်းကို စိတ်မပူအောင် အားပေးလေ ကဲ ... မာမီကဝင်"

မေမေတို့ ဝင်သွားကြလျှင် မိုးစွေတို့ ယောင်ချာချာလေး ငြိမ်သက်ရပ်နေကြပြီးမှ ...





"ထက်လှ Breakfast စားပြီးပြီလား"

"ကော်ဖီတစ်ခွက်ပဲ သောက်ခဲ့တယ် မိုးစွေ"

"တစ်ခုခု သွားစားရအောင်လေ ထက်လှ၊ ဒီနားက "......"ဆိုင်က အစုံရတယ်၊ စားလို့လည်း အရမ်းကောင်းတယ်"

"အင်း ... သွားတာပေါ့၊ မမြင့် ဒီမှာစောင့်နေပေးနော်၊ မာမီ့ဖုန်း မမြင့်ဆီမှာ မဟုတ်လား၊ ထက်လှ လိုရင် ထက်လှဖုန်းဆီ လှမ်းဆက်လိုက်၊ ထက်လှ ဒီနားကဆိုင်တစ်ခုမှာပဲ ရှိနေမယ်"

"ဟုတ်ကဲ့ ထက်လှ"

မိုးစွေသည် မမျှော်လင့်ဘဲ ထက်လှနှင့် နှစ်ယောက်တည်း အတူတွဲထွက်လာရတဲ့ အဖြစ်အပျက်အတွက် ရင်တွေတလှပ်လှပ်ခုန်ကာနေသည်။ စိတ်လှုပ်ရှားလွန်းတဲ့ သူ့ကိုယ်သူပင် ပြန်ပြီးဘရိတ်အုပ်နေရပါသည်။

"ကားနဲ့ သွားရမှာလား မိုးစွေ"

"ဟင့်အင်း ... ဟိုနားလေးတင် လမ်းလျှောက်လို့ရတယ် ထက်လှ"

ဘေးအကာအရံမရှိ အမိုးမြင့်ကြီးပဲရှိတဲ့ ကျယ်ကျယ်လွင့်လွင့် နေရာတစ်ခုမှာ စားပွဲပုပုကလေးတွေနှင့် လူတွေက ကျိတ်ကျိတ်တိုးနေသည်။

"လူတွေများလိုက်တာ မိုးစွေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... ထက်လူ ရရဲ့လား"

"အင်း ... ရပါတယ်၊ အစားအသောက်ကောင်းတယ်ထင်တယ်လို့ တွေးမိလို့ပါ မိုးဇွေရဲ့"

"ဒီခုံတွေနဲ့ ထိုင်ရတာရော အဆင်ပြေပါ့မလား"

"ပြေပါတယ်၊ ဘာဖြစ်လို့လဲ"

"သြော် ... ဒီလိုဆိုင်မျိုး ထက်လူ ထိုင်ပါ့မလားလို့ခေါ်လာမိပြီးမှ နည်းနည်းအားနာသွားလို့ပါ"

သူက ပူရီမှာ ထက်လူက မုန့်ဟင်းခါးမှာပြီး စားကြရင်း စကားတွေကတော့ ဟိုရောက် ဒီရောက် ပြောဖြစ်ကြပါသည်။

"ထက်လူကို ခွင့်မတောင်းရသေးဘဲ တစ်ခု လုပ်ထားတယ်"

"အင် ... ဘာများလဲ"

"ထက်လူပုံကို ကျွန်တော့်စတူဒီယိုမှာ ချိတ်ထားတယ်"

"သြော် ... ဒါလား၊ အဲဒါ ဘာကိစ္စရှိလို့လဲ၊ အဲဒါ ထက်လူကိုချီးမြှောက်တဲ့သဘော သက်ရောက်တယ် မဟုတ်လား၊ နှစ်လိုဖွယ်မရှိတဲ့ပုံကိုဆို မိုးဇွေ ချိတ်မိပါ့မလား၊ It's ok ပါ၊ ထက်လူကတောင် ဂုဏ်ယူရမှာပါနော်"

ရန်းရန်းထံက ကြားကြားနေရတဲ့ ထက်လူအကြောင်း ထက်လူပုံစံနှင့် မိုးဇွေအပြင်မှာ တကယ်ဆက်ဆံရင်ဆိုင်နေရတဲ့ ထက်လူ သိပ်ပြီး မတူညီလှ။ ရန်းရန်းအပြောအရ မိုးဇွေက ထက်လူအိဆိုတာ မာနကြီးကြီး ဘဝင်မြင့်မြင့် ကြီးကျယ်ကျယ် ကောင်မလေးတစ်ယောက်လို့ ထင်မြင်ပုံဖော်ထားမိသည်။





"မိုးဇွေ"

"ဗျာ"

"ထက်လူ ဆိုင်တစ်ဆိုင်ဖွင့်ဖို့ရှိတယ်"

"သြော် ... ဟုတ်၊ ဘာဆိုင်လဲ ထက်လူ"

"ဖက်ရှင်ဆိုင်တစ်ဆိုင်ပါ၊ အဝတ်အထည်နဲ့ တစ်ကိုယ်ရည်သုံးဖက်ရှင်ပစ္စည်း အဆက်ဆရီတွေပေါ့၊ ခုတော့ ပစ္စည်းတွေမှာပြီး တင်ရုံပဲတင်ဦးမှာ၊ နောက်တော့ ထက်လူ Designer made clothes တွေလည်း ထုတ်လုပ်ဖို့ အစီအစဉ်ရှိသေးတယ်၊ ထက်လူ ဟိုမှာ ဖက်ရှင်ဒီဇိုင်းဘာသာရပ်တွေ တက်လာခဲ့တာလေ၊ အဲဒါလေးလည်း ပြန်အသုံးချချင်တယ်၊ အခု ဆိုင်လည်းရနေပါပြီ၊ အစီအစဉ်တွေလည်း စနေပြီ၊ လောလောဆယ် ဆိုင်ကို မဂ္ဂဇင်းဂျာနယ်တွေထဲမှာ ကြော်ငြာဖို့ ထက်လူက မိုဒယ်လ်တစ်ယောက်ယောက်နဲ့ ကြော်ငြာဓာတ်ပုံတွေ ရိုက်ချင်တယ်လေ"

"ဟုတ်ကဲ့"

"အဲဒါ မိုးဇွေကို ဓာတ်ပုံရိုက်ပေးစေချင်လို့"

"ဟုတ်ကဲ့ ... ကျွန်တော် ရိုက်ပေးမှာပေါ့ ထက်လူ"

"Thank you မိုးဇွေရယ်၊ မိုဒယ်လ်လည်း ဘယ်သူနဲ့လိုက်ဖက်မယ်ဆိုတာ မိုးဇွေပဲ ရှာပေးလေ"

"ဟုတ် ... ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် အဲဒါကို ထက်လူ မြန်မြန်လေး စချင်တယ်၊ ဒီတစ်ပတ်တွင်းကတော့ မာမီက ဆေးရုံမှာမို့ ထက်လူ အလုပ်နည်းနည်းရှုပ်ဦးမှာ၊ နောက်နှစ်ပတ်လောက်ဆိုရင် စချင်တယ် မိုးစွေရယ်၊ ဆိုင်က ဒက်ကရေးရှင်းတောင် ဝင်နေပြီ၊ ပစ္စည်းထုပ်တွေလည်း အသင့်ရောက်ပြီးသားပါ"

"ရတယ်လေ ထက်လူ၊ နောက်တစ်ပတ်ထဲ ရိုက်နိုင်အောင် ကျွန်တော် စီစဉ်ထားလိုက်ပါမယ်"

"ညက FB မှာတောင် မိုးစွေ ဓာတ်ပုံတွေ လိုက်ကြည့်နေမိသေးတယ်"

"ဟုတ်လား ... ကျွန်တော်ပြည်း ညက ထက်လူရဲ့ wall မှာ လိုက်ဖတ်ကြည့်နေတာ၊ ထက်လူနဲ့ စင်ကာပူကသူငယ်ချင်းတွေ အပြန်အလှန် ပို့စ်တင်ကြ၊ ကော်မန့်လုပ်ကြတာက ရယ်ရလို့လေ၊ အမြဲလိုက်ဖတ်မိတယ်"

"ဟင်း ဟင်း ... ဟုတ်တယ် မိုးစွေရယ်၊ ဒီအုပ်စုနဲ့က အနိုင်မခံ အရှုံးမပေး ပြန်ဖိရေးမှ တန်ကာကျတာ၊ နေ့လို့မရဘူး"

"Comment တွေက ရယ်ရတယ်၊ ချစ်စရာလေးတွေ"

"အဟင်းဟင်း ... မိုးစွေရဲ့ ဓာတ်ပုံတွေဆီမှာလည်း ထက်လူ ကော်မန့်တွေ ဖတ်ကြည့်မိသေးတယ်၊ ရန်းရန်းနဲ့ မိုးစွေလည်း တော်တော်ခင်တာပဲနော်"





"ဗျာ ... ဟုတ်"

"မိုးစွေကို ရန်းရန်း နိုပ်ကွပ်ပြီး ရေးထားတာတွေကိုလည်း ထက်လူ ရယ်နေရသေးတာ"

"အဟင်း ဟင်း ... သူက အဲလိုပဲဗျ၊ ကျွန်တော့်ကို နိုင်ထက်စီးနင်း အမြဲပြောနေကျ ထက်လူရဲ့"

မိုးစွေက သူ့ကိုယ်သူ မလုံမလဲ ခံစားမိရပါသည်။ ရန်းရန်းနဲ့ သူ့ရဲ့ပတ်သက်မှုကို သူ ထက်လူထံ လျှို့ဝှက်ထားမယ်လို့တော့ စိတ်ကူးမရှိပါ။ ဒါပေမဲ့ ဘယ်ကစ, ဘယ်လိုပြောရပါမလဲ။ ရန်းရန်းက ကျွန်တော့်ရည်းစားဗျ။ ဟင့်အင်း ... အချိုးမကျသော စကားကြီးပါ။

နားထဲတောင့်တောင့်တောင့်နဲ့။ ဘာကိစ္စ လာပြောနေရတာလဲလို့တောင် ထင်နိုင်သည်။ သူ့ကိုလိုက်ကြိုက်နေပုံပေါက်လို့ပဲ သူက သတိပေးရတာလိုလို ဘာလိုလို။ တွေးရင်း မိုးစွေက ရယ်ချင်လာမိလေသည်။ တကယ်က ရန်းရန်းက ပြောပြရမှာ။ သူတို့ချင်းက သူငယ်ချင်းတွေလေ။ မိန်းမချင်းလည်းဖြစ်သည်။

"မိုးစွေက ငါ့ရည်းစားလေ"လို့ ရန်းရန်းက ပြောပြတာသာလျှင် အသင့်တော်ဆုံးဖြစ်သည်။ ပထမဆုံး ထက်လူနဲ့ တွေ့ဆုံစည်းရတဲ့ စေ့စပ်ပွဲကနေအပြန် မိုးစွေက ရန်းရန်းကို ထမင်းစားပေါ်မှာ မေးမိသည်။

"ငါက နင့်ရည်းစားဆိုတာ ထက်လူအိ သိလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း"

"နင် မပြောပြဖူးဘူးလား"

"ဟင့်အင်း ... သူနဲ့က ပြန်တွေ့တာလည်း မကြာသေးဘူး ဆိုတော့"

"နင်တို့ Online မှာ တွေ့ကြသားပဲ"

"အဲဒီမှာလည်း စကားမစပ်မိဘူး၊ ခုလည်းစကားမစပ်လို့ပါ"

"သူ့စေ့စပ်ပွဲဆိုတာ စကားဒီလောက်စပ်လို့ရတာ၊ သူက ကော 'နင်ကော ဘယ်တော့ကျွေးမှာလဲ၊ ဘယ်တော့စားရမလဲ' ဆိုတာမျိုး မမေးဘူးလား"

"အင်း ... မေးတော့ မေးတယ်"

မိုးစွေက ရှန်းရှန်းကို တအံ့တသြ ငုံ့ကြည့်ခဲ့မိသည်။ ဒီထက်စကားစပ်တာ ရှိသေးလို့လား။ ပေါတင်ကြီးကို မေးနေမှတော့ စကားစပ်တာတောင် မက,တော့ဘူးလေ။ ရှန်းရှန်းရဲ့မျက်နှာကို ကြည့်လိုက်သည်နှင့် သူ ချက်ချင်းသဘောပေါက်သွားပါသည်။ သူ ရှန်းရှန်းရဲ့စိတ်ကို အတော်များများ သိတာပဲလေ။

"ငါက အဲလိုအခြေအနေ မရှိသေးပါဘူးဟာလို့ပဲ ပိတ်ပြောလိုက်တယ်"

ဘာဖြစ်လို့လဲ ... လို့ ပြန်မေးဖို့မလို၊ သူသိသည်။ ရှန်းရှန်းမှာ အဲဒီစိတ်မျိုး အငွေ့မျိုး အမြဲရှိတာ သူသိပြီးသား။ သူဌေးသားတောင်မဟုတ်ဘဲ ကိုယ်တိုင် ကုမ္ပဏီကြီးကြီးတစ်ခုကို





ဦးဆောင်လုပ်ကိုင်နေပြီဖြစ်တဲ့ သူဌေးမင်းလေး မင်းသူရမောင်နှင့် လက်ထပ်တော့မည့် ထက်လှအိရဲ့ရှေ့မှာ ရှန်းရှန်းဟာ သူက သာမန်အညတရ(အနည်းငယ်မျှသာ နာမည်လူသိစပြုတဲ့) ဓာတ်ပုံဆရာလေးတစ်ယောက်ရဲ့ ချစ်သူဆိုတာ ပြောပြအသိခံဖို့ရာ ရှန်းရှန်း မျက်နှာငယ်သလို ခံစားကာ ရှက်ရွံ့နှုတ်တွန့်တယ်လို့ သူသိပြီးသား။

သာဓကတွေလည်း ရှိခဲ့သည်။

သူငယ်ချင်းတွေထဲ သူ့ချစ်သူ ကိုယ့်ချစ်သူအကြောင်း ဖွင့်ပြောကြဖို့ဆိုရင် မိုးစွေထက် အစစ အတော်သာသည့် ချစ်သူမျိုး ရှိထားတဲ့ သူငယ်ချင်းမျိုးထံ ရှန်းရှန်းက မိုးစွေကို ဘယ်တော့မှ မိတ်ဆက်မပေးပါ။ မိုးစွေထက်ညံ့တဲ့ နိမ့်ပါးတဲ့ ချစ်သူမျိုးကို လက်တွဲထားရတဲ့ သူငယ်ချင်းတွေရှေ့ဆိုရင်တော့ မိုးစွေအမည်ကို ဂုဏ်တယူယူနှင့် အကျယ်တဝင့် ဖော်ထုတ်မိတ်ဆက်တတ်ပါသည်။

အဲဒါ ရှန်းရှန်းရဲ့ပင်ကိုစိတ်ပင်။

"ငါတို့လည်း တစ်နှစ်လောက် လိုသေးတာပဲလေ။ နီးမှ မနီးသေးတာ၊ နောက်မှ အေးအေးဆေးဆေး ပြောတာပေါ့"

ရှန်းရှန်းက မလုံမလဲလေး ရှင်းပြနေခဲ့တာကို သူ ခေါင်းပဲညိတ်လိုက်ပါသည်။ ဟိုးအစောပိုင်း တစ်ကြိမ် နှစ်ကြိမ်တော့ သူ နားမလည်။ သူ့ကို ချစ်လည်းချစ် သဝန်တိုတာလည်း



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်မရှိတဲ့ ရှန်းရှန်းဟာ ဝမ်းသာအားရပဲ ပြောပြချင်မှာလို့ ထင်ခဲ့မိကာ ဘာဖြစ်လို့လဲ ပြန်မေးမိတတ်သည်။ နောက်ပိုင်းတော့ သဘောပေါက်ကာ သူ မမေးတော့ပါ။

ရှန်းရှန်း သဘောထားကို နားလည်နေခဲ့ပြီပဲ။

"မိုးစွေ"

"........"

"မိုးစွေ"

"ဗျာ"

"အဟင်း ဟင်း ... မိုးစွေ ဘာတွေအရမ်းစဉ်းစားနေလဲ"

ချစ်စရာကလေး ရယ်မောနေတဲ့ ထက်လှ မျက်နှာကလေးက နှင်းဖျန်းထားတဲ့ ပန်းကလေးသဖွယ် လန်းဆန်းလတ်ဆတ်နေသည်။ မိုးစွေက အငိုက်မိငေးကြည့်နေမိရာက ကမန်းကတန်း ပြုံး၍ခေါင်းယမ်းရင်း ...

"မဟုတ်ပါဘူး၊ ရုတ်တရက် ထက်လှရဲ့ကြော်ငြာအတွက် ဘယ်သူနဲ့လိုက်မလဲ တွေးမိသွားတာပါ"

"သြော် ... မိုးစွေ အေးအေးဆေးဆေး စဉ်းစားပါ၊ထက်လှတို့ ဆေးရုံပြန်ကြစို့လား မိုးစွေ"

မိုးစွေက ခေါင်းညိတ်ပြီး စားပွဲထိုးကို လက်ပြခေါ်လိုက်ပါသည်။

"ထက်လှ ရှင်းလိုက်မယ် မိုးစွေ"





"မဟုတ်တာ ... ကျွန်တော် ရှင်းမှာပေါ့"

"မိုးစွေက မာမီ့ရောဂါကို ကုပေးမယ့် ဆရာဝန်ရဲ့သားလေ၊ ထက်လှက ကျွေးပါရစေ"

"အာ ... မဆိုင်ပါဘူး ထက်လှရာ"

မိုးစွေက စားနေကျလူဖြစ်၍ ဘယ်လောက်ကျတာကို သိနေပြီး ပိုက်ဆံထုတ်ရှင်းလိုက်ပါသည်။

"ဒါဖြင့် နောက်တစ်ခါ ထက်လှ ကျွေးမယ်"

"တကယ်လားဗျာ"

အဲဒီ နောက်တစ်ခါဆိုတဲ့ စကားလုံးလေးက မိုးစွေရင်ကို ညွတ်နူးနှစ်သိမ့်စေပါသည်။

"တကယ်ပေါ့ မိုးစွေရဲ့"

"ကျွန်တော်ကလည်း ထက်လှ ပြန်ကျွေးတာကို စားချင်ပါတယ်"

နှစ်ယောက်သား ဆေးခန်းကြီးကို ပြန်ရောက်လာ...ာ၊ ခွဲစိတ်ခန်းရဲ့ရှေ့ဘက်နားမှာ ပြန်စောင့်နေကြပါသည်။ ...ရိတကြည့်ကြည့်နှင့် စကားနည်းသွားကြပေမယ့် ထက်လှရဲ့ ...ဘောမှာ ထက်လှရဲ့အမေ ခွဲစိတ်မှုကို အတူစောင့်ဆိုင်းနေရတဲ့ ...အဖြစ်ကို မိုးစွေ အဆန်းတကြယ် အံ့သြရင်ခုန်နေရပါသည်။

ခဏအကြာမှာတော့ ခွဲစိတ်ခန်းတံခါးကြီး ပွင့်လာ...ာ လူနာပါတဲ့ ထရော်လီနံဘေး မေမေကပါ ကပ်ပါလိုက်ခဲ့ပြီး ...က်လှကို နှစ်နှစ်ခြိုက်ခြိုက် ပြုံးပြလျက် ...



www.burmeseclassic.com

www.burmeseclassic.com



"သမီး ... အားလုံး အိုကေပဲနော်၊ ဘာမှ စိတ်ပူစရာမရှိဘူး၊ ခဏနေရင် မာမီ သတိရလာမှာပါ"

"ကျေးဇူးတင်ပါတယ် အန်တီ"

မေမေ့လက်ကို ထက်လုက ဆုပ်ကိုင်ညှစ်လိုက်တာကို မိုးစွေက ငေးစိုက်ကြည့်နေမိသည်။

✧ ✧





# ၆

"ထက်လု"

"ဩော် ... မိုးစွေ"

"ထက်လု အားရဲ့လား၊ ပြောလို့ဖြစ်လား"

"ရတယ် ... ပြော မိုးစွေ"

"တစ်ယောက်ယောက်နဲ့ ပြောနေလား"

"အင်း ... စင်ကာပူက သူငယ်ချင်းတွေနဲ့ ပြောနေတယ်"

"ပြောလေ ထက်လု၊ အေးဆေးပြော၊ နောက်မှ ..."

"ရတယ် မိုးစွေ ... ပြော၊ မမသူဇာက အပြင်ထွက်ပြီး Dinner စားဖို့ ခုပဲ off တော့မှာ"

သူတို့ရဲ့စာတန်းကလေးတွေ တစ်ဖက်နှင့်တစ်ဖက် ပြေးနေကြတဲ့ နေရာကတော့ ဂျီတော့ခ်မှာပါ၊ ဖေ့စ်ဘွတ်မှာ သူငယ်ချင်းဖြစ်ဖို့ကို မိုးစွေကလှမ်း Add လုပ်တာဖြစ်ခဲ့ပြီး g-tlak မှာတော့ ထက်လုက သူ့ကိုလှမ်းပြီး Invite လုပ်လို့ မိုးစွေက လက်ခံလိုက်တာပါ၊ ထက်လု လှမ်းပြီး Invite လုပ်တာက



www.burmeseclassic.com

www.burmeseclassic.com



ထက်လှမှာမီ ဆေးရုံစတက်ပြီး ခွဲစိတ်တဲ့ညမှာပါ။ သူကလည်း တွေ့တာနဲ့ အဲဒီညပဲ ချက်ချင်းလိုက်ခဲ့လိုက်တာ။

ခုတော့ ထက်လှနှင့် မိုးစွေတို့ဟာ တစ်နေ့တာရဲ့ တစ်ခုသောအချိန်တန်ရင် ဂျီတော့ခ်ဖွင့်ထား၊ ဖေ့စ်ဘွတ်ဖွင့်ထား ရာက ဘယ်အချိန် သူ့နာမည်လေးနံဘေးက မီးသီးလေးလင်း လာမလဲရယ်လို့ မသိစိတ်မှ တိတ်တခိုး မျှော်လင့်နေမိတဲ့အဖြစ် မျိုးတည်း။

"အန်တီနေကောင်းလား"

"ကောင်းပါတယ် မိုးစွေရယ်။ ချုပ်ရိုးလည်း အရမ်းကောင်း တာပဲ၊ ဝေဒနာမခံစားရတာနဲ့ပဲ အရဲကိုးပြီးတော့ တလန်း လန်း လှုကောင်းလို လှုမ်းချင်နေလို့တောင် မနည်းသတိ ပေးနေရတယ်"

"အဟင်း ...၊ မေမေနဲ့ ဘယ်တော့ follow up ပြရမလဲ"

"အန်တီက နောက်တစ်ပတ် ချိန်းထားတယ်"

"ဪ"

တစ်ခဏ ရပ်နားနေမိကြပြီး ထက်လှသည် သက် ပြင်းလေးတစ်ချက်နှင့် စာပြန်ရိုက်လိုက်ပါသည်။ အဲဒီသက်ပြင်း လေးက စိတ်ညစ်ညူးတဲ့ သက်ပြင်းမျိုး မဟုတ်။ ကြည်နူးနွေး ထွေးမှုကို ကိုယ့်ဟာကိုယ် သတိထားမိရင်းက ကိုယ့်အဖြစ်ကို ကိုယ် အံ့အားတသင့် ရှိရင်းကပင် ခပ်နုနုလေးပြုံးကာ ချမိတဲ့ သက်ပြင်း။

"ထမင်းစားပြီးပြီလား မိုးစွေ"





တိတ်ဆိတ်နေမှု ငြိမ်သက်နေမှုဟာ စိတ်နှလုံးကို ယစ်မူးစေဖို့ ဖြားယောင်းလှတာကြောင့် မရှိရှိတဲ့ အာလာပသလ္လာပ စကား ကောက်ရိုက်လိုက်ရတာပင်။

"ဟုတ်"

သူ့ထံက တိုတိုလေး တုံ့ပြန်သည်။ သူလည်းဟို ဘက်မှာ ငြိမ်သက်နေတယ်လား၊ သို့မဟုတ် တစ်စုံတစ်ယောက် နှင့် ပြောနေသေးတာလား။

"မိုးစွေ အားရဲ့လား"

"ဟုတ်၊ ဘာဖြစ်လို့လဲ ထက်လှ"

"ဪ ... အလုပ်ရှိပြီး ထက်လှကို နှုတ်ဆက်ရုံလေးလား လို့ပါ။ ထက်လှက စကားတွေဆက်ပြောနေမိပြီး အနှောင့် အယှက်ဖြစ်မလားလို့လေ၊ စကားပြောနေလက်စလူ ရှိရင် လည်း ပြောနော် ... ရတယ်"

"ဟင့်အင်း ... ဘယ်သူနဲ့မှ ပြောမနေပါဘူးဗျာ၊ ထက်လှ ကိုပဲ ရှိနေတာတွေ့လို့ လှမ်းခေါ်လိုက်တာပါ"

"ဪ"

မိုးစွေသည် ပြင်းထန်စွာ လှုပ်ရှားခုန်ပေါက်လာတဲ့ သူ့နှလုံးသားကို ဘယ်လိုဆုံးမ ချုံ့နှိမ်ရကောင်းမှန်း မသိတော့ သည်။ လက်ဝါးနှင့် ပါးစပ်ကိုပါအုပ်ရင်း မေးထောက်ကာ တစ်ဖက် သော ထက်လှ စာရိုက်နေတယ်ဆိုတဲ့ အချက်ပြစာတန်းကလေးကို ငေးကြည့်နေမိသည်။ တက်လာမယ့် စာကလေးကို ပူနွေးသောရင် နှင့် မျှော်စောင့်နေမိလေသည်။

www.burmeseclassic.com



"မိုးစွေ ဒီနေ့ အလုပ်များသေးလား"

"ဒီနေ့ ပါတိတ်ဆိုင်ကြော်ငြာဓာတ်ပုံတွေ ရိုက်ရတယ်။ လေးနာရီလောက်ကတည်းက ရှုတင်ပြတ်ပါတယ်"

"မော်ဒယ်ကကော"

"ဝင့်သဇင်ကို ဆိုတာ"

"လှလား မိုးစွေ"

"အင်း ... ဆိုပါတော့"

"မိုးစွေအလုပ်က ပျော်စရာပဲ၊ မိန်းမလှလေးတွေနဲ့ပဲ နေ့စဉ်ထိတွေ့ဆက်ဆံနေရမှာဆိုတော့ အသက်ရှည်ဆေးပဲနော်"

"အဲသလိုကြီးလည်း မဟုတ်ပါဘူး ထက်လှရယ်"

ထက်လှဘက်က ငြိမ်သက်နေပြန်၍ မိုးစွေက ခုမှသတိတရနှင့် ...

"ထက်လှအတွက် စဉ်းစားထားတဲ့ မော်ဒယ်လ် အကြမ်းဖျဉ်းသုံးယောက်ရှိတယ်၊ သူတို့ပုံတွေ ထက်လှ သေချာမြင်ဖူးချင်မှ မြင်ဖူးမှာဆိုတော့ ကျွန်တော် အခု မေးလ်နဲ့ပို့လိုက်မယ်၊ ခဏစောင့်နော်"

"ဟုတ်"

မိုးစွေက သူစဉ်းစားထားသော အဆင်ပြေနိုင်မည့် မော်ဒယ်ကောင်မလေး သုံးယောက်ပုံကို ထက်လှထံ အီးမေးလ်ပို့လိုက်ပါသည်။ သူ့ပုံတွေပို့နေတုန်းပဲ သူ့ Laptop မျက်နှာပြင် အခြေနားမှာ ရှန်းရှန်း ဂျီတော့ခ်က ခေါ်နေတဲ့ အချက်ပြမီးလေးက လင်းလာခဲ့ပါသည်။





သူ ရင်တောင် တစ်ချက်တုန်လန့်သွားသလိုဖြစ်ကာ သူ့အဖြစ်ကိုလည်း သူ စိတ်ရှုပ်ရယ်ချင်သွားပါသေးသည်။ သူ ခံစားလိုက်ရပုံက ခိုးနေရင်းတန်းလန်း လူမိသွားရတဲ့သဘောဆန်ဆန် ရင်တုန်ပန်းတုန် ဆန်လှသည်လေ။

မိုးစွေက ရှန်းရှန်း ပို့တဲ့စာကို လှမ်းဖတ်လိုက်ပါသည်။

"မိုးစွေ ... နင် ဂျီတော့ခ်မှာ ဘာလုပ်နေလဲ"

ကြည့် ...။ စစ်ဆေးပြီ။

"ဘာလုပ်ရမှာလဲဟ၊ ဂျီတော့ခ်ပါဆိုမှ စကားပြောနေတာပေါ့"

"ဘယ်သူနဲ့လဲ"

"ဒီလိုပဲပေါ့ ... ဟိုလူ ဒီလူပေါ့"

"ဟိုလူဒီလူဆိုတာ ဘယ်သူတွေလဲ။ အကုန်အစီအစဉ်လိုက်ချရေးပြ"

ဟော ...။ ရှန်းရှန်းဟာလေ။ ဒီအတိုင်းပဲ။ မိုးစွေက ခေါင်းကိုတောင် တဂျိဂျိကုတ်ပစ်မိကာ စိတ်ရှုပ်လာပါသည်။

"ဟဲ့ ... ပြောလေ၊ နင် ဘယ်မော်ဒယ်နဲ့ ပြောနေလဲ မိုးစွေ"

မိုးစွေရဲ့ဂျီတော့လ်မိတ်ဆွေစာရင်းထဲမှာ တကယ်ပဲ မော်ဒယ်မိန်းကလေးတွေကသာ များပါသည်။ ယောကျ်ားလေးထဲက သူငယ်ချင်းနှစ်ယောက်လောက်နှင့် အလုပ်ကိစ္စအဆက်အစပ်



www.burmeseclassic.com

www.burmeseclassic.com



ရှိသူ မိတ်ဆွေလေးငါးယောက်၊ ဒါလောက်ပင်။ မော်ဒယ်လ်ကောင်မလေးတွေနှင့်ကလည်း အပျော်အပြက်မဟုတ်ဘဲ အလုပ်ကိစ္စ အချိန်းအချက်မျိုးတွေ ပြောဖြစ်တာသာ။

ရန်းရန်းဟာ မိုးစွေရဲ့ဂျီတော့ခ်မိတ်ဆွေတွေကို အားလုံးလိုလို သူပါလိုက် Add ထားပါသည်။ ဒါမှပဲ မိုးစွေ ဂျီတော့ခ်မှာ ရှိနေချိန် တခြား ဘယ်သူလဲရှိနေသလဲ၊ ဘယ်သူနှင့် ပြောနေတာ ဖြစ်နိုင်လဲ သူ Check လုပ်နိုင်မှာလေ။

"နင် ဆုဆုဇာနဲ့ ပြောနေတယ် မဟုတ်လား"

"အာ ... မပြောပါဘူး၊ သူနဲ့ ဘာကိစ္စမှမရှိတာ"

"ဒါဖြင့် သိင်္ဂီမော်အေးနဲ့ မဟုတ်လား"

"ဟား ... ဒုက္ခပါပဲ ပြဿနာပဲ၊ ဘယ်ကပြောရမှာလဲ"

"မိုးစွေ ငါ စိတ်တိုလာပြီနော်၊ ဒါဖြင့် ဘယ်သူနဲ့လဲ"

မိုးစွေက သက်ပြင်းချရင်း ...

"ထက်လှနဲ့ပါ"

"ထက်လှနဲ့ ... ဟုတ်လား"

ရန်းရန်းသည် အံ့အားတသင့် ရင်ထဲထိတ်ခနဲ ထင့်သွားရပါသည်။

"ထက်လှနဲ့ ဘာပြောနေတာလဲ"

"ရန်းရန်း ... နင်အခု ငါ့ကို ဘာဖြစ်လို့ တရားခံတစ်ယောက်လို အသေးစိတ် စစ်နေတာလဲ၊ အဲလိုစစ်ဆေးတဲ့ လေသံနဲ့ ပြောသင့်လို့လား"





မိုးစွေရဲ့စာကြောင်းလေးက ရန်းရန်း ရင်ကို ပူထူလောင်မြိုက်လာစေသည်။

"မိုးစွေ ... ကျေးဇူးပြုပြီး မေးတာကို ဖြေစမ်းပါ၊ ထက်လှနဲ့ နင် ဒီလိုပဲ အမြဲစကားပြောနေကျလား"

"အမြဲဆိုတာ နေ့တိုင်းကို ပြောတာဆိုရင်တော့ အမြဲမပြောဘူး"

တကယ်လည်း သူ မပြောရဲခဲ့ပါ။ သူ့စိတ်ကိုမှ သူ မလုံခဲ့ဘဲ။ ထက်လှကို လှမ်းခေါ်လိုက်ဖို့ ထက်လှနာမည်ကို Click နှိပ်ဖို့ သူ့လက်ချောင်းများ မောက်စ်ကိုဖိပြီးမှ အကြိမ်ကြိမ် အခါခါ ရွှေ့ပစ်ခဲ့တာပါ။ တကယ်တော့ ရိုးရိုးသားသား ဘယ်သူနဲ့ အပျင်းပြေစကားပြောပြော ဘာမှအရေးမကြီးပေမယ့် ခုကိစ္စမှာ သူ့ကိုယ်သူ ရိုးသားမှုရှိတယ်လို့မှ မိုးစွေ မလိမ်ညာဝံ့ပဲ။

"ကဲပါ ... အခု ဘာပြောနေတာလဲ"

"ငါ အခု သူ့ဖက်ရှင်ဆိုင်ကြော်ငြာဓာတ်ပုံရိုက်ဖို့ သင့်တော်တဲ့ မော်ဒယ်လ်ပုံတွေ သူ့ဆီ အီးမေးလ်ပို့ပြီး ရွေးခိုင်းနေတာ ရန်းရန်း"

"သြော် ... အဲဒါ စောစောစီးစီးပြောပါလား"

"အခုက ဘယ်လောက်နောက်ကျနေလို့လဲ ရန်းရန်းရယ်၊ ငါ အခုလို ဖြေလိုက်ရတာ နင်နဲ့ပြဿနာမဖြစ်ချင်လို့သာ ဖြေလိုက်တာပေမယ့် ငါ့စိတ်ထဲမှာ ဘယ်လောက်ကသိကအောက် ဖြစ်သွားလဲ ... နင် သိလား"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေးဟယ် ... မိုးစွေကလည်း၊ ဓာတ်နာမနေစမ်းပါနဲ့၊ နေဦး ... ငါ ထက်လှဆီ လှမ်းခေါ်လိုက်ဦးမယ်"

ရန်းရန်းသည် တကယ်လည်း မိုးစွေရဲ့စိတ် ဘယ်လိုဖြစ်သွားသလဲ စိတ်မဝင်စားမိပါ။ မိုးစွေနှင့် ထက်လှ တစ်စထက်တစ်စ ရင်းနှီးလာတာကို သိသထက်သိလေ ရင်တွေပူသထက်ပူလေပင်။ ချက်ချင်းပဲ ထက်လှထံ လှမ်းခေါ်လိုက်ပါသည်။

"ထက်လှ ... ဘာလုပ်"

"ရန်းရန်း ... နင် ခုထိ အလုပ်မှာလား"

တစ်ခါတစ်ရံ ရန်းရန်းက သူ့ဆိုင်က ကွန်ပျူတာပေါ် ရှိနေတတ်တာကို သိထားဖူးတဲ့ ထက်လှက ပြန်မေးပါသည်။

"ဟင့်အင်း ... ငါ အပြင်က အင်တာနက်ကဖေးမှာပါ"

"နင် နေ့တိုင်း အင်တာနက်ဆိုင် ထိုင်လား၊ ဒါဆို ငါတို့ညနေဘက်တွေ စကားပြောလို့ ရတာပေါ့"

"တစ်ခါတလေပါ၊ နင် ဘယ်သူနဲ့ ပြောနေလဲ"

"ဟဲ့ ... ငါ မိုးစွေနဲ့ ပြောနေတာ ရန်းရန်းရဲ့"

ရန်းရန်းက တစ်ဖက်မှာ နှုတ်ခမ်းလေး စေ့ပြုံးရင်းကျေနပ်သွားပါသည်။ အမှန်အတိုင်း အချိန်မဆိုင်း ဖြေလိုက်ရိုးသားတယ်လို့ သတ်မှတ်နိုင်တာ မဟုတ်လား။ အင်းလေ။ ထက်လှက မရိုးသားစရာ ဘာအကြောင်းရှိလဲ၊ ဂုဏ်ရှိန် ငွေကြေးရပ်ရည် ဘာမှပြောစရာမရှိတဲ့ သူဌေးလေးနှင့် လက်ထပ်ရတော့မည့်သူဟာ မိုးစွေအပေါ် မရိုးမသားစိတ် ထားဦးမှာတဲ့လား။





မရိုးသားချင်း မရိုးသား မိုးစွေဘက်ကိုသာ သံသယရှိလို့ ရနိုင်သေးတာလေ။ ထက်လှက ငေးစိုက်မျက်လုံးကျွတ်ကျရလောက်အောင် လှပတာမဟုတ်လား။ ပြီးတော့ ကိုယ်မသိလိုက်ရဘဲ ကိုယ့်သူငယ်ချင်း ထက်လှကို ဖေ့စ်ဘွတ်ခ်မှာ Add လုပ်ပစ်လိုက်တာမျိုး မိုးစွေ လုပ်ခဲ့တယ်လေ။

ပြီးတော့ ချစ်သူချင်းချင်းသာ သိနိုင်တဲ့ ဆဋ္ဌမအာရုံတစ်မျိုးနှင့် မိုးစွေဟာ ထက်လှအပေါ် တစ်စုံတစ်ရာသောညွတ်နူးမှုရှိတယ်လို့ ရန်းရန်း ထင်ကိုထင်နေသည်။

"အေး ... နင့်ဆီ မော်ဒယ်လ်ပုံတွေ ပို့ပေးနေတယ်လို့ မိုးစွေ ပြောတယ်"

မိုးစွေဆီက သိပြီးသားဖြစ်ပါလျက် သူ့ကိုဘယ်သူနဲ့ပြောနေလဲ ဘာကြောင့်မေးရပါသလဲဆိုတာမျိုး ထက်လှကတွေလီကာလီ မစဉ်းစားမိပါ။

"ဟုတ်တယ် ရန်းရန်း၊ သူပြောတဲ့ မော်ဒယ်လ်လေးတွေက လှသားပဲဟဲ့၊ ငါ့ဆိုင်ကြော်ငြာအတွက် လိုက်မယ်ထင်တယ်၊ ငါ သဘောကျတယ်၊ မိုးစွေက သေချာစေတနာထားပြီး ရွေးပေးထားတယ်၊ မိုးစွေကို အရမ်းကျေးဇူးတင်တာပဲဟယ်၊ ဘယ်သူ့ရွေးရမှန်းတောင် မသိဘူး၊ နင့်ဆီပါမေးလ်နဲ့ ပို့ခိုင်းလိုက်ပြီး နင့်ကိုပါ ဝိုင်းကူညီရွေးခိုင်းရရင်ကောင်းမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ငါဆိ ပို့ခိုင်းလိုက်ပါ့မယ်၊ ဒါပဲဟယ် ထက်လှ၊ နောက်တစ်ခါမှ စကားပြောမယ်၊ ငါ ဒီဘက်မှာ လုပ်စရာလေး ရှိသေးလို့"

"အိုကေ ... တာ့တာ"

ရန်းရန်းက မိုးစွေထံ ပြန်ကူးကာ ...

"မိုးစွေ ... ထက်လှကို ငါ လှမ်းမေးကြည့်ပြီးပြီ၊ ထက်လှက ဟုတ်တယ်တဲ့၊ နှင်နဲ့ပြောနေတာတဲ့ ... အဟင်း၊ နှင်က အမှန်အတိုင်းပြောတာကိုး"

မိုးစွေသည် တက်လာတဲ့စာလေးကို မေးထောက်က ဒီတိုင်းထိုင်ကြည့်နေမိကာ ရင်ထဲမှာကော့ တင်းကျပ်ကျပ် မွန်းသိပ်သိပ် ဖြစ်လာပါသည်။ ထက်လှထံ လှမ်းပြီး "မိုးစွေနဲ့ ဘာတွေပြောနေလဲ"ပဲ မေးလိုက်သလား၊ ဒါမှမဟုတ် "မိုးစွေနဲ့မော်ဒယ်ကိစ္စ လုပ်နေတာလား"မေးသလား တစ်ခုခုတော့ လှမ်းမေးလိုက်တာပင်။ အဲဒါကို ရင်ထဲမှာ အောင့်သက်ရာက မိုးစွေ စိတ်မကောင်းဖြစ်လာသည်။

"ဟဲ့ ... မိုးစွေ"

မိုးစွေက သူ့လိုင်းကို off လိုက်ပါသည်။ သူဘာကြောင့် ရင်ထဲနင့်နေပါသနည်း။ တကယ်တော့ ရန်းရန်းက သူ့ချစ်သူ သူ့ရည်းစားပဲလေ။ သူ သိချင်တာတော့ မဆန်းပါဘူး။ မယုံကြည်တာကို အောင့်သက်မည်ဆိုတော့ရော ကိုယ်ကကော ယုံကြည်ချင်စရာ ကောင်းလို့လား။





ကိုယ်ကလည်း မကောင်းပါ။

ထက်လှ ... ထက်လှရယ်။ ကျွန်တော်တော့ ရှုံးတော့မှာပဲ။ ရှုံးချင်လာပါပြီ။ သူ့အမေ ခွဲစိတ်တဲ့နေ့က ခွဲခန်းရှေ့လက်ပတ်နာရီလေးတကြည့်ကြည့်နှင့် ဂနာမငြိမ် ရတက်မအေးဖြစ်နေတဲ့ ရုပ်ကလေးဟာ အပြစ်ကင်းစင်၍ ချစ်စဖွယ် သနားစဖွယ်လေး။ သူ တစိမ့်စိမ့်လေး ဘေးကကြည့်၍ ဘာမှလဲ မဟုတ်ဘဲ ရင်တွေတသိမ့်သိမ့် ခုန်ခဲ့ရသည်။ အဲဒီနေ့က မျက်နှာကို နောက်ဆုံးတွေ့တာ။

တစ်မိနစ်ထက် တစ်မိနစ် ထက်လှကို ပိုပိုချစ်လာသည်။ ဤကိစ္စမှာ အပြစ်ရှိသူ တရားခံဟာသူပဲ။ ရန်းရန်းမှာ အပြစ်မရှိ။ သူ ဘာကြောင့် ထက်လှကို အဲသလို ချစ်သွားမိတာလဲ ဘယ်လိုမှကို အဖြေမရှာတတ်ပါ။ သူသိတာကတော့ သူ အရမ်းဝမ်းနည်းနေမိပါသည်။

"........"

ဖုန်း Ring သံသီချင်းကြောင့် မိုးစွေက ဖုန်းကိုကောက်နှိပ်လိုက်သည်။ ရန်းရန်းပဲဖြစ်မှာ သူ သိပြီးသားပါ။

"မိုးစွေ"

"........"

"မိုးစွေ ... ဟဲ့"

"အင်း ... ပြော"

"နှင် ဘာလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



“.........”

“နင် ဘာဖြစ်လို့ အော့ဖ်လုပ်ပြီး ထွက်သွားတာလဲ”

“ဒီလိုပါပဲ”

“ဘာဒီလိုပါပဲလဲ၊ မိုးစွေ ... နင်က ငါ့ကို စိတ်ဆိုးတယ် ဆိုတဲ့ သဘောလား”

“မဟုတ်ပါဘူး၊ ငါ ဘာပြောလို့လဲ”

“မပြောလို့ပေါ့ဟဲ့၊ ထွက်မယ်ဆိုရင် ထွက်မယ်ပြောပြီးမှ ထွက်ရမှာလေ”

“အာ ... ငါ့ဟာငါ မပြောချင်တော့လို့ ထွက်တာဟာ”

“ဘာ ... နင်က ထက်လှနဲ့ ခုန်းက ပြောချင်ပြီး ငါတက် လာမှ မပြောချင်တော့ဘူး ... ဟုတ်လား”

“ကျွတ် ... ထက်လှက ဘယ်ကပါလာတာလဲ ရှန်းရှန်း၊ ငါတို့နှစ်ယောက် ဖြစ်နေတဲ့ကိစ္စလေ”

“အေး ... အဲဒီဖြစ်နေတဲ့ကိစ္စက ဘာလဲ၊ ဘာဖြစ်နေတာလဲ”

“နင်က ငါ အမှန်ပြောရက်နဲ့ ထက်လှကို သွားထပ်မေး တယ်လေ”

“အဲဒီတော့ ဘာဖြစ်လို့လဲ”

“ဘာဖြစ်ရမလဲဟ၊ ငါ သိက္ခာကျတာပေါ့၊ နင် လိုက် check လုပ်တာ ထက်လှ ရိပ်မိပြီး ငါ့အောက်တာပေါ့”

“ဘာ”

“မဘာနဲ့လေ၊ ထက်လှက ဘာထင်သွားမလဲ ငါ့ကို”





“မိုးစွေ”

ရှန်းရှန်း အသံက တုန်လာပါသည်။

“ငါ ထက်လှကို အများကြီးလည်း အစ်ပြီး စစ်ဆေးမေး မြန်းတာ မဟုတ်ဘူး၊ ဒီလိုပဲ တစ်ခွန်း နှစ်ခွန်း စကား အလိုက်သင့်ပဲ မေးတာ၊ ကဲပါ ... ငါက လွန်လွန်ကဲကဲပဲ မေးမြန်းစစ်ဆေးမိပါပြီတဲ့၊ နင်သိက္ခာကျလောက်တယ်ဆို ရင်ကော ဘာဖြစ်လဲ”

“ဟာ ... နင် ဒီလိုပြောလို့ မရဘူးလေ”

“ဘာလို့မရ,ရမှာလဲဟယ်၊ ငါပြောတာ ရှင်းရှင်းလေးပါ၊ ထက်လှဆီမှာ ကဲ ... နင်သိက္ခာကျပါပြီတဲ့၊ ထက်လှက နင့်ကို အထင်သေးပါပြီတဲ့၊ အဲဒီတော့ကော ဘာဖြစ်လဲ၊ နင့်အဖို့ အရေးကြီးတာက နင်နဲ့ ဘာမှမပတ်သက်တဲ့ သူစိမ်းမိန်းမဆီမှာ သိက္ခာမကျရဖို့လား၊ နင့်ချစ်သူ နင့်ကို ကျေနပ်ယုံကြည်ဖို့လား”

“ကျွတ်”

“ပြောပါ ... ပြောပါ မိုးစွေရဲ့”

“ပြောလို့မရဘူး၊ ဒါကြီးကို ဒီပုံစံနဲ့ ကွန်ကလူးရှင်းဆွဲလို့ မရဘူး၊ သူစိမ်းဆီမှာမို့ သိက္ခာကျပစေဆိုတာ မရှိဘူး၊ နင် အဲသလိုတွဲယှဉ်မပြောနဲ့လေ မရဘူးလေ”

“မဟုတ်ဘူး၊ တခြားကိစ္စတွေမှာ မပြောဘူး၊ ခုကိစ္စမှာ ငါ ပြောကိုပြောချင်လို့၊ ငါ နင့်ကို ဘာမှန်းညာမှန်းထောက်



www.burmeseclassic.com

www.burmeseclassic.com



စရာ သံသယကွက် ခိုင်ခိုင်မာမာ မရှိသေးလို့ ပြောလို့မရသေးဘူး မိုးဇွေ၊ ဒါပေမဲ့ နင် ထက်လူဆီမှာ သိက္ခာကျမှာစိုးတာက် တခြားထက်ပိုတယ်လို့ ငါထင်တယ်၊ ထင်တာမဟုတ်ဘူး အဲဒါအမှန်ပဲ"

"ကျွတ်"

"ဟုတ်တယ် ... နင် ဝန်ခံ"

"ဘာကိုဝန်ခံရမှာလဲ၊ ပြသနာပဲ"

"အေး ... ဟိုးတလောက ကြာပြီ၊ နင့်ဆီ ထက်လူမဲတ်ပုံတွေ လာရွေးပြီး နောက်တစ်ရက် နှစ်ရက်လေ၊ နင်နဲ့ငါ ကြေးအိုးဆိုင်မှာထိုင်နေတယ်လေ၊ အဲဒီတုန်း ထက်လူ နင့်ဆီ ဖုန်းဆက်တယ်၊ အမေရိကားက မင်းသူရမောင် အဒေါ်တွေဆီပို့ဖို့ ဓာတ်ပုံ နောက်ထပ်တစ်စုံကူးချင်လို့ဆိုတာလေ"

"အဲဒါ ဘာဖြစ်လဲ ရှန်းရှန်း"

"အေး ... ပြောခါနီးမှာ ငါ့ရင်ထဲမှာ ဝမ်းနည်းတယ် နားလည်လား၊ အဲဒီနေ့က ဖုန်းစထူးလိုက်ကတည်းက ဖြစ်သွားတဲ့ နင့်ရုပ်၊ ပြောင်းသွားတဲ့ နင့်အသံ"

"ဟာ ... မဟုတ်တာတွေ ဘလိုင်းလာစွပ်စွဲမနေနဲ့"

"အေး ... နင် ငြင်းလေ၊ နင်ငြင်းတာ နင့်ကိစ္စ၊ ငါထင်တာ ငါ့ကိစ္စပဲ၊ အသံက ငါနဲ့ပြောနေကျသံမှန်ကိုမဟုတ်ဘူး၊ ဘယ်လိုပြောင်းလဲနေတယ်ဆိုတာလည်း မပြော



ပြတတ်ဘူး၊ ပြီးတော့ ... ပြီးတော့ နင့်မျက်နှာက တောက်ပနေတဲ့ နင့်ရဲ့မျက်လုံးတွေထဲမှာ ငါ့အတွက် မသက်သာစရာတွေ ငါ အများကြီးတွေ့တယ်၊ လူစင်စစ် နင့်ရှေ့ထိုင်နေတဲ့ငါ့ကိုတောင် ဒီမျက်ဝန်းမျိုး နင်မပေးဖူးဘဲနဲ့ အသံလေးပဲကြားနေရတဲ့ ထက်လူကို နင် အချင်းချင်း မျက်နှာချင်းမဆိုင်ရဘဲနဲ့တောင် နင် ဒီနူးညံ့ရွှေးထွေးတဲ့ မျက်ဝန်းလေးနဲ့ဆက်ဆံတယ်"

"တော်တော့ဟာ ရှန်းရှန်း၊ နော် ...၊ နင်လည်း ပြောရတာစိတ်မကောင်းဘူး၊ နင် ဒီလိုဖိလင်ကြီးနဲ့ ပြောနေတာကျတော့ ငါလည်း စိတ်မကောင်းဘူး၊ တော်ကြစို့"

"အေး ... ငါလည်း ဒီလောက်ထိထက် ပိုမပြောသင့်ဘူးလို့ စဉ်းစားပြီးသားပါ၊ ငါပြောချင်တာ လိုရင်းတစ်ခွန်းပဲ၊ နင့်ကို ငါ့အပေါ် သစ္စာရှိစေချင်တယ်၊ နင့်မှာ တစ်ယောက်တည်းရှိတဲ့ ငါ ဖြစ်ချင်တာ မိုးဇွေ"

မိုးဇွေက တစ်ယောက်တည်း ခေါင်းတဆတ်ဆတ်ညိတ်နေမိပါသည်။ သစ္စာ ...။ သစ္စာတရား ...။ ကောင်းတာပေါ့။ သူလည်း တန်ဖိုးထားသားပဲ။ စကားလုံးလေးကိုက မွန်မြတ်တာသေး။ ဒါပေမဲ့လည်း အခြေအနေတိုင်း အပေါ်မှာတော့ ဒီစကားလုံးအတိုင်း တစ်သမတ် ဆုပ်ကိုင်ရပ်တည်နေဖို့ လွယ်ရဲ့လား။

ရင်ထဲမှာ တကယ်သစ္စာမခိုင်မြဲနိုင်ချိန်မှာ သစ္စာရှိနေတာကကော တကယ့်သစ္စာတရား အစစ်လား။ သစ္စာဆိုတာ

www.burmeseclassic.com



မှန်ကန်မှု မဟုတ်လား။ ဘယ်လိုမှန်ကန်ရမှာလဲ။ အမှန်ဘက်ကူး လို့ ရသလား။ အမှားမကျူးလွန်ချင်လို့ အမှန်ဘက် မကူးဘဲ မမှန်တဲ့ဘက် ဆက်ရပ်နေရမလား။

အား ... ရှုးချင်ပြီ။

"ဘာပဲဖြစ်ဖြစ် မင်းသူရမောင်ဆိုတဲ့ လူတစ်ယောက်နဲ့ ထက်လှက မကြာခင် လက်ထပ်တော့မယ်ဆိုတာ နင်အသိ ဆုံးပဲလေ ရှန်းရှန်း"

"အဲဒါ ဘာလုပ်ရမှာလဲ၊ သူ့မှာ သူ့လူရှိလို့ နင်ရှေ့တိုးမ ရတာကို ငါမပျော်ဘူး၊ နင် နားမလည်ဘူးလား၊ နင်စိတ် မပါလို့ နင် ဘာမှမလုပ်တာကို လိုချင်တာ"

"ကျွတ်... ရှန်းရှန်း၊ ငါ တစ်ခွန်းပဲပြောမယ်၊ နင် ထက်လှ ဆီ အခု ဖုန်းဆက်ပြီးပြောလိုက်၊ မိုးစွေဟာ နင့်ချစ်သူပါ ဆိုတာ"

"ငါပြောရခက်မှန်းသိလို့ နင် ခိုင်းတာမဟုတ်လား မိုးစွေရဲ့"

"ဘာပြောရခက်တာလဲ ထက်လှချစ်သူက နင့်ချစ်သူထက် သာတာကို နင်ရှက်လို့ နင်သိမ်ငယ်လို့ ဒီလိုမဟုတ်လား"

ချက်ကောင်းထိ၍ မှန်ကန်နေတဲ့စကားကြောင့် ရှန်းရှန်းက တုံ့နေးသွားပြီးမှ ...

"မဟုတ်ဘူးလေ၊ ငါက ရုတ်တရက်ကြီး မိုးစွေက ငါ့ချစ်သူ နော် ထက်လှ ဆိုတာမျိုး သွားပြောရင် သူ့ကိုစော်ကား လည်းကျမှာပေါ့"



"စကားလှအောင်စပ်ပြီးပြောရင် ရပါတယ်"

"အဲဒီအတွက် ရုတ်တရက် ထပြောလို့တော့ မဖြစ်ဘူး၊ စကားအခါအခွင့်သင့်တော့ ပြောမှာပေါ့"

"ပြီးရောလေ၊ နင့်သဘောပေါ့"

"ဒါပေမဲ့ ငါပြောပြော မပြောပြော နင်တို့ချင်း မရိုးသားတဲ့ စိတ်ဝင်စားခြင်း စိတ်ယိုင်ခြင်းတွေ ရှိနေရင် ဖြစ်ချင်တာ ဖြစ်သွားနိုင်တာပဲ"

"နင့်ရည်းစားလို့ သိသိနဲ့တောင် ထက်လှက ငါ့ကိုမရိုး မသား လာကြိုက်နိုင်မယ်လို့ နင်က ထင်နေတာလား၊ ထက်လှအပေါ် ဒီလောက်တောင် အယုံအကြည်မရှိဘူး လား ... ဟင်"

"မသိဘူးဟာ ငါ မပြောတတ်ဘူး၊ ငါဖြစ်စေချင်တာက နင် အလုပ်ကိစ္စရှိရင် ထက်လှဆီ ဖုန်းဆက်ပြီး ဖုန်းပြော လို့ရတယ် မိုးစွေ၊ ဂျီတော့ခ်ကနေ တစ်ယောက်ကိုတစ် ယောက် တာရိုက်တာ စကားပြောတာတွေက သမားရိုးကျ မဟုတ်တဲ့ လှုံ့ဆော်မှုတစ်ခုကို ဖြစ်ပေါ်စေတယ်လို့ ငါယုံ ကြည်တယ်၊ နောက်ပြီး အစဉ်အလာတစ်ခုလိုလည်း စွဲလမ်းမှု တစ်မျိုးကို ဖြစ်စေတယ်၊ နင်နဲ့ငါ စပြီးငြိတွယ်တာလည်း ဒီဂျီတော့ခ်ပေါ်မှာ ပြောရင်းပဲ မဟုတ်လား မိုးစွေ"

" ......... "

www.burmeseclassic.com

www.burmeseclassic.com



သူ ဘာမှမပြောနိုင်။ သူလည်း အဲသလိုပဲ ထင်နေသည်။ ရှန်းရှန်းနဲ့တုန်းကလည်း မေမေတို့ ဒေါ်လေးတို့ကပါ သဘောတကျ ကြည်သာနေကြတဲ့ အခြေအနေမျိုးနဲ့ ရှန်းရှန်းနဲ့ နေ့စဉ်ဂျီတော့ခ်ပြောရင်း တစ်ခုသောအချိန် တိုက်ဆိုင်မှုမှာ ရင်ထဲက လှုပ်ရှားစေ့ဆော်သော ခံစားချက်တစ်မျိုးနှင့် သူပြောထွက်သွားခဲ့တာပဲ။

အဲဒီအချိန်တွေတုန်းက သူနဲ့ရှန်းရှန်းဟာ ညနေတိုင်း Online ပေါ်ရှိနေတတ်ကြတာပဲ။ တဖြည်းဖြည်းနဲ့ ကိုယ့်အလုပ် ကိုယ့်ကိစ္စတွေနဲ့ ပြန်ရှုပ်နေပြီး နေ့စဉ် Online မှာ မဆုံဖြစ်တော့ဘဲ ရက်ခြားလောက်သာ ဆုံဖြစ်တော့တာ။

အဲဒီအချိန်မှာ မိုးစွေဟာ ခုလို ထက်လှနဲ့။ ဆိုပေမယ့် ဒီ Online ရဲ့ g-talk ရဲ့ ဖြားယောင်းမှုကြောင့် မဟုတ်ဘဲ သူ ထက်လှကို အပြင်မှာ စတင်ကြွေသက်မြေခဲ့တာပါ ဆိုတာ ကိုယ့်ကိုယ်ကိုယ် အသိဆုံးသာ။

ခုတော့လည်း "Htet Hla is typing" ဆိုတဲ့ သူ ကိုယ့်ဆီ စာရိုက်နေကြောင်း သိစေတဲ့ စာကြောင်းကလေးကို ငေးစိုက်ကြည့်နေရတာကိုကပင် သူ့ဘဝရဲ့ သာယာပြည့်စုံမှုတစ်မျိုး ဖြစ်နေပြီတည်း။

"မိုးစွေ"

"........."





"နင် ထက်လှနဲ့ g-talk မပြောပါနဲ့၊ ကိစ္စရှိရင် ဖုန်းဆက်ပါ"

"........."

"ဒါ နင့်ချစ်သူတစ်ယောက်အနေနဲ့ ငါ တောင်းဆိုတာပါ၊ လိုက်နာတယ် မလိုက်နာဘူးကတော့ နင့်ကိစ္စ နင့်ဘက်က အပိုင်းပေါ့"

"........."

သူ ဘာတစ်ခွန်းမှ မပြောနိုင်။ ဒီစကားကြားရတာနဲ့တင် သူ့နှလုံးသား ကြမ်းပေါ်ပြုတ်ကျသွားတာလို ရင်ထဲဟာပြီး နာကျင်ခဲ့ရပါသည်။

"ငါ မိတ်ဆက်ပေးလို့ ငါ့သူငယ်ချင်းအနေနဲ့ သူ့စေ့စပ်ပွဲမှာ နင် စတွေ့ဖူးတာပါဟာ၊ နင့်ကို နင့်ငယ်သူငယ်ချင်းနဲ့ နှစ်ကြောရှည် ငယ်ကျွမ်းဆွေနဲ့ အဆက်ပြတ်နိုင်းနေတာ မဟုတ်ဘူးနော်၊ ငါ့ကို မသိစိတ်က မမြင်ရတဲ့ အာရုံက ခြောက်လှန့်လာပြီမို့လို့ ငါ တောင်းဆိုတာပါ"

မိုးစွေက တိတ်ဆိတ်နေမိပါသည်။

အဲဒီအချိန်မှာ လိုင်းပေါ် တစ်ယောက်တည်းကျန်ခဲ့တဲ့ ထက်လှသည် မီးမှိတ်နေတဲ့ မိုးစွေနှင့် ရှန်းရှန်းရဲ့ Box လေးတွေကို နှုတ်ခမ်းလေး ဖိပွတ်ရင်း ငေးကြည့်နေမိသည်။

ရှန်းရှန်းနဲ့ စကားဖြတ်လိုက်ပြီးပြီးချင်းလိုပဲ မိုးစွေထံ လှမ်းပြောမည်ပြင်စဉ် မိုးစွေအရင် ပိတ်သွားခဲ့တာ။ ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



သိပ်မကြာခင် ရှန်းရှန်းပါ off ထွက်သွားခဲ့သည်။ တိုက်ဆိုင်မှု လား။ တစ်ခုခုဖြစ်လို့လား။ ဘာများဖြစ်လို့လဲ။ ကိစ္စတစ်ခုခုမရှိ ရင်တော့ မိုးဇွေဟာ ထက်လှကို အနည်းဆုံး "ကျွန်တော်ကိစ္စ တစ်ခုပေါ်လာလို့ ခဏထွက်လိုက်ဦးမယ်ဗျ" လို့ နှုတ်ဆက်သွားမှာ ပဲလေ။

ခုလို ရုတ်တရက် ပျောက်သွားတာမျိုး ဘယ်တုန်း ကမှ မရှိခဲ့တာပဲ။ ညနေညဦးတိုင်း ဒီအချိန်ပတ်ဝန်းကျင်လေးမှာ သူနှင့် မိုးဇွေ ဂျီတော့ခ်မှာ ရက်မပျက်ဆုံတွေ့ခဲ့ကြတာ၊ ဒီနေ့ပါ နဲ့ဆို ဆယ့်နှစ်ရက်တောင် ရှိနေပြီပဲ။

ထက်လှသည် ဝမ်းနည်းသလို ထိခိုက်သွားသော စိတ်ကို ကိုယ့်ဘာသာ အံ့သြရင်း လုံးဝပြန်လင်းမလာတော့တဲ့ မိုးဇွေနံဘေးက အချက်ပြမီးလေးကို အိပ်ရာမဝင်ခင်အထိ ငေး ေမာင့်ကြည့်နေခဲ့မိသည်။



## ၇

"ကိုယ့်မှာ အများကြီးရှိပါတယ် ထက်လှရဲ့၊ ဒီလိုကော်မာ ရှယ်ဓာတ်ပုံရိုက်တဲ့ ဓာတ်ပုံဆရာ နာမည်ကြီးတွေအများ ကြီးပါ။ ကိုယ်နဲ့ဆက်ဆံဖူးတာလည်း နှစ်ယောက်လောက် ရှိတယ်။ ခေါ်လိုက်ရင် ရတာပေါ့၊ ရက်ချိန်းလေးပဲ ညှိရ မှာ"

ထက်လှအိသည် ထိုင်နေတဲ့ ဒန်းနံဘေး ကစ်စ်မီကွစ် ပန်းအိုးပင်ရိုးတံထိပ်မှ နီနီရဲရဲပန်းပွင့်လေးကို ယောင်ယောင်ယမ်း ယမ်းနှင့် ခြွေပစ်လိုက်မိသည်။

"ထက်လှ"

သူ့အပြုအမူကို မင်းသူရမောင်က အံ့သြသွားသလို ရှိကာ …

"ထက်လှ ဘာဖြစ်နေလို့လဲ"

ထက်လှသည် မင်းသူရမောင်ဘက် ကြောင်အမ်း အမ်းလေး လှည့်ကြည့်မိကာ …

www.burmeseclassic.com



"ဘာမှမဖြစ်ပါဘူး ကိုရဲ့"

"ထက်လှ စိတ်အနှောင့်အယှက် တစ်ခုခု ဖြစ်နေတာ ကိုယ်သိတယ်၊ ထက်လှပုံစံက သိသာတယ်"

"………"

"စိတ်ဆင်းရဲစရာ စိတ်ရှုပ်စရာ အဆင်မပြေတာတစ်ခုခု ဘာရှိနေလဲ"

"ဟင့်အင်း မရှိပါဘူး"

"အဲဒီလေသံကိုက ရှိနေတာ သိသာတယ်"

မင်းသူရမောင်ထံ ဖုန်းဆက်ပြီး "ကိုရေ ... ထက်လှ ဆိုင်ကြော်ငြာလေးရိုက်ဖို့ ဓာတ်ပုံဆရာတစ်ယောက်လောက် ရှာပေးပါ"လို့ စပြီးပြောလိုက်ရတဲ့ အချိန်ကစပြီး ရင်ထဲမှာ နာကျင်နင့်ကျိန်းနေသည်။ မဟုတ်သေးပါဘူး။ အဲဒီတော့မှ စတာမဟုတ်ပါဘူး။ တကယ်တော့ တစ်ပတ်လောက်ရှိပြီပေါ့။ အမှန်အတိုင်းဝန်ခံရရင် တစ်ပတ်လောက်တော့ ရှိပြီပေါ့။

ရုတ်တရက် ဂျီတော့ခ်ကနေ မီးလေးမှိတ်ပြီးပျောက်ကွယ်သွားကတည်းကလေ။ အဲဒီနေ့အဲဒီအချိန်ကတည်းက အသည်းမှာ စစ်ခနဲ လာရောက်စူးဝင်စိုက်သွားခဲ့တဲ့ ဆူးတစ်ချောင်းကြောင့် နာကျင်ဆင်းရဲခဲ့ရတာပဲလေ။

နောက်တစ်နေ့ညနေ ခါတိုင်း ဂျီတော့ခ်ပေါ် တွေ့ဆုံစကားပြောဖြစ်ချိန် ဂျီတော့ခ်ဖွင့်မိကာ စောင့်ဆိုင်းနေတဲ့ ထက်လှသည် ဖေ့စ်ဘွတ်ခ်ထဲက ခင်မင်သူတွေနှင့် comment လေးတွေ





ဝင်ရေးလိုက်၊ ရှုတ်တီးရှုတ်နှောက်လုပ်လိုက်၊ ကိုယ့်ကို ခင်မင်သူတွေက ပန်းလေးတွေ card လေးတွေ အရုပ်လေးတွေ ပို့ထားတာလေးတွေကို Thank you. လုပ်လိုက်။

ခါတိုင်းလို မူမပျက် ဟန်မပျက် လုပ်နေမိပေမယ့် စိတ်ကမရွှင်၍ လက်ကမသွက် မမြူး။ ရှုတ်နှောက်နှောက်လုပ်မိတာတွေကလည်း မရယ်ရ။ သူများရေးထားတဲ့ ရယ်စရာလေးတွေကို ဖတ်လည်းပဲ အရင်လောက် အူလှိုက်သည်းလှိုက်မရယ်မောမိ။ ထုံပေပေလေး ဖြစ်နေခဲ့သည်။

အိပ်ချိန်သာ ရောက်သွားသည်။ မိုးဇွေက တက်မလား။

ဘာဖြစ်တာလဲ မိုးဇွေ။

မိုးဇွေရဲ့ Profile စာမျက်နှာပေါ် တက်ကြည့်မိသည်။ မိုးဇွေက အရင်ကတည်းက သူ့စာမျက်နှာပေါ် ဘာဘာညာညာတွေ ရေးတင်တတ်သူ မဟုတ်၍ သူရေးထားတာတွေ ရှာမတွေ့။ သူ့ကိုသာ တခြားကောင်မလေးတွေက နှုတ်ဆက်ထားတာတွေ။ ဓာတ်ပုံတွေ Tag လုပ်ထားတာတွေ။ သီချင်းလေးတွေ Tag လုပ်ထားတာတွေ၊ Face book game တွေထဲက လက်ဆောင်ပစ္စည်းတွေ လှမ်းပို့ထားတာတွေ စသဖြင့်သာ တသီတတန်းတွေ့ရပါသည်။

မိုးဇွေ ဘာဖြစ်လို့လဲ၊ နေကောင်းရဲ့လားလို့ ဖုန်းလှမ်းဆက်မေးမလား စိတ်ကူးမိသည်။ ဒါပေမဲ့ စိတ်ကချီတုံချတုံ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်မပျက် တက်လာပါ့မယ် စကားပြောကြပါ့မယ်လို့ သစ္စာဆိုထားကြလို့လား၊ မိုးစွေကကော ကတိပေးထားလို့လား။ တစ်ရက်တလေ ပျက်ကွက်တာလေးကို အရေးတယူကြီး လှမ်းလုပ်နေဖို့ သင့်ပါ့မလား။

အဲဒီလိုနဲ့ နောက်တစ်ရက် ဂျိုတော့ခ် တက်နေကျ အချိန် တက်လာစောင့်ပြန်တဲ့အခါ ...။ အဲသလိုနဲ့ တစ်ရက် ... နှစ်ရက် ... သုံးရက်။ တစ်ရက်ပြီးတစ်ရက်။ ပထမဆုံးရက်ကတည်းက ဖုန်းဆက်မေးလိုက်ဖို့ ဝန်လေးလိုက်တဲ့အတွက် နောက်ရက်တွေမှာ ပိုပိုဝန်လေးသည်။

တကယ်တမ်းမှာ ဖုန်းဆက်ဖို့ရာ ခိုင်လုံသော အကြောင်းပြချက် ထက်လှထံမှာ ရှိပါသည်။ သူနဲ့ အလုပ်ကိစ္စ ဓာတ်ပုံရိုက်ကြဖို့ရှိတယ်လေ။ ဒီအကြောင်းကိုပြပြီး ဖုန်းဆက်တာ မဟုတ်တောင် တကယ်ပဲ အလုပ်ကိစ္စသိချင်လို့ ဆက်ကိုဆက်ရမည့်အချိန်နှင့် အခြေအနေ ဖြစ်နေတာတောင် ထက်လှ ဆက်ဖို့ စိတ်က မရဲမဝံ့ဖြစ်နေသည်မှာ ကိုယ့်စိတ်ရဲ့ မရိုးသားမှုကြောင့်ပင်။

မရိုးသားဘူးလို့ကို ထက်လှ အတိအကျ ပြောနိုင်နေပါပြီ။ မရိုးသားဘူးဆိုတာ ကိုယ့်စိတ်ကိုကိုယ် သေချာသိနေပြီလေ။ ဘယ်လောက်ရှက်စရာကောင်းတဲ့ စကားလုံးလဲ။ မရိုးသားဘူးတဲ့လေ။ လက်ထပ်ဖို့ သတို့သားလောင်းအသင့်နှင့် စေ့စပ်ကြောင်းလမ်းမင်္ဂလာဆင်နွှဲပြီးတဲ့ မိန်းကလေးတစ်ယောက်အနေ





နှင့် ကိုယ့်မျက်နှာတောင်ကိုယ် မှန်ထဲမကြည့်ရဲအောင် ရှက်စရာကောင်းနေတဲ့အဖြစ်ပါ။

တကယ်တော့ အလုပ်ကိစ္စရှိနေရက်နှင့် ဖုန်းမဆက်ဝံ့တဲ့ ကိုယ့်စိတ်သဘောဟာလည်း ရှက်စရာကောင်းပြန်တာပင်။ တကယ်ဆို ရဲရဲတင်းတင်း ဆက်ကိုဆက်လိုက်ရမှာပေါ့။ တစ်ယောက်တည်းကျိတ်ပြီး ချီတုံချတုံ ရှုံ့ချည်နှပ်ချည်စိတ်ဒုက္ခထဲ ကျဉ်းကျပ်နေသော ထက်လှထံ တစ်နေ့မှာ ရန်းရန်းက ဖုန်းဆက်လာပါသည်။

လေးရက်မြောက်တဲ့နေ့။

"ထက်လှရေ ... မော်ဒယ်လ်တွေကတော့ စကားပြောထားပြီး ဈေးတွေလည်း မေးထားပြီ သိလား၊ နင်ရွေးတဲ့လူကို နင်ကြိုက်တဲ့ အဆင်ပြေတဲ့ရက် ချိတ်လိုက်ရုံပဲ။ ဈေးတွေကလည်း ဒီဈေးတွေပုံမှန်ပါပဲ၊ ပြီးတော့ fair အဖြစ်ဆုံး ညှိထားတာပါပဲ"

"ဩော် ... ဟုတ်လား ရန်းရန်း"

ထက်လှက အံ့အားသင့်နေပါသည်။

ဒီဓာတ်ပုံရိုက်ဖို့ကိစ္စကို ရန်းရန်းနှင့် ပြောထားတာလည်းမဟုတ်။ သူ့ကိုမေးထားတာလည်း မဟုတ်။ မော်ဒယ်လ်တွေကိုလည်း မိုးစွေပဲ ရှာထားပေးတာလေ။ ဒီစကား လှမ်းပြောတာကျမှ ဘာကြောင့် ရန်းရန်း ဖြစ်နေပါလိမ့်။

"အေး ... နင် ဘယ်နေ့လောက် ရိုက်ချင်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါလား ... ငါက ... ဟိုလေ ... မိုးရွှေ ... မိုးရွှေအား တွဲရက်ပဲပေါ့"

ထက်လှက တုံ့တုံ့ထစ်ထစ် ဖြေမိသည်။

"အေး ... အဲဒါပြောမလို့ပဲ။ မိုးရွှေက နှင့်ဆိုင်ကိုစွ ရိုက်မပေးနိုင်တော့ဘူးဟဲ့၊ အဲဒါကြောင့် ..."

"ဩော် ... ဟုတ်လား၊ ဘာ ... ဘာဖြစ်လို့လဲဟင်"

"မိုးရွှေက နယ်ကို ဓာတ်ပုံရိုက်ဖို့ကိစ္စတစ်ခုနဲ့ ထွက်သွားရတယ်"

"ဟင် ... ဟုတ်လား"

"အေး ... အဲဒါကြောင့်၊ နှင် ဓာတ်ပုံဆရာအသစ် ရှာရလိမ့်မယ်"

"ဟုတ်လား"

"အေး"

"ဟိုလေ ... ငါက အရမ်းအလျင်လိုနေတာမှ မဟုတ်တာ၊ ဆိုင်ကို ကိုမင်းသူရမောင်က ဒက်ကရေးရှင်း လုပ်ပေးနေတာလည်း လကုန်ရက်မှ ပြီးမှာပါ၊ အဲဒီတော့ မိုးရွှေက ဘယ်လောက်ကြာမှာမို့လဲ ရှန်းရှန်း၊ သူ ပြန်လာပြီးမှရိုက်ရင်လည်း ရမယ်တော့ ထင်ပါတယ်"

"မဟုတ်ဘူး ... သူက ကြာမှာဟဲ့"

"ဟုတ်လား"





ဟုတ်လား' ဆိုတဲ့ တအံ့တဩ တုံ့ပြန်သံလေးတွေသာ ထက်လှထံက ဆင့်ကဲဆင့်ကဲထွက်နေနိုင်ခဲ့ပါသည်။

"လနဲ့တောင် ချီသွားနိုင်တယ်လေ၊ အဲဒီတော့ အကောင်းဆုံးက နှင် တခြားဓာတ်ပုံဆရာတစ်ယောက်ရှာပြီး ရိုက်လိုက်တာပဲ၊ မိုးရွှေက ဘယ်တော့လောက် ပြန်ရောက်မယ်တောင် မပြောနိုင်ဘူး၊ နယ်ကို သူ့ရဲ့ဓာတ်ပုံအလုပ်ကိစ္စရော၊ လူမှုရေး ဆွေမျိုးရေးကိစ္စရော ရောပြီးသွားတာလေ၊ နှင် တကယ်လို့ ဓာတ်ပုံဆရာ ရှာရခက်မယ်ဆိုရင်တော့ ငါ တစ်ယောက်ယောက်နဲ့ အဆင်ပြေအောင် ချိတ်ပေးမယ်၊ မိုးရွှေဘက်က ပျက်ကွက်တာဆိုတော့ဟယ် သူကလည်း နှင် ဒုက္ခမရောက်စေချင်ဘူးပေါ့၊ ငါရှာပေးဆို ရှာပေးပါ့မယ်"

တကယ်တော့ မိုးရွှေနဲ့ရိုက်မှာမို့သာ မော်ဒယ်လ်ကအစ သူ့ကိုရှာခိုင်းတာဖြစ်ပြီး မိုးရွှေ မရိုက်ဖြစ်ဘူးဆိုမှတော့ တခြားဓာတ်ပုံဆရာကို ရှန်းရှန်းက ရှာပေးနေဖို့မလိုပါ။ ဒီလိုပဲ မေးမြန်းစုံစမ်းလိုက်လို့ အလွယ်ကလေးပဲလေ။

"ဒါဆိုရင်တော့ နေပါစေတော့၊ ငါ ကိုမင်းသူရမောင်ကိုပဲ အားလုံးရှာဖွေ စီစဉ်ခိုင်းလိုက်တော့မယ်လေ"

"နှင် အဆင်ပြေရင်တော့ ကောင်းပါတယ်ဟာ၊ ကပ်ပြီး ပျက်သွားသလိုဖြစ်တော့ နှင် အဆင်မပြေဖြစ်မှာ စိုးရိမ်တာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်ဟာ ... ကိစ္စမရှိပါဘူး"

မိုးစွေရဲ့ပျက်ကွက်တဲ့ကိစ္စတွေကို ရှန်းရှန်းကဖြေရှင်းပေးရတာကလည်း တစ်မျိုးကြီးပင် သူတို့နှစ်ယောက်က တော်တော်လေးတော့ ခင်မင်ရင်းနှီးမှုရှိပုံပင်။ အဲဒီနေ့က အသည်းထဲစူးဝင်လက်စ ဆူးကလေးဟာ ဟိုးအတွင်းနက်နက်ထဲ ထပ်မံတိုးမွေဝင်သွားခဲ့တာပင်။

တကယ်တော့ ထိုအဖြစ်အပျက်ကို ထက်လှ မယုံကြည်။ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလှချည်လားပဲ အပြစ်ဆိုချင်ဆို မိုးစွေနဲ့ဆက်ဆံပြီးသမျှမှာ မိုးစွေဟာ ထက်လှကို နည်းနည်းကလေးတောင် လှမ်းမနှုတ်ဆက်ဘဲ ခရီးတစ်ခု ထွက်သွားမည့်အနေအထားမဟုတ်။

တစ်ခုခုတော့ တစ်ခုခု ဖြစ်ပျက်ခဲ့ပြီဆိုသည်ကိုတော့ ထက်လှ ရိပ်မိသည်။ သို့ပေမယ့် အဲဒီတစ်ခုခုဟာ ဘာဆိုတာတော့ ထက်လှ မသိ။ စဉ်းလည်းမစဉ်းစားတတ်။

"ထက်လှ"

"အင် ... ဟုတ်ကဲ့ ကို"

"ဘာငိုင်နေတာလဲ၊ ထက်လှ ဖြစ်နေတာကို ကိုယ့်ကိုပြောပြလေ၊ မပြောလို့ ဘယ်ဖြစ်မလဲ"

"ဒီလောက်ကြီးတော့ ဘာမှမဖြစ်ပါဘူး၊ ဒါပေမဲ့ ဟိုလေ စီစဉ်ထားပြီးသားဟာက ပျက်သွားတော့ စိတ်ထဲခိုးလိုးခုလုနဲ့ အထစ်အငေါ့ဖြစ်သလို ခံစားရတာမို့လို့ပါ"





"အေးလေ၊ စေ့စပ်တုန်းကရိုက်တဲ့ ဟိုဓာတ်ပုံဆရာကောင်လေးဆို"

"ဟုတ်"

"အဲဒီကောင်လေးကလည်း ဟုတ်ပြီဟုတ်ရဲ့လက်ခံပြီးမှတော့ ခုလိုမဖျက်သင့်ဘူးလေ။ ဘယ်လိုကောင်လဲ မသိဘူး"

"သူ့အလုပ်ကိစ္စ နယ်ကို ... ဟို ..."

"ဘာပဲဖြစ်ဖြစ်လေ၊ လက်ခံပြီးသားပဲဟာကို နောက်တစ်ခုကြောင့် မဖျက်နဲ့ပေါ့"

"ကြည့်ရတာတော့ ဟိုနယ်ကို ရက်ရှည်သွားရတဲ့အလုပ်ကပိုက်ဆံတအားရမှာမို့ ထင်ပါရဲ့၊ အလုပ်ခပ်များများစုပြီး လက်ခံလိုက်ရတာမို့ ဒီကိုပဲဖျက်ရတော့တာမျိုး ထင်ပါရဲ့"

ထက်လှက ကိုယ်တကယ်ယုံကြည်တဲ့စကား မဟုတ်ဘဲနှင့် မိုးစွေဘက်က ကာကာကွယ်ကွယ်ဖြစ်အောင် ပြောတာပါ။

"အင်း ... ဒီကောင်လေးမျိုးတွေ ဒီလိုပါပဲ၊ ငွေမျက်နှာပိုကြည့်တဲ့သဘောပဲပေါ့၊ ကတိတို့ လူချင်းကျွမ်းဝင်မှုတို့ကို အရေးမထားဘူး"

"သူတို့အတွက်ကျတော့လည်း ငွေရှာကိုရှာရမှာပေါ့ ကိုရယ်"

"ဒါပေမဲ့ ထက်လှသူငယ်ချင်းအရင်းက မိတ်ဆက်စပ်ဟပ်ပေးထားတာလေ၊ ထက်လှကို စိမ်းသေးလို့ မျက်နှာမ



www.burmeseclassic.com

www.burmeseclassic.com



ထောက်တောင် ကြားက သွင်ယိချင်းမျက်နှာကိုလည်း ထောက်ရဦးမှာပေါ့"

ထက်လှနှင့် မိုးဇွေ Online မှာ မိတ်ဆွေသွင်ယိချင်း ဖြစ်နေတာ ရင်းနှီးကျွမ်းဝင်နေတာကို မင်းသူရမောင် လုံးဝမသိပါ။ မသိဆို ထက်လှက တစ်ခွန်းမှမှ ပြောမပြဖူးတာပဲ။

"စိတ်အနှောင့်အယှက် သိပ်ထားမနေပါနဲ့တော့"

"မထားပါဘူး"

"ခေါင်းထဲက ဖျောက်ပစ်လိုက်ပါ၊ နှောင်ကိုမဆက်ဆံရဲ ပေါ့"

နှောင်ကိုမဆက်ဆံရဲပေါ့။

နှောင်ကို မဆက်ဆံရဲပေါ့ ...။

အဲသလိုလေး နေလို့ရရင် တကယ်ကောင်းမှာပါပဲ နော်။ အခုကစပြီး ခေါင်းထဲက ထုတ်ပစ်လိုက်တော့ရင် ဘာကြောင့် မေ့ပျောက်မသွားနိုင်ဘဲ ရှိရမှာလဲ။

"ထက်လှက ကိုယ့်ဟာကိုယ် စီစဉ်တယ်၊ အဆင်ပြေ တယ်ဆိုလို့ ကိုယ်က ဘာမှဝင်မစွက်တော့တာလေ၊ နှိ အစောကြီးကတည်းက ကိုယ်ပဲ အစအဆုံး လုပ်ပါတ ကွာ၊ နှောင်ဆို လုပ်စရာရှိရင် ကိုယ့်ကိုပဲ ပြောစမ်း ကိုယ့်မှာ ခိုင်းစရာတပည့်တွေလည်း အများကြီးပါ ထက် ရဲ့ ...





ကိုယ်က အလုပ်များလို့ အလုပ်ရှုပ်မှာစိုးလို့ ဆိုတာ တွေ အဓိပ္ပာယ်မရှိပါဘူး၊ ကိုယ်ကိုယ်တိုင် ခရေစေ့တွင်းကျ လိုက်လုပ်မှာမှ မဟုတ်တာ။ ခိုင်းတန်ကာ ခိုင်းရုံပဲလေ ထက်လှရဲ့၊ နှောင်ဆိုလည်း ဘာပဲရှိရှိ ကိုယ်ပဲလုပ်ပေးမယ်၊ ကိုယ်ပဲပြောတော့ ...

ကိုယ့်အားကိုယ် သိပ်ကိုးမနေနဲ့၊ ထက်လှ ကိုယ့် အားကိုယ်ကိုးတာ ကိုယ်မကြိုက်ပါဘူး၊ ကိုယ့်ကိုအားကိုး တာပဲ ကြိုက်တယ်"

ထက်လှက မင်းသူရမောင်ကို ငုံကြည့်၍ ချစ်စဖွယ် လေး ပြုံးပြလိုက်ပါသည်။ ဤအပြုံးလေးဟာ သူ့အသည်းနှလုံးကို အမြဲထိတဲ့ အပြုံးလေးမို့ မင်းသူရမောင်က အသည်းယားသွားသလို ထက်လှလက်လေးတစ်ဖက်ကို ဆုပ်ညှစ်ကိုင်လိုက်ရင်း ...

"အခု အလုပ်က ထက်လှ အပျင်းပြေဖို့ ထက်လှကို အလို လိုက်ပြီး ကိုယ်ကလုပ်ခိုင်းတာနော်၊ ထက်လှ စိတ်ကို ပင်ပန်းဖိစီးစေမယ်ထင်ရင် ကိုယ်သဘောတူမှာ မဟုတ်ဘူး၊ ပျော်သလောက် ပျော်တဲ့အထိလုပ်၊ မပျော်တော့တာနဲ့ ရပ်သာရပ်ပစ်လိုက်"

သိန်းရာပေါင်းအတော်ချီပြီး ရင်းနှီးမြှုပ်နှံထားရတဲ့ အလုပ်ကို မပျော်တော့တာနဲ့ ရပ်သာရပ်ပစ်တဲ့။ ဒါကြောင့်လည်း ခါက "ထက်လှ ... ညည်း ကံကောင်းလိုက်တာ"နှင့် တဖွဖွ ပြောမဆုံး ရှိနေတာ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့လည်း ထက်လှဟာ ဒီလိုကံကောင်းဖို့အတွက်ပဲ မင်းသူရမောင်ကို လက်ခံခဲ့တာပဲ မဟုတ်လား။ ထက်လှထက် ငါးနှစ်ကြီးတဲ့ မင်းသူရမောင်ဟာ ရုပ်ရည်အားဖြင့်ပြောပလောက်အောင် မပွင့်ပါ။ မထွန်းလင်းပါ။ ရုပ်ရည်က အဆင့်အတန်းတစ်ခု ရှိပေမယ့် သာမန်ကြည့်ပျော်ရုံနှင့် အရုပ်မြင့်မြင့် ယောကျ်ားတစ်ယောက်မျှသာ။

ကြွေပန်းပုရုပ်ကလေးလို ချောမောလှပတဲ့ ထက်လှကို သူ့ခမျာ ခိုက်ခိုက်တုန်အောင် တမြတ်တနိုး ချစ်ရှာတာပါ။ "သူချစ်"လည်းဖြစ် လျှမ်းလျှမ်းတောက် ပြည့်စုံကြွယ်ဝသူလည်းဖြစ်တာကြောင့်ပဲ ထက်လှက မင်းသူရမောင်ကို ဦးနှောက်နှင့်ဆုံးဖြတ်ရွေးချယ်ခဲ့တာလေ။

ကိုယ့်အပေါ် အပြစ်ပြောစရာမရှိအောင် ကောင်းတဲ့သူကို ကိုယ်ကကော ဘာကြောင့် မေတ္တာသက်ဝင်ဖို့ ခက်ခဲနေမလဲ။

"ထက်လှဆိုင် ဒက်ကရေးရှင်းကတော့ ရှယ်ပဲ၊ အရမ်း‌ ... မိုးပျံနေတာ၊ ကိုယ် အကောင်းဆုံး အင်တီးရီးယားဒီဇိုင်န ... ကိုပုံဆွဲခိုင်းတာ။ ဆင်ဆင်တူတာကို ရှိစေရဘူး၊ မာတ ... ဆရာကိစ္စလည်း မပူနဲ့။ အလှဆုံးပုံထွက်တဲ့ နာမည်အကြ ... ဆုံး ဈေးအကြီးဆုံး မာတ်ပုံဆရာကို ကြိုက်တဲ့ရက်ရအော ... ခေါ်ပေးမယ်၊ မော်ဒယ်လ်တွေကိုလည်း ခုလောလောဆ ... နာမည်အကြီးဆုံးဖြစ်နေတဲ့ ..."





"ဟင့်အင်း ... မော်ဒယ်လ်ကတော့ရှိပြီးသား ... ကိုထက်လှကြိုက်တဲ့ မော်ဒယ်လ် ရွေးထားပြီးသား"

မိုးငွေ ရွေးပေးထားတဲ့ မော်ဒယ်လ်ထဲကပဲ ရွေးချင်တဲ့ကိုယ့်ရဲ့စိတ်ရဲ့ အပြီးမဖြတ်နိုင်မှုကို ကိုယ့်ဘာသာ ဝမ်းနည်းနာကျင်သလို ခံစားရသည်။

✧ ❦ ✧



www.burmeseclassic.com

www.burmeseclassic.com



## ၈

Waiter လေးလာပေးတဲ့ Bill စာရွက်ကို မစုမြတ်က ယူလိုက်တာမို့ ထက်လှက ကမန်းကတန်း လက်ကမ်းယူလိုက်ရင်း ...

"မစုမြတ် ... နေ ... နေ ... ထက်လှ ရှင်းပါ့မယ်"

"အို ... အစ်မရှင်းလိုက်ပါ့မယ် ထက်လှကလည်း"

"ဩော် ... ထက်လှက ဒီက အိမ်ရှင်လူခံပဲဟာ မမစုမြတ်ကလည်း။ မစုမြတ်က ခဏလာလည်တုန်းဟာ ထက်လှရဲ့ ကျွေးပါရစေ"

မစုမြတ်ဟာ ထက်လှဆိုင်ကို ပစ္စည်းသွင်းပို့ပေးဖို့ စကားပြောထားတဲ့သူပါ။ မြန်မာပြည်ခဏလာလည်တုန်း ထက်လှနှင့် တွေ့ဆုံကြတာ။ ထက်လှပိုက်ဆံ ရှင်းနေဆဲ မစုမြတ်ဖုန်းက မြည်လာသည်။





"ဟဲလို"

"........."

"ဟုတ်လား ... အင်း ... ဟုတ်ပြီ လာပြီနော်"

"မစုမြတ် ဒီကနေ ဘယ်ကိုလဲ၊ ထက်လှ လိုက်ပို့ပေးမယ်"

"မပို့နဲ့ ညီမလေး၊ ခုပဲ အောက်မှာ အိမ်ကကားရောက်နေတာ ဖုန်းဆက်တာ"

"ဩော် ... ဟုတ်ကဲ့ မစုမြတ်"

နှစ်ယောက်သား Sakura အထပ် ၂၀ က SKY Bistro ဆိုင်လေးမှ ဓာတ်လှေကားနှင့် ဆင်းလာကြပါသည်။ မစုမြတ်ရဲ့ဒရိုင်ဘာက အောက်ဆုံးထပ် ဓာတ်လှေကားပေါက်ဝအထိ လာရပ်စောင့်နေသည်။ လက်ထဲမှာ ထီးတစ်ချောင်းနှင့်။

"အပြင်မှာ မိုးရွာနေလို့ မမ"

"ဟုတ်လား"

အဲဒီတုန်း ထက်လှရဲ့ဖုန်းလေးက မြည်လာတဲ့အခါ ကိုဖုန်းဖြစ်၍ ထက်လှက ဖွင့်လိုက်ပါသည်။

"ဟုတ် ... ကို"

"ပြန်ပြီလား"

"ဟုတ် ... ကို၊ ပြန်တော့မှာ ခုပဲဆင်းလာကြတာ"

မင်းသူရမောင်နှင့်ပါ ခင်မင်သော မစုမြတ်ကပြုံးသာ ...



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ... ထက်လှလေး ချစ်စဖွယ် ချွဲနေလိုက်တာ၊ ဟုတ် ... ကို၊ ဟုတ် ... ကိုနဲ့၊ မင်းသူရကို မ,နှုတ်ဆက်တယ်ပြောလိုက်ဦး၊ ကဲ ... မ,သွားမယ်"

"ကို ... ခဏ၊ ဟုတ် ... မ, မစုမြတ် အရင်သွားနှင့်တော့နော်၊ ထက်လှကို မစောင့်နဲ့တော့"

"ထီးပါရဲ့လား ထက်လှ"

"ဟုတ်ကဲ့ပါ ... မ, ပါပါတယ်"

"ဒါဖြင့် အစ်မ သွားပြီ"

"ဟုတ် ... ဟုတ်"

တကယ်တော့ ထက်လှ ထီးမပါလာ။ ဒါပေမဲ့ မပါဘူးဆိုရင် မစုမြတ်က စောင့်ပေးနေမှာစိုးတာကြောင့် ပါတယ်ပဲ ပြောလိုက်တော့တာပင်။ ကားက ဆူးလေဖက်ချိုးကွေ့လိုက်လျှင် နီးနီးကလေးပဲဟာ။ ဒီမိုးလောက်တော့ ပြေးရုံပေါ့။

မစုမြတ်နှင့် စကားကိုကြားနေတဲ့ မင်းသူရမောင်က ...

"အပြင်မှာ မိုးရွာနေတာလား"

"ဟုတ်"

"ထီးပါတယ်နော်"

"အင်းပါ ... ပါပါတယ် ကိုရဲ့"

"မိုးထဲပြေးနေမှာစိုးလို့၊ ထက်လှ အခု တခြားအလုပ်မရှိရင် တော်ဝင်ကို ခဏဝင်ပြီး ဆိုင်ဒက်ကရေးရှင်းလေး ကြည့်လိုက်၊ စိတ်တိုင်းမကျတာ ဝင်ပြောခဲ့လိုက်ဦးလေ၊ နို့မို့ရင် သူတို့ လက်စသတ်တော့မှာ"





ထက်လှက အပြင်ဘက်ဆီ ဖြည်းဖြည်းလေးပဲ ဖုန်းပြောရင်း လျှောက်လာပါသည်။ ဟင် ... ခုနဖွဲဖွဲမိုးက သည်းလာပါလား။

"ဟုတ်ကဲ့ ... အခု ဝင်ကြည့်လိုက်မယ်လေ ကို"

"အိုကေ ... အဲဒါ လှမ်းပြောတာ၊ ဘိုင် ... ထက်လှ"

"ဟုတ်"

ထင်လှက ဖုန်းလေးကိုပိတ်ရင်း ပေါ်တီကိုကြီးအောက် ထွက်လိုက်ပါသည်။ မိုးသည်းလာတာကြောင့် ပေါ်တီကိုအောက်မှာ မိုးခိုသူတွေ အများသား။ ထီးပါတဲ့သူတွေကတော့ ထီးဖွင့်ဆောင်းကာ သွားလာနေကြသည်။ ဒီလောက်ကြီးဆိုတော့ ခဏလောက်တော့ မိုးအစဲ စောင့်လိုက်ပါဦးမည်။

ထက်လှက ပေါ်တီကိုအောက်မှာ လက်လေးပိုက်ကာ ရပ်လိုက်ပါသည်။ မိုးခိုနေတာ ဒီပေါ်တီကိုကြီးအောက်မှာ ဆယ့်လေးငါးယောက်ကို ရှိနေတာ။

"ဟင်"

ထက်လှက အာမေဋိတ်အသံတိမ်ကလေးပင် ထွက်သွားအောင် အံ့အားသင့် ထိတ်လန့်သွားရပါသည်။ ကားလမ်းမဘက် ပလက်ဖောင်းစပ်မှာ ကားလမ်းမဘက်ကို ငေးမော၍ ရပ်နေတဲ့သူတစ်ဦး။ ကျောဘက်က မြင်လိုက်ရပေမယ့် ထက်လှ တစ်ကိုယ်လုံး ကြက်သီးမွေးညင်းထအောင် သူ ဘယ်သူလဲသိပါသည်။

www.burmeseclassic.com



မိုးဇွေ ...။

မိုးဇွေ ခရီးသွားနေတာဆို။ ထက်လှသည် ရင်ထဲမှာ တလှပ်လှပ်နှင့် ဝမ်းနည်းသလိုလို ဒေါသဖြစ်သလိုလို ပူလောင်ခံစားလိုက်ရကာ ချက်ချင်းပဲ ကိုယ့်နောက်က ဆာကူရာအဆောက်အအုံကြီးထဲ ပြန်ဝင်လာလိုက်ပါသည်။ မှန်ချပ်တွေနောက် မနေဘဲ လူကွယ်တဲ့ နံရံနောက်နားကနေ လမ်းမပေါ်ကို ရင်တလှပ်လှပ်တုန်ကာ ပြန်ချောင်းကြည့်လိုက်သည်။

မိုးဇွေက လမ်းမဘက်လှည့်နေရာမှ သူ့နောက်ဘက်က မိုးခိုနေသူတွေထဲ တစ်ချက်လှည့်ကြည့်သည့်အခါ သူ့ရဲ့မျက်ခုံးမည်းမည်း မျက်လုံးမည်းမည်းလေးတွေကို ထက်လှ မြင်ရလေသည်။ ထက်လှက ပြန်ကွယ်ပစ်လိုက်ပြီး နိမ့်ချည်မြင့်ချည် အသက်ရှူသံပြင်းလာသော ရင်နှင့်အတူ မခံစားနိုင်စရာ ပြင်းထန်သော မခံချင်မှုတစ်ခုက ရင်ထဲပြည့်ကျပ်သိပ်လာသည်။

ဘာဖြစ်လို့လဲ။

ဘာဖြစ်လို့လဲ မိုးဇွေရယ်။ ခုလို လိမ်ညာပုန်းအောင်းနေရအောင် ထက်လှက မိုးဇွေကို အနှောင့်အယှက်တွေ ပေးနေမိလို့လား။

"သူ ခရီးက ပြန်ရောက်လာတာလား"

ထက်လှ နှုတ်က တီးတိုးရေရွတ်မိကာ ချက်ချင်းပဲ လက်ထဲကဖုန်းကို ဂဏန်းတချို့ နှိပ်လိုက်မိလေသည်။

"ဟယ်လို"





"ရှန်းရှန်း ... ငါပါ၊ ထက်လှ"

"အင်း ... ပြော ထက်လှ"

"ရှန်းရှန်း ... ဟိုလေ"

ထက်လှက နှုတ်ခမ်းလေးကို ခဏကိုက်ထားမိပြီးမှ ...

"ရှန်းရှန်း ... မိုးဇွေများ ခရီးသွားတာကနေ ပြန်ရောက်ပြီလား"

"ဘာဖြစ်လို့လဲ ထက်လှ၊ နင် ဓာတ်ပုံ'......'ကို ပြောလိုက်တယ်ဆို၊ သူနဲ့ရိုက်ဖို့ အဆင်ပြေပြီဆို"

"အင်း ... ဟုတ်ပါတယ်"

"အခု အဆင်မပြေလို့လား ထက်လှ"

"မဟုတ်ဘူး ... အဆင်ပြေပါတယ်၊ သန်ဘက်ခါရိုက်မှာပါ"

"ဒါဖြင့် ဘာဖြစ်လို့လဲ"

"ဘာရယ်မဟုတ်ပါဘူး၊ မိုးဇွေများ ပြန်ရောက်လား သက်သက်မေးကြည့်တာပါ၊ ငါ သူ့ကို ပြောစရာတစ်ခုရှိလို့ပါ"

"ဟင့်အင်း ... မိုးဇွေ မရောက်သေးဘူးလေ၊ သူ ကြာမှာလို့ ငါပြောသားပဲ"

"မရောက်သေးတာ သေချာရဲ့လား၊ နင် သူ့ဆီက သတင်းရလို့လား။ နင်မသိဘဲ ပြန်ရောက်ချင်လည်း ရောက်နေမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မရောက်ပါဘူးဟဲ့၊ ဒီမနက်ပဲ ငါ သူနဲ့ဖုန်းရပါသေးတယ်၊ သူ အခု ပုဂံမှာပါ၊ ဒီလထဲ ပြန်မရောက်ဘူး ကြာဦးမယ် ဟ၊ နင် ဘာပြောမလို့လဲ၊ ငါပြောပေးမယ်လေ"

တစ်ခုခုပြောချင်မှုဖြင့် မိုးစွေဖုန်းကိုလည်း သူသိနေတာပဲ။ ကိုယ်တိုင် ဆက်လိုက်မှာပေ့ါ။ ဘာကြောင့် ရှန်းရှန်းက တစ်ဆင့် ပြောနေရဦးမှာလဲ။

"သြော် ... အရေးမကြီးပါဘူး ရတယ်၊ ငါ အွန်လိုင်းက သူနဲ့သိတဲ့သူ တစ်ယောက်အကြောင်း မေးမလို့ပါ၊ ကိစ္စ မရှိပါဘူး၊ ငါ နောက်မှပဲ မေးတော့မယ်၊ အရေးတကြီး သိဖို့ မလိုပါဘူး"

"ဘယ်သူလဲ ထက်လှ"

"နေပစေပါတော့၊ နင်မသိတဲ့သူပါ၊ ဒါပဲနော် ရှန်းရှန်း၊ နောက်မှဆက်မယ်"

ထက်လှက ဖုန်းကိုဖြတ်ချလိုက်ပါသည်။ မနက်က တောင် ဖုန်းရသတဲ့။ တကယ်ပဲ ရှန်းရှန်းဆက်တော့ မိုးစွေက ပုဂံမှာလို့ ညာပြောလိုက်လို့လား။ ဒါမှမဟုတ် ရှန်းရှန်း ကိုယ်တိုင်က ညာပြောနေတာလား။

ဘာဖြစ်လို့ ခုလိုညာပြောတာလဲ မိုးစွေရယ်။ ယောက်ျားတစ်ယောက်က မရှိပါဘူးလို့ ညာပြီးရှောင်နေပြေးနေရတဲ့အထိ ထက်လှရဲ့အနေအထားက ကြောက်စရာကောင်းနေလေသလား။ ထက်လှက ကွယ်နေရာမှ တစ်ချက်ချောင်းကြည့်





လိုက်ပြန်သည်။ မိုးစွေက လက်ပတ်နာရီတစ်ချက်ကြည့်ကာ ဟိုကြည့် ဒီကြည့် လုပ်နေလေသည်။

ထက်လှက ဖုန်းကို နံပါတ်တစ်ခု ထပ်ကာနှိပ်လိုက်ရင်း ကိုယ်လေးခပ်ကွယ်ကွယ်နှင့် မိုးစွေကို ချောင်းကြည့်နေလိုက်ပါသည်။ မိုးစွေရေ ... အခု ထက်လှ လှမ်းတွေ့နေတဲ့သူဟာ မိုးစွေ မဟုတ်ဘဲ မိုးစွေနဲ့အရမ်းတူတဲ့ လူတစ်ယောက် ဖြစ်နေခဲ့ရင်ကောဆိုတဲ့အထိ ထက်လှ မြေသိမ့် တွေးကြည့်လိုက်ပါသေးတယ်။

ပေါ်တီကိုအောက်က မိုးစွေ ဖုန်းကိုထုတ်ပြီး ငေးစိုက်ကြည့်နေတဲ့ မြင်ကွင်းက ထက်လှကို ဝမ်းနည်းစေတယ်။ နာကျင်စေတယ်။ ချိုတုံ့ချတုံ့ အကျပ်ရိုက်နေတဲ့ပုံသဏ္ဍာန်ရှိတဲ့ မိုးစွေ အမူအရာမှာ စိတ်ပျက်လက်ပျက်ဖြစ်ခြင်းမျိုးတော့ လုံးလုံး မရှိခဲ့ပါဘူးနော်။

နောက်ဆုံးတွင်တော့ မိုးစွေက သူ့ဖုန်းကို ခလုတ်နှိပ်၍ လက်ခံလိုက်ပါတော့သည်။

"ဟယ်လို"

"........"

"ဟယ်လို"

ဘာစကားမှ မပြောတဲ့ ထက်လှကြောင့် မိုးစွေ ဟန်မူရာက ပိုင်နေပါသည်။ မျက်နှာတွေကိုသပ်။ ဆံပင်တွေကို သပ်။ ခါးတစ်ဖက်ထောက်။ ခါးထောက်တဲ့လက်ကိုဖြုတ်။ မြေပြင်



www.burmeseclassic.com

www.burmeseclassic.com



ကိုငုံ့ကြည့်။ ဖိနပ်ထိပ်ဦးနှင့် ပလက်ဖောင်းပြင်ကို ဖြည်းဖြည်းထောက် ... ထောက်။ ကိုယ်ကို တစ်ပတ်လှည့်။

"ဟယ်လို ... ထက်လှလား"

မိုးစွေအသံက ကတုန်ကယင် ဖြစ်နေသည်။ ချက်ရည်ကျမိတော့မလို ဖြစ်လာတဲ့ ထက်လှသည် ကိုယ်ခံစားနေမိတဲ့ အခြေအနေကိုလည်း ကိုယ့်ဟာကိုယ် မုန်းတီးစမ်းနည်းလှကာ အံကလေးကြိတ်ထားရင်း ဆာကူရာအဆောက်အအုံကြီးရဲ့ မှန်တံခါးမှ ပြန်ထွက်လာခဲ့ပါသည်။

လှမ်းထွက်လိုက်ကတည်းကပင် ခေါင်းတစ်ချက်မော့လိုက်တဲ့ မိုးစွေနှင့် အကြည့်ချင်း ဆုံသွားပါသည်။ ပြုံး၍လည်း မပြုံနိုင်၊ ဒေါသကိုလည်း မပြနိုင်။ ကိုယ့်ကိုယ်ကိုယ်လည်း သူ့အပေါ် ဘယ်လိုသဘောထားနှင့် ဆက်ဆံချင်တယ်ကို မဝေခွဲတတ်။ ထက်လှက မိုးစွေကို စိုက်ကြည့်နေရင်းကပင် လက်ထဲကဖုန်းလေးကို မိတ်လိုက်ပါသည်။

"ထက်လှ"

သူ ခပ်တိုးတိုးတစ်ခွန်း ခေါ်လိုက်တယ်ထင်ပါသည်။ ထက်လှက အံလေးကြိတ် စိတ်လေးတင်းပြီး ကားရပ်ထားရာဆူးလေဘက်ဆီသို့ ဘယ်ဖက်ချိုးကွေ့ လျှောက်လာခဲ့သည်။ အေးမြစိုစွတ်တဲ့ မိုးရေစက်တို့က ကိုယ်ပေါ်အလှအယက်။

✧ ❦ ✧





မိုးစွေက ထက်လှရဲ့နာမည်ကလေးကို စိုက်ကြည့်နေမိသည်။ မီးနီနီလေး လင်းလို့။ မအားဘူးပေါ့။ အောက်က Status စာတန်းလေးက ...

"ငါ ဘာမှားလို့လဲ"

ထက်လှရယ်။ ကျွန်တော် ထက်လှကို သနားလိုက်တာ။ ငါဘာမှားလို့လဲတဲ့။ အဲဒါ ကျွန်တော့်အတွက်ရည်ရွယ်ပြီး ရေးထားတာ မဟုတ်လား။ သိပါတယ်။ ထက်လှ ဘာမှမမှားဘူး။ မှားနေတာက ကျွန်တော်ပါ။ ထက်လှ အားလုံးမှန်တယ်။ အမြဲတမ်းလည်း မှန်တယ်။

"ဖြတ်မယ့်ဖြတ် အားလုံးဖြတ်လိုက်ပါ၊ နင် ထက်လှကိုဂျီတော့ခ်လည်း မပြောနဲ့၊ ဖေ့စ်ဘွတ်ပေါ်လည်း အပြန်အလှန် နှုတ်ဆက်ပြီး comment တွေရေးမနေနဲ့တော့။ မဆက်သွယ်ရ မပတ်သက်ရလို့လည်း နင့်ဘဝရဲ့ Program တွေ ဘာမှပျက်မသွားပါဘူး မိုးစွေရယ်၊ နင့်ဘဝမှာ မရှိ



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်မိန်းမဆိုတာ တစ်ယောက်တည်းပဲရှိသင့်တယ်၊ ရှိကို ရှိရမယ်၊ မရှိမဖြစ်တဲ့ မိန်းမတစ်ယောက်ထက် ပိုနေတယ် ဆိုတာ အဓိပ္ပာယ်လည်း မရှိသလို ဖြစ်လည်းမဖြစ်သင့်ဘူး၊ အဲဒါ သက်သက်မဲ့ သာယာမှုရှာတဲ့ ယောက်ျားတွေနဲ့ပဲ ပတ်သက်တဲ့ကိစ္စ၊ နင်နဲ့မပတ်သက်နဲ့”

ရှန်းရှန်းစကားတွေက သူ့နားထဲကို သံပူရည်လောင်း ချနေသလို ပူပြင်းနာကျင် ဒဏ်ရာရစေသည်။

“အေးပါ ... အေးပါဟာ။ တော်ပါတော့ ဆက်မပြောနဲ့တော့၊ ငါ နားလည်တယ်၊ ငါ သူ့ဓာတ်ပုံရိုက်ဖို့ကိစ္စကိုပါ ဖြတ်မယ်”

“တကယ်လား”

ဖြစ်မယ့်ဖြတ် သံယောဇဉ်တိုးမယ့် ကိစ္စမှန်သမျှ အကုန်ဖြတ်မှပေါ့။ online ပေါ်တော့ဖြတ်ပြီး အပြင်မှာ တွေ့ဆုံနေတော့ကော ဘာထူးဦးမှာလဲ။

“တကယ်”

“အဲဒါဆို ပြီးရောလေ၊ နင် ခရီးထွက်သွားရတယ်လို့ ငါ ပြောလိုက်မယ်”

“ပြောချင်သလိုသာ ပြောလိုက်တော့။ ငါကတော့ ဘာမှ မပြောတော့ဘူး”

သူ အဲဒီနေ့ကစပြီး online လည်းမတက်။ အလုပ်ကိစ္စ ဓာတ်ပုံတွေပြုပြင်စီစဉ်ဖို့ ကွန်ပျူတာဖွင့်ရတိုင်း g-talk ကို





လှမ်းမနှိပ်မိအောင် မနည်းသတိထားရသည်။ သူ့ရဲ့စိတ်တို့ကတော့ မှုန်မှိုင်းချည့်နဲ့နေခဲ့ပါသည်။ ဒီရက်တွေအတွင်း သူနှင့် ဓာတ်ပုံရိုက်ဖြစ်တဲ့ မော်ဒယ်လ်တို့ကိုလည်း မကြည်မသာ စိတ်မရှည်လက်မရှည် ရှိခဲ့မိသည်။

“အဲဒီ ဦးမိုးစွေကြီး ဘာဖြစ်နေလဲ မသိဘူး၊ ခါတိုင်းလို သဘောလည်းမကောင်းဘူး”

“မိုးလေဝသ ဆိုးဝါးနေတယ်”

ရင်းနှီးတဲ့ ကောင်မလေးတွေ ပြောစကားကို သူ မကြားချင်ယောင် ဆောင်နေလိုက်ရသည်။ သူ့အနီးအနားမှာရှိတဲ့ လူတိုင်း သတိထားမိရလောက်တဲ့အထိ သူ့အနေအထားက ပျက်သည်။ ဂျီတော့ခ်ကို မဝင်ဖြစ်ပေမယ့် ဖေ့စ်ဘွတ်ခ်ကိုတော့ ဖွင့်ကာ ကိုယ့်ဘက်က ဘာလှုပ်ရှားမှုမှ မရှိဘဲ ထက်လှရဲ့ Wall ပေါ်ဝင်ကာ ထက်လှ ဘာတွေလုပ်နေသလဲဆိုတာကို ဒီဘက်က နေ တိတ်တဆိတ်စောင့်ပြီး ကြည့်နေမိတတ်ခဲ့သည်။

ဒီတော့ သူရှိနေတာကို ထက်လှ သိမှာမဟုတ်သလို ထက်လှရေးလိုက်တဲ့ စာတစ်လုံးတိုင်းကို သူ အငမ်းမရ လွမ်းဆွတ်ငေးစိုက်ကြည့်နေမိတတ်တာကိုလည်း ထက်လှ မသိနိုင်ပါ။

အခုတော့ ဂျီတော့ခ်ပေါ် သူရှိနေတာကို ထက်လှ မြင်မှာမလွဲ။ သူ့ထံမှာ မီးစိမ်းစိမ်းလေး လင်းနေတယ်လေ။ ခု အချိန်ဟာ ညဦးရောက်ပြီမို့ ဆိုင်မှာသုံးတတ်တဲ့ ရှန်းရှန်းတစ်ယောက်လည်း online မရှိတော့တဲ့အချိန်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နေ့လယ်က သူ့ကို တည်တည်ငြိမ်ငြိမ်လေး စိုက်ကြည့်နေခဲ့တဲ့ ထက်လူရဲ့မျက်ဝန်းထဲက နားမလည်မှု နာကျင်မှုတို့ကို သူ ခံစားသိနိုင်ခဲ့ပါသည်။ ဒါ့အပြင် ထက်လူဝမ်းနည်းနေသလိုပဲ ဖုန်းကိုနားကတောင် မခွာရသေးတဲ့ပုံစံနှင့် သူ ထက်လူကို အံ့အားတသင့် အထိတ်အလန့် အပြစ်မကင်း ပြန်ငေးကြည့်နေမိခဲ့တာပါ။

ဖုန်းလေးကိုပိတ်ရင်း ချာခနဲ လှည့်ထွက်သွားတဲ့ ထက်လူ တစ်ယောက် မိုးရေတွေကြားမှာ။ သူ့ခြေစုံတို့ မလှုပ်ယှက်နိုင် ခိုင်ခိုင်ကြီး ရပ်ငေးကျန်ခဲ့သည်။ သူ့ကို ဘာစကားတစ်ခွန်းမှ ထက်လူ ပြောမသွားပေမယ့် စကားတွေအများကြီးပြောသွားခဲ့တယ်လို့ သူ ခံစားရပါသည်။ အဲဒီစကားတွေကို သူ့ရင်ထဲက နှလုံးသားနှင့် သူ သဲသဲကွဲကွဲ ကြားပါသည်။

နားမလည်နိုင်လှတာကတော့ ထက်လူ သူ့အပေါ် ရှိမယ့် သဘောထားကို။ နာကြည်းသွားသလား မုန်းတီးသွားသလား၊ လိမ်ညာသူအဖြစ် အထင်သေးသွားမလား၊ ဘာပဲဖြစ်ဖြစ် စိတ်ထဲအစုအခံရှိသွားလို့သာ သူ့ကို အေးအေးဆေးဆေး လှမ်းနှုတ်မဆက်နိုင်တာ။ နာနာကျင်ကျင် ကြည့်သွားတာ။

"မိုးချွေ ရှင် ကျွန်မကိုညာတယ်"လို့ ထက်လူ မျက်ဝန်းများက အထပ်ထပ် ပြောသွားပါသည်။ သူ့ကိုဖုန်းဆက်ပြီးမှ တွေ့တာမဖြစ်နိုင်ဘဲ တွေ့လို့ တမင်ဖုန်းခေါ်ကြည့်လိုက်တာပဲလို့ သဘောပေါက်ခဲ့ပေမယ့် ရှန်းရှန်းဆီက ဖုန်းထပ်ဝင်လာမှ မိုးချွေ လိပ်ပတ်လည်နိုင်ခဲ့ရသည်။





"ဟယ်လို ... မိုးချွေလား"

"အင်း"

"နင် အိမ်မှာလား၊ အပြင်မှာလား"

"အပြင်မှာ"

"ဟဲ့ ... မိုးချွေ၊ ထက်လူ ငါ့ဆီဖုန်းဆက်တယ်သိလား"

"ဟုတ်လား ... ဘာတဲ့လဲ၊ အခုလား"

"အင်း ... ခုလေးတင်ပဲ၊ သူ ဆက်ပြီးတာနဲ့ ငါ နင့်ဆီဖုန်းလှမ်းခေါ်တာပဲ၊ နင့်ဖုန်းမအားလို့"

"အင်း ... ဟုတ်တယ်၊ ထက်လူက ဘာတဲ့လဲ"

"နင်ခရီးသွားတာ ပြန်ရောက်ပြီလားတဲ့၊ ငါကမရောက်သေးပါဘူးလို့ ဖြေတာပေါ့။ တစ်မျိုးပဲဟဲ့ သူ့စကားပြောတာ၊ အသံကလည်း ခပ်လေးလေးနဲ့၊ သူ အဆင်မပြေလို့များလားလို့ ထင်တာ၊ အဆင်မပြေရင် ငါ တစ်ယောက်ယောက် မရမက ကူညီစီစဉ်ပေးမလို့လေ ...

အဲလိုလည်း မဟုတ်ဘူးဟဲ့၊ မာတ်ပုံဆရာလည်း ရနေပြီ၊ သန်ဘက်ခါတောင် ရိုက်မှာ၊ နင့်အကြောင်းပဲ သက်သက်မေးတာ၊ နင် ဘာကိစ္စရှိလို့လဲလို့ ငါက ပြန်မေးတော့ ပြောစရာရှိလို့တဲ့၊ online က နင်နဲ့သိတဲ့ သူတစ်ယောက် အကြောင်း မေးမလို့တဲ့၊ ငါတော့ မထင်ဘူး ...

သူ မသက်ာတာလား မသိဘူး၊ တစ်ခုခုတော့ ဖြစ်နေတယ်ဟ၊ ငါ ဘာပြောပေးရမလဲ ဆိုတော့လည်း မပြော

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ရတယ်တဲ့၊ နှင့်ဆီ တစ်ခုခု ဆက်သွယ်ရင် ဆက်သွယ်လာလိမ့်မယ်၊ ဖုန်းဆက်လည်း ကိုင်မနေနဲ့ သိလား"

ရန်းရန်းကတော့ သားဖြစ်သူကို သူ သဘောမတူ သူနှင့် တားမြစ်နေသည့် အမေတစ်ယောက်အလားပင် ဖြစ်နေသည်။ သူ ဖုန်းဆက်ချိန်မှာ သူ စိုးရိမ်နေတဲ့ ထက်လုရဲ့ဆက်သွယ်မှုက ပြီးတောင်ပြီးဆုံးသွားခဲ့ပြီ။ ဖုန်းခေါ်နေလျက်နှင့်တော့ မကိုင်ဘဲထားလိုက်ဖို့အထိ သူ့စိတ်က မပြဋ္ဌာန်းနိုင်။ ရိုးရိုးကလေးတွေးရရင် နယ်ရောက်ရုံမက နိုင်ငံခြားရောက်နေနေ ထက်လုလိုလူမျိုး ဖုန်းဆက်လာလျှင် ဖုန်းဖဲ ကိုင်ကိုကိုင်ရမှာပဲ မဟုတ်လား။

မိုးစွေက ထက်လုရဲ့နာမည်လေးကို ငေးကြည့်နေရာမှ နာမည်လေးကို ယောင်ယမ်း click လိုက်မိလေသည်။ အဲဒီအခါ Chat Box လေးက ပွင့်ကျလာသည်။ ထက်လုရယ်။ မိုးစွေသည် ချီတုံချတုံ ချီတုံချတုံနှင့် တစ်သက်မှာ ဘယ်တုန်းကမှ မခုန်ဖူးတဲ့ ရင်ခုန်ခြင်းမျိုးနဲ့ ရင်တွေ ခုန်ပေါက်တုန်လှုပ်လာသည်။

လက်ဖျားခြေဖျားတွေပါ အေးစက်လာကာ မျက်လုံးတွေပင် ပြာဝါးဝါး။ စာရိုက်ပြီး လှမ်းခေါ်လိုက်မယ် မခေါ်လိုက်ဘူး ချီတုံချတုံနှင့် လူက တွေဝေထုံပုန်နေရာမှ တစ်ချက်တွင် သူ့လက်အစုံက အလိုအလျောက်ပင် စာရိုက်၍ တင်လိုက်မိတော့သည်။

"ထက်လု ... ကျွန်တော်ပါ"





အဲဒီနောက်တော့ သူ မျက်စိအစုံကို မှိတ်ထားလိုက်မိကာ အသက်ပင် မရှူရဲပဲ အောင့်ထားမိပါသည်။ အတော်အတန်ကြာမှ သူ မျက်စိပြန်ဖွင့်ကာ ကြည့်လိုက်မိလျှင် ထက်လုဘက်က စာပြန်ထားတာ မတွေ့ရ။

ငြိမ်ငြိမ်သက်သက်။ တိတ်တိတ်ဆိတ်ဆိတ်။

အဲဒီတော့ သူ့ရင်ထဲမှာ ဟာသွားရလေသည်။ သူ ဝမ်းနည်းသည်။ ဆုံးရှုံးခြင်းကို ခံစားရသည်။ သူ့ကို ထက်လု တကယ်စိတ်ဆိုးသွားပြီပဲ။ ဒီစာကို ထက်လု မမြင်ဘဲမနေပါ။ မဖတ်ဘဲမနေပါ။ သူ့ဆီက စာတက်လာတာမြင်လျှင် လှမ်းကို ဖတ်မှာပဲ။ မိုးစွေ စိတ်ထဲကမှုန်ရှုံးထိုးနှင့် စိတ်အစဉ်က မုန်တိုင်းဆင်သလို ကစဉ့်ကလျား ဖြစ်လာသည်။

"ထက်လု"

"........"

"ထက်လု"

"........"

"ထက်လု ... ကျွန်တော် တောင်းပန်ပါတယ်"

သူ့မျက်ဝန်းတွေပင်ပူကာ မျက်ရည်နှင့် စိုစွတ်လာခဲ့ပါသည်။

ပိုင်ရှင်ရှိနေတဲ့ မိန်းကလေးတစ်ယောက်ကို ကျွန်တော် ဖြစ်တဲ့နည်းနဲ့ရှောင်တာ အပြစ်ကြီးနေသလား ထက်လုရယ်။ ခုလို မရှောင်ဘဲ ကျွန်တော် ဘာလုပ်ရမှာလဲ။ နေမြင့်လေ အရှူးရင်လေ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာတဲ့ ကျွန်တော့်ခံစားချက်တွေကို ဆက်ပြီးရှင်သန်မနေအောင် ကျွန်တော် အညွန့်ချိုး အမြစ်သတ်ပစ်ရမှာ မဟုတ်ဘူးလား။ နိမ့်ကျလွန်းတယ် မဟုတ်ပေမယ့် ဘယ်လိုမှ မယှဉ်သာတဲ့ ဟိုးအမြင့်ထက်က ရွှေကလပ်ပေါ်က ရတနာလေးကို ကျွန်တော်လှမ်းယူဖို့ မဝံ့ရဲသလို မော့ကြည့်ငေးမျှော်နေရမယ့် ကိုယ့်ကိုယ်ကိုယ်လည်း မချိမဆန့်သနားမိလို့ မမြင်ရအောင် ရှောင်လှည့်ထွက်သွားလိုက်တာသည်သာလျှင် အစစ အဘက်ဘက်အတွက် အကောင်းဆုံးဖြစ်မယ်ထင်လို့ပါ။

တစ်ဖက်က ဘာမှတုံ့ပြန်မလာတဲ့အခါ ပိုခံစားရသည်။

ရုပ်ပျက်လိုက်တာ မိုးစွေရယ်လို့လည်း ကိုယ့်ကိုယ်ကိုယ် ဒေါသဖြစ်မိလာပြန်သည်။ တကယ်ဆို ခုလို အမှုအရာမပျက်ဘဲ "ထက်လှ ... နေ့လယ်က ဘာလို့မခေါ်တာလဲ၊ ကျွန်တော် ဒီနေ့ပဲ ပြန်ရောက်တာ" ဆိုတာမျိုးနဲ့ အလိုက်အထိုက်လေး ထပ်ညာပြောလိုက်လို့ ဖြစ်တာပဲ။ ဒါပေမဲ့ သူ ထပ်လည်း မညာချင်။

ခုချိန်မှာ သူ အားလုံး အရှိကိုအရှိအတိုင်းသာ စိတ်ထဲရှိသလို ဆက်ဆံချင်မိတော့သည်။

"ထက်လှ ... ကျွန်တော် ရှင်းပြပါ့မယ်"

"........."

"ထက်လှ"

"........."

"ကောင်းပါပြီ ထက်လှ၊ ကျွန်တော် ဘာမှမပြောတော့ဘူးနော်"

ထက်လှဘက်က ဘာမှတုံ့ပြန်မလာခဲ့။







www.burmeseclassic.com

www.burmeseclassic.com



## ၉

ဓာတ်ပုံ"........"ရဲ့ စတူဒီယိုကြီးက ကျယ်ဝန်းခမ်းနားလှပါသည်။ သူက မြန်မာပြည်က နာမည်အကြီးဆုံး ဓာတ်ပုံဆရာတွေထဲ ထိပ်ဆုံးသုံးယောက်အပါအဝင်ပဲလေ။ တိုက်ခန်းကျယ်ကြီး နှစ်ခန်းတွဲမှာ နောက်ဘက်ထဲ စတူဒီယိုခန်းကျယ်ကျယ်ကြီး ဖွဲ့ထားတာပါ။ အဲဒီစတူဒီယိုခန်းမထဲမှာ ထက်လှက သူ အလုပ်ခန့်ထားပြီးသော ဝန်ထမ်းမလေးနှစ်ယောက်နှင့်အတူ ရှိနေပါသည်။

မော်ဒယ်လ်နှစ်ယောက်နှင့် ထက်လှ ဆိုင်တင်မည့် အဝတ်အထည်တွေကို တစ်စုံပြီးတစ်စုံလဲကာ ဓာတ်ပုံရိုက်နေကြတာပါ။

"တူတူ ... တူတူ ... တူ"

ထက်လှက ဖုန်းကိုကြည့်ပြီး ဖွင့်လိုက်ကာ ...

"ဟုတ် ... ကို"





"ထက်လှ အဆင်ပြေရဲ့လား"

"ပြေတယ် ကို"

"ပြီးတော့မလား"

"ပြီးတော့ မပြီးလောက်သေးဘူး၊ တစ်ဝက်လောက်တော့ ရှိပါပြီ"

"ဒါဆို ရှိနေဦးမှာပဲ၊ ကိုယ် ခဏနေရင် ဝင်လာခဲ့ဦးမယ်"

"ကို အားမှလာပါ၊ ဒီမှာ အဆင်ပြေပါတယ်"

"အပြင်ထွက်ဖို့ကိစ္စလေးတစ်ခုလည်းရှိလို့၊ ခုပဲထွက်ရင်းနဲ့ ခဏဝင်လာမှာပါ"

"ဟုတ်ကဲ့"

"စားပြီးကြပြီလား"

"ဟုတ် ... ခုနပဲ စားပြီးကြပြီ၊ ဦးချမ်းကို ထမင်းကြော်တွေ သွားဝယ်ခိုင်းပြီး ဒီမှာပဲ စားလိုက်ကြတယ်"

"အိုကေ ... အိုကေ ... ခဏနေ ရောက်မယ်"

ထက်လှက ဖုန်းကိုပိတ်ရင်း ဝန်ထမ်းကောင်မလေးတွေကို ...

"ညီမတို့ ဒီအဝတ်ထုပ်ကို ကားပေါ်ပြန်ယူပြီး ကားပေါ်က Jeans တွေယူခဲ့ပါဦး၊ Jeans တွေချည်းပဲ အိတ်သတ်သတ်နော်၊ အပေါ်ပိုင်းတွေလည်း သယ်ခဲ့လိုက်တော့နော်၊ ညီမတို့မနိုင်ရင် ဦးချမ်းတို့ သယ်ခိုင်း"

"ဟုတ်ကဲ့ ... မမ"



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးတွေက ဝတ်ထား ရိုက်ထားပြီးတဲ့ အဝတ်တွေ ပြန်ခေါက်၊ အိတ်ထဲသေချာပြန်ထည့်ကာ အိတ်သယ်ပြီး အောက်ထပ်ဆင်းသွားကြပါသည်။ ထက်လှက မော်ဒယ်လ်မလေးတစ်ယောက်ရဲ့ အဖော်ပါတဲ့ အစ်မနှင့် စကားထိုင်ပြောနေဆဲ ဓာတ်ပုံဆရာက ရိုက်ပြီးတဲ့ပုံတွေကို ကွန်ပျူတာမှတစ်ဆင့် တီဗီကြီးနှင့်ဆက်ကာ တီဗီစကရင်ပေါ်မှာ ပြန်ဖွင့်ပြနေသည်။

ထက်လှသည် တစ်ခုသောနေ့ကလေးက အိမ်ကို မိုးဇွေ ရောက်လာကာ ထက်လှရဲ့ Laptop နှင့် ထက်လှတို့ စေ့စပ်ပွဲဓာတ်ပုံတွေ ရွေးကူးဖို့လာပြတဲ့ အချိန်ခါလေးကို ဖျတ်ခနဲ အမှတ်ရသွားပါသည်။

နှစ်ယောက်သား ရယ်လိုက် မောလိုက် ဒါလေးလှတယ် ဟိုဟာလေး မလှဘူး ငြင်းခုန်လိုက်။ ရှိုးတိုးရှန့်တန့်ဟန်လေးတစ်မျိုး အမြဲပါတဲ့ မိုးဇွေရဲ့မျက်နှာလေးနှင့် အမူအရာလေးတွေကို လုံးစေ့ပတ်စေ့ ပြန်အမှတ်ရနေမိပါသည်။ အင်း ... ကျွန်မ ဘယ်လိုဖြစ်ပါလိမ့် မိုးဇွေရယ်။ ကျွန်မ မကောင်းပါလား။ ကျွန်မစိတ်တွေ မဖြူစင်ပါလား။ ဘယ်သူမှ မသိသော်လည်း မင်းသူရမောင်ကိုလည်း အားနာကာ တစ်ကိုယ်တည်း အားလည်းငယ်မိလေသည်။

ကိုယ်ဟာ အဲသလို စိတ်ကစားတတ်တဲ့ အပြောင်းအလဲလိုလားတဲ့ ရှင်းရှင်းနဲ့ ရိုင်းရိုင်းပြောရရင် ခပ်နန့်နန့်မိန်းကလေးစားလည်းမဟုတ်။ ကြိုက်သူလိုက်သူ ဝိုင်းဝိုင်းလည်နေ





တဲ့ အနေအထားမှာ ဘယ်သူ့ကိုမှလဲ စိတ်မဝင်စား မတုန်မလှုပ်ရင်မခုန်တတ်ခဲ့၍ မာနကြီးလွန်းတယ်လို့ အမြဲအထင်ခံရသူလေ။ ခုတော့ ဘာမှလဲ မဟုတ်ဘဲနဲ့။

"မမ"

"အင်း ... တွေ့လား ညီမ Jeans အိတ်၊ ပရာဒိုပေါ်မှာနော်"

သူ့ပရာဒိုကားနှင့် သူ့ဒရိုင်ဘာ ဦးချမ်းကို ကိုကအပိုထည့်ပေးလိုက်တာပါ။ ထက်လှကားက ဗော်လ်ဗိုဗင်။ အရမ်းမကြီးလှဘူးလေ။

"တွေ့ပါတယ် မမ၊ ဒီမှာ ယူခဲ့ပြီ၊ အပြင်ဆေ့ခန်းမှာ ဆေ့သည်ရောက်နေလို့"

ဓာတ်ပုံဆရာက ခေါင်းမော့ကြည့်ရင်း ...

"ကိုယ့်ဆေ့သည်လား"

"မဟုတ်ဘူးရှင့်၊ မမဆေ့သည်"

ထက်လှက အံ့ဩသွားပါသည်။ ကို မြန်လိုက်တာ။

"မထက်လှအိ ဆိုင်ကြော်ငြာ shooting လားတဲ့၊ သမီးကဟုတ်ကဲ့လို့ ပြောလိုက်တယ်"

"ဩော် ... အစ်မ ခေါ်လေ၊ ဆေ့သည်အထဲခေါ်လေ ... ရတယ်"

ဓာတ်ပုံဆရာကို ထက်လှက ခေါင်းညိတ်ပြရင်း ...

"ခေါ်လိုက်ပါ နွေးနွေး၊ အထဲဝင်ခဲ့လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်"

ဝန်ထမ်းလေး နွေးနွေးက တံခါးဖွင့် ပြန်ထွက်သွားပြီး ခဏအကြာ နွေးနွေးနှင့် နောက်တစ်ယောက် ပြန်ဝင်လာသည်။ ထက်လုက ဆတ်ခနဲ ယောင်ယမ်း၍ ထိုင်ရာမှ ထရပ်လိုက်မိပါသည်။ မိုးစွေသည် အရောင်အသွေးကျလွန်းသော Navy ပြာရင့်ရောင် ရှပ်အင်္ကျီကိုယ်တိတိလေးနှင့် မီးခိုးမှိုင်းဂျင်းဘောင်းဘီ ဝတ်ထားကာ မြင်ဖူးသမျှတွင် ကြည့်အကောင်းဆုံးတစ်ကြိမ်ဖြစ်နေသည်။

မိုးစွေက ထက်လုထံ အရင်ဆုံး တောင်းပန်တိုးလျှိုးသလို နင့်နင့်နက်နက်လေး လှမ်းကြည့်လိုက်ပြီး ဓာတ်ပုံဆရာဘက် လှမ်းနှုတ်ဆက်သည်။

"အစ်ကို ... နေကောင်းတယ်နော်"

"ဟင် ... မိုးစွေပါလား၊ မတွေ့တာတောင် ကြာပြီ၊ ဘယ်ပျောက်နေလဲ"

"ရှိတယ် အစ်ကို"

"အလုပ်တွေ ကျပ်နေတယ် ဟုတ်လား"

"အဟားဟား ... ဒီလိုပါပဲ အစ်ကို၊ ပုံမှန်ပါပဲ"

"ဘာလဲ ... ဒီအစ်မ ညွှဲသည်ဆိုတာ !! "

ဓာတ်ပုံဆရာက အသက်သုံးဆယ်ကျော် ရှိပေမယ့် ထက်လုကိုတော့ "အစ်မ" ခေါ်ကာ မိုးစွေနှင့်တော့ သူက ဆရာ သမားသဘောမျိုး. နေရာရှိပုံရသည်။





"ဟုတ် ... ကျွန်တော့်အသိပါ အစ်ကို၊ သူငယ်ချင်းပါ"

"ဩော် ... မိုးစွေနဲ့ သူငယ်ချင်းပဲဟာ အစ်မကလည်း၊ သွားရိုက်ခိုင်းလိုက် ပြီးရော"

ရယ်ရယ်မောမောပြောတဲ့ ဓာတ်ပုံဆရာကို ထက်လုက အလိုက်သင့် ပြန်ပြုံးပြကာ မိုးစွေကို ဘယ်လိုတုံ့ပြန်ဆက်ဆံရမည်ဆိုတာ စဉ်းစားရင်း အဲကွန်းခန်းချမ်းချမ်းထဲ ချွေးပြန်လာသည်။ ရင်တွေလည်း ကဆုန်စိုင်း ခုန်ပေါက်လာသည်။

မိုးစွေက စတူဒီယိုခန်းမတလျှားကို ဖြတ်လျှောက်လာကာ ထက်လုနှင့် နီးကပ်လာပါသည်။ ထက်လုသည် မျက်နှာကို မပျက်အောင်ထိန်းကာ ရင်ထဲမှာတော့ နာကျင်တာဝမ်းနည်းတာရော အခံရခက် စိတ်အနှောင့်အယှက် ဖြစ်တာရော ရောမွှေထွေးလုံးရစ်ပတ်ကာ တဆတ်ဆတ် ခါနေသည်။

ထက်လု ရပ်နေမိတဲ့နား မိုးစွေ ရောက်လာကာ ...

"ထက်လု"

ခပ်တိုးတိုး ခေါ်လိုက်တဲ့ လေသံက ထက်လုရဲ့ သည်းကုပ်တစ်ဝိုက်ကို ကြက်သီးမွေးညင်းထစေသည်။ ထက်လုက တိုက်ခန်းကျယ်ကြီးရဲ့ဘေး ဝရန်တာရှိရာဘက် လျှောက်လာကာ တံခါးဖွင့်၍ အပြင်ထွက်ဂ[illegible]က်ပါသည်။ သူတို့နှစ်ယောက် ထက်လုရဲ့ဝန်ထမ်းမိန်းကလေးများရှေ့မှာ စကားကို တိုးတိုးလေးကျိတ်ပြောနေပြန်လည်း သင့်တော်မှာ မဟုတ်သလို ကျယ်ကျယ်ပြောရလည်း မသင့်တော်နိုင်သော ကြားမကောင်းနိုင်တာတွေ ပါလာနိုင်တာမို့ပင်။



www.burmeseclassic.com

www.burmeseclassic.com



ဝရန်တာရောက်သည်နှင့် ထက်လှက တင်းတင်းကလေး နီမြန်းနေသော မျက်နှာနှင့် မိုးဇွေကို စူးစူးရဲရဲ ဝင်းဝင်းလက်လက်ကြည့်ရင်း ဖုန်းကို တဒေါက်ဒေါက် နှိပ်လေသည်။

"ထက်လှ ... ကျွန်တော်လေ"

ထက်လှက လက်ဝါးဖြန့်၍ထောင်ကာ မိုးဇွေကို တားလိုက်၍ မိုးဇွေက ထက်လှကို စကားမဆက်ဘဲ ငေးကြည့်နေပါသည်။

"ဟယ်လို ... ရှန်းရှန်းလား"

မိုးဇွေက သက်ပြင်းပူတစ်ချက် ငူးခနဲမှုတ်ထုတ်ကာ ခါးလျော့လျော့ထောက်၍ ခေါင်းကိုမော့ကာ စူးစူးရဲရဲ လင်းထိန်နေသော ကောင်းကင်ကြီးကိုပဲ ကြည့်နေလိုက်ပါသည်။

"ပြော ... ထက်လှ၊ ဒီနေ့ နင် ဓာတ်ပုံရိုက်ဖြစ်လား"

"အေး ... ရိုက်ဖြစ်ပါတယ်"

"အဆင်ပြေတယ် မဟုတ်လား"

"အေး ... အားလုံး အဆင်ပြေပါတယ်"

"နင် ဘာပြောမလို့လဲ၊ ပြောလေ"

"မိုးဇွေ ခရီးသွားတာ ပြန်ရောက်ပြီလား"

မိုးဇွေက ထက်လှကို လှမ်းကြည့်ကာ မချိပြုံးလေး ပြုံးမိသည်။ ထက်လှ အကြီးအကျယ် သံသယတွေ ဝင်နေပြီပဲ၊ ဘယ်လိုခံစားနေရမလဲ သူ နားလည်ပါတယ်။ ငြိမ်သက်အေးချမ်း မြင့်မားလှပနေတဲ့ ထက်လှဘဝ ရေကြည်ကြည်လေးထဲ သူက ခဲတစ်လုံးကျသလို ဖြစ်ခဲ့ပြီလား။



တစ်ဖက်က တိတ်သွားတဲ့ ရှန်းရှန်းကြောင့် ထက်လှက ပြုံးမဲ့မဲ့လေးနှင့် ...

"ဟင် ... မိုးဇွေ ပြန်ရောက်နေပြီလား"

"ထက်လှ ... နင် ဒါပဲ လှမ်းမေးတာ နှစ်ခါတောင်ရှိပြီ၊ ဘာဖြစ်လို့လဲဟင် ထက်လှ၊ ဘာအကြောင်းထူးရှိလဲဟင်"

"အကြောင်းထူး မရှိပါဘူး၊ ငါသိချင်လို့ မေးတာပါ"

"နင် ဘာသိချင်တာလဲ ဟင်"

"ငါမေးတာ ဖြေပါဦး ရှန်းရှန်းရယ်"

"........."

"ပြန်ရောက်နေပြီလား"

"မရောက်သေးပါဘူးဟ"

"ခုထိ အညာဘက်မှာပဲပေါ့"

"အေး ... နင်ဘာဖြစ်လို့လဲဟင်၊ ဘာလို့မေးတာလဲ ပြောဦး"

"အဟင်း ... ငါ မိုးဇွေကို တွေ့လို့ပါ"

"ဟင်"

"သူ့ကိုတွေ့လို့ နင့်ကိုမေးကြည့်တာပါ၊ နင့်ဆီကအဖြေကို သိချင်လို့လေ"

"ဟင် ... သူ့ ... သူ့ကို နင် ဘယ်မှာတွေ့တာလဲ"

"တစ်နေရာမှာပေါ့ဟာ၊ နေရာကအရေးမကြီးပါဘူး"

"သူ ... သူကော နင့်ကိုတွေ့လား၊ နင်တွေ့တာကို သူ သိလား"

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... သူလည်း ငါ့ကိုတွေ့ပါတယ်"

"ဟင်"

"အေး ... အဲဒါကြောင့် သူ ခရီးသွားတယ်ဆိုတာကို နင် ဘယ်လိုလုပ်ပြီး ဒီလောက်သေချာနေတာလဲ ငါက သိချင်လို့ မေးကြည့်တာ၊ ခရီးကော တကယ်သွားရဲ့လား"

"သွားပါတယ်ဟ"

"ခုထိ မရောက်သေးဘူးလို့ နင်ဘယ်လိုလုပ်ပြီး Confirm ဖြစ်သလဲ"

"ငါ ... ငါက သူ့အမေနဲ့လည်း ခင်တာလေ၊ သူ ... သူတို့အိမ်လည်း ရောက်ပါတယ်"

"သူ မရှိဘူးပေါ့"

"အင်းပေါ့ ... သူ့အမေတောင်ပြောမှတော့ သေချာတာပေါ့ဟ၊ ငါ သူ့အမေနဲ့ ဒီလောက်ခင်တာလေ"

"သြော် ... အင်း၊ ငါလည်း သူ့အမေနဲ့ ခင်ပါတယ်"

"ဟင်"

"မာမီက သူ့အမေနဲ့ ပြန်ပြနေရသေးတာပဲလေ၊ ငါအမြဲလိုက်သွားနေတာဆိုတော့ ငါနဲ့လည်း ခင်သင့်သလောက်တော့ ခင်နေပါပြီ၊ အင်းလေ ... မရောက်သေးတာ နင်သေချာနေရင်လည်း ပြီးတာပဲ၊ ဒါပေမဲ့ နင်လည်း သေချာစုံစမ်းကြည့်ဦး ရန်းရန်း၊ နင့်ကို မတွေ့ချင်လို့များ ခရီးသွားတယ်လို့ လိမ်ထားသလား ဆိုတာလေ"





"........."

"ကဲ ... ဒါပဲနော်"

ထက်လှက ဖုန်းကိုပိတ်၍ သူ့ကို အငေးသားရှိဝေဝေ စိုက်ကြည့်နေသော မိုးစွေနှင့် မျက်နှာချင်းဆိုင်လိုက်ပါသည်။ မိုးစွေက ဘောင်းဘီအိတ်ထဲမှဖုန်းကို ကမန်းကတန်းထုတ်ကာ ပါဝါပိတ်ချလိုက်ပါသည်။ ရန်းရန်း ချက်ချင်းလှမ်းဆက်တော့မှာ သေချာနေပြီလေ။ ထက်လှက ပြုံးစနဲ့နဲ့လေးနှင့် မိုးစွေကို ရူးရူးရဲရဲ ကြည့်နေသည်။ "ကဲ ... လိမ်စမ်း"ဆိုတဲ့ ဟန်ပန်။ မျက်လုံးလေးတွေ လှလွန်းတဲ့ ထက်လှက ရူးရူးရဲရဲ ကြည့်တဲ့အခါ အဲဒီအကြည့်ကို ရင်ဆိုင်နိုင်ဖို့တောင် အတော်ခွန်အားမွေးရပါသည်။

"ကဲ ... ပြောပါဦး မိုးစွေ"

"........."

"ရှင် ပြောဖို့လာတာပဲ မဟုတ်လား၊ ရှင်နဲ့ ရှန်းရန်းနဲ့ ထက်လှနဲ့၊ ဘယ်သူက ဘယ်သူ့ကို ညာနေတာလဲ၊ ဘာတွေလဲ၊ လူတစ်ယောက်နဲ့တစ်ယောက်ကြားမှာ လိမ်တယ် ညာတယ်ဆိုတာ အကြောင်းပြချက်တော့ ခိုင်ခိုင်လုံလုံရှိရမယ်၊ ခုဟာက ပေါ့ပေါ့သေးသေးလေး လိမ်ညာနေတာမျိုးတောင် မဟုတ်ဘဲ ရှောင်ပြီးတော့ကို ပုန်းနေတာ၊ ရှင်ရှောင်ပုန်းရလောက်အောင် ထက်လှက ရှင့်ကို ဘာတွေများ ဘယ်လောက်တောင် အနှောင့်အယှက်ပေးနေမိခဲ့လို့လဲ မိုးစွေရယ်"



www.burmeseclassic.com

www.burmeseclassic.com



ကြိတ်မနိုင်ခဲမရ အံလေးဖိပြီး ပြောနေတဲ့ ထက်လူက စကားဆုံးခါနီးတော့ ဝမ်းနည်းသံ ပေါက်သွားရပါသည်။

"ထက်လူ ... ထက်လူဘက်က ဘာမှအမှားအပြစ်မရှိပါဘူးဗျာ"

"ဒါဖြင့် ဘယ်သူက ရှိတာလဲ"

"ကျွန်တော်ပါ"

"ရှင့်ဟာရှင်မှားပြီး ထက်လူ့ပုံတွေ ရိုက်မပေးတော့ဘဲ ပုန်းနေရတယ်ဆိုတော့ ရှင့်အမှားက ဘာများလဲ၊ ဘယ်လိုအမှားမျိုးမို့လို့လဲဟင်"

"ထက်လူ"

"........."

"ထက်လူ ... ကျွန်တော် ..."

"ပြော ... ပြော၊ ထက်လူ နားထောင်နေတယ်၊ သိချင်တာ"

"ကျွန်တော် ထက်လူ့ကို ရင်မဆိုင်ရဲလို့ပါ"

"ဟင် ... ရင်မဆိုင်ရဲရအောင် မိုးဇွဲက ..."

"ထက်လူ ... ကျွန်တော် ထက်လူ့ကို ချစ်နေမိလို့ပါ"

"........."

"........."

ထက်လူသည် ကျောက်ရုပ်ကလေးကဲ့သို့ တောင့်တောင့်မတ်မတ်လေး အေးခဲငြိမ်သက်သွားကာ တစ်ခဏမျှလောက်နှင့် အဆက်သွယ်ပြတ်သည် ဆိုတာမျိုး ကိုယ်တိုင်ကြုံဖူးလိုက်





ရသည်။ ဘာမှမကြား ဘာမှမမြင် မျက်စိတွေပြာဝါးပြီး နားတွေအူကာ တစ်ကိုယ်လုံး ပေါ့ပါးလွင့်ပျံတက်သွားမလို ခံစားလိုက်ရပါသည်။

ဟင် ...။ ဘာတဲ့လဲ ...။

မိုးဇွဲကလေ ...။

ခုနက နာကျင်သလိုလို ဝမ်းနည်းသလိုလို ဒေါသဖြစ်သလိုလို ခံစားချက်တွေ အားလုံးဟာ ကိုယ်ထဲမှာ ဘာတစ်ခုမှ မရှိတော့ဘဲ ဟာလာဟင်းလင်း။ ခဏနေမှ ရင်တွေသာ ဒုတ်ခနဲ ဒုတ်ခနဲ အောင့်ကျိန်းခုန်လာသည်။

"ကျွန်တော်တောင်းပန်ပါတယ် ထက်လူ၊ ဒါပေမဲ့ ဒါကို ကျွန်တော် ဒီလို အရှင်းလင်းဆုံး ပြောမပြလိုက်ဘူးဆိုရင် ကျွန်တော် ထက်လူ့အနားက ရှောင်ပြေးရတဲ့ အကြောင်းရင်းကို ထက်လူ ကျေနပ်လက်ခံနိုင်အောင် ဆက်မညာတတ်တော့ဘူးဗျာ"

"........."

"ထက်လူ နေကောင်းရဲ့လားဟင်"

"ရ ... ရပါတယ်"

ခုနက ဒေါမာန်လေးပါပါနှင့် နှုတ်သွက်ကာ အပေါ်စီးအမူအရာလေး ယူထားတဲ့ ထက်လူဟာ ခုတော့ မီးအဟပ်ခံလိုက်ရတဲ့ ပန်းနှယ်ကလေးနှယ် နွမ်းအိပျော့ခွေမတတ်ပင်။ တဖြည်းဖြည်း ပါးပြင်လေးတွေ တရှိန်ရှိန်ပူလာကာ ထိုအပူရှိန်နှင့် အတွင်း



www.burmeseclassic.com

www.burmeseclassic.com



က သွေးကြောလေးတွေပင် ဆူပွက်ပူကြွလာသလိုလို။ ထက်လှရဲ့ ပါးပြင်ဟာ ခုချိန်မှာ ရဲရဲနီမြန်းနေမှာပါ။

ရှူးရှူးရဲရဲကြည့်ခဲ့မိတဲ့ မျက်ဝန်းတို့ဟာ မျက်လွှာမပ ဝှံအောင် အောက်သို့စင်းစင်းစိုက်ကျလျက် ဦးခေါင်းသည်လည် မတ်မော့မထားနိုင်ဘဲ ငုံ့လျှိုးကျခဲ့ရလေသည်။ ခုနေ စကားပြေ လျှင် လည်ချောင်းဝကတောင် အသံတိုးထွက်လာနိုင်ပါ့မလ မသေချာမရေရာ။

"ကျွန်တော် တောင်းပန်ပါတယ် ထက်လှ၊ ကျွန်တော်

"မမ"

ဝရန်တာသို့ထွက်တဲ့တံခါးက ပွင့်ဟနေတာမို့ တံ ပေါက်အစပ်သို့ ဝန်ထမ်းမလေး ကပ်လာကာ ...

"ညှော့သည်ပါ မမ"

ကို ...။

ကို လာတာပဲ။ ထက်လှသည် သူနိုးလူမိတ ခေါင်းနားပန်းကြီး ရင်တုန်ပန်းတုန် မူပျက်သွားပြီးမှ ...

"အေး ... လာပြီ"

ဖျတ်ခနဲ မိုးစွေကို ခပ်လျှမ်းလျှမ်းလေးကြည့် ဘာစကားမှ မဆိုမိဘဲ ဝရန်တာမှ ပြန်ဝင်လာခဲ့ပါသည်။ ကလည်း နောက်မှ ဖြည်းဖြည်းပါလာသည်။ ဝရန်တာတင် ဝင်လာသော ထက်လှတို့ကို မင်းသူရမောင်က လှမ်းကြည့်နေ

"အဆင်ပြေလား ထက်လှ၊ ခဏဝင်ကြည့်တာ"





"ဟုတ်ကဲ့ ... အဆင်ပြေပါတယ်"

မင်းသူရမောင် မျက်ဝန်းများက ထက်လှကိုကျော်၍ းစွေထံ ရှစ်ဝဲရောက်ရှိနေလေရာ ထက်လှက မိုးစွေဘက် တစ် က်လှည့်ကြည့်ရင်း ...

"ကို မှတ်မိလား၊ အဲဒါ မိုးစွေလေ"

"မိုးစွေ ! "

"ထက်လှတို့ ဈေးစပ် ..."

"သြော် ... ဟုတ်ပြီ၊ ကိုမိုးစွေ၊ ခရီးသွားတယ်ဆို"

"ဟုတ်ကဲ့ ... ကျွန်တော် ..."

"ထက်လှကို ရုတ်တရက်ဖျက်ပြီး ထွက်သွားလိုက်ရလို့၊ သူ အားနာနေတာနဲ့ အကျိုးအကြောင်း ဟို ... လာတောင်း ပန်တာပါ"

"သြော် ... ရက်ကပ်မှ ခင်ဗျားက မရှိတော့ဘူးဆိုတော့ ထက်လှက တော်တော်လေး စိတ်ရှုပ်ထွေးပြီး စိတ်မကောင်း ဖြစ်သွားတာဗျ ကိုမိုးစွေ"

"အခု ကို '......' က ကျွန်တော့်ဆရာဆိုလည်းဟုတ်၊ အစ်ကို ဆိုလည်း ဟုတ်ပါပဲခင်ဗျာ၊ အစ်ကိုနဲ့ ရိုက်ဖြစ်တော့ ကျွန်တော်နဲ့ ရိုက်ဖြစ်တာထက်လည်း အများကြီးပိုကောင်း သွားပါတယ်"

"ခင်ဗျားပြောသလိုဆို ပိုကောင်းဖို့ ဖြစ်လာတယ်ပေါ့ ... ဟား ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ … တောင်းပန်ပါတယ် အစ်ကို"

"ရပါတယ်ဗျာ၊ မိတ်ဆွေသူငယ်ချင်းတွေပဲ ခင်ခင်မင်မင်ပေါ့"

ထက်လှသည် ရင်ခုန်သံ မငြိမ်နိုင်သေးဘဲ ကတုန်ကယင် ဖြစ်နေဆဲပင်။





## ၁၀

"ပြောလေ … ငါ ကျေနပ်နိုင်တဲ့ထိ လက်ခံနိုင်တဲ့ထိ"

ရှန်းရှန်း အသံက တုန်ခါနေသည်။

"အဲဒီမတိုင်ခင်ကလေးကတင် ငါနင့်ဆီ ဖုန်းဆက်လိုက်သေးတယ်လေ၊ နင့်ဖုန်းဖွင့်ထားတယ်လေ၊ နောက်မှပိတ်ပစ်တာ၊ အဲဒီမပိတ်ခင်ကြားမှာ နင်နဲ့ ထက်လှ တွေ့တာပဲဖြစ်ရမယ် … ပြော၊ သူကလည်းတွေ့တယ်၊ နင်လည်းသူ့ကိုတွေ့တယ်လို့ ပြောတယ်၊ နင်တို့ ဘယ်မှာတွေ့တာလဲ၊ ဘယ်လိုတွေ့တာလဲ၊ ငါ့ကိုပြော"

"ရှန်းရှန်း … နင့်အသံကို ဖော်လျူမ်နည်းနည်းမချဘူးလား"

"မချနိုင်ဘူး ငါ အော်မှာပဲ၊ မအော်စေချင်ရင်ပြော"

"မသိဘူးဟာ၊ ငါ့ကို အဲသလောက်ကြီး တရားခံစစ် စစ်နေရင် မပြောဘူး"



www.burmeseclassic.com

www.burmeseclassic.com



မိုးစွေလေးသံကလည်း မာပြီးကျယ်သွားရပါသည်။

"ဟဲ့ ... ဟဲ့ ..."

ဟစိစိဖြစ်နေတဲ့ အခန်းတံခါးမို့ ဒေါ်လေးက ခါတိုင်းလိုပဲ တံခါးတွန်းဝင်လာကာ အော်ဟစ်နေကြတဲ့ သူတို့အသံတွေကြားပြီး လန့်သွားပုံရသည်။

"ဩော် ... ဘယ်လိုဖြစ်နေကြလဲ ဒီကလေးနှစ်ယောက်"

"........."

မိုးစွေက ကွန်ပျူတာနားကထကာ ပြတင်းပေါက်နား သွားရပ်လိုက်သည်။ အိမ်မှာလည်း ဒီတစ်ခန်းဟာ သူ့အလုပ်ခန်း၊ ကွန်ပျူတာလည်းထားတဲ့အခန်း။ ပြီးတော့ ရှန်းရှန်းလာရင်လည်း သူတို့နှစ်ယောက် စကားပြောတဲ့အခန်း။

"ရန်မဖြစ်ကြနဲ့လေကွယ်၊ ကလေးတွေ ကျနေတာပဲ"

"ဒေါ်လေး ... သမီးမေးတာ သူ မဖြေဘူး"

"ဟဲ့ ... ရှန်းရှန်း သိချင်ရင်ဖြေလိုက်လေ သားရဲ့"

"သူက ကောင်းကောင်းမမေးဘူး၊ အော်ဟစ်ပြီး လူကို တရားခံကျနေတာပဲ"

ရှန်းရှန်းက မိုးစွေကို အံကြိတ်ကာ စူးစူးရဲရဲကြည့်နေပါသည်။ သိနေတယ်။ တစ်ခုခုဆိုတာ သိနေတယ် မိုးစွေ။ အဲဒီတစ်ခုခုဟာ ဘာလဲဆိုတာ မသေချာတာကလွဲရင် တစ်ခုခုတော့ရှိတာ ငါသိတယ်။





"နင် တရားခံပဲလေ၊ နင်လုပ်နေတာတွေက တရားခံနေရာရောက်နေတာပဲ"

"အေး ... အဲဒါဆိုလည်း ပြီးတာပဲ၊ နင် ငါ့ကိုအပြစ်ပေးလိုက်"

"ဘာ"

"ဟဲ့ ... ဩော် ... တော်ကြပါဆို ပိုဆိုးနေတယ်"

ဒေါ်လေးရဲ့နောက်ကို မိုးစွေရဲ့မေမေ ရောက်လာပါသည်။

"ကဲ ... ကဲ ... လာကြ။ ရှန်းရှန်း ... သမီး ထမင်းစားပြီးမှပြန်၊ နွယ်နီရေ ... ရှန်းရှန်းအမေ စပယ့်ကို ဖုန်းလှမ်းဆက်ထားလိုက်၊ ထမင်းစားပြီးမှ မိုးစွေကို ပြန်ပို့ခိုင်းမယ်လို့"

မိုးစွေက မေမေ့ကို မကြည်မလင် စိတ်ရှုပ်လက်ညစ်လှမ်းကြည့်လိုက်ပါသည်။ မေမေကလည်းနော် ခဏနေရင် သူ online တက်တော့မလို့ဟာကို။

"မစားတော့ပါဘူး အန်တီ၊ သမီး ပြန်မှာ"

"ဩော် ... မဟုတ်တာ စားသွားပါ သမီးရဲ့"

ရှန်းရှန်းသည် သူ့ကို ချော့မော့သူတွေ ပေါ်လာ၍ မျက်ရည်တွေ ပိုလည်လာပါသည်။

"ကဲ ... ကဲ ... သမီးလည်း စိတ်ဆိုးပြေ၊ သားကလည်း ရှန်းရှန်းကို ပြေပြေလည်လည် ပြောပြမှပေါ့၊ ဘာမှအရေးကြီးတဲ့ကိစ္စလည်း ဟုတ်မှာမဟုတ်ဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"အန့်တီ ... သူ သမီးကို ခေါက်ပစ်ချင်တဲ့သဘောတွေ လုပ်လုပ်လာတယ်"

"ဟင် ... ဘာလဲ ခေါက်ပစ်တာ ဆိုတာ"

"သမီးကို ဆောင့်ကိုဖယ်ထုတ်ပစ်ချင်တာ အန့်တီ၊ ဘာတွေ လုပ်နေမှန်းမသိဘူး၊ ခိုးကြောင်ခိုးဝှက်တွေ၊ မေးရင်ဘယ် တော့မှ သေချာမဖြေဘူး"

"ကဲ ... ကဲ ... သမီးရယ်၊ သမီးကလည်း မသေချာမရေ ရာဘဲ စိတ်ဆင်းရဲမခံနဲ့၊ မိုးစွေ ... သားကလည်း ကိုယ်မှ မဟုတ်ဘဲ သေသေချာချာလေး ရှင်းပြမှပေါ့၊ အဲသလို ကိုယ့်အချင်းချင်း စိတ်ဝမ်းကွဲတာမျိုး မဖြစ်ကြနဲ့ကွယ်"

မေမေနှင့် ဒေါ်လေးက အသာထွက်ခွာသွားကြကာ တံခါးကို ပြန်စေ့ပေးသွားပါသည်။ မိုးစွေသည် ပြတင်းပေါက်မှ အပြင်ဘက်သို့ ငေးကြည့်နေကာ သက်ပြင်းတစ်ချက်ကို ဖြည်းဖြည်း ချလိုက်သည်။

"မိုးစွေ ... နင် ပြောမှာလား မပြောဘူးလား"

"ငါ ဘာပြောရမလဲ"

"နင် ထက်လှနဲ့ ဘယ်မှာတွေ့တာလဲ"

မိုးစွေက ရန်းရန်းဘက် လှည့်ကြည့်လိုက်ပါသည်။

"ကို'......'စတူဒီယိုမှာ"

"ဟင်"

ရန်းရန်းက ဒေါသတကြီး ဟိုက်ခနဲဖြစ်သွားပြီး ...





"အဲဒီမှာ ဒီနေ့ ထက်လှတို့ ကြော်ငြာပုံ ရိုက်နေတာလေ၊ နင်က ..."

"........."

"နင် အဲဒီကို သွားတာပေါ့ ! "

"အေး ... ဟုတ်တယ်၊ ငါ သွားတာ"

"ဘာ"

"ငါ တမင်သွားတွေ့တာ"

"ဘာပြောတယ်၊ နင် ခရီးက ပြန်မရောက်သေးပါဘူးလို့ ပြောထားတာကို နင် ဘာဖြစ်လို့ သွားတာလဲ"

"ငါညာနေမှန်း သူသိတယ်၊ အဲဒါကို သည်းမခံနိုင်လို့ တောင်းပန်ဖို့သွားတာပါ"

"သူက ဘယ်လိုလုပ် သိတာလဲ"

"ဒီအရင် ငါတို့ ဟိုတစ်နေ့ကတွေ့သေးတယ်၊ ဆာကူရာ နားမှာ၊ ငါက မိုးခိုနေရင်း သူက အဲဒီထဲကထွက်လာတော့ တွေ့သွားတယ်"

"အဲဒီတော့ ! "

"သူ ဘာမှမပြောဘဲ ရှောင်ထွက်သွားတယ် ရန်းရန်း၊ အဲလို ညာထားတာကြီး ပေါ်သွားတော့ ငါ မျက်နှာပူပြီး ရှက်တယ်"

ရန်းရန်းသည် မိုးစွေကို စူးစူးဝါးဝါး စိုက်ကြည့်နေပါသည်။ နွမ်းလျနေတဲ့ မိုးစွေရဲ့မျက်နှာကြောင့် ရန်းရန်း ရင်ထဲ ငိုချင်အောင် နာကျင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... အဲဒီနေ့ကတစ်ခါ ထက်လှ ငါ့ဆီ ဖုန်းဆက်မေးသေးတာ နှင့်ကိုတွေ့လို့ပေါ့။ ဒီနေ့လည်းတစ်ခါ၊ နေပါဦး သူက နှင့်ကိုတွေ့တာနဲ့ ငါ့ကိုလှမ်းလှမ်းပြီး ခုလိုမေးတာကကော ဘာသဘောလဲ"

"ဒါတော့ ငါမရှိဘူး ခရီးသွားတယ်လို့ ပြောတာက နှင်ကိုးဟ"

"ဒီနေ့ကျတော့ နှင် သူ့ဆီရောက်လာလို့ တည့်တည့်ကြီးတွေ့နေတာကိုတောင် ငါ့ကို ဖုန်းဆက်မေးလိုက်သေးတယ်၊ ဒါက တမင်သက်သက် ငါလိမ်သလား ညာသလားရိပြီးမေးတဲ့သဘောပေါ့"

"အဲသလို မတွေးပါနဲ့ဟာ၊ နှင်ပါ သူ့ကိုရောညာလားဆိုတာအပြင် ငါက နှင့်ကိုပါညာပြီး ခရီးထွက်သွားတယ်လုပ်တာလားဆိုတာလည်း သူ တွေးမှာပဲ၊ အဲဒါကြောင့် နှင်ဘယ်လို confirm ဖြစ်လည်း မေးတာပေါ့"

"မဟုတ်ပါဘူးဟာ ငါ သိပါတယ်၊ ဘယ်လိုသိလဲ မမေးနဲ့ အလိုလို သိတယ်၊ အဓိက,က သူ့လေသံပဲ၊ သူက နှင့်အမေနဲ့သူလည်း ခင်ပါတယ်တောင် လုပ်သွားသေးတယ်၊ သူလည်း လှမ်းမေးချင်ရင် ရပါတယ်ဆိုတဲ့ သဘောပေါ့ ..."

နှင် တော်တော်ရှုပ်ပါလား မိုးဇွေ၊ နှင် ဆက်မညာချင်ရင် ညာရတာ Guilty ဖြစ်ရင် ဖုန်းဖြစ်ဖြစ်ဆက်ပြီး ကျွန်တော် ပြန်ရောက်ပြီလို့ လုပ်လို့ရပါတယ်၊ ဒီလိုကြီး လည်စင်းပေးသလို သွားတွေ့တာက ဘာ့သဘောလဲ ဟင်"





"ငါ့မှာ အပြစ်ရှိတယ်"

"ဘာအပြစ်လဲ၊ နှင် ဘာတွေပြောနေတာလဲဟင်၊ ခုလိုညာပြောမိတဲ့ အပြစ်လား၊ ဒါကိုလည်း နှင် ဒီလိုတစ်ယောက်တည်းသွားပြီး အရူးဆန်ဆန် ဖြေရှင်းစရာကိုမလိုပါဘူး၊ ညာခဲ့တာလို့ ပြန်လုပ်တာကိုကမှားတာ၊ ငါပါပါတယ်၊ ငါက ဘယ်လိုမျက်နှာကြီးနဲ့ ထက်လှကို ဆက်ဆံရတော့မလဲ"

"ငါက အခု ငါညာပြောတယ်လို့ပဲ ပြောခဲ့တာပါ။ နှင်လည်းမသိဘူး၊ တကယ်သွားတာပဲ ထင်နေတာလို့ နှင်ပတ်ထွက်လိုက်လို့ ရပါတယ်"

ရှန်းရှန်းက နည်းနည်းတွေဝေငြိမ်သက်သွားပြီးမှ ...

"ကဲ ... ဒါဖြင့် နှင်က ... နှင် ဘာကြောင့် ညာပြောတယ်လို့ ပြောခဲ့လဲ"

"........."

"ပြောလေ ... နှင် ညာရတဲ့ အကြောင်းရင်းကို ဘယ်လို Reason ပေးခဲ့လဲ"

"ငါ့ဟာငါ ကြည့်ပြောလိုက်တယ်"

"ဘယ်လိုပြောလိုက်တာလဲလို့ မေးနေတာ မိုးဇွေရဲ့"

"ဟင့်အင်း"

"ဘာဟင့်အင်းလဲ"

"ငါ အဲဒါ နှင့်ကို မပြောနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

ရှန်းရှန်းက ခေါသူပုန် ပြန်ထလာပါသည်။

"ဘာမို့လို့ ငါ့ကို မပြောနိုင်ရတာလဲ"

"တော်ပါတော့ ရှန်းရှန်းရယ်၊ ငါ့ကို ခဏလောက် ငါ တစ်ယောက်တည်း ထားထားစမ်းပါ"

"ဘာ"

ရှန်းရှန်းက နားနားကျင်ကျင် အံ့သြမိကာ ...

"ဒါ အခု ငါ့ကို နင့်နားက နင်ထုတ်တာပေါ့၊ ဟုတ်လား မိုးဇွေ"

"........"

"နင် ဘာဖြစ်နေတာလဲ မိုးဇွေ၊ နင်အခု ဘာဖြစ်နေတာလဲ ဟင်"

"........"

"နင်နဲ့ ထက်လူ ကြားမှာ ငါမသိတဲ့ ဘာပြဿနာတွေရှိနေလဲ၊ ဘာတွေရှိနေလဲ၊ နင် ဓာတ်ပုံမရိုက်ဘဲ ငြင်းလိုက်တဲ့ကိစ္စမှာ တခြားဘာတွေ နင်တို့နှစ်ယောက်တည်းသိတာ ရှိနေလဲ"

"ရှန်းရှန်း ... ဒါတွေအားလုံးက နင့်ဆန္ဒတွေမဟုတ်လား၊ နင် ဘာမှမတားမြစ်ရင် ငါ ဒီဓာတ်ပုံရိုက်တဲ့ကိစ္စကို ဖျက်စရာတောင် အကြောင်းမရှိပါဘူး"





"အေး ... တားမြစ်တုန်းက ငါ့ဆန္ဒဆိုရင် အခု နင်ညာတာပါလို့ သွားပြောတာကျတော့ ငါ့ကို ဘာလို့တစ်ချက်မှ အသိမပေးလဲ၊ အခုကျတော့ နင့်ဆန္ဒနဲ့နင်"

"ရှန်းရှန်း ... တော်ပါတော့ဟာ၊ နင်လုပ်တာ ငါခေါင်းတွေ အရမ်းကိုက်လာတာ ကွဲတောင်ထွက်တော့မယ်"

"ဩော် ... ငါအပြစ်ပေါ့နော်၊ နင့်ဟာတွေ ဘာတွေလျှောက်လုပ်မှန်း မသိလို့ လာမေးမိတာ ငါ့အပြစ်ပေါ့၊ အေး ... ရပါတယ်၊ နင်မပြောလည်း ထက်လူကို ငါ မေးလို့ရတယ်"

"ရှန်းရှန်း"

"ရတယ် ... နင့်အပိုင်း နင့်သဘော၊ ငါ့အပိုင်း ငါ့သဘောပဲ"

ရှန်းရှန်းက စားပွဲပေါ်ထင်ထားသော သူ့အိတ်ကိုဆွဲကာ အခန်းထဲမှ ဝုန်းဒိုင်းကြဲအောင် ထွက်ခွာသွားပါသည်။ မိုးဇွေက ဆံပင်တွေထဲ လက်ထိုးသွင်းကာ ဦးခေါင်းခွံကို နှိပ်နေမိသည်။ ခေါင်းက တကယ်ကို ကွဲထွက်မတတ် ကိုက်လာတာ။

"သား"

"ဟုတ် ... မေမေ"

"ဘာပြဿနာတွေရှိနေတာလဲ သား၊ ရှန်းရှန်းကလည်း ငိုလို့ ယိုလို့၊ ဝုန်းဒိုင်းကို ကြဲနေပါလား သား။ တော်ရုံတန်ရုံဟာလည်း ကောင်မလေးကို အလိုလိုက်လိုက်ပါ သားရယ်၊ မင်းချစ်သူပဲ မဟုတ်လား၊ မင်းစိတ်ရှည်သည်း



www.burmeseclassic.com

www.burmeseclassic.com

ရမှာပေါ့၊ သူသိချင်တာ ပြောပြမှပေါ့၊ ဘာမို့လို့ မဖြေချင်ရတာလဲ”

“သား ရှန်းရှန်းကို သည်းမခံနိုင်လို့ မဟုတ်ပါဘူး၊ ဒါပေမဲ့ သူမေးတာကိုတော့ ဖြေရအရမ်းခက်နေတယ်”

မိုးစွေ မျက်နှာက အုံ့မှိုင်းနေကာ မျက်လုံးတွေက နာကျင်ကြေကွဲနေပါသည်။ မေမေက တအံ့တသြနှင့် မိုးစွေကို အကဲခတ်ရင်း ...

“ဘာမို့လို့လဲ သား၊ မေမေ့ကိုရော ပြောနိုင်သလား”

မိုးစွေက လည်ချောင်းဝသို့ ခုန်ထွက်တစ်ဆို့လာသော စကားတစ်ခွန်းကို မအောင့်အည်းချင်တော့ဘဲ ...

“မေမေ ... သား ကောင်မလေးတစ်ယောက်ကို သိပ်ချစ်မိသွားလို့ပါ”

“ဟင် ... သားရယ်၊ ဘယ်သူလဲ ဘယ်ကကောင်မလေးလဲ”

“ထက်လှအိပါ”

မေမေ့မေးလိုက်တဲ့ အသံကလည်း အံ့သြတုန်ခါနေပါသည်။

✧ ❦ ✧





“ထက်လှ”

ဖျတ်ခနဲ တက်လာသော စာလုံးလေးကိုမြင်လျှင် ထက်လှ ရင်တွေ ဒိတ်ခနဲ တုန်ခုန်သွားပါသည်။ သူရောက်လာပြီ။ ဟိုးအရင်က ခါတိုင်း သူ online တက်လာတာတတ်တဲ့အချိန် ထက် နောက်ကျနေပေမယ့် သူ တက်လာပြီ။ ဒီညနေ သူစကား လာပြောလိမ့်မည်လို့ ထက်လှ တစ်ထစ်ချ ယူဆထားတာ။

နေ့လယ်က ပြောသွားတဲ့ စကားလေးက ထက်လှ များထဲမှာ ခုချိန်ထိ ပဲ့တင်ထပ် ပွေ့နေတုန်းပေ။ ကျွန်တော် ထက်လှကို ချစ်နေမိလို့ပါ ... တဲ့။ အို ... မိုးစွေရယ် ... ထက်လှ ရင်တွေ ဘယ်လိုခုန်မှန်း မသိပါဘူး။ ထက်လှ တစ်သက်မှာ ဘယ်တုန်းကမှ အခုလို ရင်ခုန်ပုံမျိုး မခံစားခဲ့ဖူးသလို ယောကျ်ား တစ်ယောက်အပေါ်လည်း အခုလို ဘယ်တုန်းကမှ ပူပူနွေးနွေး ခံစားခဲ့ဖူးပါဘူး။

ထက်လှလေ ...။ ထက်လှက နှုတ်ခမ်းလေးကို တင်းတင်းဖိပွတ်ရင်း ခေါင်းလေးကို ခပ်ကြမ်းကြမ်း ယမ်းခါပစ်


www.burmeseclassic.com

www.burmeseclassic.com



ညှိက်သည်။ ခေါင်းထဲ ရင်ထဲရှိနေသမျှတွေကို အဲသလို ခပ်ကြမ်း ကြမ်းကလေး ခါထုတ်ပစ်လိုက်လို့ အဝေးကို လွင့်စဉ်ပြိုကွဲပျောက် ပျက်သွားမယ်ဆိုရင် သိပ်ကောင်းမှာပဲ။

ထက်လှက လက်ထပ်ရတော့မယ့် မိန်းကလေးတ ယောက်ပါ။ အပြစ်တစ်ခု ကျူးလွန်မိဖို့ ထက်လှကို မဖြားယောင် ပါနဲ့နော်။

“ထက်လှ ... ကျွန်တော်ပါ”

သိသားပဲ။ ပြောနေစရာလား။ မိုးစွေဆိုတဲ့ နာမည ကနေ စာတက်လာနေမှတော့ ကျွန်တော်ပါလို့ အသိပေးနေစ လိုလို့လား။ ထက်လှက ဖိထားသော နှုတ်ခမ်းထူထူလေး လွှန့်လွှန့်လေး ပြုံးမိကာ ပါးပြင်ကလေး နှစ်ဖက်ကို ရှက်ရှက်နှ ပွတ်သပ်နေမိသည်။

အားမှာရှိလျှင် မျက်စောင်းထိုးလိုက်မိချင်တဲ့ ခံစား ချက်မျိုးနှင့် အနည်းငယ် ရှက်သွေးဖျန်းနေမိသည်မှာ ဘာကြော ပါလိမ့်။ ဂျီတော့ခ်ပေါ် သူ့မီးကလေး ပြန်စိမ်းလာပြီး ထက်လှ သူ လှမ်းခေါ်တဲ့ ဒီနေ့လေးကို ရင်တွေတအားခုန်ခဲ့ရတဲ့ နေ့ထ နေ့အဖြစ် ထက်လှ မေ့နိုင်တော့မှာ မဟုတ်ပါ။

“မိုးစွေ”လို့ စာလုံးလေးတွေ ပြန်ရိုက်လိုက်ချင် လက်ချောင်းကလေးများကို အချင်းချင်း ပွတ်သပ်လိမ်ချိုးနေမိ ပြင်းထန်သောဆန္ဒတစ်ခုကို ချိုးဖိနှိပ်ကွပ်ထားရသည်မှာ လွယ် တဲ့အလုပ် မဟုတ်ပါ။



ထက်လှ online တက်မလာခင်လေးတင် ရန်းရန်း ဆီမှ ဖုန်းလာတာကို ထက်လှ ပြန်စဉ်းစားနေမိသည်။

“ထက်လှ ... မိုးစွေနဲ့ နင် တွေ့ပြီးပြီဆို”

“အင်း ... ဟုတ်တယ်၊ နေ့လယ်က”

“ဒါများဟယ် ... နင်က ငါ့ကို ပြန်ရောက်ပလား လှမ်း မေးနေသေးတယ်၊ နင့်ဆီလာတွေ့နေမှတော့ ပြန်ရောက်လို့ ပဲပေါ့”

“ဒါပေမဲ့ နင် ဘာဖြေမလဲ ငါ သိချင်လို့ပါ”

“ငါက မရောက်သေးဘူးပဲ ထင်တာလေ”

“ရန်းရန်း ... သူရှိနေတာ နင် တကယ်မသိတာလားဟင်”

“နင်က ဘယ်လိုထင်နေလို့လဲ၊ ငါ့ကို”

“ငါ မထင်တတ်ပါဘူးဟာ၊ စိတ်တွေရှုပ်ထွေးပြီး ဖုန်းဆက် မေးလိုက်တာပါ၊ နင်ပါ ငါ့ကိုညာနေတာလား၊ နင်တကယ် မသိတာလား ဆိုတာလည်း ငါသိချင်တာ”

“ငါက သူ ခရီးသွားနေတယ်ပဲ သိထားတာလေ”

“အင်းလေ ... ငါ စဉ်းစားကြည့်သလောက်လည်း နင့်မှာ ငါ့ကို အဲသလို ညာပြောစရာ အကြောင်းရင်း စဉ်းစားမရ ဘူး”

“အင်းလေ”

“နင့်ကိုပါ သူက ခရီးသွားတယ်၊ ညာသွားတယ်ပေါ့”

www.burmeseclassic.com

www.burmeseclassic.com



"အင်းပေါ့"

"နှင်ပြောတော့ နှင် သူ့အမေနဲ့လည်း တွေ့တယ်ဆို၊ သူ့ အမေကလည်း ဒီလိုပဲ ပြောတယ်ဆိုတော့ ဒီကိစ္စမှာ သူ့ အမေကပါ ဝိုင်းညာပေးတဲ့ သဘောလား"

"သူ့အမေကိုလည်း ညာတယ်လို့ ငါ မစွပ်စွဲချင်ပါဘူ တစ်ခုရှိတာက မိုးစွေက သူ့အမေအိမ်မှာ အိပ်တဲ့အခါအိ ပြီး သူ့စတူဒီယိုမှာ သူ့တပည့်စံတီးနဲ့ အိပ်တဲ့အခါလည် အိပ်တတ်တာ၊ အဲ ... တကယ်လို့ သူက စတူဒီယိုမှာအိ နေပြီး သူ့အမေကို ခရီးသွားတယ်လို့ ညာပြောထားလိုက် သူ့အမေကလည်း ခရီးသွားတယ်ပဲ ပြောတော့မှာပေါ့ဟ"

"ဩော် ... သူက စတူဒီယိုမှာလည်း အိပ်တတ်လား"

ထက်လှက နည်းနည်းဘဝင်ကျသွားပါသည်။ ခုအ မှာ ရန်းရန်းတို့ မိုးစွေအမေ ဆရာဝန်မကြီးတို့ကပါ ဝင်ညာ ကြတယ်ဆိုရင် ဘာကြောင့်ဆိုတာ ထက်လှ အဖြေထွက်အော မစဉ်းစားတတ်ပါ။ ခုလို ရန်းရန်း ပြောပုံဆိုရင်တော့ မိုးစွေဟ အားလုံးကို လိမ်ညာပြီး စတူဒီယိုမှာပဲ ပုန်းအောင်းနေခဲ့တယ်လို့ ဆိုရမှာ။

အဲဒါကတော့ ယုတ္တိရှိသား။ ထက်လှကို ချစ်မိသွာ လို့ပါ ဆိုတဲ့ မိုးစွေဟာ သူ့စိတ်ကို သူချုံးနှိမ်ပြီး ထက်လှနှင့် ဖို့ ရှောင်ဖို့ ကြိုးစားကြည့်တဲ့သဘောပေါ့။ ဟိုတစ်နေ့က Salu





မှာတွေ့လိုက်တော့ စိတ်မလုံတော့ဘဲ ထက်လှ အထင်အမြင် မှာလည်းစိုးကာ ဒီနေ့လာပြီး ဖွင့်ဟဝန်ခံလိုက်တဲ့သဘောပဲလို့ က်လှ နားလည်ထားလိုက်ရပါသည်။

"အင်း ... အိပ်တယ်လေ၊ စတူဒီယိုမှာတောင် ပိုအိပ်ဖြစ် သေးတယ်"

"ရန်းရန်း ... နှင်က မိုးစွေနဲ့ အရမ်းရင်းနှီးတယ်ပေါ့ နော်"

"ဟုတ်တယ်လေ၊ ငယ်ငယ်လေးတည်းက သူငယ်ချင်းပဲ၊ သူ့ဒေါ်လေးနဲ့ ငါ့အမေကလည်း best friend တွေ၊ အရမ်း ချစ်ကြတယ်၊ နှင်နဲ့တောင် ငါ ကိုးတန်းနှစ်ကျမှစခင်ပြီး တက္ကသိုလ်တက်တော့လည်း UFL မှာ တူတူတွဲဖြစ်ခဲ့တာ၊ ဒီကောင်နဲ့တော့ ငါက လေးငါးတန်းကတည်းက စခင်ခဲ့ တာ ..."

ယောက်ျားလေးနဲ့ မိန်းကလေးမို့လို့သာ တတွဲတွဲ သိပ်မဖြစ်ခဲ့ပေမယ့် ကြီးလာတော့လည်း ငယ်သူငယ်ချင်း ဆိုတာ တန်ဖိုးကြီးပစ္စည်းတစ်မျိုးပဲလေဟာ သိတယ်မဟုတ် လား၊ နှင်ကျောင်းပြီးလို့ စင်ကာပူထွက်သွားတဲ့ အချိန်ကျ တော့ ငါတို့ ပိုတွဲဖြစ်လာတယ်၊ ငါက အလှပြင်တဲ့သူ၊ သူက ဓာတ်ပုံဆရာဆိုတော့ လုပ်ငန်းချင်းဆက်စပ်မှုက လည်း အရမ်းရှိလာတော့ ရင်းနှီးတယ်ပေါ့ဟာ"

www.burmeseclassic.com



"သြော်"

"ဒါနဲ့ နေပါဦး၊ နင့်ကို သူက ခရီးသွားတယ်ဆိုတာ ထိ
ညာခဲ့တာပါလို့ ပြောသွားတယ်ပေါ့၊ ဟုတ်လား"

"အင်း ... နင် မိုးစွေနဲ့ တွေ့ပြီးပြီထင်တယ်"

"အင်း ... တွေ့ပြီးပြီ၊ နင်ကလည်း သူ့ကိုတွေ့တယ်၊ သူ
ကလည်း နင့်ကိုတွေ့တယ်ဆိုတော့ ဘယ်လိုတွေ့တာလဲ
ဘယ်မှာလဲ၊ သူ ဘာပြောလဲတွေ ငါသိချင်လာတယ်လေ
အဲဒါကြောင့် သူ့ကို ဖွတ်သွားမေးလိုက်တာ"

"ဒါဖြင့် သူ ဘာပြောသွားလဲ နင်သိပြီးပြီပေါ့"

"ခရီးသွားတယ်ဆိုတာ ညာပြောခဲ့တာပါဆိုတာ အထိတော့
ငါ သိတယ်၊ ဒါပေမဲ့ ဘာကြောင့် ညာရပါတယ်ဆိုတဲ့
အကြောင်းရင်းကိုတော့ ငါ့ကို သူ မပြောဘူး၊ အဲဒါကို ငါ
သိချင်လို့ အခု နင့်ဆီဆက်လိုက်တာ"

"သြော်"

"နင့်ကို ဘယ်လိုအကြောင်းပြချက်ပေးလဲ"

ထက်လှမှာ နှုတ်ဆွံ့အခဲ့ရပါသည်။ ဘယ်လိုများ
ဖြေရမှာပါလိမ့်။

"ဘာကြောင့် နင့်ကို ခရီးသွားတယ်လို့ သူက ညာတာတဲ့
လဲ"

"သူ့မှာ ... အင်း ... ပြောလို့မရတဲ့ ကိုယ်ရေးကိုယ်တာ
ကိစ္စတစ်ခုကြောင့်တဲ့"





ထက်လှက တိုးညင်းအေးဆေးစွာ ညာလိုက်ရပါသည်။ ဘာကြောင့် အမှန်အတိုင်း မပြောချင်မိပါလိမ့်။ ရှက်စရာသည်းကောင်းတာပေါ့။ ပြီးတော့ မိုးစွေကိုလည်း အထင်သေးစရာဖြစ်သွားမှာ စိုးရိမ်သည်။

"ပြောလို့မရတဲ့ ကိုယ်ရေးကိုယ်တာကိစ္စ ! "

"အင်း ..."

"ဟား ဟား ... အဲဒီ မိုးစွေက အတော်ရယ်ရတာပဲ၊ ညာ
မိပါတယ်ဆိုပြီး ညာရတဲ့ အကြောင်းပြချက် လာပြောပါ
တယ်ဆိုမှ ပြောလို့မရတဲ့ကိစ္စတဲ့ ... ဟား ဟား၊ သေးလူ
တွေက သူ့ကိုကြည့်ကျက်နားလည်ပေးကြပေါ့၊ ဖြစ်ရမယ်"

ရှန်းရှန်းက အလွယ်တကူ လက်ခံသွားလို့ တော်ပေသေးသည်။ အမှန်အတိုင်းတော့ ပြောပြလို့ မဖြစ်သေးပါဘူး။ ဆုံစပ်ထားပြီးတဲ့ ထက်လှအပေါ် မိုးစွေက ဒီလိုစကားပြောသွားတယ်ဆိုရင် မိုးစွေ မကောင်းဖြစ်သွားမှာကို စိုးရိမ်ပါသည်။

"ထက်လှ ... ကျွန်တော့်ကို စိတ်ဆိုးနေတယ်ထင်တယ်"

စာလေးတစ်ကြောင်းက ဖျတ်ခနဲ တက်လာသည်။

ဟင့်အင်း ... မဆိုးပါဘူး မိုးစွေရေ။ စိတ်မဆိုးမိတဲ့အတွက်တောင် ကိုယ့်ကိုယ်ကိုယ် စိတ်ပျက်မိပါတယ်။

"ထက်လှ စိတ်ဆိုးတယ်လို့ပဲဖြစ်ဖြစ် ခွင့်မလွှတ်ဘူးလို့ပဲ
ဖြစ်ဖြစ် စာတစ်ကြောင်းလောက် ပြန်ရိုက်ပေးပါ၊ အဲဒါဆို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဘယ်တော့မှ ထက်လှကို မဆက်သွယ်တော့ပါဘူး”

ထက်လှသည် နှုတ်ခမ်းလေးကိုတွန့်၍ ခေါင်းလေးကို အသာအယာလေး ခါယမ်းနေမိပါသည်။ ဘယ်တော့မှမဆက်သွယ်တော့ဘူးဆိုရင် ပိုတောင်မရေးချင်တော့ပါဘူး မိုးစွေရယ်။ မိုးစွေ ဘယ်တော့မှ မဆက်သွယ်တော့မှာကိုလည်း ထက်လှ ကြောက်တယ်။

“ထက်လှ တွေ့တယ်ဆိုတာ ကျွန်တော် သိပါတယ်”

“.........”

“စင်ကာပူက သူငယ်ချင်းတွေနဲ့ စကားပြောနေလို့လားဟင်”

“.........”

“ထက်လှ ဘာမှ ပြန်မပြောရင် ထက်လှ မသွားမချင်း ကျွန်တော်လည်း မသွားဘူး၊ ရှိနေမယ်နော်”

“.........”

“ထက်လှကို သိပ်ချစ်တယ်”

ထက်လှ ငိုချင်လာပြီ မိုးစွေရယ်။

ထက်လှသည် ဂျီတော့ခ်မှာ လောလောဆယ်ရှိမနေသော မမသူဇာထံ စကားပြောဖို့ မဖြစ်နိုင်သေးတဲ့အတွက် Mail နှင့်ပို့ဖို့ စာလေးတစ်စောင် ရိုက်မိလေသည်။ မမသူဇာသည်





ထက်လှ စင်ကာပူရောက်ကတည်း စင်ကာပူမှာ ရှိနေနှင့်သူပင်။ ထက်လှတို့ တစ်အိမ်တည်း အတူနေဖြစ်ကာ ညီအစ်မတွေလို ချစ်ခင်မိကြရှိန်၌ မမသူဇာတွင် ကိုတိုးဆိုတဲ့ ချစ်သူတစ်ယောက်နှင့်၊ ရည်းစားသက်တမ်းလည်း လေးနှစ်လောက်တောင်ရှိ၍ သက်တမ်းရင့်နေခဲ့ပြီ။

တစ်ခုသော မြန်မာသင်္ကြန်တွင် ထက်လှတို့တစ်အုပ်စုလုံးနှင့် ကိုအေးမင်းစောတို့ သူငယ်ချင်းတစ်သိုက် ကြားခံခင်သူ တစ်ယောက်ကြောင့်အားဖြင့် တစ်အုပ်ကြီး ခင်မင်ရင်းနှီးသွားခဲ့ကြပါသည်။

အဲဒီနေ့က “အစ်မ ... အစ်မ”နှင့် မမသူဇာရဲ့ ဆီအမင်းလက်ရာကို အကြိုက်ကျကာ ထပ်ထပ်တောင်းနေတဲ့ ကိုအေးမင်းစောကို အားလုံးပွဲကျခဲ့ရကာ မမသူဇာကလည်း ဇေတနာပိုပိုနှင့် ငါးကြော်လေးတွေ ပုဇွန်ကြော်လေးတွေပါ သူမျှားထက်ပိုထည့်ပေးရင်း တစ်ရက်တည်းနှင့် ခင်မင်ရင်းနှီးခဲ့ပါသည်။

ထူးဆန်းလွန်းတာတစ်ခုက မမသူဇာဟာ နောက်တစ်ရက်မှာပဲ သူ့ရဲ့ချစ်သူ ကိုတိုးကြီးကို ဖြတ်ပစ်လိုက်ခဲ့တာပင်။ ဘာကြောင့်လဲဆိုတော့ “မချစ်နိုင်တော့ဘူး၊ ချစ်စိတ်တွေကုန်သွားလို့”ဆိုတဲ့ ထူးဆန်းတဲ့ အကြောင်းပြချက်ကို ကြားခဲ့ရသည်။ အကယ် အံ့သြစရာကောင်းတဲ့ မမသူဇာဟာ နောင်အခါ ပြန်ပြောပြချက်အရ ကိုအေးမင်းစောကို မြင်မြင်ချင်း တစ်ထိုင်တည်းချစ်



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့မိပြီး သူ့ဘဝမှာ ဒီဟာသာလျှင် အချစ်စစ်စစ်ရယ်လို့ ယတိပြတ် ဆုံးဖြတ်ချက်ချကာ ဒီလူတစ်ယောက်နှင့် ဆုံစည်းရသည်ဖြစ်စေ မဆုံစည်းနိုင်ဘူးဖြစ်စေ ချစ်ခွင့်ရသည်ဖြစ်စေ မရသည်ဖြစ်စေ တကယ့်အချစ်စစ် မဟုတ်မှန်း သူ သေချာနားလည်သိရှိသွားတဲ့ ကိုတိုးကြီးကို ဆက်ပြီးလက်တွဲဖို့မသင့်ဟု ဖြတ်ချပစ်လိုက်ခြင်း ဖြစ်ပါသည်တဲ့။

ကိုတိုးကြီးကို မမသူဇာ ဖြတ်ချိန်မှာ ကိုအေးမင်းစောနှင့် စခင်မင်တာတောင် တစ်ရက်သက်တမ်းသာ ရှိသေးတာပါ။ ရှေ့ဖြစ်လာမည့် ဇာတ်လမ်းဆိုတာ ဘယ်လိုမှ ကြိုတင်မှန်းဆလို့ မရနိုင်သေးတာပေါ့။ အဲဒီကနေ အချိန်ကာလ နှစ်နှစ်လောက်ကြာမှ ကိုအေးမင်းစောထံမှာ မမသူဇာကို တိမ်းညွတ်တဲ့ အရိပ်ယောင်တွေ ရှိလာခဲ့သည်။

အဲဒီအချိန်မှာ ထက်လှက ရန်ကုန်ကို ပြန်လာခဲ့ရသည်။ ထက်လှ ပြန်လာပြီး နောက်မှ သူတို့နှစ်ယောက်ကြားက အခြေအနေ အရပ်ရပ်ဟာ တရိပ်ရိပ် တိုးတက်ပြောင်းလဲ ဆန်းသစ်လာကာ ဒါတွေကို မမသူဇာက လှမ်းပြောနေကျ။

"မမသူဇာရယ် ... ကိုအေးမင်းစောက မမသူဇာကို ချစ်မလာဘူး ဆိုရင်ကော"

ဒါက ထက်လှရော တခြားသူငယ်ချင်းတွေပါ မမသူဇာကို မေးဖူးကြတဲ့ မေးခွန်းတစ်ခုပါ။





"ချစ်မလာလည်း ဘာဖြစ်လဲဟယ်၊ ဒီလိုပဲနေပေါ့၊ မိန်းကလေးဆိုတော့ မျှော်လင့်ရုံပဲလေ၊ ချစ်တဲ့သူနဲ့ လက်တွဲခွင့်မရလည်း နေပါစေ၊ မချစ်တဲ့သူကိုတော့ မချစ်မှန်းသိသိနဲ့ လက်မတွဲချင်တော့ဘူး၊ အဲဒါ မမရင်ထဲက ဆန္ဒအစစ်အမှန်ပဲလေ"

မမသူဇာဟာ ထက်လှတို့ မိန်းကလေးတစ်သိုက်ကြားမှာတော့ အချစ်သူရဲကောင်းပင်။ ကိုအေးမင်းစောက မမသူဇာကို ချစ်စကားဖွင့်ဟလာသည်ဆိုတာ သိရတဲ့နေ့မှာ မမသူဇာကိုအားလုံး Bravo လုပ်ကြသည်။ စင်ကာပူမှာရှိတဲ့ သူတွေလည်းရှိတဲ့အလျှောက် ထက်လှလည်း ဒီကနေလှမ်းပြီး ဝမ်းသာအားရဆုမွန်ကောင်းတွေ တောင်းပေးကြတဲ့အထိ ဝိုင်းဝန်းပျော်ရွှင်ခဲ့ကြတာပါ။

ကိုတိုးကြီးကတော့ နောက်ထပ် အချစ်သစ်တစ်ယောက် ခပ်မြန်မြန်ထပ်ရခဲ့ပြီး ဒီလပိုင်းတွေအတွင်းမှာပင် ရန်ကုန်ပြန်ပြီး မင်္ဂလာပွဲဆင်နွှဲတော့မှာတဲ့။ ဒီဇာတ်လမ်းလေး ဖြစ်ပျက်နေတဲ့ တစ်လျှောက်လုံး သူတို့နဲ့ထပ်တူ စိတ်ဝင်တစား ရင်ခုန်ခဲ့ရတဲ့ ထက်လှသည် ခုချိန်မှာ မမသူဇာနှင့် စကားတွေပြောချင်နေမိပါသည်။ မမသူဇာကလည်း on line ပေါ်တက်မလာတော့ Mail နဲ့ပဲ စာပို့ပြီး စကားတွေ ပြောရတော့မှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"မမသူဇာရေ ...

ထက်လှလေ လူတစ်ယောက်ကို မမျှော်လင့်ဘဲ ချစ်မိသွားလို့ပါ"

စာလေးရဲ့အစကို ရိုက်အပြီး ရင်တွေ တဒိတ်ဒိတ်ခုန်ကာ ထက်လှ ခြေဖျားလက်ဖျားလေးတွေ အေးစက်လျက် မျက်ရည်ရစ်ဝိုင်းလာခဲ့ရပါသည်။

◆ ❦ ◆





## ၁၁

မည်သို့မည်ပုံ ဖြစ်ပျက်သွားသည်မသိ ... လို့ပဲ ...

ပြောင်ချော်ချော် ပြောရတော့မည် ထင်ပါသည်။ ဘယ်လိုမှ တင်းတောင့်မထားနိုင်တဲ့ အသည်းနှလုံးဟာ မိုက်မိုက်မဲမဲနှင့် မိုးဇွေကို ချစ်လိုက်မိလေပြီ။ မိုက်လုံးကြီးသည်ဆိုတာ ကိုယ့်ကိုယ်ကိုယ် သိသိနှင့်ကိုပဲ ထက်လှ မိုက်မဲမိသည်။

"ဇွေးဇွေးရေ ... မမ အပြင်ခဏသွားမယ်"

"ဟုတ်ကဲ့ ... မမ"

ထက်လှက အိမ်က မာမီထည့်ပေးလိုက်တဲ့ မယ်လ်ခင်းသုံးဆင့်ထမင်းချိုင့်လေးဆွဲကာ ထွက်လာခဲ့ပါသည်။ ကောင်မလေးတွေကတော့ ထမင်းဘယ်သွားစားတာလဲ ထင်ကြတွေးကြမှာပင်။ အဟင်း ဟင်း။ အလိုလို အပြုံးကာ ရယ်ချင်ပါရဲ့။ ထက်လှက ဖုန်းထုတ်၍ နှိပ်ကာ ...

"ဟယ်လို ... မိုးဇွေ"



www.burmeseclassic.com

www.burmeseclassic.com



"ထက်လှ"

"ထက်လှ လာနေပြီ သိလား၊ လမ်းမှာ၊ မိုးဇွေ ဘာစား ချင်လဲ၊ ဘာဝယ်ခဲ့ရမလဲ"

"ဘာမှမဝယ်ခဲ့နဲ့၊ လူပဲမြန်မြန်ရောက်အောင်လာ"

"မုန့်တစ်ခုခုလေ မမှာဘူးလား"

"ဟင့်အင်း ... မိုးတွေရွာနေတယ်၊ ဘာမှဆင်းဝယ်မနေနဲ့ ကားဖြည်းဖြည်းမောင်းနော် ထက်လှ"

"အင်းပါ ... အေးဆေးပါ"

"ဖုန်းချတော့၊ မိုးထဲ ကားမောင်းရင်း ဖုန်းမပြောနဲ့"

"ဟင့်အင်း ... ချဘူး"

"ထက်လှနော် ... ကျွန်တော် စိတ်ပူအောင် မလုပ်နဲ့ဗျာ ဖုန်းချတော့"

"အင်း ... အင်း၊ စကားနားထောင်တယ်နော် ... တစ်မှတ်"

ထက်လှက ဖုန်းပိတ်ကာ ပြုံးစိစိလေးနှင့် ကားဆက် မောင်းလာသည်။ ဘာတွေကို အလကားနေရင်း ဒီလောက်ပျော်နေ လဲ ကိုယ့်ဟာကိုယ်လည်း မသိတော့။ အချိန်တိုင်း ပျော်နေသည်။ မိုးဇွေအကြောင်း တွေးလိုက်တာနှင့် နှုတ်ခမ်းနစ်လွှာက အလိုလို ပြုံးအိညွတ်နူးသွားတတ်လေသည်။

ချစ်လိုက်တာ။ ချစ်လိုက်တာ မိုးဇွေရေ။ ယောက်ျား တစ်ယောက်ကို ဒီလောက်တောင် ချစ်နိုင်ဟာပါလား။ ဒီလောက် ထိတောင် ချစ်လို့ရတာပါလား။ မသိခဲ့ရပါလား။ ချစ်သူ





ညည်းစားတွေဆိုတာ ခင်ခင်မင်မင် သာသာယာယာလေး ခပ်တန်း တန်းလေးသာ ချစ်ကြရတာ ထင်နေတာလေ။

ခုတော့ ထင်တာနဲ့အလွဲ။ သဲသဲမဲမဲ ရှူးရှူးမူးမူး ရူးစူးနစ်နစ် ချစ်လိုက်ရသည်မှာ ရင်ထဲလှိုက်လှဲပြီး မောတောင်နေ သလိုပင်။ မိနစ်တိုင်း စက္ကန့်တိုင်း၌ချစ်ကာ မိုးထဲ လေထဲ နေပူထဲ နေရှာမရွေး ချိန်ခါမရွေး အကြောင်းသုံးပါးမရွေး ခိုက်ခိုက်တုန် အောက်မတတ် ချစ်လေသည်။ ရူးနေသလိုပါပဲလား မိုးဇွေရယ်။

လမ်းကနေ မုန့်ဝယ်မလာနဲ့ ဆိုပေမယ့် မိုးဇွေရဲ့ စတူဒီယိုရှိရာ တိုက်အောက်နားရောက်တော့ မိုးဇွေ ကြိုက်မှန်းသိ သားတဲ့ ကုလားဆမူဆာသုပ်၊ ဗယာကြော်သုပ်ဆိုင်ကို တွေ့တော့ တိုက်စွန်းလေးမှာ မိုးခိုရင်း ဝယ်လိုက်ပါသေးသည်။ ထက်လှ စတူဒီယိုပေါ် တက်သွားချိန်၌ စတူဒီယိုထဲတွင် ကောင်မလေးနှစ် ယောက် ဓာတ်ပုံရိုက်နေကြသည်။

"ထက်လှ ... ပြီးတော့မယ်၊ ခဏလေးစောင့်နော်"

လှမ်းပြောလိုက်တဲ့ မိုးဇွေရဲ့ မြတ်နိုးခြင်းတွေ ရွှန်း သွဲ့ဝင်းအိနေတဲ့ မျက်နှာကိုတစ်လှည့်၊ ဝင်းလက်ရွှန်းတောက်နေ တဲ့ ထက်လှရဲ့ အကြည့်အပြုံးလေးတွေကိုတစ်လှည့် ကောင်မလေး တွေက ကြည့်ရင်း ...

"မမရှန်းရှန်း မလာဘူးလား ကိုမိုး"

ရင်းနှီးနေကြတဲ့ ကောင်မလေးများ ဖြစ်မည်လို့ ထက်လှက တွေးမိပါသည်။ ရှန်းရှန်းကိုတောင် သိနေကြတာလေ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ကောင်မလေးတွေဟာ ရန်းရန်းနဲ့လည်း မိတ်ကဖ် လိမ်းမှူးကာ ရန်းရန်းကို မိုးစွေချစ်သူအဖြစ်တောင်မှ သိကြပြီးသား မို့ ထက်လှနှင့် မိုးစွေတို့ရဲ့ အပြန်အလှန် အကြည့်တွေကို အဓ ခတ်ရင်း တမင်တကာ ရန်းရန်းနာမည် ထုတ်မေးကြတာဆိုတာ တော့ ထက်လှ မသိပါလေ။

"ဒီအချိန် ဘယ်လာနိုင်မလဲဟ သူ့ဆိုင်မှာပေါ့၊ ဒီမှာလိမ်း ဖို့ရှိမှ လာမှာပေါ့"

ထက်လှကတော့ မိုးစွေရဲ့ခတ်ပုံရိုက်ကူးဟန်လေး တွေကိုပဲ ကြည့်ကောင်းကောင်းနှင့် ထိုင်ငြိုးငေးမောပြုံးကြည့်နေ ပါသည်။ သိပ်ချစ်မိတော့လည်း မျက်စိထဲမှာ သူဖြစ်နေသမျှ လုပ်နေသမျှဟာ အချောအလှ အကောင်းအတော်တွေချည်း ဖြ နေတော့တာပင်။

"ကဲ ... ပြီးပြီ၊ နက်ဖြန်လာခဲ့လေ၊ ကောင်းတာလေးရွေး ငါ ရွေးထားလိုက်မယ်၊ ညည်းတို့ ဓာတ်ပုံတင်ရမှာ ရက်လောက် လိုသေးတယ် မဟုတ်လား"

"ဟုတ်"

ကောင်မလေးတွေက title ပြိုင်ပွဲတစ်ခုအတွ ဝင်ပြိုင်ဖို့ ဝင်ခွင့် form မှာထည့်ရန်ပုံတွေ လာရိုက်တဲ့သူလေးတွေ

မိုးစွေက ကင်မရာကိုချကာ ထက်လှနားက ထို တစ်ခုမှာ ဝင်ထိုင်လိုက်ပါသည်။

"စံတီးရေ ... ပန်းကန်ယူခဲ့"





စံတီးက စမူဆာသုပ်ထည့်ထားတဲ့ ပန်းကန်ကိုသယ် လာသည်။

"မိုးစွေ ဒီမှာလေ မိုးစွေကြိုက်တယ်ဆိုလို့ ဆိတ်သားကို မွှမွှလေးကြော်တဲ့ဟာ ထမင်းချိုင့် ထည့်လာတယ်"

"ဟင် ... ထက်လှ ကြော်တာလား"

"အဟင်း ဟင်း ... ထက်လှမှ မကြော်တတ်တာ"

"ဩော် ... ဟား ဟား၊ အိမ်ကကြော်တာပေါ့"

"အင်း ... ထက်လှက ကြော်ခိုင်းလိုက်တာလေ"

"ဟာ ... ထက်လှက အရမ်းတော်တာပဲ"

"အင်း ... ဘာဖြစ်လို့"

"ကြော်ခိုင်းတတ်လို့လေ ... ဟင်း ဟင်း ..."

"မိုးစွေနော်"

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ရယ် ာ ပြုံးကာ စကာ နောက်ကာ တစ်ခါတစ်ရံ မိုးစွေ နဖူးကို က်လှက လက်ညိုးလေးနှင့်တွန်းကာ ထက်လှရဲ့ရှေ့ဆံပင်တွေကို စွေက ဖွပစ်ကာ၊ ကယုကယင် အသည်းပို ကျီစယ်နေကြတဲ့ က်လှနှင့် မိုးစွေကို စံတီးက မယောင်မလည် တအံ့တသြ ဲခတ်နေတာကို ထက်လှကတော့ မသိနိုင်ပေမယ့် မိုးစွေက ော့ သိပါသည်။

သိမှာပေါ့။ ချစ်သူဖြစ်သော ရန်းရန်းနှင့် အကြိမ် င်း မရေတွက်နိုင်အောင် ဒီစတူဒီယိုခန်းထဲ အတူတူ စား



www.burmeseclassic.com

www.burmeseclassic.com



သောက်ဖူးသော်လည်း တစ်ခါမှ ခုလို မိုးစွေ အရူးအမူး ကြည့်
နေတဲ့အမျိုး ဒီကောင် တွေ့ဖူးတာမှ မဟုတ်တာ။ သူ့ဆရာ ပျော်
မြူးနေတဲ့အတွက် သူလည်း ရောယောင်ပျော်မြူးသွားတတ်သေ
လည်း စံတီးစိတ်တွေလည်း ကျဉ်းကျပ်နေတာ မိုးစွေ သိသည်
စံတီးဟာ ရှန်းရှန်းနှင့်အတူ နောက်ဖက်မီးဖိုခန်း
မှာ အတူချက်ဟယ် ပြုတ်ဟယ် အိမ်သန့်ရှင်းရေးလုပ်ဟယ်
တရင်းတနှီးလည်းရှိ ရှန်းရှန်းကို ကြောက်လည်းကြောက်
ရှန်းရှန်းအပေါ် သူ့ရဲ့ဆရာကတော်လောင်းလိုမျိုး ခင်မင်လေ
စားရင်းလည်း ရှိပြီးသား မဟုတ်လား။

"တက်လှ ... ဆိုင် ဘယ်လိုလဲ"

"ပုံမှန်လေးပါပဲ။ ထက်လှ နှစ်နာရီလောက်ဆို ပြန်တ
ထက်လှတို့ ဟိုဘက်ခြံလွတ်မှာ ဂိုဒေါင်လေးရှိပြီးသား
အဲဒါကို အခုပြင်ပြီးပြီ၊ ထက်လှ စက်တွေမှာထားတာလ
ရှေ့တစ်ပတ်လောက်ဆို ရောက်ပြီ၊ အဲဒီမှာပဲ အထည်
အသေးစားလေးပေါ့ လုပ်မယ်လေ၊ ထက်လှ ဒီဇိုင်းအ
တွေဆွဲထားတာတော့ အများကြီးပဲ၊ စနိုင်တာနဲ့ စ
တော့မှာလေ၊ တော်ဝင်မှာ ဆိုင်နောက်တစ်ခန်းလည်း
ထားသေးတယ်၊ အဲဒီ Designer's clothes တွေက
သပ်သပ်တင်မယ်"

"ထက်လှ အလုပ်တွေများမှာပဲ"

"ဟုတ်တယ် မိုးစွေရယ်"



"ပင်ပန်းနေမှာပေါ့"

"ဟင့်အင်း ... ဘာလို့လဲမသိဘူး ခုတလော လူကပျော်ပြီး
ပေါ့ပါးနေတာပဲ။ ပင်ပန်းပါဘူး အလုပ်တွေရှုပ်နေတဲ့ကြား
က ပျော်နေတာပဲ၊ ထက်လှလေ မိုးစွေဆီလာရမယ့် ဒီနေ့
လယ်ပိုင်းတစ်ချိန်၊ ညနေ online မှာ တွေ့ရမယ့်တစ်ချိန်
အဲဒီအချိန်လေးတွေကို မှန်းပြီးတော့ အချိန်တိုင်း လူက
သွက်လက်ပေါ့ပါးပြီး ရင်တွေခုန်နေတယ် ...

ခုဆိုရင်လေ ထက်လှတို့ online မှာဆုံတာ ညရှစ်
နာရီဆိုတော့ ရှစ်နာရီထိုးခါနီးရင် ရင်တွေအရမ်းခုန်ပြီး
သိပ်စိတ်ချမ်းသာတာပဲ၊ တကယ်တွေ့နေရတဲ့အချိန်ဆို ပြော
မနေနဲ့တော့"

မိုးစွေသည် ကြည်နူးနှစ်သိမ့်ရင်းကပဲ ရင်ထဲကြေကွဲ
ရင်း ထက်လှကိုလည်း သနားသွားကာ ထက်လှရဲ့လက်ဖျားထိပ်
လေးကို လှမ်းဆုပ်ထားမိလိုက်သည်။ ထက်လှကို သနားသည်။
သူ့ဟာသူ ချစ်သူလူချွမ်းသာနှင့် အေးအေးချမ်းချမ်း လက်ထပ်ခါ
ဆဲဆဲမှာ သူက ရုတ်တရက်ပေါ်လာပြီး ခံစားချက်ကို မစောင့်
ည်း မထိန်းချုပ်နိုင်ဘဲ ပေါက်ကွဲမိ၍ ထက်လှ သူ့ကိုပြန်ချစ်မိ
တာ။

"ညဆို ဒီဘက်မှာ မိုးစွေနဲ့ g-talk လေးပြောလိုက်၊ လက်
က ဒီဇိုင်းလေးတွေထုတ်ပြီး ပုံဆွဲနေလိုက်နဲ့ အဲဒီအချိန်လေး
က အရမ်းကြည်နူးသာယာဖို့ ကောင်းတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ထက်လှရယ်"

"မိုးဇွေ"

"………"

"မိုးဇွေ မျက်နှာမကောင်းပါလားဟင်၊ ဘာဖြစ်လို့လဲဟင်"

"ထက်လှကို ကျွန်တော် သိပ်ချစ်တာပဲ ထက်လှရယ်"

ထက်လှက မျက်နှာနီမြန်းမြန်းလေးနှင့်ပြုံးရင်း

"အဲဒါ မျက်နှာညှိုးနွမ်းစရာလားလို့"

"ထက်လှ ကျွန်တော့်ကြောင့် ငြိမ်သက်နေတဲ့ ဘဝလေး"

"တော်ပါတော့ မိုးဇွေရယ်"

ထက်လှ လက်ညှိုးလေးက မိုးဇွေ နှုတ်ခမ်း အသာအယာလေး တို့ဖိလာကာ စကားမဆက်ဖြစ်အောင် တား လိုက်ပါသည်။

"ထက်လှက ပျော်နေတာကို မိုးဇွေရယ်"

"ဒါပေမဲ့လေ … ကျွန်တော် ထိန်းချုပ်နိုင်ခဲ့ဖို့ သင့် ကျွန်တော့်အပြစ်ပါ"

ထက်လှ မျက်နှာလေးပါ ရောယောင်ငိုင်တွေ ရင်း …

"ထက်လှ အပြစ်ပါ၊ ထက်လှက ထိန်းချုပ်နိုင်ရမှာ"

"ထက်လှမှာ အပြစ်မရှိပါဘူး"

"ရှိတယ် … ထက်လှက အပြစ်ပိုကြီးတယ်၊ ထက်လှ ထဲမှာ ဘယ်လိုရှိရှိ မိုးဇွေကို ငြင်းရမှာလေ၊ အဲဒီတုန်း





ငြင်းလိုက်ရင် မိုးဇွေ ခံစားရလည်း အချိန်တစ်ခုပဲပေါ့၊ ခုမှဆိုရင် မိုးဇွေ အရမ်းခံစားရမှာနော်"

ထက်လှ စကားကြောင့် မိုးဇွေ ရင်မှာ မလုံခြုံ။ ထက်လှကို ဖွင့်ပြောချင်သည်။ ဘယ်စကားကစ ဖွင့်ပြောရပါ့။

"ဒါပေမဲ့ ထက်လှ၊ ထက်လှ စိတ်မဆင်းရဲပါနဲ့၊ ကျွန်တော် ထက်လှရဲ့ဘဝလေးကို ဘာမှအနှောင့်အယှက်ပေးဖို့ ရည်ရွယ်ချက် မရှိပါဘူး"

ထက်လှ မျက်လုံးထဲ မျက်ရည်လည်လာကာ မျက်နှာလေး စိုက်ချပြီး ထမင်းချိုင့်အံထဲကိုသာ ဇွန်းနှင့်မွှေနှောက်နေသည်။ ထက်လှ စိတ်မကောင်းဖြစ်သွားတာကိုသိ၍ မိုးဇွေ နောင်တရပါသည်။ ဘာကြောင့် ဒီစကားတွေ စမိပါလိမ့်။ ပျော်ပျော်ရွှင်ရွှင် ရှိနေရမယ့် အချိန်ထဲမှာ။

ဒါတွေဟာ မေ့လျော့ထားလို့ရတဲ့ အရာတွေမဟုတ်ပေမယ့် ထက်လှရဲ့တစ်နေ့တာမှာ အပျော်ဆုံးအချိန်ဆိုတဲ့ ဒီအချိန်လေးတွေမှာ ထက်လှ စိတ်ဆင်းရဲရမှာကို သနားသည်။

"ထက်လှကို အရမ်းချစ်တယ်ဆိုတာ ထက်လှသိတာ ထက်လှ ယုံကြည်တာနဲ့တင် ကျွန်တော် ကျေနပ်ပါပြီ ထက်လှရယ် … နော်"

"………"

"ထက်လှ စိတ်မကောင်း ဖြစ်သွားလား"

"………"



www.burmeseclassic.com

www.burmeseclassic.com



"ထက်လှ ပြုံးနော်၊ ကျွန်တော့်ကို ချစ်တယ်မဟုတ်လား"

ပင့်တင်လိုက်တဲ့ မျက်လွှာစပ် မျက်တောင်ရင်းမှာ မျက်ရည်စွန်းကလေး စို့စွတ်ပြီး သီးနေပုံက လှပလွန်းတဲ့ ထက်လှ ရဲ့မျက်နှာကလေးကို ကဗျာဆန်နေစေသည်။ မိုးစွေက ထက်လှကို လက်ကာပြကာ ...

"ထက်လှ ငြိမ်ငြိမ်လေး"

မိုးစွေက ဟိုဘက်စားပွဲပေါ်က ကင်မရာကို ကမန်းကတန်း လှမ်းဆွဲယူလိုက်ရင်း ထက်လှ မျက်နှာကို အမြန်ဆုံးရိုက် လိုက်ပါသည်။

"မိုးစွေ"

"ဒီကလေး ... ထက်လှ ငြိမ်ငြိမ်လေး"

"ဟိုးလည်းမလင်း အပြင်ကလည်း အုံ့မှောင်လို့"

"ရတယ် ... အဲဒီအမှောင်လေးကိုပဲရိုက်တာ၊ မပြုံးနဲ့"

ထက်လှက သက်ပြင်းလေးချရင်း မိုးစွေကို ငြိမ် တွယ်တွယ်လေးပဲ ကြည့်နေလိုက်ပါတော့သည်။

"ထက်လှကို ကျွန်တော် သိပ်ချစ်တယ်၊ ကျွန်တော့်ဘဝမှာ အချစ်ဆုံးသိလား၊ အဲဒါကိုသိနေတဲ့ မျက်လုံးလေးတွေ ကျွန်တော် ယူထားချင်တာ၊ သိမ်းထားချင်တာ"

ထက်လှ မျက်ဝန်းထဲမှာ မိုးစွေအချစ်ကိုသိတဲ့ အသိ တွေအပြင် မိုးစွေကို သိပ်ချစ်မိတဲ့ အချစ်တွေလည်း ပါနေမှာသေ ချာပါတယ် မိုးစွေရယ်။ တကူးတကလည်း လုပ်ယူနေဖို့မလိုဘူး





မိုးစွေကို အချိန်တိုင်း ထက်လှ သိပ်ချစ်နေတာကိုး။ မှန်မှန်မှား မှား သင့်တော်တော် မသင့်တော်တော် မိုးစွေကို ထက်လှ အရမ်း ချစ်တာပဲ မိုးစွေရယ်။

မကောင်းဘူးဆိုတာ သိပါတယ်။ ဒါပေမဲ့ မဆင်ခြင် နိုင်ခဲ့လောက်အောင် မိုးစွေကို ချစ်စိတ်က ပြင်းထန်အင်အားကြီးခဲ့ တယ်။

✧ ❦ ✧



www.burmeseclassic.com

www.burmeseclassic.com



## ၁၂

"ထက်လှဖို့ ကျွန်တော် မြေအိုးမြီးရှည် လုပ်ထားတယ်"

"ဟင် ... တကယ်"

"တကယ်ပေါ့ ထက်လှရဲ့"

"မိုးစွေ ကိုယ်တိုင် လုပ်တာလား"

"အင်းပေါ့ဗျ"

"မိုးစွေ လုပ်တတ်တယ် ! "

"အင်း ... မေမေနဲ့ ဒေါ်လေးက အိမ်မှာလုပ်လေ့ရှိ ကျွန်တော်လည်း မကြာမကြာမြင်ပြီး ဘာပြီးဘာ ဘာအချိုးအဆ ဆိုတာ ကျွမ်းနေပြီ၊ ဟိုတစ်နေ့က ထက် က မိုးအေးအေးလေးမှာ မြေအိုးမြီးရှည် ကောင်းကော လေး စားချင်လိုက်တာဆိုတာနဲ့ ဒီမနက် မိုးအုံ့နေ မိုးအေးမယ့်ပုံပဲဆိုပြီး စံတီးကို ဒီနားကဈေးလေး ပြေး လိုက်တယ်လေ၊ ပြီးတော့ ကျွန်တော် ချက်နေတာ"





"မိုးစွေရယ် ... ခုတောင် ပြေးလာပြီး စားချင်လာပြီ"

"ပြီးတာက ပြီးနေပါပြီ၊ ဒါပေမဲ့ ခါတိုင်းအချိန်ပဲလာလေ ထက်လှ၊ ဒါမှ ထက်လှ စားနေကျဗိုက်ဆာတဲ့အချိန် စားနိုင်မှာပေါ့၊ ခုဆိုရင် သိပ်မစားနိုင်ရင် စိတ်မကောင်းဖြစ်နေရဦးမယ်"

ထက်လှသည် ရုတ်တရက်ဝင်လာသော Second Call သံကြောင့် ဖုန်းကိုကြည့်လိုက်ရင်း ...

"မိုးစွေ ခဏလေး ကိုင်ထား၊ ဆက်ကိုင်ထားနော် မချနဲ့၊ Second Call ဝင်လာလို့"

"ဟုတ် ...၊ ကိုင်ထားမယ် ထက်လှ"

"မာမီဆက်တာမို့လို့"

"ရတယ် ထက်လှ၊ အေးဆေးပြော၊ ကိုင်ထားမယ်"

"ဟုတ်"

ထက်လှက မာမီဖုန်းကို လက်ခံလိုက်ရင်း ...

"မာမီ"

"ဖုန်းပြောနေလား သမီး၊ မင်းသူရမောင်နဲ့လား"

"မဟုတ်ဘူး မာမီ၊ တခြားထစ်ယောက်ပါ၊ မာမီဘာပြောမလို့လဲဟင်"

"မင်းသူရမောင် လာခေါ်လိမ့်မယ် သမီး၊ လက်ထပ်လက်စွပ်အပ်ဖို့လို့ ပြောတယ်၊ ခုပဲ မာမီလိုက်ဦးမလားလို့ ဖုန်းဆက်လို့"



www.burmeseclassic.com

www.burmeseclassic.com



"အခုသွားရမှာလား"

"ဟုတ်တယ်၊ မကေသီတို့ဆီမှာ စိန်အသန့် ဘယ်လ်ဂျီယမ် ပွင့်ကောက်ထုပ်တွေ ရောက်ပြီလို့ ဖုန်းဆက်လို့တဲ့"

"ဟင် ... နက်ဖြန်မှ သွားလို့မရဘူးလား၊ မာမီကလဲ"

"ဟဲ့ ... တစ်ရက်ဆိုတစ်ရက် လာရွေးကောက်သွားကြမှာ လေ၊ တစ်–ကိုက်အလုံးညီလေးတွေ သန့်ပြီး စင်ပြီး အရမ်းလှတာပဲတဲ့၊ ကိုယ်က သူများရွေးကျန် အကျွတွေရမှာပေါ့၊ စိန်ထည်လေးတစ်ခုခု ဝယ်ပလားဆို ညည်းပဲ ကြေးများလို့မဆုံးဘူး၊ ဒီနေ့ပဲ သွားလိုက်၊ မင်းသူရမောင်လည်း လာနေပြီ"

"ဟာ ... မာမီကလည်း ထက်လှ ဒီနေ့ အလုပ်ရှိသေးတယ်"

"ဘာအလုပ်လဲ၊ ဆိုင်ခဏပစ်ခဲ့တာ ဘာဖြစ်မှာမို့လဲ"

"သူငယ်ချင်းတစ်ယောက်ကိစ္စ သွားစရာရှိသေးတယ် မာမီရဲ့"

"ဘယ်သူငယ်ချင်းလဲ၊ ဘာကိစ္စလဲ"

"အို ... မာမီ သေချာမသိပါဘူး၊ စင်ကာပူကတစ်ယောက်ပါ၊ သူ့ကိစ္စလေးတွေ လုပ်ပေးစရာရှိတယ်၊ သမီးကိုအမြဲကူညီဖူးတဲ့သူ၊ လုပ်မပေးလို့ မကောင်းဘူး"

"အေးပါ ... လုပ်ပေးပါ၊ ဒါပေမဲ့ ဟိုစိန်ကိစ္စက ဘာကြာမှာမို့လဲ ထက်လှ ... ဘာမှဂျီတိုက်မနေနဲ့၊ မင်းသူရမောင်နဲ့ အရင်လိုက်သွားလိုက်"





ထက်လှက မျက်နှာလေးရှုံ့မဲ့ရင်း ...

"မာမီကလည်း တကယ်ပဲ၊ ညနေမှသွားလည်း ရတာကို ထက်လှ သူ့ဆီဆက်လိုက်ပါ့မယ်"

"မရဘူး၊ ဘာမှမကြာတဲ့ကိစ္စကို ကြေးများမနေနဲ့၊ ခေါင်းမာမနေနဲ့၊ ညည်း နောင်ကိုလည်း မင်းသူရမောင် လုပ်ချင်တဲ့ကိစ္စနောက်မှ ကိုယ်လုပ်ချင်တဲ့ကိစ္စအရင် ဆိုတဲ့ တွက်ကပ်စိတ်မျိုးမထားနဲ့၊ ကိုယ့်ကို သူက ကောင်းကောင်းလေး ရွေးဝယ်ပေးမယ့်ကိစ္စကို၊ အလိမ္မာမရှိဘူး သူက အချိန်ရွှေ့ရဦးမယ်လို့"

"မာမီကလည်း တကယ်ပဲ"

တကယ်တမ်းတွင် ထက်လှသည် မာမို့စကားနားထောင်ရတဲ့ သမီးတစ်ယောက်သာ။ မာမို့စကားဆို ထက်လှတင်ကာ ဒက်ဒီတောင် တော်ရုံတန်ရုံ ပယ်ရှားဆန့်ကျင်လို့ ရတာမဟုတ်ဘဲ။

"ကဲ ... ဒါပဲ ... ဒါပဲ။ အဆင်သင့်လုပ်ထား၊ ခုလောက်ဆို ညည်းတို့ရှေ့တောင် ရောက်လုပြီ၊ ကြီးတာနဲ့ ကောင်းတာလေးရွေးခဲ့၊ တစ်ကိုယ်ဆိုပေမယ့် ငါးမတ် တစ်ခွဲဆိုလည်း လှတာပဲ၊ သိလား သမီး"

ခါတိုင်းဆို မာမီလောဘတက်နေတယ်ပေါ့ရယ်လို့ အိခနဲရယ်မောကာ စ,မိမည်ဖြစ်ပေမယ့် ခုတော့ ထက်လှမျက်နှာလေးက ရယ်ဖို့ဝေးလို့ ပြုံးတောင်မပြုံးနိုင်အောင် ရှုပ်ပုပ်လေး ဖြစ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မာမီ့ဘက်ဖုန်းကိုချကာ ...

"မိုးစွေ ရှိသေးလား"

"အင်း ... ရှိတာပေါ့၊ ထက်လှက စောင့်နေဆို"

"ဆောရီး မိုးစွေရယ်၊ ကြာသွားတယ်"

"ရပါတယ်၊ ထက်လှ မာမီက ဘာတဲ့လဲ၊ အရေးကြီးရင် သေချာပြောလေ၊ ကျွန်တော် နောက်မှပြန်ခေါ်မယ်"

"ပြီးပါပြီ"

"ဟုတ်"

"မိုးစွေရယ် ... စိတ်တောင်ညစ်တယ်"

"ဘာဖြစ်လို့လဲ ထက်လှရဲ့"

"ထက်လှ ခုချက်ချင်း မလာနိုင်သေးဘူး သိလား၊ သွား စရာတစ်ခုက ရှိလာတယ်"

"ဩော် ... သွားပါ ထက်လှရဲ့၊ နောက်မှလာပေါ့၊ ဘာ… နဲ့လား"

"ကိုမင်းသူရမောင်နဲ့ပါ"

"ဩော်"

မိုးစွေအသံများတိတ်ပြီး သိမ်ငယ်သွားသလား… ထက်လှ ကရုဏာသက်ရပြန်သည်။

"နောက်မှသွားမယ်လို့ ငြင်းနေတာ မာမီက မရဘူးဆို…"

"အင်းလေ ... သွားလိုက်ပါ ထက်လှရယ်၊ ကိစ္စရှိလို့ပဲ…"





ဘာကိစ္စလဲ ရှင်သိလို့လား မိုးစွေရယ်။ လက်ထပ် လက်စွပ်အပ်ရမှာလေ။ ထက်လှ မအပ်ချင်ဘူး၊ မလုပ်ချင်ဘူး မိုးစွေရယ်။

"ထက်လှ"

"........."

"စိတ်မကောင်း ဖြစ်မနေနဲ့၊ ကျွန်တော့်ကိုလည်း အားမနာ ပါနဲ့။ တကယ်လို့ သွားရင်းနဲ့ ကိစ္စမပြတ်လို့ အချိန်ကုန် သွားလည်း ထားလိုက်နော်၊ စိတ်ကြည်ကြည်လင်လင်နဲ့ ပြီးတဲ့ထိ နေပါ"

"ထက်လှ မသွားချင်ဘူး"

"ကျွန်တော် သိတယ်၊ ထက်လှအသံကို နားထောင်တာနဲ့ သိတယ်၊ ပျော်ပျော်ရွှင်ရွှင် သွားပါ။ ဒီနေ့ အဆင်မပြေ လည်း နောက်နေ့ ကျွန်တော် ထပ်ချက်ကျွေးမှာပေါ့၊ ဘာမှ ပြဿနာမရှိဘူး သိလား"

ဘယ်လိုလုပ် ပျော်ပျော်ရွှင်ရွှင် သွားနိုင်ပါ့မလဲ မိုးစွေရယ်၊ ထက်လှ ခေါင်းထဲမှာ ရင်ထဲမှာ အချိန်တိုင်း မိုးစွေက ပြည့်နေရာယူထားပြီ။ မိုးစွေက ဘာပြဿနာမှ မလုပ်မှာသိပေ မယ့် အဲဒီပြဿနာက ထက်လှ ရင်ထဲမှာ။ ထက်လှ ရင်ထဲမှာက ပြဿနာလေ။

"ထက်လှ"

"........."



www.burmeseclassic.com

www.burmeseclassic.com



"သွားရတော့မယ်ဆို ဖုန်းချလိုက်တော့လေ"

"ထက်လှ နည်းနည်းနောက်ကျပြီး လာခဲ့မယ်နော်"

"လာလေ ... ထက်လှ အဆင်ပြေသလို လာပါ"

ထက်လှသည် ဖုန်းချအပြီး စိတ်တွေ ထွေနောက်မှုန် မှိုင်းနေပါသည်။ ဆိုင်ရှေ့ကို မင်းသူရမောင် ရောက်လာတဲ့အချိန် ထိ မကြည်သာနိုင်။ ဘာမှမသိဘဲ ဆိုင်ရှေ့ရပ်ကာ ဘောင်းဘီ အိတ်နှစ်ဖက် လက်နှိုက်၍ သူ့ကို ချစ်စနိုး ပြုံးစိုက်ကြည့်ရပ်စောင့် နေတဲ့ မင်းသူရမောင်ကို အလိုလို မျက်စိစပါးမွေးစူးမိကာ ကိုယ့် ဘက်က အဲသလိုဖြစ်နေတာကိုလည်း အားနာရပြန်သည်။

"ထက်လှက သွားစရာရှိတာ ကိုရဲ့"

"ဟုတ်လား ... ဘယ်ကိုလဲ"

"စင်ကာပူက တစ်ယောက်ကို ဒီက ကူလုပ်ပေးစရာလေး ရှိလို့ပါ"

"ဘယ်တစ်ယောက်လဲ"

သူ့ကိုတော့ မာမီ့လောက် အပေါ်ယံရုပ်ပြောင်

မရ။

"မဓသူဇာကဓာစ်ဆင့် သိတာပါ၊ ကို မသိဘူး၊ ဟို ထက်လှတို့ နည်းနည်းခင်တယ်၊ သူ ဒီကိုပြန်တုန်းကလည်း ထက်လှအတွက် လူကြုံတွေ ယူသွားပေး ပြန်ယူလာပေး လုပ်တယ်လေ၊ ခုလည်း သူလိုတာလေးတချို့ ရှာပေးစရာ ရှိတာ အဲဒါ ထွက်တော့မလို့"





"ယောကျ်ားလေးလား မိန်းကလေးလား"

"မိန်းကလေးပါ"

"စိန်ကြည့်တဲ့အိမ်မှာ သိပ်မကြာနိုင်ပါဘူး၊ ကိုလည်း အလုပ် ရှိသေးတာ ထက်လှရဲ့"

ထက်လှက ကျိတ်၍သဘောကျရသည်။ တကယ် တမ်း စိန်ကုန်သည်အိမ်ရောက်တော့ သူပြတာတွေကြည့်ပြီးတဲ့ နောက် မင်းသူရမောင်က စိတ်တိုင်းမကျ။ သူကိုယ်တိုင်လည်း နားလည်တဲ့ မင်းသူရမောင်သည် တစ်လုံးချင်း မှန်ဘီလူးနှင့်ကြည့် ချေးနေကာ ထက်လှကတော့ ဟိုငေးဒီငေးနှင့် မာမီမြင်လျှင် ခေါက်ချင်အောင် စိတ်ဝင်တစားမရှိ။

"မမကေသီပြောတဲ့ မျက်နှာဝ ... ပယ်ကြီးကြီး သွေးထားတဲ့ အပါးတွေရော၊ ဒါပဲ ရှိတာလား"

"အဲဒါပေါ့ ကိုမင်းသူရရယ်၊ မနေ့ကညနေမှ အိမ်ရောက် တာလေ၊ အဲဒါကြောင့် ကိုမင်းသူရကို ဒီမနက်ပိုင်းလာ ကြည့်လိုက်လို့ ပြောရတာပေါ့၊ ဒါပေမဲ့ မနက်ကစောစောပဲ မမကြီး ကြည့်ချင်တယ်ဆိုတာနဲ့ သိတာ့ကို လွှတ်ပေးလိုက် ရတယ်၊ မမကြီးကျတော့ ဘယ်လိုလုပ် ငြင်းမလဲ ကိုမင်း သူရရယ်၊ ပြီးတော့ ဒရိုင်ဘာပါ တစ်ခါတည်း လွှတ်ခေါ် လိုက်တာလေ၊ အဲဒါနဲ့ တချို့တစ်ဝက်ကောက်ထည့်ပြီး သိတာတို့ညီအစ်မကို ထည့်လိုက်ရတာပေါ့"

"ဩော် ... ဒါပေါ့လေ၊ သူကြည့်မယ်ဆိုတော့ မမကေသီ လည်း မပြလို့ ဘယ်ဖြစ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်မကြာနိုင်ပါဘူး ကိုမင်းသူရရယ်၊ ကြည့်ပြီး သူကြိုက်ရင်လည်း ယူထားပြီးရင်တော့ ပြန်ပို့မှာပေါ့၊ အချိန်ကြာစရာတော့ အကြောင်းမရှိပါဘူး၊ အစ်မကလေ ကိုမင်းသူရရောက်မယ့်အချိန်ကျရင်တောင် သီတာတို့ ပြန်ရောက်နေလောက်မြီထင်တာ၊ ခဏစောင့်ပါလားဟင်၊ အချိန်ရတယ်မဟုတ်လား၊ သိပ်မကြာနိုင်ဘူး"

"ဟုတ်ကဲ့ ... သိပ်မကြာနိုင်ဘူး ထင်ပါတယ်၊ ခဏစောင့်လိုက်မယ်လေ မကေသီ"

မကေသီက ထိုင်းက မယ်ရွေးပွဲအခွေတစ်ခွေထည့်ကာ ဖွင့်ပြထားရင်း သူကိုယ်တိုင်လည်း ထိုင်ကြည့်ရင်းက မင်းသူရမောင်နှင့် အခွေထဲကအကြောင်း ပြောလိုက်၊ စီးပွားရေးအကြောင်း ပြောလိုက်၊ စိန်အကြောင်းပြောလိုက်၊ စကားတပြောပြောရှိနေချိန်မှာ ထက်လှက အခွေလည်း စိတ်မဝင်စား ဟိုကြည့်ဒီကြည့် နာရီကြည့်နှင့် ငြီးငွေ့နေသည်။

နာရီဝက်ကျော် ကြာလာလျှင်တော့ ထက်လှ သည်းမခံနိုင်တော့။

"ကို ... ကိုလည်း အလုပ်ရှိတယ်ဆို"

"အင်း"

"ထက်လှလည်း သွားစရာရှိတာ နောက်မှပြန်လာမလားညနေမှဖြစ်ဖြစ်"

မင်းသူရမောင်က နာရီတစ်ချက်ကြည့်ရင်း –





"မကေသီရေ ... သီတာတို့ ကြာဦးမလား မသိဘူးနော်၊ တစ်ခေါက် ပြန်လာရမလား"

"နေဦး ... ဟုတ်ပါရဲ့၊ အားနာလိုက်တာ၊ တကယ်ယူဖြစ်မယ့်သူတွေက အချိန်တွေပုပ်ပြီး စောင့်နေရပြီ။ အစ်မ ... သီတာ့ဆီ ဖုန်းဆက်ကြည့်လိုက်မယ်၊ မြန်မြန်ပြန်လာဖို့ ပြောလိုက်မယ်"

မကေသီက သူ့ညီမသီတာထံ ဖုန်းလှမ်းဆက်သည်။

"လာတော့မယ်တဲ့ ယူဖြစ်လို့ ကြာနေတာတဲ့၊ နှစ်ကိုက်တစ်ပွင့် လက်စွပ်လုပ်ဖို့ ယူတယ်တဲ့၊ ကိုမင်းသူရတို့လိုချင်တဲ့ တစ်ကိုက်တွေ ငါးမတ်တွေထဲက မပါသွားဘူး၊ တော်သေးတာပေါ့၊ လာတော့မှာ လာတော့မှာ၊ ပြီးနေပြီ၊ ခဏပဲဆက်စောင့်ပါ၊ နောက်တစ်ခေါက် ပြန်လာနေရရင် အလုပ်ပိုပျက်ပါတယ် ကိုမင်းသူရရယ်"

ဒီလိုနှင့် နောက်ထပ် နာရီဝက်။

ထက်လှသည် လိမ်တွန့်ကာ ငိုချင်နေသည်။ ဒေါသလည်း ထွက်နေပါသည်။ ကိုယ်ဖြစ်နေပုံကိုလည်း ကိုယ့်ကိုယ် စိတ်ပျက်နေပါသည်။ နောက်နာရီဝက်ကြာလို့မှ ရောက်လျှင် ထက်လှသည် ဧည့်ခန်းမှာထိုင်နေရာက အသာထလျက် ခါးဝဆီ လာခဲ့ကာ ဖုန်းလေးဖွင့်လျက် ခေါ်လိုက်မိပါသည်။

"ဟယ်လို ... မိုးမွှေလား"

"ဟုတ် ... ထက်လှ၊ လာပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ထက်လှ မလာနိုင်သေးလို့ မိုးစွေရယ်၊ မိုးစွေ မျှော်နေ လားလို့ ဆက်ကြည့်တာ၊ ဒီမှာကိစ္စက မပြတ်ဘူး၊ လုပ်နေ နေရတယ်"

"ရပါတယ် ထက်လှရယ်၊ စိတ်အေးအေးနဲ့လုပ်ပါ၊ ကျွန် တော့်အတွက် နောက်ဆံမတင်းပါနဲ့ သနားလိုက်တာ ထက်လှကို အရမ်းချစ်တယ်၊ ပြီးမှလာပါ၊ မပြီးမချင်း အေးအေးဆေးဆေးနေပါ ထက်လှရဲ့"

"အင်း … အင်း …၊ ခဏကြာဦးမယ်နော်"

"အင်းပါ … ကျွန်တော်လည်း ထိုင်စောင့်နေတာ မဟုတ် ပါဘူး ထက်လှရယ်၊ အလုပ်ရှိတာတွေ လုပ်နေတာပါ"

"ဒါပဲနော်"

ထက်လှ လာပြန်ထိုင်လျှင် မင်းသူရမောင်က ကြည့်ကာ …

"ဘယ်သူလဲ ထက်လှ"

"ဩော် … ဟိုဘက်မှာလည်း ချိန်းထားတော့လေ နော ကျမှ ပြောရတာပေါ့"

"ဟော … လာပြီ … လာပြီ၊ ကားဝင်လာပြီ"

မကေသီက ဝမ်းသာအားရ တခါးဝပြေးထွက် သူ့ညီမတွေကို ဆီးကြိုကာ လက်ထဲက ကတ္တီပါစိန်သေတ္တာ လည်း ကမ်းယူသည်။ စားပွဲမှာ သေတ္တာလေးကိုဖွင့်ကာ သူငယ် တွေနှင့် ပြောဆိုမေးမြန်း အပွင့်စစ်နေဆဲ မင်းသူရမောင်က ကလေးတွေ တစ်အံချင်း ဆွဲယူထုတ်ကြည့်နေပါသည်။





စိန်ရဲ့အခြေအနေ အဆင့် သွေးကွက် မကေသီက တတွတ်တွတ်ပြော၊ မင်းသူရမောင်က တတွတ်တွတ်ပြန်မေး။ ထက်လှက ငြိမ်ငြိမ်လှပြီ။

"ထက်လှ … ဒါလေး ဘယ်လိုလဲ"

"အင်း … ကောင်းတယ်၊ အဲဒါပဲ ယူမယ်"

"ထက်လှကလည်း သေချာကြည့်ပါဦး"

"ထက်လှမှ ကို့လောက် နားမလည်တာ၊ ကြည့်တတ်ဘူး ကိုပဲရွေးပါ၊ ကိုရွေးတာပဲ ယူမယ်"

"အမယ်လေး … ကိုမင်းသူရ ဖနီးလောင်းလေးက တီတီ တာတာ ချစ်ဖွယ်သောစကားကို ဆိုတတ်လိုက်တာ ကိုမင်း သူရ သဘောချည်းပဲ … ဟင်း ဟင်း"

"ထက်လှက နားလည်းမလည်လို့ပါ မမကေသီ၊ ကိုက နားလည်ပါတယ်"

"အမယ်လေး … ချစ်စရာလေး၊ သမီး မာမီကိုလည်း ပြောပါဦး၊ လာကြည့်ဦးလို့ ကြိုက်တာလေးတွေလည်း ဦးဦးဖျားဖျား ရရအောင်"

"ဟုတ်ကဲ့ … မမကေသီ"

"ထက်လှ … ဒါလေးက နည်းနည်းပယ်ကြီးတယ်၊ ပိုလှတယ်"

"ဈေးလည်းကွာမှာပေါ့ ကို"

"အမယ်လေး … ဈေးစကား ထည့်ပြောစရာလား ငါ့ညီမ လေးရယ်၊ ကိုမင်းသူရဖနီးလောင်း လုပ်နေပြီးတော့"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနှစ်ပွင့်ယူရင် ကောင်းမလားလို့"

"ဟုတ်"

"ထက်လှ ကြိုက်လား"

"ဟုတ်ကဲ့ ... ကြိုက်တယ် ကို"

"ကိုမင်းသူရရေ ... ဒီအတွဲလေးလည်း ကောင်းတယ် ဒါကတော့ အစ်မက နားပန်တစ်ရန်အတွက် ရွေးတွဲ ထားတာဆိုတော့ နှစ်လုံးက ညီညီညာညာလေး"

"ဒါရော ထက်လှ"

"ဟုတ် ... ကြိုက်တယ်"

"ဒါရယ် ... ဒါရယ် ... ဘယ်ဟာကြိုက်လဲ"

"ထက်လှ မသိဘူး ကို၊ ကို ကြိုက်တာသာ ယူလိုက်ပါ"

ထက်လှက ဖြေရင်း ယောင်ယမ်းပြီး လက်ပတ်နာရီ တစ်ချက်ကြည့်မိသည်။

"ထက်လှက အလုပ်ကို နောက်ဆံတင်းနေတာကိုး၊ ကြည့် ရတာ စိန်တောင် သိပ်စိတ်မဝင်စားနိုင်ဘူး ဖြစ်နေတယ်"

"မဟုတ်ပါဘူး ကို၊ ထက်လှ နားမလည်လို့ပါ၊ ကိုရွေး ကို ထက်လှ ကြိုက်မှာပါ၊ အားလုံး လှနေတာပဲဟာ"

"ကဲ ... ဒါဖြင့်လည်း ထက်လှ စိတ်ထဲတွေ့တဲ့ နှစ် ကောက်လိုက်"

ထက်လှက နှစ်ပွင့် ခပ်သွက်သွက်ပဲ ရွေးကော ဖယ်ထုတ်လိုက်သည်။ သူ ရွေးချယ်ရခက်နေတာကို ထက်





သုံးလေးစက္ကန့်နှင့် ရွေးကောက်လိုက်၍ မင်းသူရမောင်က ရယ် င်သလို ထက်လှ ခေါင်းလေးကိုပုတ်သည်။

"ဒီလောက်မြန်မြန်ရွေးနိုင်တာ တော်လိုက်တာ"

"ဟို ... နားကပ်အတွဲကျတော့ လုံးဝညီညီလေး ရွေးထားတာဆိုတော့ မယူတော့ဘူးလေ၊ ထက်လှတို့က လက်စွပ် တစ်ယောက်တစ်ကွင်း လုပ်မှာဆိုတော့ လုံးဝချွတ်စွပ်တူဖို့ မှ မလိုတာ၊ နားကပ်လုပ်ချင်တဲ့သူတွေပဲ ယူပါစေ၊ သိပ် ကြီးဟဲ့ အပွင့်ကျတော့လည်း ထက်လှက ကိစ္စမရှိဘူး၊ ကို က ယောကျ်ားဆိုတော့ လက်စွပ်ကွင်းဖို့ မလိုက်ဘူး၊ လက်ထပ်လက်စွပ်ဆိုတော့ ပြူးတူးပြဲတဲကြီးလည်း မကောင်း ဘူး မဟုတ်လား"

"တွေ့လား မမကေသီ၊ သူက ငြိမ်ငြိမ်လေး ထိုင်နေပေမယ့် ခေါင်းထဲမှာတော့ အချက်အလက်တွေနဲ့ တွေးထားပြီး သား"

"ဟင်း ဟင်း ဟင်း ... ကိုမင်းသူရ ကြည့်ရတာ ဇနီး လောင်းကို သိပ်ချစ်ပုံပဲ၊ ထက်လှလေးကလည်း ချစ်စရာ လေးကိုး၊ ညီမလေး သိပ်ကံကောင်းတယ် ထက်လှရေ"

မင်းသူရမောင်က ချက်လက်မှတ်နှင့် ငွေချေကာ ထက်လှကို စိန်နှစ်လုံးပါသောဘူးအပ်ရင်း ...

"ရော့ ... ထက်လှ ယူထား"

"ဟင် ... ကိုပဲ ယူထားပါ၊ ကို အပ်မှာမဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"မာမီ့ကို မပြတော့ဘူးလား၊ မာမီ ကြည့်ချင်ဦးမှာထင်တယ်"

"ကြည့်လည်း မထူးပါဘူး ကိုရယ်၊ မပြတော့ဘူး၊ ကိုခဲ့တစ်ခါတည်းယူသွားတော့၊ ထက်လှကပြီးရင် အပြင်သွားဦးမှာ၊ အိတ်ထဲ ဒီစိန်ပွင့်ကြီးတွေ တတန်းတန်းနဲ့ ကျပျောက်နေဦးမယ်"

ဒီလောက်တန်ဖိုးကြီးမားတဲ့ စိန်ပွင့်တွေထက် မိုးဇွေ ထံက သူ့ကိုယ်တိုင်ချက်တဲ့ မြေအိုးမြီးရှည်တစ်ပွဲကို ပိုပြီးမက်မော တမ်းတနေမိတာကို ကို သိမှာလည်း အားနာလှပါသည်။ ထက်လှ ကို တော်ဝင်မှာ ပြန်ချပေးသည်နှင့် ဆိုင်ပေါ်မတက်တော့ ပါကင်ကားဆီ တန်းပြေးကာ ချက်ချင်းပဲ မောင်းထွက်လာသည်။ မိုးဇွေရဲ့ ခန်းလေှကားထစ်များကိုပင် အရောက်နေးမှာစိုးသည် ထစ်ကျော်ခုန့်တက်ရင်း ခလုတ်တိုက်လိုတိုက်။

ခေါက်လိုက်တဲ့တံခါးကို မိုးဇွေ ဖွင့်လိုက်လျှင် ရင် လေးနိမ့်ချည်မြင့်ချည်ဖြစ်အောင် အသက်ရှူမြန်နေတဲ့ ထက်လှ မိုးဇွေက စိုးရိမ်တကြီးနှင့် လက်လေးဆွဲကာ အခန်းထဲသွင်းလိုက်ရင် ...

"ထက်လှ ... ဘာဖြစ်လာတာလဲဟင်"

"ဟင့်အင်း ... ဟင်း ဟင်း ဟင်း"

"ထက်လှ မောနေတာလား"

"ဟင်း ဟင်း ... ထက်လှ ပြေးလာတာ"





"ထက်လှရယ် ... ဖြည်းဖြည်းလာပေါ့၊ လှေကားအရမ်းပြေးတက်ရလား"

"မိုးဇွေရယ် ... နာရီနဲ့ချိပြီး နောက်ကျနေပြီလေ၊ ဒါကြောင့် နောက်ကျတဲ့ထဲမှာမှ တစ်စက္ကန့်ပဲစောစော တစ်မိနစ်ပဲစောစော နည်းနည်းလေး စောရင် ထက်လှစိတ်က ဖြေသိမ့်နိုင်မှာမို့ပါ"

မိုးဇွေသည် စိတ်မကောင်း ဖြစ်သွားသလို ထက်လှ က်ဖျားလေးနှစ်ဖက်ကို ဆုပ်ကိုင်ရင်း ထက်လှ မျက်နှာလေးကို ကြေကြေကွဲကွဲ ငုံ့စိုက်ကြည့်နေလေသည်။

"ထက်လှ ... တကယ်တော့ ကျွန်တော်တို့ ပြင်ဆင်လို့မရတဲ့ နောက်ကျမှုတွေ အများကြီး ရှိတာလေ၊ နောက်ကျသွားတာတွေအတွက် စိတ်ပင်ပန်းမခံပါနဲ့တော့ ထက်လှရယ်"

မိုးဇွေ စကားကြောင့် ထက်လှ ရင်ထဲနင့်ကာ မျက် ည်လည်လာသည်။

✧ ❦ ✧



www.burmeseclassic.com

www.burmeseclassic.com



## ၁၃

အင်တာနက်ဆိုင်ကို ရုန်းရုန်း ရောက်တတ်တဲ့ ညနေနှောင်းပိုင်း ခြောက်နာရီလောက်လို အချိန်မျိုးမှာ ဟိုးအရင်က အမြဲ online မှာ ရှိတတ်တဲ့ မိုးဇွေ မရှိတတ်တော့တဲ့အခါ မတင်မကျ ဝင်လာတဲ့ သံသယစိတ်က ရုန်းရုန်းကို တိုက်တွန်းတဲ့ အခါ ရုန်းရုန်းသည် တစ်ခါတစ်ရံ အတော်ကြီးနောက်ကျကျ ရှစ်နာရီလောက်မှ အိမ်ကကောင်မလေးကိုပါ အဖော်ခေါ်ကာ အင်တာနက်ကဖေးကို သွားကြည့်သည်။

ရှစ်နာရီလောက်မှာ မိုးဇွေရဲ့ ဂျီတော့ခ်က Available ဖြစ်နေတာတွေ့လျှင် သူ တမင်တကာ ရုန်းရုန်းနှင့်လွဲအောင် အချိန်နောက်ဆုတ် ဝင်နေတာကို သိခွင့်ရလိုက်လေသည်။ ဒါပေမဲ့ ရုန်းရုန်းက မစစ်မမေးဘဲ အခြေအနေကိုသာ စောင့်ကြည့်နေခဲ့သော ညတိုင်း ရှစ်နာရီနောက်ပိုင်းကျမှ မိုးဇွေ ဂျီတော့ခ်မှာ တစ်ယောက် ယောက်နှင့် စကားပြောနေကျဖြစ်တာကို လုံးဝကောက်ချက်ချလိုက် နိုင်တာပင်။





ဖုန်းဆက်လိုက်လျှင် အရင်ကတည်းက အလုပ်ကိစ္စ အချိန်းအချက်တွေ ဝင်လာတတ်၍ အားခဲသော မိုးဇွေဖုန်းက ခုဆို ဘယ်လိုမှ ဆက်မရအောင် မအားလပ်တော့တာ။ တစ်ခါ တစ်ရံ စတူဒီယိုဖုန်းကို နေ့လယ်ဘက်ခေါ်လျှင် သူမရှိဘဲ အပြင် ရောက်နေတာ။ စံတီးကို စစ်ဆေးတော့လည်း ...

"မသိဘူး အစ်မ ဘယ်သွားမှန်း၊ ထွက်သွားတာပဲ"

"ဒီနေ့ အလုပ်မရှိဘူးလား"

"နောက်တစ်နာရီလောက် ချိန်းထားတာရှိတယ် အစ်မ၊ အဲဒီအချိန်ကျမှ ပြန်လာမယ်တဲ့"

"ဘယ်သူနဲ့ သွားတာလဲ"

"မသိဘူး အစ်မ"

"ဘယ်သူဖုန်းဆက်ခေါ်လဲ သိလား"

"မသိဘူး ... အစ်မ"

နှုတ်ပိတ်ခံထားရသလို အမြဲ "မသိဘူး ... အစ်မ" ချည်း ချနေသော စံတီးကိုလည်း သက်သေမကင်းဖြစ်လာ။ ဒီကြားထဲမှာ ရုန်းရုန်းနှင့် ရင်းနှီးသော မော်ဒယ်မလေးတချို့ထံက ...

"ကိုမိုးကြီးဆီမှာ အစ်မကြီးတစ်ယောက် တွေ့ခဲ့တယ် သိလား အစ်မ၊ သမီးတို့ ဓာတ်ပုံရိုက်တုန်း သူက ထိုင်ကြည့် နေတာ၊ အရမ်းလှတာပဲ၊ ကိုမိုးကြီးကလည်း တစ်ပုံရိုက် လိုက် ပြေးပြုံးပြလိုက်၊ လှည့်ကြည့်လိုက်လုပ်နေတဲ့ မျက်နှာ ကြီးက ပြောတောင်မပြတတ်ဘူး၊ မြတ်နိုးနေလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"အစ်မ ... ကိုမိုးဆီမှာ ခုတလော တွေ့တွေ့နေတဲ့ အစ်မကြီးက ဘယ်သူလဲ၊ ကိုမိုးနဲ့ အစ်မနဲ့ ပြတ်သွားပြီလား"

ဒီစကားတွေက ရန်းရန်းရင်ကို ပူလောင်စေသည်။ နေ့လယ်ပိုင်းတွေ နားရက်မဟုတ်လျှင် ဆိုင်ကလုံးဝထွက်မရတဲ့ ရန်းရန်းသည် တစ်နေ့လယ်ခင်းမှာတော့ ဆိုင်ရှင်အစ်မကို သနားအောင် လိဆယ်အကြောင်းပြလျက် တစ်နာရီလောက် ထွက်ခွင့်တောင်းပြီး မိုးစွေရဲ့ဆိုင်ကို အငိုက်ဖမ်းရောက်ချသွားလေသည်။

ရုတ်တရက်ရောက်လာတဲ့ ရန်းရန်းကိုတွေ့လျှင် မိုးစွေပျက်စိမျက်နှာပျက်နေတယ်လို့ ရန်းရန်း ထင်သည်။ သို့ပေမယ့် ရသလောက်အချိန်သာ သူ့ဆိုင်ထဲ ထိုင်နေခဲ့ပေမယ့် ဘာထူးခြားမှုမှမရှိ။ ဘယ်သူမှ မလာ။ (တကယ်တော့ အဲဒီနေ့က မိုးစွေသည် အိမ်သာထဲဝင်ကာ ထက်လှထံ ဒီနေ့မလာခဲ့ဖို့၊ သူကိစ္စရှိလို့အပြင်ထွက်တော့မယ့်အကြောင်း Message ပို့ပြီး အိမ်သာထဲကမထွက်ခင် Message ကို Delete လုပ် ဖျက်ပစ်ရလေသည်။)

အဲသလို အကြိမ်ကြိမ်လည်း ထွက်ခွင့်မရ။ ရန်းရန်းတို့ဆိုင်ရှင် နာမည်ကြီး မိတ်ကပ်ဖန်တီးရှင်က ခွင့်ယူရင်တောင် မကြိုက်တဲ့သူပါ။ သူ့မှာလည်း အလုပ်ကများလှ၍ လက်မလည်အောင် ဖြစ်နေတာ မဟုတ်လား။

ဒါပေမဲ့ ကိုယ့်ချစ်သူ ကိုယ့်ရည်းစား မူပျက်နေတာကို ကိုယ်အမြဲရိပ်မိသိတတ်တဲ့ အာရုံမျိုးဟာ လူတိုင်းလိုမှာ အလိုအလျှောက် ရှိနေကြတာမျိုးပါ။ ရန်းရန်း စိတ်ထဲ မိုးစွေ





မူပျက်တာ အမှုအရာ ဆက်ဆံရေး ပြောင်းတာတွေကို ခံစားမိပါသည်။ တနုံ့နုံ့နှင့် 'မခံချိမခံသာဖြစ်ရင်း ဒီကိစ္စကို ဘယ်လိုဖော်ထုတ်နိုင်မလဲ ဦးနှောက်ပူအောင် စဉ်းစားရင်း မမျှော်လင့်သောနေ့တစ်နေ့၊ မယုံကြည်နိုင်သော အဖြစ်အပျက်တစ်ခုက ရန်းရန်းရှေ့ ထိုဖျတ်ခနဲ သူ့ဟာသူ ရောက်ရှိလာခဲ့သည်။

✧ ❦ ✧

"မိုးစွေရှာနေတယ် ထက်လှ နေခဲ့"

"ဟင့်အင်း ... ထက်လှလည်း လိုက်မယ်"

"ထက်လှကလည်း ကျွန်တော့်ဘာသာ သွားဝယ်လိုက်ပါ့မယ်"

"ဟင့်အင်း ... ထက်လှလည်း ရွေးမယ်"

"လှဆိုးမလေး ... မိုးတွေ စိုကုန်မှာစိုးလို့ ပြောနေတာကို"

"မိုးစိုချင်တာ မိုးစွေရဲ့၊ ချစ်ထားတဲ့သူကိုက မိုးစွေလေ၊ မိုးကို ကြောက်နေဖို့ အခွင့်ဟာယ်မရှိပါဘူး"

"ထီးက တစ်ချောင်းတည်းလေ"

"ဘာဖြစ်လဲ"

"နှစ်ယောက်တူတူ ဆောင်းရမှာနော်"

"ရှင် ရှက်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



မိုးစွေက နှုတ်ခမ်းဖိကိုက်မိရင်း ထက်လှ နဖူးကို ခပ်ဖွဖွ ထုပစ်လိုက်ပါသည်၊

"ဟုတ်တယ်လေ ထက်လှနဲ့၊ ထီးတူတူတွဲဆောင်းရမှာ ရှက်လို့လားလို့"

"ထက်လှနော်၊ သူများတွေ တွေ့ကုန်ရင် ထက်လှ နစ်နာမှာစိုးလို့ပါ"

"မလိုပါဘူးနော်"

"မဟုတ်ဘူးလေ၊ လူသိတွေ ဘာတွေနဲ့ တိုးနေရင် ထက်လှ စိတ်ညစ်ရမှာ ပြောနေတာပါ"

"ထက်လှလေ တကယ်ပါ၊ သိတဲ့သူတစ်ယောက်ယောက် တွေ့သွားပြီး မာမီတို့ ကိုမင်းသူရမောင်တို့ကို ပြန်တိုင်ပြောလိုက်မှာမျိုးကို တစ်ခါတလေကျ ရှုးရှုးမိုက်မိုက်နဲ့ ပိုတောင်ဖြစ်စေချင်သေးတယ်၊ ကိုယ်က ဖွင့်ပြောစရာမလိုဘဲ သူတို့သိသွားအောင်လေ"

မိုးစွေသည် ထက်လှကို သနားသွားကာ အရည်လဲ့သော မျက်ဝန်းများနှင့် စိုက်ကြည့်နေမိပါသည်။ မိုးစွေရဲ့အကြည့်ကြောင့် တက်လှက မျက်လွှာလေး ချမိကာ ...

"ကဲ ... မလိုက်ရရင်လည်း ပြီးရော"

"လိုက်ပါ၊ ထက်လှလိုက်ချင်ရင် လိုက်ပေါ့၊ ထက်လှလိုက်တော့ ထက်လှကြိုက်တဲ့ပန်းလေး ရွေးယူလို့ ရတာပေါ့"

"ပြီးရော"





မိုးစွေက ကားပေါ်က ထီးဖွင့်၍ အရင်ဆင်းကာ ထက်လှဘက် လျှောက်လာ၍ တံခါးဖွင့် ထီးမိုးပေးလိုက်ပါသည်။ ဒီနေ့က သူတို့နှစ်ယောက်ရဲ့ ချစ်ခြင်းသက်တမ်း နှစ်လပြည့်တဲ့နေ့။ တစ်ခုခု အမှတ်တရပေးချင်တဲ့ မိုးစွေထံက ထက်လှက ပန်းစည်းလေးတစ်စည်း တောင်းတဲ့အတွက် သူတို့ Floral Service တစ်ခုကို ရောက်လာကြတာပါ။

"ထက်လှ ... ထက်လှ စိတော့မယ်"

"ဒီလောက်များ"

"တစ်ယောက်တည်း ဆောင်းမလားဟင်"

"အမယ် ... မဆောင်းပါဘူး"

"ထီးက မလုံတော့ ..."

"တစ်ယောက်တစ်ခြမ်းလုံပြီး တစ်ယောက်တစ်ခြမ်း စိုမယ်လေ"

မိုးစွေသည် ထီးဝါဝါလေးရဲ့အရောင်ဟပ်ကာ ဝင်းပနေတဲ့ ထက်လှမျက်နှာလေးကို ငုံ့ကြည့်ရင်း ရင်ထဲမှာ အားနာသနားမြတ်နိုး ချစ်ခင်ခြင်းတွေနှင့် ရင်ထဲ ကတုန်ကယင် လှုပ်ရှားကာ ထက်လှပခုံးစွန်းလေးတစ်ဖက်ကို ခပ်ဖွဖွလေး အုပ်ကိုင်ဆုပ်ဆွဲလိုက်မိပြီး ...

"ဒီဘက်ကို တိုးနော်၊ တအားစိုလိမ့်မယ်"

သူတို့နှစ်ယောက်ရဲ့ ခန္ဓာကိုယ်တစ်ခြမ်းချင်းဟာ သိကပ်ပူးစပ်နေသည်။ ထီးရိပ်အောက်မှာ မိုးစွေလက်တစ်ဖက်က



www.burmeseclassic.com

www.burmeseclassic.com



ထက်လှပခုံးတစ်ဖက်ကို ကျော်ဖက်ထားလျက် ကားလမ်းကို ဖြတ်ကူးကာ Floral service ထဲ ဝင်လိုက်ကြပါသည်။

"ဟင်"

"ဟင် ... ရန်းရန်း"

ရုတ်တရက် ဘွားခနဲ မျက်နှာချင်းဆိုင် ရင်ဆိုင်တိုးနေသော ရန်းရန်းကို အမြင်တွင် ထက်လှ မျက်နှာလေးက သွေးရောင်လျှမ်းကာ ဖြန်းခနဲ နီမြန်းသွားရပါသည်။ သူ့ကို မိုးစွေနှင့် နီးကပ်တွဲဖက်လျက် ရန်းရန်း မြင်တွေ့သွားတာကို ရှက်စနိုးဖြစ်မိသည်။

ရန်းရန်းမျက်နှာက တက်လှထက်ပင် နီရဲသွားပါသည်။ ပြူးကျယ်ဝိုင်းစက်တဲ့ မျက်ဝန်းများမှာ အံ့အားသင့်ခြင်း မယုံကြည်နိုင်ခြင်း ဒေါသဖြစ်ခြင်းတို့နှင့် တစ်ဆင့်ချင်း အရောင်ပြောင်းကာ စူးရဲတောက်ပလာတာကို ထက်လှက မရဲတရဲကြည့်နေမိသည်။

"မိုးစွေ"

ရန်းရန်းအသံက တုန်ခါနေသည်။ မိုးစွေက ထက်လှပခုံးပေါ်မှလက်ကို ဖယ်လိုက်ပါသည်။

"နင် ... နင် ..."

ထက်လှသည် မျက်လွှာချ ခေါင်းငိုက်စိုက်ကျသော မိုးစွေကို ကရုဏာရိပ်စွန်းသည့် မျက်ဝန်းများနှင့် ငဲ့ကြည့်ကာ ...





"ရန်းရန်း ... မိုးစွေ အပြစ်ချည်းပဲ မဟုတ်ပါဘူးဟာ"

"ဘာ"

"မိုးစွေ တစ်ယောက်တည်း အပြစ်ရှိတာ မဟုတ်ပါဘူးလို့"

"နင် ... နင်တို့က ..."

"ရန်းရန်း ... ငါပြောပြမယ်"

တဆတ်ဆတ် တုန်မလို ဖြစ်လာသော ရန်းရန်းကို မိုးစွေက ပြောလိုက်လျှင် ရန်းရန်းက မိုးစွေကို ဆတ်ခနဲကြည့်ကာ —

"ဘာပြောမှာလဲ"

"ရန်းရန်း"

"နင်တို့က ဘာလဲ"

"........."

"ဟမ် ... ပြောလေ၊ နင်တို့နှစ်ယောက်က ဘာလဲ၊ မိုးစွေ — နင် ညာပြောမယ် မကြံနဲ့၊ နင် ထက်လှပခုံးကို ဖက်ထားတာ၊ ပြောစမ်းပါ ဘာတွေလဲ"

ထက်လှက ရန်းရန်းကို အံ့အားတသင့်ကြည့်ကာ —

"ရန်းရန်း"

"လုံးဝမပြောနဲ့၊ နင် မပြောနဲ့ ... ကျေးဇူးပြု၍"

"ဟဲ့ ... ငါနဲ့လည်း ပတ်သက်နေတယ်လေ ရန်းရန်း၊ တကယ်တော့ အပြစ်ပိုကြီးချင်းကြီး ငါက အပြစ်ပိုပါတယ် ရန်းရန်း"

"ဘာလဲ ... နင်က ရည်းစားစကား စပြောထားလား ..."



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား"

"ရန်းရန်း"

မိုးစွေ လေသံက ခပ်ဆတ်ဆတ်။

"ဘာလဲ"

ရန်းရန်း ထူးသံက ပိုမာပြတ်သည်။

"လမ်းမလယ်ကောင် လူလယ်ကောင်မှာ ပြဿနာမဖြစ်ချင်ပါနဲ့ဟာ"

ရန်းရန်း ဘေးမှာလည်း ရန်းရန်းတို့ဆိုင်က ကောင်မလေးတစ်ယောက် ပါသေးသည်။ မင်္ဂလာပွဲတစ်ခုအတွက် ပန်းမှာဖို့ကိစ္စနှင့် ဒီပန်းဆိုင်ကို ရောက်လ ာရတာပါ။ ရန်းရန်းရဲ့အဖော်ကောင်မလေးဟာလည်း ရန်းရန်းနှင့် မိုးစွေကို ချစ်သူတွေဆိုတာ သိထားသူဖြစ်၍ ရန်းရန်း ပိုပြီး အရှက်တကွဲ ခံစားရသည်။

"ပြဿနာမဖြစ်ချင်ဘူးလား ... ဟုတ်လား၊ ဒါဖြင့် နင် ဘာဖြစ်လို့ လမ်းမလယ်ကောင် လူလယ်ကောင်မှာ ထက်လှ ပန်းကို ဖက်လာသေးလဲ ... ဟမ်"

ရန်းရန်း အသံက ပူပြင်းမာကျောနေသည်။ ထက်လှသည် ဇဝေဇဝါနှင့် ရန်းရန်းကိုတစ်လှည့် မိုးစွေကိုတစ်လှည့် ကြည့်နေမိသည်။ ရန်းရန်းရဲ့အာရုံ၊ ရန်းရန်းရဲ့ဒေါသတွေ မိုးစွေအပေါ် ပိုပြီးပြင်းထန်ကျရောက်နေတာ။ ပြောရင်းက ဒေါသ ပိုပိုကြီးလာသလို ခြေတစ်လှမ်း ရှေ့တိုးပြီး ...

"ပြောလေ ငါ့ကို"





ဆူးဆူးခါးခါးအော်ကာ မိုးစွေရင်ဘတ်ကို လက်ဝါးတစ်ဖက်နှင့် ဆောင့်တွန်းလိုက်ပါသည်။ ထက်လှက အံ့အားတသင့်နှင့် ...

"ရန်းရန်း ... နင် ဘာဖြစ်လို့"

"ထက်လှ"

"........."

"ငါ ပြောထားတယ်နော်၊ ကျေးဇူးပြု၍နော်၊ မပါပါနဲ့၊ နင်နဲ့မဆိုင်ဘူး"

"ငါနဲ့ဆိုင်တယ်လေ၊ မိုးစွေကို ငါ့မှာ စေ့စပ်ပြီးသားရှိရက်နဲ့ ခုလို ပတ်သက်ရကောင်းလားဆိုပြီး နင် ဒေါကန်နေတာ မဟုတ်လား၊ ငါ့အပြစ်လည်းပါတယ်လေ၊ ငါ့အပြစ်က ပိုကြီးပါတယ်၊ ငါက ငြင်းရမှာလေ၊ ငါ ... ငါ ဘယ်လိုမှ မငြင်းနိုင်လို့ မိုးစွေကို ပြန်ချစ်လိုက်မိပါတယ်ဟာ၊ မိုးစွေကို နင် ခွင့်လွှတ်လိုက်ပါ၊ ငါ အပြစ်ရှိတာပါ၊ မိုးစွေ ငါ့ကိုချစ်မိတယ်ဆိုတာ တကယ်တော့ အပြစ်မရှိပါဘူး"

"ဘာ"

ရန်းရန်းက ထက်လှဘက် ဝုန်းခနဲ မြည်မတတ် လှည့်ကာ ထက်လှနှင့် မျက်နှာချင်းနီးကပ်အောင် တိုးလိုက်၍ မိုးစွေက စိုးရိမ်တကြီး ရန်းရန်းရဲ့လက်မောင်းတစ်ဖက်ကိုဆွဲကာ တားလိုက်ပါသည်။ ထိုလက်မောင်းကို ဆတ်ခနဲရုန်းရင်း တစ်ဆက်တည်း ရန်းရန်းက မိုးစွေရဲ့ပါးတစ်ဖက်ကို ဖြန်းခနဲမြည်အောင် ရိုက်ချပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်"

ထက်လှ လန့်သွားကာ ရှန်းရှန်းလက်ကိုလည်း ပုတ်ထုတ်လိုက်ပါသည်။ မိုးဇွေ ရှေ့ကိုလည်း အလိုအလျောက်ပင် ဝင်ရပ်လိုက်မိကာ ...

"ရှန်းရှန်း ... နင် မိုးဇွေကို ပါးရိုက်စရာ မလိုဘူး သိရဲ့ လား၊ ဘာမှကို ရိုက်စရာအကြောင်း မရှိဘူး၊ ဘာမှအဓိပ္ပာယ် မရှိဘူး၊ နင်နဲ့ဘာဆိုင်လဲ၊ ငါဟာငါ ဘာရှိရှိ ငါ့ကို မိုးဇွေ ချစ်တာ၊ မိုးဇွေကို ငါချစ်တာ နင်နဲ့ဘာဆိုင်လဲ"

ရှန်းရှန်းက မိုးဇွေကို နာနာကျင်ကျင်ကြည့်ရင်း _

"ဘာဆိုင်လဲတဲ့၊ ပြောလိုက်လေ မိုးဇွေ၊ ငါနဲ့ဘာဆိုင် ဆိုတာ"

ထက်လှက မိုးဇွေ မျက်နှာကို မော့မော့လေးကြည့် ရင်း ...

"မိုးဇွေ"

"ထက်လှ"

"ဘာ ... ဘာလဲဟင် ... မိုးဇွေ"

"ရှန်းရှန်း ... ငါ ... ငါ ... ထက်လှကို တကယ်ချစ် သွားတာပါ"

"ဘာ ... မိုးဇွေ၊ နင် ... နင် ရှင်းပြရမှာ ငါ့ကိုမဟုတ် ဟဲ့၊ သူ့ကို ... ထက်လှကို၊ နားလည်လား၊ နင် _ ရက်စက်လှချည်လား၊ မိုက်ရိုင်းလှချည်လား"





ရှန်းရှန်း မျက်ဝန်းမှ မျက်ရည်များလည်း တလိမ့် လိမ့် စီးကျကာ မိုးဇွေရဲ့ရင်ဘတ်ကိုလည်း တဘုံးဘုံးနှင့် ထုကာ ရိုက်ကာ ပေါက်ကွဲနေတာကိုကြည့်ရင်း ထက်လှသည် အံ့အားတ သင့်နှင့် တစ်စုံတစ်ရာကို နားလည်လိုက်သလိုဖြစ်ကာ ...

"မိုးဇွေ ...၊ မိုးဇွေနဲ့ ရှန်း ... ရှန်းရှန်းက !! "

"အေး ... မိုးဇွေက ငါ့ချစ်သူလေ၊ ငါ့ရည်းစား၊ ဟုတ်တယ်၊ နင် သူ့ကိုချစ်တာ မချစ်တာ အပြစ်ရှိတာ မရှိတာ ငါနဲ့ မဆိုင်ဘူး၊ သူ နင့်ကိုချစ်တာ သူအပြစ်ရှိတာ ငါနဲ့ဆိုင် တယ်၊ နားလည်ပြီလား"

ထက်လှသည် ရှန်းရှန်းရဲ့ ငိုရှိုက်သံကြားတွင် အသက် ပျောက်သွားသလို ငြိမ်သက်အေးစက်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၄

ထက်လှသည် အိပ်ရာထဲမှာခွေကာ နားကြပ်ကထော
နားမှာတပ်လျက်သား သီချင်းနားထောင်နေပါသည်။

"အချစ်စစ်ဟာ ကြိုခင်းထားတဲ့ ပန်းခင်းမဟုတ်မှန်း ...
တို့ မျက်ရည်တွေကိုမြင်ရင်း မင်းသိပါတယ်" ... တဲ့။

ထက်လှသည် မှိတ်ထားတဲ့ မျက်ဝန်းစပ်မှ စီးထွက်
လာတဲ့ မျက်ရည်စတို့ကို ခေါင်းအုံးစွန်းနှင့် အသာလေးတို့
သုတ်လိုက်ပါသည်။ သီချင်းကလည်းနော်။ ခံစားချက်နဲ့ တိုက်
ဆိုင်နေရတယ်လို့ပဲ။ ဒါပေမဲ့ ထက်လှ ပိတ်မပစ်ရက်။

"ဖုန်းလည်းဆက်လို့မရ လူကြုံပါးလို့မရ
အရင်ကလို ဆုံရန်အရေးကြီး မျှော်နေတယ် မင်းကို
ရင်မှာ နာကြည်းချက် တစ်ခုခုတောင် မရှိဘဲနဲ့
အချစ်များစွာ မျှော်လင့်ရင်းနဲ့ တို့ဆုတောင်းနေမယ် ...
.........





အို ... မင်းကိုသတိရရင် လျှောက်လည်ဖူးတဲ့နေရာတွေမှာ
မင်းအရိပ်တွေ တွေ့နေပါတယ် အနားမှာမရှိလည်း
အချိန်တိုင်း အတူရှိတယ် ... အိပ်မက်ထဲလည်းညစဉ်
တို့လွမ်းသလို မင်းပါမျှော်နေလွမ်းမယ်ထင်တယ် ...
မမေ့ဘူး ထင်တယ်"

မိုးစွေရေ ...

ရှင်လည်း လွမ်းနေမယ်ဆိုတာ ထက်လှ သိနေပါတယ်။ မေ့နေမှာ မဟုတ်ပါဘူး။ စက္ကန့်တိုင်းကို အလူးအလဲနာနာကျင်ကျင် ဖြတ်သန်းနေရမှာပါ။ ဘယ်လိုမိုက်မဲမှန်းမသိတဲ့နှလုံးသားက မိုးစွေ တကယ်ချစ်တာ ထက်လှကိုပဲလို့ ယုံကြည်နေမိပါတယ် မိုးစွေရယ်။ ကိုယ်နဲ့နှိုင်းတယ်ပဲ ထင်ပါရဲ့။ ထက်လှတကယ်သိပ်ချစ်မိတာ မိုးစွေပဲ ဖြစ်နေတာကိုး။

သိပ်လွမ်းတဲ့ အချိန်တွေမှာ မိုးစွေနဲ့ သွားခဲ့ဖူးတဲ့နေရာလေးတွေဆီ တစ်ယောက်တည်း အရူးလို ကားပတ်မောင်းနေမိရင်း မိုးစွေလည်း ဒီနေရာလေးတွေတစ်ဝိုက်ကို လွမ်းလွမ်းနဲ့လျှောက်နေလေမလားလို့ အငမ်းမရ ရှာဖွေနေမိတယ်။ ကားမှန်တွေအလုံပိတ်ပြီး ကားထဲမှာ ရင်ကွဲပက်လက် အကျယ်ကြီး အော်ငိုခဲ့မိတယ်။

မိုးစွေလည်း ဒီလိုပဲ ဖြစ်နေလိမ့်မယ် ... ထက်လှ သိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီရက်အတွင်း ယူအက်စ်အေ စင်ကာပူတို့က ဆိုင်ကိုပစ္စည်းပို့သွင်းပေးတဲ့ အဝယ်တော်တွေနဲ့ မပြောမဖြစ် အီးမေးလ်တွေပို့ရ၊ စစ်ရ၊ ဖတ်ရတာကလွဲရင် ဂျီတော့ခ်တွေ ဖေ့စ်ဘွတ်ခ်တွေ မဖွင့်ဖြစ်အောင် စိတ်ရောလက်ကိုပါ ချုပ်ထိန်းထားရသည်မှာ ပင်ပန်းဆင်းရဲလှပါသည်။

လုံးဝမဝင်ဖြစ် မကြည့်ဖြစ်အောင်နေသည်။ ဘယ်နှရက်တောင် ရှိပြီလဲ။ မိုးစွေလည်း online တက်မတက် ထက်လူမသိပါ။ ဖုန်းကိုလည်း ပိတ်ထားကာ ကိုယ်ဆက်စရာအရေးကိစ္စရှိမှ ဖွင့်ဆက်လိုက်သည်။ မင်းသူရမောင်ကိုတော့ နေမကောင်းဘူးရယ်လို့ပဲ အလွယ်ကလေး အကြောင်းပြထားလိုက်ပါသည်။

နေမကောင်းဘူး ဆိုတာလည်း တကယ်တော့ အမှန်ပါ။ လိမ်ညာနေစရာ မလိုအောင် တကယ်နေမကောင်း ဖြစ်လာတာပင်။ အစာအိမ်ရောဂါခံရှိ၍ စိတ်ဆင်းရဲ ဖိစီးလှတဲ့အခါ ဗိုက်ကအောင့်သည်။ အစာမှန်မှန်ဖြည့်ဖို့ အသိစိတ်ရှိပေမယ့် လျှာနှင့်လည်ချောင်းက အရသာခံမရ မျိုချမရ။ နောက်တော့ ပရက်ရှာတွေကျလာသည်။ လောလောဆယ်တော့ ကိုယ်ငွေ့ငွေ့ပူကာ ဖျားတောင် ဖျားနေပါသေးရဲ့။

ဆိုင်ကိုလည်း မသွားဖြစ်၊ တစ်ရက်တစ်ကြိမ် မာမီသွားပေးနေရပါသည်။

အိပ်ရာထဲကကို မထွက်ချင်အောင်ဖြစ်ကာ အချိန်ပြည့် တခွေခွေ။ မလှုပ်ချင်တဲ့ ကိုယ့်ကိုယ်ကိုယ် သီချင်းလေးတွေနဲ့ ဖြေဖျော်ပါသော်လည်း ကဲ … သီချင်းလေးတွေက တိုက်တိုက်ဆိုင်ဆိုင်နဲ့ ကြည့်လေ။ ပိုလွမ်းစရာ ဖြစ်ပြန်ပါရောလား မိုးစွေရယ်။



ရှန်းရှန်းနဲ့ ချစ်သူတွေတဲ့။ မသိခဲ့ရပါလား။ ရှန်းရှန်းက ဘာကြောင့် ဖွင့်မပြောသလဲ မတွေးတတ်၊ စိတ်လည်းမဝင်စားမိလှပေမယ့် မိုးစွေ ဘာကြောင့် ဖွင့်မပြောလဲဆိုတာကတော့ အမင်တကာ ဖုံးကွယ်ထားတာအပြင် ဘာရှိလို့လဲ။ ရှန်းရှန်းရဲ့ချစ်သူဆိုတာသိရင် ထက်လှ လုံးဝတုံ့ပြန်ခဲ့မှာ မဟုတ်တာကိုယ့်ကိုယ်ကိုယ် သေချာသလို သူလည်းပဲ သိပေမည်။

ဒါကြောင့်လည်း သူ ဖုံးကွယ်တာ။ ခက်တာက သူဖုံးကွယ်ထားလေခြင်းရယ်လို့ မိုးစွေအပေါ် စိတ်ကမနာကြည်းနိုင်၊ ထွက်နိုင်ဘဲ ရှန်းရှန်း ရှိရက်နဲ့ သူ ကိုယ့်ကိုတကယ်ချစ်မြတ်နိုးသွားမိတာပါလို့ တစ်ထစ်ချ ယုံစားနေမိတဲ့ မိုက်မဲမှုပင်။ လူကိုသာ မမိုက်မဲမိဖို့ ဆုံးမလို့ရကောင်းရမည်။ စိတ်ကိုတော့ မမိုက်မဲနှင့်လို့ ဘယ်လိုမှ ဆုံးမတားဆီးမရ။ ချုပ်ချယ်ကန့်သတ်မရ။

မိုးစွေရေ … ချစ်တယ်။

ထက်လှ အသည်းတွေ ကွဲကြေနေပါပြီ မိုးစွေရယ်။

ရှက်လည်းရှက်တယ်။ ရှန်းရှန်းကိုလည်း အားနာတယ် သနားတယ်။ ကိုယ့်အဖြစ်ကိုလည်း ဝမ်းနည်းကြေကွဲတယ်။ ဒီလို ကြေကွဲရဖို့ ဘယ်သူမပြု မိမိမှု ကိုယ်တိုင်ပဲ လုပ်တာပဲလေ။ ကိုယ်မပါဘဲ ဒီကိစ္စ ဒီအခြေအနေကြီးက ဖြစ်လာပါ့မလား။ အရာရာဟာ ကိုယ့်အပြစ် ကိုယ့်ကြောင့်။

www.burmeseclassic.com

www.burmeseclassic.com



အဲလိုသာ စက္ကန့်တိုင်း တွေးနေမိတော့ မိုးဇွေအပေါ် ယောင်လို့တောင်မှ အပြစ်မမြင်ရက်၊ ယောင်လို့တောင်မှ မမုန်း ရက်နိုင်ပါဘူး။

"ဒေါက် ... ဒေါက်"

တံခါးခေါက်သံ ကြားပေမယ့် အသံလည်းမပြု ထ,လည်းဖွင့်မပေးဘဲ ထက်လှ ငြိမ်နေလိုက်ပါသည်။ တံခါးက ချပ်ခနဲ ဖွင့်ဝင်လာ၍ ကောင်မလေးတွေ မဟုတ်ဘဲ မာမီဖြစ်မှာ ကိုသိကာ မျက်ဝန်းထောင့်က သဲလွန်စ မျက်ရည်စို့စို့ကို ကမန်း ကတန်းတို့ သိမ်းရသည်။

"သမီး"

"........."

"သမီး အိပ်ပျော်နေတာလား"

ထက်လှက မျက်လုံးဖွင့်ကာ ...

"အိပ်မပျော်သေးပါဘူး မာမီ၊ သီချင်းနားထောင်နေတာပါ"

"ဧည့်သည် လာနေတယ် သမီးရဲ့၊ မာမီက သမီးနေ ကောင်းဘူးတော့ ပြောထားတယ်၊ လိပ်စာလေးတစ်ခု မေးမှာပါတဲ့၊ သမီး ဖုန်းပိတ်ထားလို့ ဆိုတာနဲ့ သမီးအိပ်ပျော် နေလား တက်ကြည့်ပေးမယ်လို့ ပြောခဲ့တာ၊ နေမကောင်း ရင် မထချင်ရင် နိုးမရဘူးပဲ ပြောလိုက်မယ်"

"ဘယ်သူလဲ မာမီ"

"မိုးဇွေတဲ့ ... ဟိုဓာတ်ပုံဆရာလေးလေ"





ဟင် ...။ အံ့ဩသံက ရင်ထဲမှာပဲ ပဲ့တင်ထပ်သည်။ ဘုရားရေ ...။ သူ အိမ်အထိတောင် ဖွတ်လိုက်လာပြီ။ ထက်လှ က လှဲနေရာမှ ဖျတ်ခနဲ ထထိုင်လိုက်မိသည်၊

"ဘယ်လိုပြောလိုက်ရမလဲ"

ဘယ်လိုပြောလိုက်ရမလဲ။

ဘယ်လိုပြောလိုက်ရမလဲ။

မာမီမေးသော မေးခွန်းက ကိုယ့်ကိုယ်ကိုယ် ကိုယ် တိုင်မေးသလို ကြိမ်ကြိမ်ဖန်ဖန် ရင်ထဲပလောင်ဆူ အတွေးတွေ ရှုပ်ထွေးသွားစေသည်။

"ဘယ်သူ့လိပ်စာမို့လဲ၊ အရေးကြီးလို့လား"

"ဟုတ် ... အင်း ... မာမီ မသိဘူး၊ စင်ကာပူက သူငယ် ချင်းလိပ်စာ"

"သမီး မဆင်းချင်ရင် ပေးလိုက် လိပ်စာကို၊ မာမီ သွား ပြောပေးမယ်"

"ဟင့်အင်း ... မာမီ"

ထက်လှသည် နားကနားကြပ်ကို ယောင်ယောင် ဆမ်းယမ်း ဆွဲဖြုတ်ပစ်လိုက်မိပြီး မွေ့ရာပေါ်က ဆင်းလိုက်ပါ သည်၊

"ဟဲ့ ... ဆင်းတွေ့မလို့လား သမီးရဲ့"

"........."

"အရေးမှမကြီးပဲ မာမီကို လိပ်စာပြောလိုက်ပြီးရော"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး မာမီ၊ သူ့ကို ပြောစရာလည်းရှိတယ်၊ ထက်လှ ဖုန်းပိတ်ထားတော့ သူ အခက်တွေ့နေမှာ၊ ဈေး နေတာ ဆင်းတွေ့မှဖြစ်မယ်"

ထက်လှသည် ကိုယ့်မျက်နှာ ကိုယ့်အဝတ်အစား သပ်ရပ် မသပ်ရပ်ပင် မှန်ထဲမကြည့်ဖြစ်ဘဲ အခန်းပြင် ပြေးထွက်ကာ လှေကားမှ တဒုန်းဒုန်း ဆင်းချသွားမိလေသည်။ လှေကားက ခြေသံကြောင့် လှည့်ကြည့်လိုက်သော မိုးစွေက ထက်လှကို မြင်လျှင် ဆိုဖာပေါ် ထိုင်နေရာမှ ဖျတ်ခနဲ ထရပ်လိုက်သည်။

သေလုမျောပါး ဝေဒနာသည်တစ်ယောက်လို ဖျော့ ယွင်းနေတဲ့ သူ့မျက်နှာ။

မိုးစွေ ...။

ထက်လှ ...။

ရင်ထဲက တမ်းတမ်းတတ မက်မက်ရှိုက်ရှိုက်ခေါ် လိုက်မိသလို သူ ပြန်ခေါ်လိုက်တဲ့ သူ့ရင်ထဲကအသံကိုလည်း ထက်လှ အသည်းနှလုံးနှင့် ဆတ်ဆတ်ကြားသည်။

နှစ်ယောက်သား မတ်တတ်ရပ်လျက်သားပင် တစ် ယောက်ကိုတစ်ယောက် သေငယ်ဇောနှင့် နစ်မျောတာရှည် စိုက် ကြည့်နေမိလေသည်။ ရစ်ဝဲလာတဲ့ မျက်ရည်တွေကို မျက်တောင် ပုတ်ခတ်ကာ ထက်လှ ထိန်းနေတုန်း မိုးစွေသည် ရင်ထဲက လည်ချောင်းဝကိုတက်လာတဲ့ စကားလုံးတွေကို ဇွတ်မှိတ်မျိုချ သလို လည်ချောင်းထဲ တစ်ဆို့လှုပ်ရှားကာ ဆွံ့အနေလေသည်





ဟိုတစ်နေ့ကထက် အများကြီး ပိန်လျှော်ညှိုးလျှသွား တဲ့ နှစ်ယောက်သား တစ်ယောက်ကို တစ်ယောက် ရင်ထုမနာ ငေးကြည့်နေမိသည်မှာ မိနစ်တွေချီ၍။ ထိုင်လည်းမထိုင်မိ။ စကား လည်းမပြောမိ။ နှစ်ယောက်ကြားမှာ လိုအပ်နေတဲ့ အရာဟာ စကားလုံးတွေလည်းမဟုတ်။ မျက်ရည်တွေလည်း မဟုတ်။

တစ်စုံတစ်ရာ။ အဲဒီ တစ်စုံတစ်ရာကို မျက်ကွယ်ပြု နိုင်တဲ့ခွန်အား ထက်လှမှာမရှိ။ သူ့မှာလည်း ရှိမယ်မထင်။

"ဟဲ့ ... သမီး၊ မတ်တတ်နဲ့ ဘာတွေအရေးကြီးနေလဲ"

အတန်ကြာမှ လိုက်ဆင်းလာတဲ့ မာမီက တအံ့တသြ ဆိုလျှင် ထက်လှက ကမန်းကတန်း လှည့်ကြည့်လိုက်ရင်း လက် ချောင်းလေးတွေကို တဂေါက်ဂေါက်ချိုးမိရင်းက ...

"ဟို ... မာမီ၊ ထက်လှ ခဏလိုက်သွားပြီး အိမ်ပြပေး လိုက်ဦးမယ်"

"ဟဲ့ ... ညွှန်လိုက်လည်း ရနေတာကို"

"ဒီနားလေးတင်ပါ မာမီ၊ ရွှေတောင်ကြားတင်ပါ၊ ခြံနံပါတ် လည်း ဗျောက်သောက်ဖြစ်နေတော့ သူ ရှာဖို့မလွယ်ဘူး"

"ဪ ... သမီးရယ်၊ ဒါတော့ ရှာရမှာပေါ့၊ တွေ့မှာပါ"

"မဟုတ်ဘူး မာမီ၊ ဓာတ်ပုံကိစ္စပါ၊ ရက်လည်းကပ်နေပြီ ထက်လှ ပို့ပေးမှဖြစ်မှာ၊ ခဏလေးရယ်ပဲ လိုက်ပြလိုက် မယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



ထက်လှသည် ဖွတ်တရွတ် ပြောစကားလည်းဆုံး မိုးစွေကိုလည်း ဖျတ်ခနဲကြည့်လိုက်ကာ ...

"မိုးစွေ ... လာ"

"ဟုတ်"

မိုးစွေကလည်း ထက်လှ ဦးဆောင်ရာနောက် ကမန်းကတန်း လိုက်ထွက်ရင်း ...

"ခွင့်ပြုပါဦးခင်ဗျ"

"အေး ... အေး"

မာမီက မနှစ်မြို့လှသော်လည်း ဒီထက်တော့ပို၍ ထွေထွေရာရာ သံသယဝင်ပုံမပေါ်။ ထက်လှက မိုးစွေရဲ့ဂျစ်ကား ပေါ် လှမ်းတက်လိုက်သည်။ မိုးစွေကလည်း ကမန်းကတန်းခြေ တက်ကာ သူ့ကားကို မောင်းထွက်လိုက်ပါသည်။ ဦးတည်ရာ မောင်းထွက်လာတာမို့ ကားက အင်းလျားလမ်းဘက် ထွက်လာ သည်။ အင်းလျားလမ်း သစ်သီးဆိုင်ကလေးတွေ အလွန်နား တော့ မိုးစွေက ကားကိုဘေးကပ်ကာ ရပ်လိုက်ပါသည်။

"ထက်လှ"

"........"

"ထက်လှ"

"ဟင့်အင်း ... ဘာမှမပြောနဲ့"

"ထက်လှရယ်"

"ဘာမှမပြောပါနဲ့ မိုးစွေရယ်"



ထက်လှသည် ရုတ်တရက် မျက်နှာကို လက်ဝါး လေးနှစ်ဖက်နှင့်အုပ်ကာ ရှိုက်ကြီးတငင် ငိုကြွေးချလိုက်ပါသည်။ မိုးစွေသည် ရင်ထဲ၌ အလုံးအရင်း နင့်၍နာကျင်လာကာ ထက်လှ ဘက်ကို မကြည့်ရက်၍ စတီယာရင်ပေါ် လက်နှစ်ဖက်ဆန့်တန်း ထင်ကာ ရှေ့တည့်တည့်ကို ငူငူကြီး ငေးစိုက်ကြည့်နေမိသည်။

ထက်လှရဲ့ ငိုရှိုက်သံက သူ့ရဲ့အသည်းနှလုံးတွေ ကို ဆွဲဖွဲဖြဲဆုတ်နေသလို ခံစားရသည်။ သူ့ကိုယ်သူ ခွင့်မလွှတ် နိုင်အောင် ခံစားရစေပါသည်။ အတန်ကြာလာလျှင် သူသည်းခံမ နေနိုင်တော့ဘဲ ထက်လှဘက် လှည့်ထိုင်လိုက်မိကာ ...

"ထက်လှ ... တော်ပါတော့ ထက်လှရယ်၊ ပင်ပန်းလှပါပြီ၊ ကျွန်တော့်ကို စိတ်ဆိုးရင် ကျွန်တော့်ပါးကို ရိုက်လိုက်ပါ၊ ကျွန်တော့်ကို အပြစ်ပေးပါ"

"ဟင့်အင်း ... ဟင့်အင်း"

"ရိုက်ပါ ထက်လှရယ်"

"ဟင့်အင်း ... မိုးစွေပါးကို ရှန်းရှန်း ရိုက်သွားတာတောင် ရှန်းရှန်းကို ထက်လှ မုန်းလှပြီ သိရဲ့လား၊ သိပ်မုန်းတယ်၊ မိုးစွေပါးကိုရိုက်တယ်၊ သိပ်မုန်းတာပဲ"

ငိုသံရှိုက်သံတွေကြားထဲ ထက်လှအသံက တုန်ယင် ကာ လေဆက်ပြတ်နေသည်။

"ထက်လှ တိတ်ပါ ထက်လှရယ်၊ ကျွန်တော့်ရင်တွေ နာ လှပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"မိုးဇွေရယ် ... နောက်ဆုံးတစ်နေ့ ရန်းရန်းကို မပြောခဲ့ရင်တောင်လေ ထက်လှကို ဖွင့်ပြောထားရောပေါ့၊ အဲလိုဆိုရင် ထက်လှတို့ ရန်းရန်းနဲ့ မဆုံအောင် သတိထားရှောင်နိုင်တယ် မဟုတ်လား မိုးဇွေရယ် ... ဟင်"

"ထက်လှရယ်"

မိုးဇွေသည် ရင်ထဲ ဘယ်လိုဖြစ်သွားမှန်းမသိ ထက်လှကို သနားလှကာ ထက်လှကိုယ်လုံးလေးကို ဆွဲယူ၍ တင်းတင်းကျပ်ကျပ်ကြီး ဖက်ထားလိုက်မိသည်။ သူ့ကိုစိတ်မနာတဲ့အပြင် သူ သိထားရင် ရန်းရန်းကိုတောင် ပုန်းရှောင်ဦးမည်ဆိုတဲ့ စကားက သူ့အသည်းတွေကို ကွဲအက်သွေးစိမ်းထွက်စေသည်။

သူစခဲ့လို့။ အေးချမ်းတည်ငြိမ်သာယာနေတဲ့ ထက်လှရဲ့ ဟိုးမိုးမြင့်က ဘဝလေး သူ့ကြောင့် ကတိမ်းကပါး လိမ့်ပြိုကာ မျက်ရည်အလူးလူး ရှိုက်သံအလူးလူး ဖြစ်ရသည်။ သူ မစောင့်ထိန်း မအောင့်အည်းနိုင်ခဲ့လို့။ ခုချိန်ကျမှ သူ ထက်လှကို ဘယ်လိုပြန်လုပ်ပေးရပါ့မလဲ။ ထက်လှရဲ့ နှလုံးသားလေးမှာ သူ့အချစ်တို့ စွန်းထင်းစွဲထင်ခဲ့ပြီးပြီ။

ထက်လှ ခမျာ သူ့ကို ရူးရူးမိုက်မိုက် ချစ်နေရှာပြီ။ စိတ်မနာနိုင်အောင်ကို ခိုင်ခိုင်မာမာ မက်တွယ်နေရှာပြီ။ သူ့ရဲ့တင်းကျပ်တဲ့ ထွေးပိုက်မှုထဲမှာ ထက်လှက ကိုယ်လုံးလေး တုန်ရင်အောင် ရှိုက်ငင်နေတုန်းပင်။

"ထက်လှ ... တိတ်ပါတော့နော်၊ တိတ်ပါတော့"





"မိုးဇွေ"

"ဗျာ"

"မိုးဇွေကို ရန်းရန်း ဘာပြောသေးလဲဟင်"

"အရမ်းဒေါသဖြစ်နေတယ်၊ အဲဒီနေ့က ထက်လှ ထွက်သွားတော့ သူလည်း အရမ်းငိုတယ်"

"သနားပါတယ်၊ ထက်လှ စိတ်မကောင်းဘူး မိုးဇွေရယ်၊ သူ ဘယ်လိုခံစားရမလဲ ထက်လှ နားလည်ပါတယ်၊ ထက်လှလေ မိန်းကလေးချင်း ကိုယ်ချင်းလည်း စာပါတယ်၊ ချစ်တတ်တဲ့သူချင်းလည်း ကိုယ်ချင်းစာပါတယ်၊ ထက်လှ... ထက်လှ ..."

"ထက်လှရယ် ... တော်ပါတော့၊ ပင်ပန်းလှပါပြီ"

ထက်လှက မျက်ရည်လေးတွေ သုတ်ရင်း ...

"မိုးဇွေ ဘာကိစ္စ ပါသေးလဲဟင်"

"ဘာကိစ္စမှ မဟုတ်ပါဘူး၊ ကျွန်တော် ထက်လှကို တကယ်တော့ လာတောင်းပန်တာပါ၊ ထက်လှ မောင်းထုတ်ရင် နှစ်နှစ်နာနာပြောရင် ငုံ့ခံလိုက်မယ်လို့ စိတ်ကူးပြီး ထက်လှပေးတဲ့ အပြစ်တစ်ခုခုကိုယူဖို့ လာခဲ့တာပါ၊ ဒါပေမဲ့ ထက်လှက ကျွန်တော့်ကို အပြစ်မပေးတော့ ကျွန်တော် အရမ်းစိတ်မကောင်းဖြစ်တယ်၊ ဝမ်းလည်းနည်းတယ်"

မိုးဇွေ ရင်ထဲ လှိုက်လှဲခံစားလာရကာ တကယ်ဝင် မျက်ရည်လည်လာခဲ့ပါသည်။ ထက်လှကို ရင်ခွင်ထဲဖွဲ့ကာ



www.burmeseclassic.com

www.burmeseclassic.com



လက်ဖျားလေးနှစ်ဖက်ကိုပဲ ဆုပ်ကိုင်ရင်း ကြေကြေကွဲကွဲ စိုက်ကြည့်နေမိသည်။ မျက်လွှာချထားသော ထက်လှရဲ့မျက်တောင်များ၌ မျက်ရည်များ စိုသီးခွဲကပ်နေကာ ခဏကြာရင် မျက်ရည်လေးတစ်ပေါက် စီးလျှောလိမ့်ကျလာတတ်သည်။

သူကို စိတ်မခုရှာတဲ့ ထက်လှကို သူ ဘယ်လိုရင်ထဲမချိအောင် အသနားကြီး သနားနေမိပါသည်။ သူဘာဆက်လုပ်ရပါ့မလဲ။

"မိုးဇွေ"

"ဗျာ"

"အခု ... အခုက ..."

"ပြောလေ ထက်လှ၊ ထက်လှ ပြောချင်တာပြော"

"မိုးဇွေ ထက်လှကို ... ထက်လှကို လာနှုတ်ဆက်တာလားဟင်"

"ထက်လှရယ်"

မိုးဇွေသည် တစ်ချိန်လုံး မျက်တောင်ပုတ်ခတ်ထိန်းနေရာမှ ဒီတစ်ခါတော့ ဘယ်လိုမှ စိတ်မထိန်းနိုင်ဘဲ ထက်လှမှ မျက်နှာလွှဲကာ တစ်ဖက်လှည့်ရင်း မျက်ရည်ကျလာခဲ့ပါသည်။ တစ်ဖက်လှည့်ထားရင်း ကြာလာတော့ ထက်လှ ရိပ်မိလာသည်။

"မိုးဇွေ"

"........"

"မိုးဇွေ ငိုနေတာလားဟင်"





"........"

"မငိုပါနဲ့ မိုးဇွေရယ်၊ မိုးဇွေ မငိုပါနဲ့"

"........"

ထက်လှရယ်။ ကျွန်တော့်ရင်တွေ ကွဲထွက်ပါတော့မယ်။ ကျွန်တော် မကောင်းဘူး။ ထက်လှကို သေလုမတတ်နာကျင်ခံစားရအောင် ကျွန်တော် လုပ်ခဲ့မိပြီ။

ကိုယ်ကိုစောင်းပြီး လှည့်ထားတဲ့ မိုးဇွေရဲ့ကျောပြင်ဆီ ထက်လှရဲ့ပါးလေးတစ်ဖက်က ပွပွနွေးနွေး ထိကပ်မိလာသည်။

"မငိုပါနဲ့ မိုးဇွေရယ်၊ မိုးဇွေ ထက်လှကို သိပ်ချစ်မိသွားတယ်ဆိုတာ ထက်လှ သိပါတယ်၊ ယုံလည်း ယုံကြည်ပါတယ်၊ မိုးဇွေကို ထက်လှ ဘယ်တော့မှ အပြစ်လည်းမတင်ဘူး၊ မုန်းလည်းမမုန်းဘူး၊ မိုးဇွေ ထက်လှကို ထားခဲ့လည်း အပြစ်မရှိပါဘူး၊ နောက်ဆံလည်း မတင်းပါနဲ့၊ မိုးဇွေ စိတ်မဆင်းရဲနဲ့၊ ကိုယ့်ကိုယ်ကိုယ်လည်း အပြစ်မတင်နဲ့နော်၊ ထက်လှ အားလုံးကို နားလည်နိုင်ပါတယ်၊ အားလုံးကို ထက်လှ လက်ခံနိုင်ပါတယ် မိုးဇွေ၊ မိုးဇွေကို ထက်လှချစ်တယ်"

"အဲဒါကို သနားတာလေ၊ ကျွန်တော့်ကို ချစ်မိသွားလို့ ထက်လှ နာကျင်ရတာကို ကျွန်တော် စိတ်မကောင်းတာပါ၊ ထက်လှကို ဒုက္ခပေးမိတဲ့အတွက် ကိုယ့်ကိုယ်ကိုယ်ခွင့်မလွှတ်နိုင်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"မိုးစွေက ထက်လှကို အချစ်စစ်စစ်တစ်ခုကို ခံစား
အောင် လက်ဆောင်ပေးခဲ့တဲ့သူပါ မိုးစွေရယ်၊ ထက်လှ
ဒုက္ခပေးခဲ့တဲ့သူ မဟုတ်ပါဘူး"

မိုးစွေက ထက်လှဘက် လှည့်လိုက်ပါသည်။

"မိုးစွေရယ် ... တကယ်ဒိုနေလိုက်တာ"

သူ့ပါးပြင်တွေကို မျက်ရည်သုတ်မို့ ထိတွေ့လာ ထက်လှရဲ့လက်ကလေးတွေကို မိုးစွေက ဖမ်းဆုပ်ကိုင်ထားလို ပါသည်။

"ထက်လှ"

"........."

"ထက်လှ ဘာဖြစ်ချင်လဲဟင်"

"ဟင့်အင်း"

"ပြောပါ ထက်လှရယ်၊ ထက်လှဖြစ်ချင်တာကို ကျွန် ဖြစ်အောင်လုပ်မယ်၊ ထက်လှ ဆုံးဖြတ်တာကိုပဲ ကျွန် နာခံချင်တယ်"

"ဟင့်အင်း ... ထက်လှ မပြောချင်ဘူး၊ မဆုံးဖြတ်"

"ဒါဖြင့် ကျွန်တော်တို့ ဘာဆက်လုပ်ကြမှာလဲ"

"မိုးစွေ လုပ်ချင်တာကိုလုပ်ပါ"

ထက်လှရဲ့ တိတ်စပြုတဲ့ မျက်ရည်တို့က တ ပြန်ကျလာကြပြန်သည်။

"ထက်လှရယ်"

"ထက် ... ထက်လှ ... ထက်လှ ... မိုးစွေကို ချစ်





"ဒါဖြင့် ထက်လှ ကျွန်တော့်ကို လက်တွဲရဲလား"

"ဟင်"

ထက်လှမျက်လွှာလေးက ဖျတ်ခနဲ ပင့်တက်လာသည်။ မိုးစွေကို မယုံမရဲ မျက်ဝန်းလေးများနှင့် ကြည့်နေလေသည်။

"ကျွန်တော့်မှာက ထက်လှနဲ့စာရင် ရင်ဆိုင်စရာ နည်းပါတယ်၊ ထက်လှအနေနဲ့က ပထမဆုံး နီးနေပြီဖြစ်တဲ့ လက်ထပ်ပွဲ၊ လူတချို့ သိသင့်သလောက်သိပြီးဖြစ်တဲ့ လက်ထပ်ပွဲ ပျက်သွားမှာ၊ ကိုမင်းသူရမောင်ကို ရင်ဆိုင်ရမှာ၊ ထက်လှမာမိတို့ ဒက်ဒီတို့ကို ရင်ဆိုင်ရမှာ၊ ပြီးတော့ ထက်လှကို ပြီးပြည့်စုံအောင်ထားနိုင်မယ့် အရမ်းချမ်းသာတဲ့ အိမ်ထောင်ဖက်လောင်းကို ဆုံးရှုံးရမှာ"

ထက်လှ လက်ဖျားလေးက မိုးစွေ ပါးစပ်ကိုလှမ်းပိတ်လိုက်သည်။

"ကျန်တာတွေ ထည့်မပြောကြပါစို့နဲ့ မိုးစွေရယ်၊ ထက်လှလည်း ထက်လှ ခင်ပွန်းလောင်းလို့ ရည်စွယ်ထားတဲ့သူကို စွန့်လွှတ်ရမှာ ဖြစ်သလို၊ မိုးစွေလည်း မိုးစွေဇနီးလောင်းလို့ သတ်မှတ်ပြီးသား ချစ်သူကို ထားခဲ့ရမှာပဲလေ။ တူတူပါပဲ နှစ်ယောက်လုံး တူတူပါပဲ"

"အခု ဒီစကားပြောတော့ အခုမှပြောတာလို့ စွပ်စွဲချင်စရာ ဖြစ်ပေမယ့် ကျွန်တော် ထက်လှကို ချစ်မိမှ အချစ်ဆိုတာ ဒီဟာပါလို့ သေသေချာချာ ခံစားခဲ့ရတာပါ ထက်လှရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ထက်လှလည်း တူတူပဲ မိုးစွေ"

"ကျွန်တော်တို့ ချစ်ခဲ့ကြတာက အသီးသီး သက်ဆိုင်ရ တွေအပေါ် မတရားသလို သစ္စာမဲ့သလို ဖြစ်ခဲ့ပေမယ့် ကိုယ် ဒီလောက် အရှုံးအမူး ချစ်နေရက်နဲ့ ခွဲခွာဖို့လိုအပ် လားလို့ တစ်ချိန်လုံး တွေးမိတယ်၊ အရင်ပတ်သက်ခဲ့ တဲ့သူကို သစ္စာရှိသင့်တယ်ဆိုတဲ့ အတွေးတစ်ခုကြော င့် တစ်သက်လုံး ရင်ကွဲပက်လက် အဖြစ်ခံသင့်ရဲ့လား လို့ စဉ်းစားမိတယ်၊ အရင်လူကို သစ္စာရှိတယ်ဆိုပြီး ဒီအချိ န် အတန့်တစ်ခု သစ္စာရှိလိုက်တာနဲ့ တစ်သက်လုံး မသေ သူတို့အပေါ်တောက်လျှောက် စိတ်ထဲက ရင်ထဲက သစ္စာ ဖောက်သွားရတော့မှာကရော မှန်ကန်ရဲ့လား ထက်လှရယ်"

သူတို့နှစ်ဦးသား တစ်ယောက်မျက်နှာတစ်ယော က် ရှူးရှူးမူးမူး တမ်းတမ်းမက်မက် ငေးစိုက်ကြည့်နေမိကြရာမှ ထက်လှ က မျက်လွှာချလိုက်ပါသည်။

"မိုးစွေ ... မိုးစွေက ထက်လှကို ရွေးချယ်ရင် ထက်လှ မိုးစွေကိုပဲ လက်တွဲမယ်"

ထက်လှအသံလေးက တိုးရှိုက်တုန်ခတ်နေသည်

✧ ❦ ✧





## ၁၅

"သား ... ရန်းရန်းနဲ့ ဘာဖြစ်ထားလဲ သား"

အိမ်ထဲဝင်ဝင်ချင်း ခရီးရောက်မဆိုက် မေးလိုက်တဲ့ မေမေ့စကားကြောင့် မိုးစွေက အံ့သြသွားရင်း ...

"ဘာဖြစ်လို့လဲ မေမေ"

"ရန်းရန်းက မေမေ့ဆီ ဖုန်းဆက်ထားတယ်၊ သူ မေမေ့ ကို လာတွေ့စရာရှိတယ်၊ ပြောစရာတွေ ရှိတယ်တဲ့"

မိုးစွေက စိတ်ရှုပ်သွားရင်း ...

"ဪ ... မေမေက သားကို အိမ်လေး ဘာလေး တစ် ရက်တလေ ပြန်အိပ်ပါဦးလို့ ဖုန်းဆက်ခေါ်တာ အဲဒါကြောင့် လား"

"မဟုတ်ပါဘူး သားရဲ့၊ ခုတလော သားက စတူဒီယိုခန်း မှာပဲ အိပ်နေတာကြာတော့ အိမ်လေး ဘာလေး တစ်ရက် တလေ တကယ်ပြန်အိပ်စေချင်လို့ ခေါ်တာက သတ်သတ် ပါ၊ ရန်းရန်းက ခုနကမှ ဖုန်းဆက်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



မိုးစွေက လွယ်ထားတဲ့ ကျောပိုးအိတ်ကိုဖြုတ်၍ လက်ကတန်းလန်းချ ဒရွတ်တိုက်ဆွဲကာ ကွန်ပျူတာအခန်းထဲ ဝင်လာခဲ့ပါသည်။ ဒီအခန်းလေးက သူ့ရဲ့ဘူမိနက်သန် အခန်းလေး။ အိပ်ခန်းကို အိပ်ခါနီး ရေမိုးချိုးခါနီးမျိုးမှပဲ သူဝင်တာပါ။ ကျန်တဲ့အချိန်တွေမှာတော့ ဒီအခန်းမှာပဲ သူ အချိန်ကုန်တတ်သည်။

"သား"

"………"

"မေးတာ ပြောဦးလေ၊ ခဏနေ ရှန်းရှန်း လာတော့မှာ မေမေက မေမေ ဒီည ရှစ်နာရီ ဆေးခန်းပြန်ထွက်ထိုင်ရမယ်လို့ပြောတော့ သူက ချက်ချင်းထွက်လာမှာပါတဲ့"

"ခြော်"

"မေမေမေးတာ ဖြေဦး"

မိုးစွေက အခန်းထဲက ဆိုဖာမှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်ရင်း …

"မေမေ … သား ရှန်းရှန်းနဲ့ လမ်းခွဲဖို့ စဉ်းစားထားတယ်"

"ဟင်"

မေမေက အံ့အားသင့်သွားပြီး …

"ဘာဖြစ်လို့လဲ သား … ရှန်းရှန်း ဘာလုပ်လို့လဲ"

"ရှန်းရှန်း ဘာမှမလုပ်ပါဘူး၊ သူ့မှာအပြစ်မရှိပါဘူး အပြစ်ရှိတာ သားပါ၊ ကိုယ့်အပြစ်နဲ့ကိုယ် လမ်းခွဲရတာ"





"ရှန်းရှန်းက အဲဒီအပြစ်ကို ခွင့်မလွှတ်လို့လား၊ ဘာအပြစ်လဲ"

"………"

မိုးစွေ ဖြေရခက်နေပါသည်။

"ဘာအပြစ်မို့လို့လဲ၊ ရှန်းရှန်း ခွင့်မလွှတ်နိုင်ဘူးဆိုရင် အပြစ်က ကြီးလို့ပေါ့၊ တစ်ခုပဲ တွေးမိတယ်၊ သားဘက်က ရှန်းရှန်းကို သစ္စာမဲ့လို့လား"

မိုးစွေက သက်ပြင်းကြီးတစ်ချက် ချလိုက်ပါသည်။

"ရှန်းရှန်းက ခွင့်လွှတ်တယ် ခွင့်မလွှတ်ဘူး ဘာမှမပြောပါဘူး မေမေ၊ သားကသာ ရှန်းရှန်းကို ရှောင်နေတာပါ"

"ဟင် … မင်းအဆိုးချည်းပါလား မိုးစွေ၊ ကိုယ်ကပဲ အပြစ်လုပ်ပြီး ကိုယ်ကပဲ ရှောင်နေတယ်ဆိုတာ ကောင်းတဲ့ အမူအကျင့်မှ မဟုတ်ဘဲ၊ ပြောစမ်းပါ မိုးစွေရယ်၊ မင်း ရှန်းရှန်းအပေါ်မှာ သစ္စာမရှိတဲ့ ပြစ်မှုလား"

မိုးစွေက ခေါင်းငုံ့ထားလိုက်ပြီး …

"ဟုတ်ကဲ့"

"ဟင် … ဖြစ်မှဖြစ်ရလေ သားရယ်၊ ဒါကြောင့် ဟိုးတလောကလည်း ရှန်းရှန်းက အိမ်အထိလာပြီး ပြဿနာဖြစ်ကြတာ၊ အဲဒီကတည်းက ကိစ္စပဲပေါ့ … ဟုတ်လား"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"သား ... မိုးစွေ၊ မေမေ့သားက မကောင်းတဲ့ အမူအကျင့် ရှိတဲ့ ယောက်ျားမျိုးမှ မဟုတ်ဘဲ၊ ဘယ်လိုဖြစ်တာလဲ သား၊ သားမှားမိပေမယ့် မှားမှန်းသိရင် ရပ်တန်းကရပ်ပြီး ရှန်းရှန်းကို ပြန်တောင်းပန်ရမှာ မဟုတ်လား၊ တောင်းပန် လိုက်ရင် ရှန်းရှန်းက ကျေနပ်မှာ သေချာတယ်၊ ခွင့်လွှတ် မှာလည်း သေချာတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ရှန်းရှန်း သာ မင်းကို စိတ်နာတယ် စိတ်ပြတ်တယ်ဆိုရင် မေမေ့ကို ဘာမှ လာတွေ့နေစရာ အကြောင်းမရှိတော့ဘူး သား အခု မေမေ့ကို လာတွေ့မယ်ဆိုတာ မေမေ့ကို ရင်ဖွင့်မှာ တိုင်မှာ မေမေ့အကူအညီကို လိုအပ်တာ၊ အဲဒါတွေကြောင့် ပဲ ..."

"မေမေ ... သူ ခွင့်လွှတ်မှာကိုလည်း သားမလိုချင်တော့ ဘူး၊ သားက သူ့စိတ်ကို ပြတ်စေချင်နေတာ"

"ဟင် ... ဒါဖြင့် သားက နောက်မိန်းကလေးကို"

"မေမေ ... သား သူ့ကို သိပ်ချစ်တာပဲ၊ အရမ်းချစ်သွား မိတယ်၊ သူ့ကိုချစ်မိတယ်ဆိုတဲ့ အချိန်မှာ ရှန်းရှန်းအပေါ် ရှိထားတဲ့ သံယောဇဉ်ဆိုတာက အလကားပဲ ဖြစ်သွားတယ် သားသက်သက်မဲ့ ရှုပ်ချင်လို့ ဖြစ်သွားတဲ့ကိစ္စ မဟုတ်ပါ ဘူး၊ တကယ်အရမ်းချစ်သွားလို့ ဖြစ်သွားတဲ့ကိစ္စပါ၊ ခုနီး မှာ သူကလွဲရင် သား ဘယ်သူ့ကိုမှ မချစ်နိုင်တော့ဘူး





ရှန်းရှန်းကို ငယ်သူငယ်ချင်း သံယောဇဉ်မျိုး လက်ကျန်ရှိ နေသေးပေမယ့် သူ့ကိုချစ်သလိုမျိုးတော့ ရှန်းရှန်းကို လုံးဝမချစ်ဘူး"

"သားရယ်"

မေမေသည် တအံ့တသြလည်းဖြစ် စိတ်လည်းရှုပ် ထွေးသွားပုံရကာ အားပင်ကုန်သွားသလို ဆိုဖာတစ်ခုပေါ် ဖြည်း ဖြည်းဝင်ထိုင်လိုက်ပါသည်။

"ရှန်းရှန်းနဲ့က နှစ်ချီပြီး ပတ်သက်ခဲ့ပြီးမှ ခုလိုထိဖြစ်ရ သလား သားရယ်၊ မင်းဒေါ်လေးနဲ့ဆိုလည်း သူ့အမေနဲ့ မျက်နှာနာရအောင်ကို သိပ်ခင်တာလေ၊ လူကြီးတွေလည်း မျက်နှာပျက်ကုန်တော့မှာပဲ သားရယ်"

"လူကြီးတွေမျက်နှာ မပျက်အောင်ဆိုတဲ့ အကြောင်းပြချက် နဲ့ ကိုယ်တကယ်မချစ်တဲ့ မိန်းမတစ်ယောက်ကို ကြိတ်မှိတ် လက်ထပ်လိုက်ရမှာလားဟင် မေမေ"

"မင်း ရှန်းရှန်းကို ချစ်ခဲ့သားပဲလေ"

"မေမေ ... ခုလက်ရှိ အနေအထား၊ ခုလက်ရှိ အခြေအနေ၊ ခုလက်ရှိ သား ခံစားချက်နဲ့ ပြောနေတာပါ၊ ဟိုးလွန်ခဲ့တဲ့ နှစ်တွေတုန်းက အခြေအနေ ခံစားချက်နဲ့ ဆုံးဖြတ်ရမှာ လား၊ ခုလောလောဆယ် အခြေအနေ ခံစားချက်နဲ့ဆုံးဖြတ် ရမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် မင်း သစ္စာမဲ့တာပဲ သား၊ မင်းအပြစ်ရှိတာ"

"အဲဒါကို သား ဝန်ခံပြီးပြီလေ၊ အပြစ်က အပြစ်ပါ၊ ဒါပေမဲ့ အပြစ်မရှိအောင် တကယ်ချစ်မိတဲ့သူကိုဖြတ်ပြီး မချစ်တဲ့မိန်းမကိုပဲ ယူရမလား၊ မေမေပဲ ဖြေပါဦး"

မေမေက စိတ်ရှုပ်ထွေး ညစ်ညူးသလို မှိုင်တွေနေသည်။

"သေချာရဲ့လား သားရယ်၊ အနိုက်အတန့် စိတ်ပျက်တာများလား"

"မဟုတ်ဘူး မေမေ၊ ရန်းရန်းကို မချစ်တာ သေချာသလို သူ့ကို သိပ်ချစ်တာလည်း သေချာနေပြီ၊ သား သူ့ကိုမှ မတတ် ချစ်မိတာပါ"

"ဘယ်သူလဲ ... သူက"

မိုးစွေက သက်ပြင်းရှိုက်ရင်း ...

"ထက်လှအိပါ"

"ထက်လှအိ ဆိုတာ ... ဟင် ..."

မေမေ့မျက်လုံးများက ဝိုင်းစက်သွားပါသည်။

"ထက်လှအိက ဟိုကောင်မလေးပဲ၊ မင်း ... မင်းပဲ သူ့စေ့စပ်ပွဲပုံတွေ ရိုက်ပေးခဲ့ရတာ မဟုတ်လား သား"

မိုးစွေက ခေါင်းငုံ့၍ ငြိမ်သက်နေမိပါသည်။

"မင်းတို့က ဘယ်လိုလဲ၊ မင်းက တစ်ဖက်သတ် ချစ်နေတာလား"





မိုးစွေ ပြန်မဖြေမိ။

"မင်းတစ်ဖက်သတ် ချစ်နေတာဆိုရင် သူ့ဘက်ကလည်း တုံ့ပြန်နိုင်တာ မဟုတ်ဘဲနဲ့ ရန်းရန်းကို ဖြတ်ပစ်ဖို့အထိ လိုအပ်သလား သား၊ ချစ်မိတာကို မေမေ ဘာမှမပြောလိုပါဘူး သားရယ်၊ စိတ်ဆိုတာ ထိန်းသိမ်းချုပ်ကိုင်နိုင်ဖို့ အခက်သားပဲ၊ သူ့စိတ်က အလိုအလျောက် ဖြစ်လာတာကို ကိုယ်က ငြင်းဆန်ဖို့ခက်တာ နားလည်ပါတယ်၊ ဒါပေမဲ့ အဲသလောက်နဲ့ ရန်းရန်းကို ဖြတ်ပစ်ဖို့အထိဆိုရင်တော့ အဓိပ္ပာယ်မရှိဘူး သားရယ်"

"အဲသလို မဟုတ်ဘူး မေမေ"

"ဟင် ... ကောင်မလေးက မင်းကို လက်ခံသလား"

"........."

"ဟင် ... ဒါဆို ထက်လှအိက ဘယ်လိုမိန်းကလေးလဲ၊ စေ့စပ်ထားပြီး လက်ထပ်ဖို့ ဘာမှမဝေးတော့တဲ့ မိန်းကလေးတစ်ယောက်က နောက်ထပ် ကောင်လေးတစ်ယောက် အချစ်ကို မဖြစ်နိုင်ဘဲ လက်ခံစရာလား၊ ပြီးတော့ မင်းက သူ့သူငယ်ချင်း ရန်းရန်းရဲ့ချစ်သူလေ၊ ဒီကောင်မလေး ဘယ်လိုကောင်မလေးလဲ"

"မေမေ ... ထက်လှက သားနဲ့ရန်းရန်း ချစ်သူတွေဆိုတာ မသိခဲ့ပါဘူး၊ ရန်းရန်းကလည်း ပြောမပြခဲ့ဘူး၊ သူ ဟို တလောလေးကမှ သိသွားတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရှန်းရှန်း မပြောဘူးဆိုတော့ မင်းကကော ဘာဖြစ်လို့ မပြောလဲ"

"တခြားမိန်းကလေးတစ်ယောက်ကို စကားမစပ်ဘဲနဲ့ ကျွန်တော်နဲ့ ရှန်းရှန်းက ချစ်နေကြတာလို့ ပြောဖို့က မလွယ်တဲ့ကိစ္စပဲလေ မေမေ၊ ပြီးတော့ သား သူ့ကို ပထမဦးဆုံး မြင်မြင်ချင်းကတည်းက သိပ်ချစ်သွားမိလို့ပါ"

မေမေသည် ဘာမှမပြောနိုင်ဘဲ မိုးဇွေကို ငိုင်ငိုင်ကြီးသာ ငေးကြည့်နေသည်။ မိုးဇွေက မေမေ့ကို မျက်လုံးချင်းဆိုင်ရင်း ...

"မေမေ ... သား လူရှုပ်မဟုတ်ပါဘူး၊ ဘယ်တုန်းကမှလဲ စိတ်ကစားဖို့ သာယာမှုရှာဖို့ မရည်ရွယ်ခဲ့ပါဘူး၊ စိတ်ကူးလည်း မရှိပါဘူး၊ ထက်လှကို သား တကယ်ချစ်မိသွားတာပါ၊ ထက်လှကို သား အရမ်းချစ်တယ်"

"သား"

မေမေ စိတ်ညစ်ညူးသွားပုံ ပေါ်ပါသည်။

"ဒါပေမဲ့ သူက လက်ထပ်ရတော့မယ်လေ၊ သူ့အဖေကတောင် မေမေ့ကို သူ့သမီးမင်္ဂလာပွဲကျရင် ဖိတ်လိုက်မယ်လာပါ ဆိုတာ ပြောဖူးသေးတယ်၊ မင်း ဒါကိုသိထားတာပဲ ထိန်းရမှာပေါ့၊ သူလည်းပဲ ထိန်းသိမ်းရမှာပဲ၊ သူကမိန်းကလေးတစ်ယောက် ပိုတောင်ထိန်းရဦးမှာ"





"ထက်လှက သားကို တကယ်ချစ်သွားလို့ပါ၊ ထက်လှကလည်း စိတ်လှုပ်ရှားလွယ်တဲ့ မိန်းကလေးတစ်ယောက် မဟုတ်ပါဘူး မေမေ"

"ဘာပဲဖြစ်ဖြစ် မိန်းကလေးဆိုတာ သဘာဝတရားအရ ပိုထိန်းသိမ်းရမယ့် တာဝန်ရှိတယ်၊ သားကို ခုလိုပြန်ပြီး တုံ့ပြန်တယ် ဆိုတာကို မေမေ လုံးဝသဘောကျနိုင်ဘူး၊ သားတို့ရဲ့အဖြစ်အပျက်မှာ ဘယ်လောက်ပဲ အချစ်စစ် အချစ်မှန်တွေလို့ ပြောနေနေ လုံးဝမဖြစ်သင့်တဲ့ကိစ္စ"

ဟဟလေးဖြစ်နေတဲ့ အခန်းတံခါးက လုံးဝပွင့်လာကာ တံခါးဝမှာ ရှန်းရှန်းပေါ်လာပါသည်။ မိုးဇွေကို စိုက်ကြည့်နေတဲ့ မျက်ဝန်းများမှာ နာကြည်းမှုတွေအပြင် သံယောဇဉ်မပြတ်နိုင်ခြင်းတွေပါ ပျော်ဝင်နေသည်။

"နင်တို့အချစ်က အချစ်စစ် အချစ်မှန်တွေဆိုတော့ ငါ့အချစ်ကကျတော့ ဘာလဲ မိုးဇွေ! ငါ့အချစ်ကိုကျတော့ နင် ဘယ်နားလွှင့်ပစ်လိုက်လဲ၊ ခြေနင်းဖတ်ထဲ လွှတ်ချလိုက်တာလား၊ မြောင်းထဲလွှင့်ပစ်လိုက်တာလား"

ရှန်းရှန်းအသံက ခြောက်ကပ်အက်ကွဲနေသည်။ သွားခဲပြီး ပြောနေသလို တစ်လုံးချင်း မွန်းကျပ်စွာ ထွက်လာခဲ့တဲ့ စကားလုံးတွေပါ။

"သမီး ... လာ ... လာ၊ ဒီမှာ လာထိုင်"



www.burmeseclassic.com

www.burmeseclassic.com



မေမေက သူ့ဆေးကခုံကို ပုတ်ပြသော်လည်း ရှန်းရှန်းက ရှေ့တိုးမလာဘဲ ခြေစုံတောင့်တောင့်ရပ်ကာ ငြိမ်နေလေသည်။ လူကသာ ငြိမ်နေသော်လည်း ရှန်းရှန်းစိတ်ထဲ ရှန်းရှန်းရင့်ထဲမှာတော့ မုန်တိုင်းကြီးကြီးတစ်ခု တိုက်ခတ်နေသလို အရာရာဟာ တစ်ခုချင်း တစ်ချက်ချင်း လဲပြိုစုတ်ပြတ်ပျက်စီးနေပါသည်။ ရင်ထဲရှိရှိသမျှ ကလီဇာအားလုံးဟာလည်း အဲဒီမုန်တိုင်းအရှိန်နှင့်ပဲ ဖရိုဖရဲ ကျဲပြန့်ကာ သူ့နေရာနှင့်သူကို မရှိတော့ပြီ။

ရှန်းရှန်း ရှေ့တိုးမလာဖော့ မေမေက ထ,သွားကာ ရှန်းရှန်းလက်ကို ဆွဲခေါ်လာခဲ့သည်။

"ကဲ ... သမီး၊ ဒီမှာ ထိုင်၊ ဒီကိစ္စကို အေးအေးဆေးဆေး ခေါင်းအေးအေးနဲ့ ဆွေးနွေးဖြေရှင်းကြပါ"

"အန်တီ ... သမီး ဘယ်လိုလုပ် ခေါင်းအေးအေးထားနိုင်ပါ့မလဲ၊ ဘယ်လိုလုပ်ပြီး ဒီကိစ္စကို အေးအေးဆေးဆေး ဆွေးနွေးနိုင်ပါ့မလဲ အန်တီ"

"အန်တီ နားလည်တယ် သမီး၊ သမီး ဘယ်လိုခံစားရမယ်ဆိုတာကို သဘောပေါက်တယ်၊ ဒါပေမဲ့ သူ့ဘက်က သူ့အနေအနေနဲ့ မဟုတ်ဘဲ သမီးအတွက် အန်တီပြောမယ်၊ သမီး စိတ်ကို တည်တည်ငြိမ်ငြိမ်ထား၊ နို့မဟုတ်ရင် သမီးဘက်က အရှုံးပဲ သမီး၊ ဒီကိစ္စမှာ သမီးက အပြစ်ရှိတဲ့သူ မဟုတ်ဘူး၊ သူက အပြစ်ရှိတဲ့သူ၊ တုန့်လှုပ်နေရမှာကသူ ချောက်ချားနေရမှာကသူ သမီးက စင်ပေါ်ကပါ"





"အန်တီ ... နှလုံးသားရေးရာနဲ့ ပတ်သက်တဲ့ကိစ္စမှာ အပြစ်မရှိတိုင်း စင်ပေါ်မှာ နေလို့ရတာ မဟုတ်ပါဘူး၊ အမှားမရှိလို့ မတုန်လှုပ်ရဘူးဆိုတာ မမှန်ပါဘူး၊ မှန်မှန်မှားမှား တုန်လှုပ်ချောက်ချားရတဲ့သူက အသည်းမမာနိုင်တဲ့သူ၊ သံယောဇဉ်မပြတ်နိုင်တဲ့သူပါ အန်တီရယ်၊ သံယောဇဉ်ပြတ်တဲ့သူ အသည်းမာတဲ့သူ ရက်စက်နိုင်တဲ့သူက ဘာမှမတုန်လှုပ်တော့ပါဘူး၊ သူ့မှာ ဆုံးရှုံးရမှာကြောက်တဲ့စိတ်မှ မရှိတာ၊ ဆုံးရှုံးရမှာ ကြောက်တဲ့စိတ်ရှိတဲ့သူကသာ တုန်လှုပ်နေရတာပါ"

"သမီးရယ် ... ဘာပဲဖြစ်ဖြစ် အန်တီ သမီးဘက်ကပါ၊ ကိုယ့်သားက သစ္စာမဲ့တဲ့ဖြစ်ရပ် ဖြစ်နေတော့ အန်တီလည်း မျက်နှာတွေ သိပ်ပူတာပဲ၊ လူကြီးဖြစ်ပြီး သမီးမျက်နှာကိုတောင် ဘယ်လိုကြည့်ရမလဲ မသိတော့ပါဘူး"

"အန်တီ အဲသလို မခံစားပါနဲ့၊ အန်တီနဲ့ မဆိုင်ပါဘူး၊ သူက မျက်နှာပူရမှာ၊ သူခံစားရမှာ၊ အန်တီ့ကို အဲလိုမခံစားရစေချင်ပါဘူး၊ သမီး ... သမီး ရင်ထဲမှာ မျိုသိပ်ပြီးမနေနိုင်တော့လွန်းလို့သာ အန်တီ့ကို ဖွင့်ပြောဖို့ တိုင်ပင်ပြီး ကြိုးစားမိတာပါ၊ အန်တီ့ကို စိတ်မဆင်းရဲစေချင်ပါဘူး"

ရှန်းရှန်း မျက်ရည်ကျတာ မြင်တော့လည်း သူ့ရင်တို့ နာကျင်ရသည်ပင်။ ရှန်းရှန်းကို သနားရသည်ပင်။ ဒါပေမဲ့ သနားခြင်းဆိုတာကြီးက အချစ်စစ်စစ်တစ်ခုကိုတော့ ရှာဖွားမပေး



www.burmeseclassic.com

www.burmeseclassic.com



နိုင်ပါ။ သနားခြင်းက သနားခြင်း၊ အချစ်က အချစ်ပဲလေ။ သူ့ရဲ့ရင်ထဲက အချစ်ပန်းတစ်ပွင့်ဟာ ထက်လှ တစ်ယောက်တည်းအတွက်ပဲ အစွမ်းကုန် ပွင့်ဖူးလှပ မွှေးပျံ့နေခဲ့ပြီ။

"မိုးစွေ"

"………"

"မင်း ဦးနှောက်လေးတစ်ခုသုံးပြီး အသိဉာဏ်ရှိရှိ ဒီကိစ္စကို ဆုံးဖြတ်စမ်း သား၊ လူဆိုတာ မှားတတ်တယ်၊ ဒါပေမဲ့ အမှားဆိုတာ ပြင်လို့ရတယ်"

မေမေက နေရာကထကာ ထွက်သွားပါသည်။ အမှားဆိုတာ ပြင်လို့ရတာ မှန်ပေမဲ့ ခုဟာက အမှားတစ်ခုလို့လား။ အချစ်စစ်တစ်ခု အမှန်တကယ် ပေါက်ဖွားမိတဲ့ကိစ္စဟာ အမှားတစ်ခုလား။ ပြင်လို့ရော ရသလား။

မိုးစွေနှင့် ရှန်းရှန်း အကြာကြီး တိတ်ဆိတ်ငြိမ်သက်ထိုင်နေကြပါသည်။ ရှန်းရှန်းက မျက်ရည်တွေကို ခပ်ကြမ်းကြမ်းသုတ်သုတ်ပစ်နေသည်။

"ရှန်းရှန်း"

"………"

"နင့်ကို ငါ အနူးအညွတ် တောင်းပန်ပါတယ်ဟာ"

"ဘာကို တောင်းပန်တာလဲ"

"အားလုံးအတွက် တောင်းပန်ပါတယ်ဟာ"

"နင် တောင်းပန်တာကို ငါ သိတယ်"





"………"

"နင့်ကို လွှတ်လပ်ခွင့်ပေးလိုက်ဖို့ တောင်းပန်တာ မဟုတ်လား၊ ငါတွဲထားတဲ့လက်တွေကိုဖြုတ်ပြီး လွှတ်ပေးဖို့တောင်းပန်တာ မဟုတ်လား၊ ဆောရီးပဲ မိုးစွေ၊ လာမတောင်းပန်နဲ့ လုံးဝမရဘူး"

"ငါက ရိုးရိုးသားသား တောင်းပန်နေတာပါ၊ ငါ့အမှားအတွက် တောင်းပန်နေတာပါ"

"မလိုဘူး၊ နင့်အမေ ပြောသွားတာ မကြားလိုက်ဘူးလား၊ အမှားဆိုတာ ပြင်လို့ရတယ်၊ နင့်အမှားကို နင်ပြင်လိုက်ရင် ငါ့ကို တောင်းပန်ဖို့ မလိုတော့ဘူး မိုးစွေ"

မိုးစွေက သက်ပြင်းတစ်ချက် ချလိုက်ရင်း ...

"နင့်မှာ အပြစ်မရှိဘူး။ အပြစ်မရှိတဲ့ နင့်ကို စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်မိတဲ့အတွက် ငါ တောင်းပန်တာပါ"

"မလိုဘူး၊ နင် ထက်လှကိုမေ့လိုက်ရင် ရပြီ၊ ငါကြေတယ်"

မိုးစွေသည် စိတ်လည်းညစ် ရှန်းရှန်းကိုလည်း အားနာသက်မိသည်။

"ရှန်းရှန်း"

"ဘာလဲ"

"ငါ ... ငါလေ ... ငါ ထက်လှကို တကယ်ချစ်မိတာပါ"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



ရန်းရန်းသည် စားပွဲပေါ်မှာရှိနေတဲ့ ဝတ္ထုစာအုပ်ကို ဆတ်ခနဲ ကောက်ယူကာ မိုးဇွေထံ ပစ်ပေါက်လိုက်ပါသည်။ မိုးဇွေက ရှောင်လိုက်၍ စာအုပ်က ဆိုဖာနောက်မှီကိုထိကာ ပြုတ် ကျသွားသည်။

"ရန်းရန်း ... နင် ဘယ်လိုဖြစ်နေတာလဲဟာ"

"ငါ ဘာဖြစ်ရမလဲ၊ ငါ ဘယ်လိုခံစားနေရလဲ နင်မသိဘူး လား၊ မိုးဇွေ ... ဟင်၊ နင်မို့ ပြောရက်တယ်၊ ငါ အ ဒီလို နင့်အိမ်အထိ မနာနိုင် မကြည်းနိုင် ရောက်လာတာ နင် ... ဟိုဟာမကို ချစ်ကြောင်း ကြိုက်ကြောင်းတွေ နာ လည်နားထောင်ပေးဖို့ ရောက်လာတယ်များ နင်ထင် လား၊ နင်တောင်းပန်တဲ့စကားကို နားထောင်ဖို့လာတာ နင့်ကို ... နင့်ကို ငါ ခွင့်လွှတ်ဖို့ လာခဲ့တာ၊ ဒါလေးတော နင် မသိဘူးလား ... ဟင်၊ နင် နားမလည်ဘူးလား မိုး ဒီစကားမျိုး တစ်လုံးမှ ထပ်မပြောနဲ့"

"ငါ အရမ်းစိတ်ညစ်လာပြီဟာ"

"သြော် ... တရားကျလိုက်တာ မိုးဇွေရယ်၊ စိတ်ညစ် ဟုတ်လား၊ စိတ်ညစ်ရမှာ နင်လား ... ငါလား ...

"နင်လည်း နင့်အကြောင်းနဲ့နင် စိတ်ညစ်ပေါ့၊ ငါ ငါ့ဟာငါ ညစ်တာပဲဟာ"

"အေး ... နင် စိတ်ညစ်ရမှာ ငါသိပြီးသား။ စိတ်ည သေလိုက်၊ နင့်အပူ နင်ရှာတာ၊ ဒီမီးကို နင်ပဲမွေးတာ



လိုကောင်လောက်ကို ထက်လှက မင်းသူရမောင်ကို ပစ်ပြီး ရွေးချယ်မယ် လက်ထပ်မယ် နင်ထင်နေလား"

မိုးဇွေ မျက်နှာက တင်းသွားရကာ ...

"ဒါ ငါ့ကိစ္စပါ၊ နင်နဲ့မဆိုင်တဲ့ဘက်ခြမ်းပါ"

"တစ်သက်လုံး နင့်ကို သူ လက်မတွဲဘူးမှတ်၊ နင့်လောက် က သူတို့မိသားစုရဲ့ စာရင်းထဲတောင် မဝင်ဘူး၊ နင် ဒါတောင် မသိဘူးလား၊ မသိလောက်အောင် မွန်လား"

"နင့်စကားက အရင်အခြေအနေမှာတော့ မှန်မှာပါ ရန်းရန်း၊ အခုကတော့ ငါ့ကို ထက်လှက ချစ်နေတယ်လေ"

"ဘာ ... နင် ... နင် ... ပြောရက်ပြန်ပြီ။ သူကတော့ နင့် ကို ချစ်တယ်ဆိုတော့ ငါကကျတော့ နင့်ကို မချစ်ခဲ့လို့လား၊ နင့်ကို ငါကများ လည်ပင်းညှစ်ပြီး ချစ်ခွင့်ပန်ခဲ့မိလို့လား၊ နင့်ကို ငါက အတင်းအကျပ် ချစ်သူတော်ခိုင်းထားတာ လား"

"ဟုတ်ပါတယ်၊ ငါက စ,ပြောခဲ့လို့ ချစ်သူတွေဖြစ်ခဲ့တာ ပါ၊ ငါ မငြင်းပါဘူး၊ အဲဒါကြောင့်လည်း နင့်ကို ငါတောင်း ပန်တာပါ၊ အခုဟာကလည်း နင့်မှာ အပြစ်တစ်စုံတစ်ရာ ရှိလို့လည်း မဟုတ်ဘူး၊ ငါ အချစ်ဆိုတာကို သေချာသဘော ပေါက် နားလည်ထိတွေ့ဖူးသွားတာပါ၊ ငါ နင့်ကို ခဏ တဖြုတ် စိတ်ချမ်းသာရုံလေး နှစ်သိမ့်ပြီးတော့လည်း လိမ် မပြောချင်လို့ပါ ရန်းရန်း၊ ရုတ်တရက်တော့ ဒေါသကြီး

www.burmeseclassic.com



တိုက်ရသလို ဖြစ်နေပေမယ့် ဇွဲလည်ချောင်ပတ်လုပ်နေတာထက်စာရင် ရှင်းရှင်းပဲ ပြောတာ ကောင်းပါတယ် - ဟာ"

ရှန်းရှန်း မျက်နှာက နီမြန်းကာ ပါးပြင်က အကြောစိုင်တွေတောင် တုန်ယင်နေသလား ထင်ရသည်။ မိုးဇွေကို တင်းတင်းမာမာကြည့်ကာ ...

"ဒီတော့ နင်က နောက်မဆုတ်ဘူး၊ ရှေ့ဆက်တိုးမယ်ဆိုတဲ့ သဘောလား"

"ငါ ... သူ့ကို ..."

"တော်တော့ ...၊ သူကကော ရှေ့တိုးမတဲ့လား"

မိုးဇွေ နှုတ်ဆိတ်နေလိုက်ပါသည်။

"သူရှေ့ဆက်တိုးမယ် ဆိုရင်တော့ ငါ့ကိုအဆိုးမဆိုနဲ့၊ ငါ ဒီကိစ္စကို မင်းသူရမောင်နားကိုပေါက်အောင် လုပ်ရလိမ့်မယ်"

"ရှန်းရှန်း ... နင် ဒီလိုမလုပ်ပါနဲ့"

"ဘာလို့ မလုပ်ရမှာလဲ၊ ငါ့ကိုတော့ နာကျင်အောင် ၁၀ ရာရအောင် ဝိုင်းလုပ်ကြပြီးတော့။ လုပ်မယ်။ ငါ ဒီနေ့ပဲ မင်းသူရမောင် သိအောင် ပြောမှာ"

ရှန်းရှန်းက ဝုန်းခနဲ ထရပ်လိုက်ပါသည်။

"ရှန်းရှန်း"

မိုးဇွေကလည်း ဝုန်းခနဲ လိုက်ရပ်ရင်း ...





"နင် ဂကယ် အဲသလိုလုပ်လို့ အခြေအနေတွေပြောင်းသွားမယ် ထင်နေလား၊ မင်းသူရမောင် မသိသေးတာတစ်ခုပဲ ငါတို့မှာ ထောက်ထားစရာရှိတယ်ဆိုတာ နင်သိထားပါ ရှန်းရှန်း၊ သူသိပြီးသွားရင် အားလုံးပြီးပြီပဲ၊ နင်သွားပြောလို့ ထက်လှက တုန်လှုပ်မယ် နင်ထင်လို့လား၊ သူပြောရခက်နေတာတစ်ခု အလိုအလျောက် သိပြီးသားဖြစ်သွားတာအပြင် ဘာမှ နင့်အတွက် အကျိုးမရှိဘူးဆိုတာ နင် နားလည်ပါ"

ရှန်းရှန်း မိုးဇွေကို စိုက်ကြည့်တဲ့အကြည့်တွေက ပြင်းခက်ထန်နေခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၆

ပြောမယ် ... မပြောဘူး ချီတုံချတုံနှင့် ရှန်းရှန်းသည် ဖုန်းကိုကိုင်လိုက် ပြန်ချလိုက်။

"ရှန်းရှန်း ... မိတ်ကပ်ဘောက်စ်တွေ အားလုံးစင်ပြီး တင်ပြီးပြီလား"

"ဟုတ်ကဲ့ ဆရာ"

"ပန်းတွေ ရောက်ပြီလား"

"ရောက်ပါပြီ"

"ရော့ ... ဒီစာရင်းနဲ့တိုက်ပြီး လက်ဝတ်လက်စား သွား ထုတ်လိုက် ရှန်းရှန်း၊ ဒီမှာ သော့ယူသွား၊ သော့သော့ ပြန်ခတ်ခဲ့"

"ဟုတ် ... ပြီးရင် သမီးလိုက်ရမှာ မဟုတ်လား"

"ဟဲ့ ... လိုက်ရမှာပေါ့၊ ညည်းမလိုက်လို့ ဘယ်ရ ဟိုမှာလိမ်းရမှာ လေးယောက်တောင်၊ အဆင်သင့်လုပ်ထား



"ဟုတ်"

ရှန်းရှန်းက သော့ယူကာ အောက်ထပ်ဆင်းလာခဲ့ပါသည်။ စာရင်းနှင့်တိုက်ကာ လက်ဝတ်လက်စားတွေ ထုတ်ယူနေ ရင်း စိတ်နှင့်လူနှင့် မကပ်တော့ အမှားမှားအယွင်းယွင်းတွေ ဖြစ်နေပါသည်။ အားလုံးပြီးလို့ သော့ပြန်ပိတ်ပြီးလျှင် အပေါ်ထပ်တက် သွားသေးဘဲ လက်ထဲမှာ ဖုန်းကိုတင်းတင်းဆုပ်ကိုင်ကာ ငိုင်နေ ပြန်သည်။

"သူပြောရခက်နေတာတစ်ခု အလိုအလျောက် သိပြီးသား ဖြစ်သွားတာအပြင် ဘာမှ နင့်အတွက် အကျိုးမရှိဘူးဆိုတာ နင် နားလည်ပါ"

အဲဒီစကားသံက ရှန်းရှန်း နားထဲမှာ ပဲ့တင်အထပ် ထပ်။ ခုထိကြားနေဆဲ။ ဒါဟာ သူ့ကိုခြိမ်းခြောက်တာသက်သက် ဆော့ မဟုတ်ဘဲ မှန်သင့်သလောက်လည်း မှန်နိုင်သည်။ ဒါပေမဲ့ ...းစွေလို ကောင်လေးတစ်ယောက်ကို မင်းသူရမောင်ကို ပစ်ထား ပြီး ရွေးချယ်လက်တွဲလိမ့်မည် ဆိုတာတော့ မယုံကြည်နိုင်သလိုပင်။

"ရှန်းရှန်း"

အပေါ်ထပ်က ခေါ်သံကြောင့် ...

"ဟုတ်ကဲ့ ... ခဏလေး၊ ပြီးတော့မယ်"

ရှန်းရှန်းသည် လက်ထဲကဖုန်းကို ကမန်းကတန်း ...ပ်လိုက်ပါသည်။ မင်္ဂလာပွဲဆီ ရောက်သွားရင် ဆက်လို့ရတော့ ...မှာ မဟုတ်။ ဒီလိုနှင့် တနေ့ကူးသွားဦးမည်။ ခုလိုပဲ ကြားမှ ...တုံချတုံ ဖြစ်ခဲ့တာ နှစ်ရက်ကြာပြီ။

www.burmeseclassic.com



မင်းသူရမောင်ရဲ့ ဖုန်းနံပါတ်ကတော့ သူတို့ဈေးဆိုင် တုန်းကတည်းက ထက်လှ ကိုယ်တိုင် ပေးထားတာပါ။ အချိန်နှင့် အချိုးအချက်အတွက် သူ့ဖုန်းဆက်လို့မရရင် အစားခေါ်နိုင်အောင် ပေးထားခဲ့တဲ့အတွက် ရန်းရန်းမှာ ရှိနေခဲ့သည်။ ဒီနေ့ထိ မင်းသူရ မောင်နှင့် ရင်းလည်းမရင်းနှီးတဲ့အတွက် ဖုန်းဆက်စရာအကြောင်း ကိစ္စလည်း မရှိခဲ့ကာ တစ်ကြိမ်တစ်ခါမှ မခေါ်ဖူးခဲ့ပါ။

"ဟဲလို"

ထူးလိုက်တဲ့ လေသံက မြင့်နေ၍ ရန်းရန်းသည် နဂိုက ရင်တွေတုန်ခုန်နေရတဲ့ကြားထဲ ခြေဖျားလက်ဖျားတွေ အေး စက်သွားပါသည်။

"ဟဲလို ... ပြောပါ"

"ဩော် ... ဟို ... ဟို ... ကိုမင်းသူရမောင် ဖုန်းလား ခေါ် ဘူး"

"ဟုတ်ပါတယ် ... ဘယ်သူပါလဲ"

"ကျ ... ကျွန်မ ... ရန်းရန်းပါ"

"ဆောရီး ... ရန်းရန်း ဆိုတာ ! "

"ဩော် ... ဟို ... ထက်လှ သူငယ်ချင်းပါ"

"ဩော် ... သိပြီ၊ ပြောပါ ... ဘာကူညီရမလဲ"

ရန်းရန်းသည် ရင်တွေပေါက်ကွဲထက်မတတ် ခံ လာကာ ...

"ဩော် ... ဟို ... ထက် ... ထက်လှ ရှိလားလို့ပါ"





"ခင်ဗျာ"

ရန်းရန်းသည် ကိုယ့်ပါးစပ်ကိုယ် တစ်ချက်ပိတ်ရိုက် လိုက်ကာ လူက ကတုန်ကယင် ဖြစ်လာသည်။ ခေါင်းထဲကပါ ထိုးကိုက်ကာ နားထင်မှာ သွေးတွေ တဒိန်းဒိန်း ခုန်တိုးလာပါ သည်။

"ဩော် ... ဟို ... ထက်လှ"

"ထက်လှ ... ကျွန်တော့်ဆီ မရှိဘူးဗျ၊ ဘာလဲ ... ထက်လှ က ဒီနေ့ ကျွန်တော့်ဆီ သွားဖို့ရှိတယ်များ ပြောထားလို့လား"

"ဩော် ... ဟို ..."

"မရန်းရန်း အရေးကြီးကိစ္စ ရှိနေတာလား"

"မ ... မဟုတ်ပါဘူး"

"ဘာကိစ္စရှိလဲ၊ သူ့ဖုန်းကရော ခေါ်မရဘူးလား"

"ဟုတ် ... ဟို ... ကျွန်မ သူ့ဖုန်းခေါ်တော့ ဇရီယာပြင်ပ ရောက်နေတာနဲ့ ... အဲ ... အဲဒီမှာများ ..."

"ဩော် ... ဒီနေ့ ထက်လှနဲ့ ကျွန်တော် တွေ့ဖို့မရှိဘူး ခင်ဗျ၊ သူ အခုတလော ဆိုင်ကိုလည်းမသွားတော့ ဆိုင်ဖုန်း လည်း ဆက်လို့ရမှာ မဟုတ်ဘူး၊ သူ ခုတလော သူ့ဒီဇိုင်း နာကလို့သိစ်တွေအတွက် သူ့အထည်ချုပ်ရုံးခန်းမှာပဲနေတာ များတယ်၊ အဲဒီအခန်းက ဂိုဒေါင်လိုဖြစ်နေတော့ ဟုတ်ကဲ့ တစ်ခါတလေ ဖုန်းလိုင်းမမိဘူးဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... အဲဒါ ... ဟို ..."

"အဲဒီရုံးခန်းဖုန်း ကျွန်တော် ပေးမယ်၊ မှတ်ထားလိုက်ပါ"

"ဟုတ်ကဲ့"

ဘုရားရေ ... တကတဲ ... ဒီလူ့လေသံကလည်း အထက်စီးက ကျလာကာ အမိန့်ပေးနေသံကို ဆန်နေတာပဲ။ အသံဩဇာနှင့်လည်း ပြည့်စုံကာ လေယူလေသိမ်းက ခေါင်းညိတ်နာခံဖို့ကလွဲပြီး တခြားမရှိတော့နိုင်တဲ့ လေယူလေသိမ်းမျိုး။

"........."

သူရွတ်ပြတဲ့ ဂဏန်းတွဲကို ယောင်ယမ်းရေးမှတ်လိုက်မိပြီး ...

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ်"

"အဲဒီကို ဆက်ကြည့်ပါဦး၊ မရရင် အိမ်ဖုန်းဆက်ကြည့်ပေါ့၊ အိမ်ဖုန်းတော့ သိတယ်နော်"

"ဟုတ်ကဲ့"

"အိုကေ"

ဖျတ်ခနဲ တစ်ဖက်က ဖုန်းချသွားလေရာ ရှန်းရှန်းသည် အသံတိတ်သွားတဲ့ဖုန်းကို နားမှာကပ်ရင်း ယောင်နန ကျန်ရစ်ခဲ့ပါသည်။ ကိုယ့်ကိုယ်ကိုယ် ဒေါသထွက်ကာ အောက်နှုတ်ခမ်းလေးလည်း ကိုက်ထားမိသည်။





ကြည့်စမ်း ... သူများချစ်သူတွေများ မိန်းကလေးသံ သာသာယာယာ ကြားပေမယ့်လည်း အရောတဝင် ပရောပရိလုပ်ဖို့ဝေးလို့ ဣန္ဒြေသိက္ခာကြီးနှင့် စကားအပိုတောင်မပြော။ မိုးဇွေတို့များတော့ ကိုယ့်မှာ ရည်းစားရှိရက်နှင့် သွားတောင်ချစ်မိသေးသတဲ့။

တကယ်တမ်း တွေ့တွေ့ဆိုင်ဆိုင် ကျတော့လည်း ရှန်းရှန်းပါးစပ်က ဒီစကားတွေ ပြောမထွက်ပါ။ ရှင်ချစ်သူက ကျွန်မချစ်သူနဲ့ ကြိုက်နေလို့ ... လို့ ပြောရဖို့ကိစ္စကလည်း တကယ်တော့ ရက်ဖို့ကောင်းလိုက်တဲ့ ဖြစ်ခြင်း။ ရှင် ... ထက်လှကို နည်းနည်းထိန်းပေးပါဆိုရင်ကော။

အို ... တစ်ဖက်က ဖုန်းချသွားမှများ သူ့စီးပြေးမှ ဆိုးကွင်းထနေလိုက်တာ မိရှန်းရှန်းရယ်။ နင် လဲသေလိုက်ဖို့ပဲ ကောင်းတယ်။ အတွေးနှင့် ရှန်းရှန်း သက်ပြင်းချရသည်။

✧ ❦ ✧



www.burmeseclassic.com

www.burmeseclassic.com



ထက်လှသည် မင်းသူရမောင်နှင့် မာမီ စကားပြော နေတာကို ငြိမ်ငြိမ်သက်သက် ငုငုလေး နားထောင်နေမိသည်။ ဆိုဖာပေါ် ခြေထောက်ပါတင်ကာ ကျုံ့ကျုံ့ကလေး လက်သည်း ကိုက်၍ ငြိမ်သက်နေသော်လည်း ထက်လှရဲ့စိတ်တွေက လှုပ်ရှား ပြေးလွှား ယောက်ယက်ခတ်နေပါသည်။

"ဒါက မေမေ တွက်ပြီး ရွေးထားတဲ့ ရက်တွေပဲ အန်တီ။ အန်တီပြောတဲ့ ဘုန်းဘုန်းဆီပဲ သွားထားတာ၊ အဲဒီတလော က အန်တီဗိုက်ခွဲထားလို့ အပြင်ကိုမလိုက်နိုင်တာနဲ့ မေမေ ပဲ သွားလိုက်တယ် ဆိုတာလေ"

"သြော် ... အေး ... အေး ... ဒါ ဘုန်းဘုန်း ရွေးပေးထား တဲ့ရက်တွေပဲ မဟုတ်လား၊ သားတို့အဆင်ပြေတဲ့ရက်ရွေး လေ၊ ဒီရက်တွေထဲကဖြစ်ရင် ပြီးတာပါပဲ သားရဲ့၊ သား အဖေက ခရီးခဏခဏ သွားရတော့ မေမေတို့ ဖေဖေတို့ကို အဆင်ပြေတဲ့ရက် ရွေးခိုင်းလိုက်ပါ၊ အန်တီက ရပါတယ်"





"ဟိုတယ်ဒိတ်နဲ့လည်း ညှိရတော့ ဒါကတော့ မေမေအကြမ်း ဖျင်း ပြန်ရွေးထားတဲ့ ရက်တွေပါ"

"အင်း ... အင်း"

"ပွဲက လက်မှတ်ထိုးထားတာရယ်၊ ညည့်ခံပွဲရယ်၊ ဆွမ်းကျွေး ရယ်၊ ဒင်နာရယ်၊ လေးခုဆိုတော့ ရက်တွေလည်းသိပ်မကွာ မှ ကောင်းမှာထင်တယ်တယ် အန်တီ"

"ဟုတ်တယ် သားရဲ့"

"ညည့်ခံပွဲနဲ့ ဒင်နာကတော့ တစ်ရက်တည်းလုပ်ရင်လုပ်၊ မလုပ်ရင် နှစ်ရက်ဆက်တိုက် ရှေ့ဆင့်နောက်ဆင့်လုပ်တဲ့ ထုံစံထင်တယ်၊ တစ်ရက်တည်း မနက်နဲ့ညလုပ်ရင်တော့ ထက်လှ ပင်ပန်းမလားလို့ အန်တီ၊ လူကြီးတွေရောပဲ ပင် ပန်းကြမလားလို့"

"ပင်ပန်းလည်း ဒီလောက်ကတော့ အပင်ပန်းခံရမှာပေါ့ သားရယ်၊ ကိစ္စမရှိပါဘူး၊ တစ်ရက်တည်း နေ့ညဖြစ်ဖြစ် နှစ်ရက် ရှေ့ဆင့်နောက်ဆင့်ဖြစ်ဖြစ် အန်တီတို့အတွက် အဆင်ပြေပါတယ်၊ သားသဘောကရော"

"ကျွန်တော့်သဘောဆိုရင် လက်မှတ်ထိုးတာကိုပဲ တစ်ပတ် ဆယ်ရက် ခွာချင်ခွာ၊ ဆွမ်းကျွေးရယ်၊ ညည့်ခံပွဲရယ်၊ ဒင်နာရယ်ကို သုံးရက်ဆက်တိုက် လုပ်ချင်တယ်"

"လုပ်လေ ... မဆိုးပါဘူး၊ ကောင်းသားပဲ၊ ဟုတ်တယ် မဟုတ်လား သမီး"



www.burmeseclassic.com

www.burmeseclassic.com



ထက်လှက ကိုယ်ကိုလှုပ်ရှားပြင်ထိုင်ကာ တုံးတို ဘာဝေ နေနေပါသည်။

"ထက်လှ နေကောင်းရဲ့လား"

"ဟုတ် ... ကို၊ ခေါင်းနည်းနည်းမူးနေတယ်"

"ထက်လှတစ်ယောက်လည်း ခုတလော ကျန်းမာရေးတို မကောင်းဘူး မောင်မင်းသူရရယ်၊ ခေါင်းလေးမူးလိုက် ဗိုက်လေးအောင့်လိုက်၊ ပရက်ရှာလေးကျလိုက်၊ တစ်ခုမဟုတ် တစ်ခု ဖြစ်နေတယ်၊ လူကြည့်တော့လည်း တငိုင်ငိုင်တွေ တွေနဲ့"

"ဒီလကုန်ရက် မေမေ စင်ကာပူမှာ check-up သွားဖို့ရှိ တယ်၊ မေမေနဲ့တူတူ လိုက်သွားပါလား ထက်လှ"

"ဟင့်အင်း ... ရပါတယ်၊ ထက်လှ မသွားချင်ပါဘူး"

"ကိုယ်လည်း သတိပြုမိတယ်၊ ထက်လှက အရင်က အရမ်းတက်ကြွလှုပ်ရှားပြီး ပျော်ရွှင်ကြည်လင်နေတဲ့ ပုံ လေ၊ ခုတလော လူကလည်း ငေါင်းစင်းစင်းဖြစ်နေသလို သိသိသာသာလည်း ပိန်ကျသွားတယ်"

"ဟုတ်ပါရဲ့ သားရယ်၊ အန်တီ တစ်အိမ်တည်း နေ့တိုင်း တွေ့မြင်နေတဲ့သူတောင် သူပိန်သွားတာ သတိပြုမိတယ် သားလည်း သတိပြုမိမှာပေါ့"





"ဟုတ်တယ် အန်တီ၊ မျက်နှာတွေဆိုတာ အရင်လိုမဟုတ် ဘူး၊ ချောင်ကျနေတာပဲ၊ မျက်လုံးလေးတွေလည်း အရင်လို တောက်ပကြည်လင်မနေဘူး၊ မှုန်မှိုင်းနေတယ်၊ ကိုယ်တောင် ဟိုတစ်ရက်ကပဲ ပြောသေးတယ် ထက်လှကို"

"ဟုတ်"

"သေချာနေကောင်းရဲ့လား"

"အေးလေ ... မင်္ဂလာပွဲက နီးနီးလာမှကွယ်"

"ဟိုလေ ... အဲဒါ ... ထက်လှ ... ထက်လှ ..."

ထက်လှရဲ့ မပွင့်တပွင့်ပုံကို မာမီက အံ့အားတသင့် နှင့် ...

"ဘာတုံး သမီး"

"ထက်လှ မင်္ဂလာပွဲကို နည်းနည်းနောက်ရွှေ့ချင်တယ်"

"ဟင်"

မာမီ့ထံက အာမေဋိတ်သံ ထွက်လာကာ ...

"မင်္ဂလာပွဲ ရွှေ့ရလောက်အောင်တော့ ရောဂါအဆောက် အအုံကြီးနဲ့ ဖြစ်နေတာမှ မဟုတ်တာ သမီးရယ်၊ ညည်း ကလဲ"

"ရောဂါကြီးဟုတ်,မဟုတ် သိမှမသိဘဲနဲ့ မာမီကလဲ၊ ထက်လှမှ နေလို့ထိုင်လို့ မကောင်းတာ၊ နေမကောင်းသလို ကြီး ခံစားနေရတော့ မင်္ဂလာပွဲဆိုတာကြီးကိုပါ စိတ်က တက်တက်ကြွကြွ ခံစားလို့ မရဘူး ဖြစ်နေတယ်"

www.burmeseclassic.com



"ကိုယ် သိတယ်၊ ကိုယ် ရိပ်မိတယ်၊ ထက်လှ ဒီမင်္ဂလာပွဲကိစ္စတွေမှာ သိပ်တက်တက်ကြွကြွ ဖြစ်မနေတာ ကိုယ် သတိပြုမိတယ်၊ ခုလို နေသိပ်မကောင်းတာမှ မသိဘဲ၊ ထက်လှကလည်း ပြောမှမပြောဘဲ၊ နည်းနည်း စိတ်ထဲမှာ ဘာများဖြစ်နေလဲ သံသယရှိရင် မေမေနဲ့ စင်ကာပူကို လိုက်ဖြစ်အောင် လိုက်သွားလိုက်ပါ ထက်လှရယ်"

"ဟုတ်သားပဲ သမီး၊ အဖော်ကောင်းတာပဲဟာ၊ သွားဖြစ်ရင်လည်း စစ်လိုက်"

"ဟင့်အင်း ... အဲလောက်ကြီးလည်း မလိုပါဘူး မေမေ"

"မဟုတ်ဘူးလေ ထက်လှရဲ့"

ထက်လှက မင်းသူရမောင်ကို အရဲစွန့်ရင်ဆိုင်ပြီး ကြည့်ကာ ...

"ထက်လှ မင်္ဂလာပွဲပဲ နည်းနည်းနောက်ဆုတ်ချင်တယ် ကို"

ထက်လှသည် မိုးစွေနှင့် သူ ဒီအသိုင်းအဝိုင်းနှင့်ဆ ရာကို အမြန်ဆုံးထွက်ပြေးကြဖို့အထိ တိုင်ပင်ထားပြီးပြီဖြစ် သူတို့ဆုံးဖြတ်ချက် အကောင်အထည်မပေါ်ခင် မင်္ဂလာဆောင် နီးကပ်မလာစေချင်။ မင်္ဂလာပွဲနေ့ စတင်သတ်မှတ်သည် ဝတ်ဖို့စားဖို့ စီစဉ်ရတော့မှာအပြင် ဖိတ်စာလိုဟာမျိုးက တ တန်သည် ကြိုရိုက်ရတော့မယ့် အရာမျိုး။



ဖိတ်စာအပ်ချိန် ရချိန် ဝေချိန် ဖိတ်ကြားသူလက်ထဲကို မင်္ဂလာပွဲမတိုင်မီ အနည်းဆုံး (၁၀)ရက်လောက်တော့ ဖိတ်စာကြိုရောက်စေရဦးမှာနှင့်။ ဖိတ်စာရိုက်ပြီးမှထွက်ပြေးသွားတာမျိုးကို ထက်လှ မလုပ်ချင်။ မင်္ဂလာပွဲနှင့် ခပ်လှမ်းလှမ်းက လေးမှာ ထွက်ပြေးချင်တာပါ။

ဒီလိုအတွေးမျိုး တွေးနေသူတစ်ယောက်အတွက် မင်္ဂလာပွဲနှင့် ပတ်သက်တဲ့ကိစ္စ၊ ဆွေးနွေးနေတဲ့ စကားဝိုင်းဟာ ရှောက်ချားတုန်လှုပ်ဖို့ကောင်းပြီး စိတ်ကျဉ်းကျပ်စရာပါ။

"ထက်လှ ... မင်္ဂလာပွဲက အနည်းဆုံး တစ်လကျော် နှစ်လ လိုသေးတာပါ၊ ကနေ့ နက်ဖြန်မှ မဟုတ်တာ၊ ဒီရက်တွေထဲက အစောဆုံးရွေးထားတဲ့ရက်က ဒီနေ့နဲ့ တစ်လနဲ့ ရက်နှစ်ဆယ်လောက် ကွာပါတယ်၊ အဝေးကြီး လိုသေးတာပါ၊ ထက်လှရဲ့ခေါင်းမူးတာ အားနည်းတာတွေ က အဲဒီလောက်ထိ အရှည်ကြီးဆွဲပြီး ဖြစ်မနေနိုင်ပါဘူး ထက်လှရယ်၊ ထက်လှ ဘာကိုစိုးရိမ်တာလဲ"

မင်းသူရမောင်က စိတ်ရှည်လက်ရှည် ချော့ချော့မော့ မော့ ပြောနေနိုင်ပေမယ့် မာမီကတော့ မျက်နှာခပ်တင်းတင်းနှင့် ထက်လှကို မျက်ရိပ်မျက်ခြည် မျက်စမျက်နတွေသုံးကာ အရိပ် အခြေပြနေပြီ။ ဒီစကားကို မဆက်ဖို့သဘော။

မာမီဟာ သူ့စိတ်သဘောကို အငြိုငြင်မခံလိုပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ထက်လှ၊ ဘာဖြစ်လို့လဲ"

"........."

ထက်လှသည် လက်သည်းလေးကိုက်ကာ မျက်လွှာချနေမိသည်။ ကို့ကို အားနာကရုဏာသက်တဲ့စိတ်ကလည်း ထက်လှနှလုံးသားကို ညှဉ်းပန်းနေပါသည်။

"ထက်လှ ဘယ်လိုခံစားနေရလို့လဲ၊ အရမ်းနေလို့မကောင်းဖြစ်နေလား၊ မပြောကောင်း မဆိုကောင်း ရောဂါတစ်ခုခုရှိနေတယ်လို့ ကိုယ့်ကိုယ်ကိုယ် ထင်နေလို့လား၊ ကို့ကိုပြောလေ ထက်လှ၊ ထက်လှမှာ ရောဂါတစ်ခုခုများ ရှိနေရင်ငွေနဲ့ပဲစက်ရ စက်ရ၊ ရွှေနဲ့ပဲ စက်ရစက်ရ၊ ကိုယ်ကပုံစံပြီး ရအောင်ကုမှာပေါ့"

ကို ... ရယ်။

ထက်လှဟာ အင်မတန် ယုတ်ညံ့အောက်တန်းကျတဲ့ မိန်းမတစ်ယောက် ဖြစ်နေပြီထင်တယ်နော်။ ကိုယ့်အပေါ်ကောင်းလှတဲ့ချစ်သူကိုပစ်ပြီး နောက်တစ်ယောက်ကို အရူးအမူးချစ်နေမိသတဲ့။ မိုးစွေကို ချစ်တဲ့အချစ်မျိုးနဲ့များ ထက်လှ သူ့ကိုချစ်နိုင်ရင် ဘယ်လောက်များ ကောင်းပါမည်နည်း။

"ဟင် ... ပြောလေ ထက်လှ"

"ထက်လှ ဘာဂျီဂျောင်လုပ်နေတာလဲဒါ၊ အလကားမောင်မင်းသူရ၊ သူ့ပုံလား ရောဂါကြီးကြီး ရှိနေတဲ့သာမန် နာဖျားမကျန်းကတော့ စကားထဲထည့်ပြောနေ



ရာလား၊ ဒီလိုပါ မောင်မင်းသူရရယ်၊ သူ့မှာ အစာအိမ်ရောဂါခံတော့ရှိတာ သားလည်း သိသားပဲ၊ တစ်ခုခုဆိုဗိုက်က အရင်အောင့်ပြီ၊ အခုတလော သူ့ရဲ့ဒီဇိုင်နာအထည်တွေအတွက် သူ လူလည်းပင်ပန်းသလို Stress လည်းအနည်းနဲ့အများတော့ ရှိတာပဲ၊ စိတ်က အောင်မြင်ချင်တာကိုး၊ စိတ်ရောလူပါ ပင်ပန်းသလို ဖြစ်နေတာ၊ ဒါကြောင့်ဟိုဟာလေးဖြစ်လိုက် ဒီဟာလေးဖြစ်လိုက် ကောက်ဖြစ်နေတာ ...

ပြီးတော့ သူက ဒီကိစ္စတစ်ခုမှာ စိတ်ဖိစီးရင်းတခြားကိစ္စတွေကိုပါ ကူးစက်ခံရတတ်တယ်၊ ငယ်ငယ်တည်းက သူစာမေးပွဲရှိရင်တောင် တစ်အိမ်လုံးနေစရာမရှိတဲ့အထိ၊ ဟိုဘက်မဲ ဒီဘက်မဲနဲ့၊ ဒါ သူ့အကျင့်ပဲ၊ အလကား ဘေးလူတွေပါ ပူပန်ပြီး စိတ်အနှောင့်အယှက်ဖြစ်ရတယ် သမီးရယ်"

မာမီက ထက်လှဘက်လှည့် မျက်စောင်းထိုး၍စကားကို ပိတ်လိုက်ပါသည်။

"ထက်လှ ... နက်ဖြန်ပဲ ကိုယ် ထက်လှကိုခေါ်ပြီး ဝမ်းဗိုက်ပိုင်းဆိုင်ရာ အစာအိမ်အူလမ်းကြောင်းဆရာဝန်ကြီးတစ်ယောက်ယောက်နဲ့ သွားပြမယ်"

"အဲလို မဟုတ်ပါဘူး၊ ခုလည်း အစာအိမ်က အဲသလောက်ကြီး ဆိုးမနေပါဘူး ကိုရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် တခြား စိတ်အနှောင့်အယှက်ဖြစ်စရာ ဘာရှိသေး လဲ ထက်လှ။ ကိုယ့်ကို ပြောပြလေ"

"ဟို ... ထက် ... ထက်လှ ... ထက်လှရဲ့ ဒီ ... ဒီဇိုင်း အထည်တွေအတွက်လည်း နည်းနည်းဖောက်ချ အချိန်ပေး ချင်လို့ပါ"

"ဒါက လက်ထပ်လိုက်ပြီးလည်း လုပ်လို့ရနေတာပဲ"

"မင်္ဂလာပွဲကိစ္စ အလုပ်ရှုပ်မှာနဲ့ ဒီဘက်ကို စိတ်အပြည့်နှစ် နိုင်မှာ မဟုတ်ဘူး ကို၊ ထက်လှ ဒီလုပ်ငန်းလေး အရှိန်ရ အထိုင်ကျပြီးမှ မင်္ဂလာဆောင်ချင်တာလည်း ပါတယ်"

"ဘာဆိုင်လို့လဲ ထက်လှရယ်၊ ထက်လှ အာရုံမများချင် ရင် ဒီမင်္ဂလာပွဲကိစ္စကို ဘာမှဝင်လုပ်စရာ မလိုဘူး၊ ကိုယ် တစ်ယောက်တည်း စီစဉ်သွားလို့ရတယ်၊ ဘာဆိုဘာမှ ထက်လှ စီစဉ်ဖို့မလိုဘူး၊ စိတ်ရောကိုယ်ပါ လုံးဝမပါပဲ အားလုံး ကိုယ် တစ်ယောက်ပဲ လုပ်နိုင်တယ်လေ၊ ထက်လှ အလုပ်ကိစ္စပဲ ထက်လှလုပ်"

"ကို"

"အင်း ပြော"

"အစောဆုံးရွေးထားတဲ့နေ့ပြီးရင် နောက်တစ်ရက် ရွေးထား တာက ဘယ်တော့လောက် ကြာမလဲ"

"နောက်တစ်ရက်က နောက်ထပ် တစ်လနီးပါး ထပ်ကြာ တော့ အခုကနေဆိုရင် နှစ်လခွဲလောက်လိုတယ်၊ တတိယ ရွေးထားတဲ့ရက်က သုံးလကျော်လိုမယ်"





"အဲဒီလောက်မှ ဆိုရင်ရော"

"သမီး ... မောင်မင်းသူရက သမီးကိုအလိုလိုက်ချင်လို့ သဘောတူတောင် မာမီ သဘောမတူဘူး၊ ဘာမှမယ်မယ် ရရ ခိုင်ခိုင်လုံလုံ အကြောင်းပြချက်မရှိဘဲနဲ့ နောက်ကို ဆုတ်နေစရာ ဘာအဓိပ္ပာယ်မှ မရှိဘူး၊ သမီးပေးနေတဲ့ Reason တွေ Excucse တွေက လက်ထပ်ပွဲကို ရွှေ့ဆိုင်း ပြီးလုပ်ရမယ့်ဟာတွေကို မဟုတ်ဘူး၊ အဓိပ္ပာယ်မရှိ ညည်း ခေါင်းမာမနေနဲ့"

မာမီ့မျက်နှာက ထက်လှကို စိတ်မရှည်ပုံ အဝိုင်း သား။

"မာမီ နောက်သုံးလလောက်မှ ..."

"ထက်လှ"

"ကို"

ထက်လှရဲ့မျက်နှာဟာ စိတ်ညစ်ညူး ကျဉ်းကျပ်မှု နှင့် မှော့တော့လာသည်။ စိတ်ရှုပ်ထွေးတဲ့ မျက်နှာရိပ်က ထက်လှ မျက်နှာပြင်မှာ ထွေပြားနေသည်။

"အန်တီ ... ထက်လှနဲ့ ကျွန်တော် သေချာဆွေးနွေးလိုက် ပါ့မယ်၊ သူ စိတ်အနှောင့်အယှက် ဖြစ်နေရင် ကျွန်တော် အတင်းအကျပ် မလုပ်ချင်ဘူး"

"မဟုတ်ဘူး မောင်မင်းသူရ၊ ဒီကောင်မလေးက ငယ်ငယ် တည်းက ဂျီမ၊ ခေါင်းကလည်းမာတယ်၊ တစ်ခုခုဆို သူ့ ဘက်ကကို အလျှော့မပေးချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး မာ့မီကလည်း၊ ထက်လှ တကယ်အချိန်လေး စောင့်ချင်လို့ပါ၊ အချိန်တစ်ခုယူဖို့ လိုကိုလိုအပ်တယ် မာမီ ဘာမှမသိပါဘူး"

"ဟဲ့ ... ငါက ဘာမသိရမှာလဲ ... သိတယ်"

ထက်လှအမေ ဒေါ်အိမွှန်ခင်က ထက်လှကို ဒေါသထွက်လာပုံရသည်။

"အန်တီ ... အဟင်း ဟင်း၊ ကျွန်တော် ပြောပေးပါ့မယ် အန်တီ့စိတ်ထဲ သိပ်မထားပါနဲ့၊ ကျွန်တော်နဲ့ ညှိလိုက်ပါ့မယ်"

မင်းသူရမောင်ရဲ့ စိတ်ရှည်နိုင်မှုကို ဒေါ်အိမွှန်ခင် ကျေးဇူးတင်ကာ အဲဒါကြောင့်လည်း နည်းနည်းဖြေသိမ့်ရသည်။ သူကတော့ စိတ်မရှည်ပြီ။ သူ့သမီးကို သူမွေးထုတ်ထားတာ အရိပ်အကဲကို သူတစ်ပါးထက်တော့ နားလည်သည်။ ထက်လှကို ကြည့်ရတာ တစ်ခုခုပဲလို့ စိတ်မှာထင်နေသည်။

အကြောင်းပြချက်က အကြောင်းပြချက်ပဲ။ သူ့စိတ်ထဲမှာ တစ်ခုခု ရှိနေသည်လို့ပဲ ဒေါ်အိမွှန်ခင် ထင်သည်။ အဲဒီ တစ်ခုခုကို ထက်လှ သိုဝှက်ထားတာ။ ဒီလောက်တောင် ပြည့်စုံ ကောင်းမွန်နေတဲ့ သတို့သားလောင်းအပေါ် အင်တင်တင်ဖြစ်ကာ မင်္ဂလာကိစ္စကိုတောင် တတ်နိုင်သမျှ အဝေးရွှေ့လိုရခြင်းအတွက် အစစ်အမှန် အကြောင်းရင်းဟာ ဘာဖြစ်မလဲ။ ဘာမှရေရေရာရာ မသိပေမယ့် သူ့သမီးမှာ အသစ်သော ဓာတ်လမ်းတစ်ခုခုများ ရှိနေမလားလို့ အလိုအလျောက်ပင် သံသယဝင်လေသည်။





ထိုင်ရာက မျက်နှာမသာမယာနှင့် ထထွက်ရင်း ...

"ထက်လှ ... ညည်းကို မောင်မင်းသူရ အလိုလိုက်တိုင်း ညည်းထင်ရာလုပ်လို့ရမယ် မထင်နဲ့၊ ငါသဘောမတူဘူး နောက်ဆုတ်ဖို့၊ ဒါပဲပြောမယ်"

ဒေါ်အိမွှန်ခင် ထွက်သွားမှ မင်းသူရမောင်က ...

"နေ့လယ်ကတောင် ထက်လှသူငယ်ချင်း ရှန်းရှန်းဆိုတာ ဖုန်းဆက်တယ်"

ထက်လှက တုန်ခနဲပင်ဖြစ်သွားကာ ...

"ဘာတဲ့လဲ ... ဘာဖြစ်လို့ ကိုကို ! သူ ... သူ ဘာပြောလဲဟင်"

"ထက်လှဆီ ဖုန်းဆက်မရလို့တဲ့၊ ကိုယ်နဲ့များရှိနေမလား ဆက်တာတဲ့"

"အို ... အိမ်ဖုန်းဆက်လိုက်ရင် ထက်လှ ဘယ်သွားလဲ ရှိသလား သိရမှာပေါ့၊ ကိုကိုလှမ်းဆက်ဖို့က ဆက်စပ်ရ ခေး လိုက်တာ၊ ဘာဖြစ်လို့ ဆက်ပါလိမ့်၊ ထက်လှဆီ ဆက် မရရုံနဲ့ ကိုဆီ ဆက်ထာတဲ့လား"

"အဲလိုပြောပေမယ့် သူ့စကားပြောပုံ ကြည့်ရတာ တုန်တုန် လှုပ်လှုပ်နဲ့ တစ်မျိုးပဲ၊ စိတ်ဂနာမငြိမ်သလို ပြောနေတယ်။ ဘာပြောပေးရမလဲ ဆိုတာတော့ မပြောပေမယ့် ကိစ္စတစ် ခုခုရှိပုံပဲ၊ တစ်မျိုးဖြစ်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



ထက်လှ ခြေဖျားလက်ဖျားများ အေးစက်လာသည်။ ထက်လှ သိတာပေါ့။ ရှန်းရှန်း ကို့ကို တစ်ခုခုပြောဖို့ ကြိုးစားခဲ့တာ။ ဆက်ပြီးမှ ပြောမထွက်တော့ဘဲ ဟိုလိုလို ဒီလိုလို လျှောချလိုက်တာဖြစ်မှာပါ။ ရှန်းရှန်းဟာ ထက်လှအတွက် လက်တစ်ကမ်းက အန္တရာယ်တစ်ခုပင်။

သူတို့အနေအထားဟာ ဘေးကျပ်နံကျပ်နှင့် ကျဉ်းမြောင်းသော ချောင်အချိုးတစ်ခု၌ မကြာခင် ပိတ်မိတော့မည်လိုပင်။ ဆုံးဖြတ်ချက် ခိုင်မာတယ်ဆိုရင် အချိန်ဆွဲနေဖို့ မသင့်လှတော့ပါပေ။

✧ ❦ ✧





၁၇

"ရှန်းရှန်းက ဒီမှာရှိတယ်ဆိုတာ အန်တီကသိတော့ သူငယ်ချင်းနဲ့ အဖော်လိုက်လာပေးတာလေ၊ အန်တီ့သူငယ်ချင်းကလည်း ဒီလို မိတ်ကပ်အလှပြင်တာတွေ၊ ဆံပင်အလှပြင်တာတွေနဲ့ သိပ်ဝေးတာ၊ အခု သူ့သမီးမင်္ဂလာဆောင်မယ်ဆိုတော့ အန်တီက နာမည်ကြီးတာလေးတွေ ပြောပြပေးတာပေါ့၊ အဲဒါ သူက သမီးတို့ဆရာနဲ့ ပြင်ချင်တယ်ဆိုတော့ အန်တီက သမီးလည်းရှိတယ်ဆိုပြီးအဖော်လိုက်ခဲ့ပေးတာလေ"

"ဟုတ်ကဲ့ အန်တီ"

ရှန်းရှန်းသည် ဆိုင်ထဲ ဒေါ်အိမွန်ခင် ဝင်လာတာမြင်တော့ လန့်ဖျပ်ပြီး ရင်တွေခုန်သွားတာ အမှန်ပင်။ မိုးထွန်းကိစ္စကိုသိပြီး သူ့ကို တစ်ခုခု လာပြောပြီလားရယ်လို့ပင်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ မိုးစွေနဲ့သူ့ရဲ့ ပတ်သက်တော်စပ်မှုကို ထက်လှတောင် သိတာ မကြာသေးတာ ဒေါ်အိမွန်ခင် မသိနိုင်ဘူး ဆိုတာလည်း တွေးမိကာ တကယ်လို့ သိတော့ရော အသည်းထုန်ရင်ခုန်ရမယ့် သူက ကိုယ်မှမဟုတ်တာလို့ တွေးမိကာ ကိုယ့်ကိုယ်ကိုယ်ထိန်း လိုက်နိုင်တာပင်။

သို့ပေမယ့် ဟက်ဟက်ပက်ပက်တော့ မပြုံးနိုင်အောင် ရှိခဲ့လေသည်။

"မင်္ဂလာပွဲတွေ လိုက်လိမ်းတဲ့အခါ သမီးရော ပါသလား"

"ဆရာက အလှည့်ကျ ခေါ်တတ်တာ အန်တီ၊ ဒါတွေ လူများရင်တော့ သမီး အမြဲလို ပါတတ်ပါတယ်"

"သတို့သမီး သားအမိရယ်၊ အရံတွေ ပန်းကြဲတွေရယ်ဆို ရင်တော့ ငါးယောက် ခြောက်ယောက်တောင် ဖြစ်သွားမှာပေါ့ သမီးရယ်"

"အဲလောက်ဆိုရင်တော့ သမီးပါ ပါလာမှာပါ၊ သမီးက ဒီမှာ ကြာပြီဆိုတော့ ဆရာက အရေးကြီးရင် အမြဲခေါ် ပါတယ်"

"အန်တီက အန်တီ့သူငယ်ချင်း မူမူ့ကို ပြောထားတယ် ထက်လှ စေ့စပ်တုန်းက သမီးလိမ်းပေးတာ တအားလှတာ လို့၊ သမီးတို့ဆရာက သတို့သမီး လိမ်းမယ်ဆိုရင် သူ့ သမီးနဲ့လိမ်းလို့ ပြောထားတယ်"





"ဟုတ်ကဲ့ အန်တီ၊ သမီး လိမ်းပေးမှာပါ၊ ဒါပေမဲ့ ဆရာ ကတော့ ပြန်အချောသတ်ပေးတယ်လေ၊ ဆရာအချောသတ် ပေးတော့ ပိုလှတာပေါ့ အန်တီရယ်"

"အေး ... အေး ... ဒီနေ့ အားနေတာလား သမီး"

"ဒီနေ့က ကြာသပတေးဆိုတော့ ညနေပိုင်းအားတယ် အန်တီ၊ မနက်ပိုင်းကတော့ ဆွမ်းကျွေးလိုက်လိမ်းပြီးပြီ၊ ဆတ်တခေး ဆန်းဒေး ဆိုရင်တော့ မနက်ခြောက်နာရီလောက်က စလိုက် ရင် မိုးချုပ်တဲ့ထိပဲ၊ ပွဲတွေများတာကိုး"

"အေးပေါ့"

သတို့သမီးလောင်းအမေက တစ်ဖက်မှာ ဆရာနှင့် စကားပြောနေစဉ် ရန်းရန်းနှင့် ဒေါ်အိမွန်ခင်က ဒီဘက်နားမှာ စကားတစ်ဝိုင်းလို ဖြစ်နေကာပင်။

ရန်းရန်းနှင့် ထက်လှ ခင်မင်တာကြာပေမယ့် ထက်လှ အမေနှင့် ခုလို ရင်းရင်းနှီးနှီး စကားများများမပြောဖူးပါ။ မပြော ဖူးဆို ဒေါ်အိမွန်ခင်ဟာ မာန်ဂုဏ်ဝင့်ထည်တဲ့ အမျိုးသမီးကြီးတစ် ယောက် ဖြစ်တဲ့အတွက် တော်ရုံတန်ရုံကို အရေးအဖက်လုပ်တတ် သူလည်း မဟုတ်။

ရန်းရန်းကိုလည်း ဟိုးအရင်ကတည်းက ပြုံးပြတာ နှုတ်ဆက်တာအပြင် စကားလက်ဆုံကျတာမျိုး မရှိခဲ့။ စေ့စပ်ပွဲ တုန်းက ထက်လှကို လိမ်းပေးတုန်းကပင် သူက သူလိမ်းနေကျ သူတစ်ယောက်ကို ခေါ်လိမ်းကာ ခင်မင်မှုမေတ္တာနှင့် အလကား



www.burmeseclassic.com

www.burmeseclassic.com



လိမ်းပေးခဲ့တဲ့ ရှန်းရှန်းကို ပြုံးပြရုံထက်ပိုပြီး ကျေးဇူးစကားပင် မတင်။

သူ့သမီး သူ့ဘာသာသူ သူငယ်ချင်းချင်း ကျေးဇူးတင်လိမ့်မည်ဆိုတဲ့ ပုံစံမျိုးနှင့်ပင်။ ခုတော့မှ ဟက်ဟက်ပက်ပက် ပြုံးပြုံးရယ်ရယ် စကားတွေ လက်ဆုံကျနေ၍ တစ်ခုခုပဲလို့တော့ ရှန်းရှန်း သတိပြုမိသည်။

"ထက်လှ မင်္ဂလာပွဲကျရင်လည်း ထက်လှက သမီးနဲ့ပဲလိမ်းလိမ့်မယ်ထင်တယ်"

"မင်္ဂလာသတို့သမီး ဆိုရင်တော့ ဆရာက သူကိုယ်တိုင်ဝဲလိမ်းတာပါ အန်တီ"

"ဟုတ်လား ... ဒါနဲ့ ထက်လှ မင်္ဂလာပွဲ မကြာတော့ဘူးဆိုတာ သမီး သိလား"

"စေ့စပ်တုန်းကတော့ ပြောဖူးပါတယ် အန်တီ၊ နောက်ပိုင်း သိပ်လည်းမတွေ့ဖြစ်တော့ သေသေချာချာ အတိအကျတော့ မသိပါဘူး"

"သမီးတို့ချင်း သိပ်မတွေ့ဖြစ်ဘူးလား"

"ဒီကြားထဲ သုံးလေးခါတော့ တွေ့တယ်ထင်တယ် အန်တီ၊ ဖုန်းလည်း တစ်ခါတစ်ခါတော့ ပြောဖြစ်ပါတယ်၊ အရမ်းကြီးတော့ မတွေ့ပါဘူး"

"အန်တီက သမီးကို မေးချင်တာလေးရှိတာ သိပ်မတွေ့ဖြစ်ဘူးဆိုတော့ မေးဖို့တောင် ခက်ပြီ"





ရှန်းရှန်းက ဒိတ်ခနဲ ရင်တုန်ကာ ...

"အန်တီ ဘာမေးချင်တာလဲ မသိဘူး"

"ပြောရလည်း ခက်ပါတယ် သမီးရယ်"

"ပြောပါ အန်တီ၊ ပြောလို့ရပါတယ်၊ မေးလို့လည်းရပါတယ်၊ သမီးကိုတော့ အားမနာပါနဲ့"

ဒေါ်အိမ့်မွန်ခင် စကားကို စိတ်ဝင်စားလှ၍ ရှန်းရှန်းက လမ်းခင်းဖွင့်ပေးလိုက်သည်။

"ထက်လှက ဒီမှာ သူငယ်ချင်းအပေါင်းအသင်း သိပ်ရှိတာမှ မဟုတ်တာ၊ ဟိုမသွားခင်က သူငယ်ချင်းထဲကဆိုလို့ သမီးလောက်ပဲ ရှိတာလေ၊ သူ့သူငယ်ချင်းတွေက များသောအားဖြင့် စင်ကာပူမှာချည်းပဲလေ၊ ဒီတော့ အန်တီ့မှာ ဒီမှာ တစ်ခုခုမေးစရာ ပြောစရာဆိုလို့ ရှန်းရှန်းကိုပဲ စဉ်းစားမိလို့ပါ"

"ဟုတ်ကဲ့ ... ပြောပါ အန်တီ"

"သမီး စိတ်ထဲပဲ ထားပါနော်"

"ဟုတ်ကဲ့"

"ထက်လှမှာ တခြားခင်မင်တဲ့သူတွေ ဘာတွေ ... ကဲပါလေ၊ အန်တီ ရှင်းရှင်းပဲ ပြောပါ့မယ်၊ ထက်လှများ ယောကျ်ားလေးတစ်ယောက်ယောက်နဲ့ ခင်မင်ရင်းနှီးနေတာ ရှိတယ်လို့ သမီး ကြားမိတာများရှိလား"

ရှန်းရှန်းက ရင်တဒိတ်ဒိတ်ခုန်ကာ ခဏငြိမ်သက်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... သမီး၊ ဘာလို့မဖြေတာလဲ၊ သမီး ကြားမိတာ ရှိတယ်ထင်တယ်"

"........."

"ရှန်းရှန်း ... အန်တီ့ကို ပြောစမ်းပါ သမီး"

"ဝက်လှ ... အခု ဘာပြောလို့လဲ အန်တီ၊ သူ့မှာကောင်လေးတစ်ယောက် ရှိနေပါပြီလို့ အန်တီ့ကို ပြောတာလား ဟင်"

"ဘယ်ပြောပါမလဲ သမီးရယ်၊ ဒီလိုသာ ပြောလို့ကတော့ သူ့ကို အခန်းထဲ သော့ပိတ်ပြီး ထွက်ခွင့်ကိုမပြုတော့မှာ။ မင်္ဂလာကိစ္စကို နေ့မွှေ ညမွှေ မွှေနေလို့ စိတ်ထဲသိပ်မသင်္ကာတာ၊ သမီးသိတာရှိရင် ဖုံးမထားပါနဲ့ ပြောပါ။ အန်တီ ဘယ်နည်းနဲ့မှ အဖြစ်မခံနိုင်ဘူး သမီး၊ သမီးပြောတာလည်း မသိစေရပါဘူး၊ သမီးအံနေနဲ့လည်း ကိုယ့်သူငယ်ချင်း ကောင်းစားသွားတာလေးကိုပဲ မြင်ချင်လိမ့်မယ်လို့ အန်တီ ယုံပါတယ်ကွယ်"

ဒေါ်အိမွန့်ခင် စကားက သူ့ဟာနှင့်သူ အဖုံးအဝိတ် အံကျလို့ပင်။

"သမီးလည်း သူငယ်ချင်းကောင်း တစ်ယောက်ပါ၊ သူငယ်ချင်းကောင်းဆိုတာ ကိုယ့်သူငယ်ချင်းလမ်းမှားပေါ်မရောက်အောင် ဝိုင်းကာကွယ်ပေးဖို့ တာဝန်လည်းရှိပါတယ် သမီးရယ်"





ဒီထက်မက ကာကွယ်ဖို့ တာဝန်တွေလည်း ရှိပါသေးတယ် အန်တီရေ။ ကိုယ့်ချစ်သူ သူ့လက်ထဲပါမသွားဖို့ အရေးလည်း ကာကွယ်ရဦးမှာလေ။

"ပြောပါ သမီး၊ အန်တီ ရင်တွေတောင် တုန်လာပြီ၊ သမီး မျက်နှာ ကြည့်တာနဲ့ ဒီလိုဇာတ်လမ်းရှိနေပြီဆိုတာ အန်တီ သိတယ်"

"အန်တီ ... ရှန်းရှန်းဆီက သိရတယ်လို့တော့ ..."

"စိတ်ချ ... သမီး၊ လုံးဝ ထက်လှ မသိစေရဘူး"

ရှန်းရှန်းက တံတွေးတစ်ချက် မျိုချလိုက်ရင်း ...

"ဟုတ်တယ် အန်တီ၊ ရှိနေပါတယ်"

"ဟင် ... ဘုရား ဘုရား .... ထင်တဲ့အတိုင်းပဲ၊ သမီးကို သူတိုင်ပင်တာလား"

"ဟင့်အင်း၊ လုံးဝအသိမပေးပါဘူး အန်တီ၊ သမီးဘာသာ သိသွားတာပါ"

"ဘယ်သူလဲ ... ဘယ်ကကောင်လဲ"

"ဇော့စပ်တုန်းက ဇာတ်ပုံလာရိုက်ပေးတဲ့ မိုးဇွေပါ"

"ဘာ"

ဒေါ်အိမွန်ခင် မျက်နှာက နီမြန်းလာကာ ...

"လက်စသတ်တော့ ဒီကောင်ကိုး၊ အဲဒါကြောင့် ဟိုးတလော ညနေစောင်းကြီး အရေးကြီးကိစ္စ ရှိသလိုနဲ့ ထွေးနဲ့လာခေါ်

www.burmeseclassic.com

www.burmeseclassic.com



သွားတာ၊ ညည်းတို့ ထက်လုကလည်း ရွေ့ခနဲပါသွားတာပဲ၊ ပြန်လာကတည်းက မျက်နှာပျက်ပျက်နဲ့ သံသယတော့ ဝင်သား၊ ထင်စရာအကြောင်းမရှိပါဘူးလေလို့ တွေးလိုက်မိလို့ပေါ့၊ ဒီကောင်က ညည်းသူငယ်ချင်းပဲ မဟုတ်လား ရှန်းရှန်း၊ ညည်းကကော မတားဘူးလား၊ စေ့စပ်ထားမှန်း သိရက်နဲ့ စည်းဆိုတာ ဒီကောင် မသိဘူးလား"

ရှန်းရှန်းက မိုးရွှေဘက်က နာမိကာ ...

"အန်တီရယ် ... ထက်လု ခေါင်းမညိတ်ရင် ဘာမှမဖြစ်နိုင်ဘူးလေ၊ ပြီးတော့ တားရအောင်က သမီးကို တိုင်ပင်ကြတာမှ မဟုတ်တာ၊ နှစ်ဦးသဘောတူ ကျိတ်ဖြစ်နေကြတာပဲဟာ"

ဒေါ်အိမွန်ခင် မျက်နှာထားက ခုနကနှင့်မဆိုင် တင်းရေမာရေ ရှိလှသည်။

✧ ❦ ✧





မင်းသူရမောင်က ကားဂိတ်ရဲ့လက်မှတ်ဝယ်ယူရာ အခန်းလေးထဲမှထွက်ကာ မလှမ်းမကမ်းက ဂျစ်ကားပေါ်တက်သွားတဲ့ သူ့ကို လိုက်ကြည့်နေမိတုန်းပင် သူ့ကားဝေါ်ကို သူ့ရဲ့ တပည့် ကိုမျိုးမြင့်က တက်လာပါသည်။

"ဆရာ ... ခဏလေးနော်၊ ခဏလေးနေမှ ကားကဝင်မယ်၊ ရန်ကုန်ဇရိယာတော့ ဝင်လာနေပြီတဲ့၊ ဆယ်မိနစ် ဆယ့်ငါးမိနစ်တော့ စောင့်ရမယ် ထင်တယ်၊ ဝင်လာမယ့်ကားက ကျွန်တော်တို့ပစ္စည်းပုံး ပါလာမယ့်ကားပဲ"

"ဪ ... အင်း"

"ဆရာ လေဆိပ်သွားဖို့ နောက်ကျမယ်ထင်ရင် ကျွန်တော် ဒီမှာပဲ နေခဲ့လိုက်မယ်၊ ပစ္စည်းရွေးပြီး ရုံးကိုပြန်နှင့်လိုက်မယ်"

မင်းသူရမောင် လေဆိပ်မှာ ဧည့်သည်ကြိုဖို့ရှိတာ မှန်ရောကာ အဝေးပြေးဂိတ်မှာ ပစ္စည်းရွေးစရာရှိတဲ့ ကိုမျိုးမြင့်ကို တစ်ခါတည်း တင်ခေါ်လာခဲ့တာပါ။ မင်းသူရမောင်က နာရီတစ်ချက်ကြည့်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဆယ့်ငါးမိနစ်တော့ ကျွန်တော် စောင့်လိုက်မယ် ကိုမိုး
မြင့်၊ ဆယ့်ငါးမိနစ်နေလို့ ကားဝင်မလာသေးရင်တော့
ခင်ဗျားကို ထားခဲ့တော့မယ်ဗျာ"

"ဟုတ်ကဲ့"

"ဒါနဲ့ ... ခုန ခင်ဗျားဘေးနားရပ်နေတဲ့ စပို့ရှပ်အနက်နဲ့
ကောင်လေး သတိပြုမိလား"

"ဩော် ... ဟိုဂျစ်ကားပေါ် တက်သွားတာလား"

"ဟုတ်တယ် ... ဟုတ်တယ်"

"ကားလက်မှတ် ဝယ်နေတာ ဆရာ၊ ဘာဖြစ်လို့လဲ"

"ဘယ်ကို ဝယ်တာလဲ"

"(......)ကိုပါ၊ ညနေငါးနာရီကားဝယ်တာ ဆရာ၊ လက်
မှတ်က ကုန်တော့မယ်၊ ကြည့်ရတာ ကောင်လေးက
ပိုက်ဆံပိုပေးလိုက်ပုံပဲ၊ အရေးကြီးနေတာ ထင်တယ်၊ နှစ်
စောင်ဝယ်တာ ရသွားတယ်"

"ဩော်"

ဂျစ်ကားရှိနေရက်နှင့် "......"မြို့ကို ကိုယ့်ကား
ကိုယ် ကားမောင်းမသွားဘဲ အဝေးပြေးကားလက်မှတ် လာဝယ်
တာကို မင်းသူရမောင်က ထူးဆန်းနေမိပါသည်။ ပြီးတော့ ရေး
ကြီးသုတ်ပျာ ချွေးပြန်နေပုံရတာကိုလည်း စိတ်ဝင်စားမိခဲ့ပါသည်။

✧ ❦ ✧



"မောင်မင်းသူရ၊ အန် ... အန်တီ ... ဘယ်လိုပြောရမလဲ
တောင် မသိတော့ဘူး သားရယ်၊ လုပ်ပါဦး သားရယ်၊
ဘယ်လိုလုပ်ကြမလဲ"

"ဘာဖြစ်လို့လဲ အန်တီ"

အိမ်ထဲလှမ်းဝင်လိုက်တာနှင့် ခြေမကိုင်မိ လက်မ
ကိုင်မိ ပူလောင်နေသော ဒေါ်အိမွန်ခင်ကို အလန့်တကြား တွေ့
လိုက်ရတာပင်။ အပ်ထားတဲ့လက်စွပ်နှစ်ကွင်းကို ရွေးလာကာ
ထက်လှကို အရင်ဆုံးပြဖို့ မိုးထဲလေထဲ အချိန်မဆွဲ ရောက်လာတဲ့
မင်းသူရမောင်က စိုးရိမ်တကြီး မေးမိလျှင် ...

"သားရယ် ... အန်တီ ပြောတောင် မပြောရဲတော့ဘူး၊
ထက်လှလေ ... ထက်လှ"

"ထက်လှ ဘာဖြစ်လို့လဲ အန်တီ"

"ထက်လှ အိမ်ကထွက်သွားတယ်"

"ခင်ဗျာ"

မင်းသူရမောင်က မျက်စိလည်သွားရတော့ ...

www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ဘယ်ကိုထွက်သွားတာလဲ အန်တီ၊ ကျွန်တော် နားမလည်ဘူး"

"အမိုက်မ ... အန်တီ သေသာသေလိုက်ချင်တယ်၊ သား ကိုလည်း မျက်နှာချင်း မဆိုင်ရဲတော့ဘူး၊ ပြောတောင် မထွက်ဘူး၊ အခုလည်း ဘယ်ကိုလိုက်လို့ လိုက်ရမယ်မှန်း မသိ၊ လုံးဝခွင့်မပြုနိုင်ဘူး၊ တွေ့တာနဲ့ သတ်ပစ်မှာ"

ဒေါ်အိမ့်မွန်ခင် ဒေါ်မာန်ပါပါ ကြိတ်မနိုင်ခဲမရ ငိုကြွေး နေတာကို ဇဝေဇဝါ ငေးငိုင်ကြည့်နေရင်းက မင်းသူရမောင် တစ်စုံတစ်ရာကို မထင်ရဲ မထင်ရက်ပဲ တွေးထင်မိလာပါသည်။ ဒီရက်ပိုင်း နေ့စဉ်နှင့်အမျှ မင်္ဂလာပွဲ နောက်ရွှေ့ဖို့နှင့် ဖိတ်စာလုံး မရိုက်သေးဖို့ကိုချည်း နားပူတိုက်နေခဲ့တဲ့'ထက်လှကို ဘာများဖြစ် နေပါလိမ့်ဟု စိတ်စနိုးစနောင့် ဖြစ်ခဲ့ရသမျှ ခေါင်းထဲလင်းခနဲ တစ်ချက် အသိဝင်သွားသလို ...

"ထက် ... ထက်လှ ... တစ်ယောက်ယောက်နဲ့ ..."

"သားရယ်၊ မြေမျိုသာ ခံလိုက်ချင်တော့တယ်၊ မျက်နှာ လွှန်း ရှက်လွန်းလို့၊ သားနဲ့ကလွဲရင် ဘယ်သူနဲ့မှ သဘော မတူနိုင်ပါဘူး၊ ခွင့်လွှတ်ပေးပါ၊ အချိန်မီ အုပ်မိအောင် ရှာ ပေးပါနော်၊ သားက ခွင့်မလွှတ်ရင်တောင် လုပ်ပုံ အော့နှလုံးနာလွန်းလို့ ဒီကောင်နဲ့တော့ လုံးဝကိုမပေးစား နိုင်တာ သေချာတယ်၊ အဲဒီတော့ မြန်မြန်သာ လိုက်ရှာပေး ပါ၊ ကူညီပါ၊ ကူညီပါဦးနော် သား"



မင်းသူရမောင်သည် ပူပြင်းတောက်လောင်လာသော ရင်ထဲမှ လေပူပူများကို ပင်ပန်းတကြီး မှုတ်ထုတ်ရင်း ...

"ဒါဖြင့် ထက်လှ ဘယ်သူနဲ့ ထွက်သွားတယ်ဆိုတာ အန်တီက သိနေတာလား"

"သား ... သူလေ ... စေ့စပ်ပွဲတုန်းက ဓာတ်ပုံလာရိုက် ပေးတဲ့ ကောင်လေးနဲ့ သူ ... သူ ..."

"ဗျာ ... အန်တီ၊ မိုးဇွေကို ပြောနေတာလား"

"သား ... ကယ်ပါဦးနော် ... ရှာပေးပါ၊ အန်တီ သဘော မတူဘူး၊ မတူနိုင်ဘူး၊ ထက်လှအပေါ် သား ဘယ်လိုပဲ ဆုံးဖြတ် ဆုံးဖြတ်ပါ၊ လောလောဆယ်တော့ ထက်လှကို ရအောင် ပြန်ရှာပေးပါ"

မင်းသူရမောင်သည် ရှက်တာ ဒေါသဖြစ်တာ ဝမ်း နည်းတာ အံ့အားသင့်တာတွေကို တပေါင်းတည်း စုပြုံခံစားလိုက် ရရင်း တစ်ကိုယ်လုံးပူပြင်းလာသည်။ လုပ်ရက်လိုက်တာ ထက်လှ ရယ်။ ဘယ်လိုဖြစ်သွားရတာလဲ။ မယုံနိုင်တော့ပါဘူး။ သူ့ရင်ထဲ မှာ ထက်လှကို နာကြည်းဒေါသဖြစ်တာထက် ယူကျုံးမရတာ ဝမ်းနည်းတာ မဖွင့်လွှတ်နိုင်တာ ပိုနေသည်ကို သူ့ဟာသူ ကောင်းကောင်းရိပ်စားမိပါသည်။

"သား ... အချိန်မလင့်ခင် အန်တီ့ကို ကူညီပါကွယ်၊ ထက်လှ သွားတာ မကြာနိုင်သေးဘူး၊ အန်တီ သူ့အကြောင်း သိလို့ သူ့ကို ဘယ်မှပေးမထွက်ဘဲ သူ့အခန်းထဲမှာတောင်



www.burmeseclassic.com

www.burmeseclassic.com



မော်မော့်ကို အစောင့်ထားထားသေးတာ၊ ခုနကမှ သူ မော်မော့်ကို သူသရက်သီးစားချင်တယ်ဆိုပြီး သွားခွဲခိုင်းပြီး ပ,ထုတ်လိုက်တာ၊ မော်မော် ပြန်ရောက်လာတော့ မရှိတော့တာ"

"ဒါတွေ အန်တီ ဇော်စောကတည်းက သိထားရင် ကျွန်တော့်ကို စောစောစီးစီး ဖွင့်ပြောပြထားဖို့ သင့်ပါတယ်"

"သား ... အန်တီ မင်းကို ဘယ်လိုပါးစပ် ဘယ်လိုစကားလုံးမျိုးနဲ့ ပြောထွက်ရမလဲ သားရယ်၊ သားနဲ့ကလွဲရင် ဘယ်သူနဲ့မှလဲ သဘောမတူနိုင်ဘူး၊ ဟိုကောင်ရဲ့မာတ်ပုံစတူဒီယို လိုက်ကြမလား၊ သူ့အိမ်လိုက်မလား၊ သူ့အိမ်လိပ်စာမသိပေမယ့် ရှန်းရှန်းကို လှမ်းမေးရင် ရမှာပါ"

"ကျွန်တော် လိုက်ရမယ့်နေရာ သိပါတယ်"

"ဟင် ... ဘယ်မှာလဲ၊ ဘယ်ကိုလဲ၊ သားသိရင် ချက်ချင်းလိုက်ကြစို့သား"

မင်းသူရမောင်က လက်ကနာရီကို တစ်ချက်ကြည့်လိုက်ပါသည်။ သူ ချာခနဲလှည့်ကာ လှုပ်ရှားလိုက်သည်နှင့် ဒေါ်အိမွန်ခင်က အပြေးကပ်လာကာ ...

"အန်တီလည်း လိုက်မယ်"

✧ ❦ ✧

## ၁၈

တစ်ကြိမ်တစ်ခါမှ မရောက်ဖူးတဲ့ အဝေးပြေးကားဂိတ်ဝင်းထဲ ဟိုပြေး ဒီပြေး ဟိုမေး ဒီမေးနှင့် "......"ကားလိုင်းဂိတ်ကို မေးနေတဲ့ ထက်လှမှာ နာရီလေးတကြည့်ကြည့်နှင့် ပျာယာခတ်နေပါသည်။ ဘာခရီးဆောင်အိတ်မှ မပါဘဲ ပိုက်ဆံအိတ်လေးတစ်လုံးသာ လွယ်ထားမိလို့ပဲ တော်တော့သည်။

"ထက်လှ"

"ဟင်"

သူ့တံတောင်ဆစ်လေးကို နောက်ကဆွဲကိုင်ကာ ခေါ်လိုက်သံသည် ထက်လှနားထဲ မိုးကြိုးပစ်ချလိုက်သံထက် ပေါက်ကွဲကျယ်လောင်လှသည်။ ဝုန်းခနဲ နောက်ကို တစ်ချက်ကြည့်လိုက်တဲ့အချိန်မှာ လူဟာ သေးကျုံ့ပြီး အမှုန်အစက်လေးတစ်ခုမျှ သိမ်ငယ်သွားပါသည်။ နာကျင်ခွေးမြည့်နေတဲ့ ရှန်းရှန်းရဲ့မျက်နှာဟာ မကြာခင်က မျက်ရည်နှင့် လူးကြံထားသလို ပြောင်တလင်းခါပြီး လှမမာရုပ် ထွက်နေသည်။







www.burmeseclassic.com

www.burmeseclassic.com



"ထက်လှ ... နင် ဆုံးဖြတ်ပြီးပြီပေါ့နော်"

"........."

"နင် ကိုမင်းသူရမောင်လို လူကိုပစ်ပြီး မိုးစွေကို တော်ရုံ အချစ်နဲ့ မရွေးချယ်နိုင်ဘူးဆိုတာ ငါ သဘောပေါက်ပါတယ် ထက်လှရယ်"

"ရှန်းရှန်း ... ငါလေ ..."

ထက်လှသည် အပြစ်ကြီးမားလှသူလို ရင်ထဲဆို့နင့် လာကာ စကားမဆက်နိုင်ဘဲ ရှိုက်သံလေးတွေနှင့် တုန်ယင်လာသည်။

"ငါ ရက်ပေါင်းများစွာ ငိုလည်းငိုပြီးပြီ၊ သေချာလည်း စဉ်းစားပြီးပါပြီ၊ နင်နဲ့ မိုးစွေကို ငါ စိတ်နာပေမယ့် ခွင့်လွှတ်နိုင်ပါတယ်၊ နင် ... ငါ ... သူ ... အားလုံး တစ်လောကလုံး ချစ်တဲ့သူကို လက်တွဲချင်မှာ ပိုင်ဆိုင်ချင်မှာပဲ ဆိုတာ ကိုယ်ချင်းစာကြည့်လို့ ရပါတယ်"

"ရှန်းရှန်းရယ် ... ငါ့ကို ခွင့်မလွှတ်ပါနဲ့ဟယ်၊ ငါလေ ... ငါ မိုက်မဲပါတယ်၊ ဒါပေမဲ့ ငါလေ ..."

"ရပါတယ် ထက်လှ၊ နင် နောက်ဆံတင်းမနေနဲ့တော့ ငါ့အပေါ် အပြစ်လုပ်မိတယ်လို့ မတွေးဘဲ ကိုယ့်ရွေးချယ် ပိုင်ခွင့်နဲ့ကိုယ် ဆုံးဖြတ်တယ်လို့ပဲ စိတ်ဖြေသိမ့်လိုက်ပါ၊ နင်က စိတ်ရင်းစိတ်ထားကောင်းတဲ့သူပဲ၊ နင် မိုးစွေကို နင့်ဘဝနဲ့ ထပ်တူမချစ်ရင် နင် ဒီလိုမလုပ်ဘူးဆိုတာ ငါ နားလည်တယ် ...





ငါချစ်ရတဲ့ မိုးစွေမှာ သူ့အပေါ် ပြည့်စုံသာယာတဲ့ ဘဝတစ်ခုကို စွန့်လွှတ်ပြီးတော့တောင် သိပ်ချစ်နိုင်တဲ့ နောက်ထပ်မိန်းမတစ်ယောက် ရှိနေသေးပါလား ဆိုတာ တွေးပြီး သူ့အတွက် ငါ ကျေနပ်လိုက်ပါမယ်"

ရှန်းရှန်း စကားများက ထက်လှ အသည်းကို ဓားနဲ့ပါးပါးမွှန်းနေသလို ခံစားရစေပြီး ထက်လှ မျက်ရည်များကို ဒလဟောသွန်ကျအောင် အစွမ်းထက်ပါသည်။

"ငါ နှစ်ရက်လောက်ရှိပြီ၊ မိုးစွေနောက်က အရိပ်လို တိတ်တိတ်လေးလိုက်ကြည့်နေတာ၊ ဒီမနက် ဒီကားဂိတ်မှာ လက်မှတ်လာဝယ်တာ ငါသိတော့ ငါ့အသည်းတွေ ကွဲကြေရသလို အံ့အားလည်းသင့်မိတယ်၊ သူ့ကို သူ့အမေက ဒီကိစ္စ ရှေ့တိုးရင် သားအဖြစ်က အမွေပြတ်စွန့်လွှတ်တယ် ဆိုတဲ့အထိ ပြောပြီးပြီ၊ မိုးစွေက သူ့အမေကို သိပ်ချစ်တာ။ ဒါပေမဲ့ သူ့အမေကိုလည်း သူ စွန့်လွှတ်ဖို့ ဆုံးဖြတ်တယ်၊ ကားတောင် အမေဝယ်ပေးတာမို့ ထားရစ်ခဲ့တယ်၊ လိုင်းကားနဲ့ ထွက်သွားဖို့အထိ ဆုံးဖြတ်တယ်၊ နင်လည်း အားလုံးကို စွန့်လွှတ်ဖို့ စွန့်စားနိုင်ခဲ့တယ်၊ အဲဒါကိုကြည့်ပြီး နင်တို့နှစ်ယောက်ရဲ့ ဂန္ထဝင်မြောက်တဲ့ အချစ်ကို အံ့အားသင့် ကြည်နူးရတာနဲ့တင် ငါ ကျေနပ်ခဲ့ရတာ တန်ပါတယ် ထက်လှ"



www.burmeseclassic.com

www.burmeseclassic.com



"ရှန်းရှန်း ... ငါ ... ငါ မှားပြီထင်တယ်၊ နင့်အသည်း နှလုံးကို ငါ ခွဲထုတ်မယူသင့်ဘူး ထင်တယ်၊ နင့်စကား တွေက နင် မိုးဇွေကို ဘယ်လောက်ထိချစ်တာ သိသာတယ် ဟာ"

"နင်တို့ ဆုံးဖြတ်ပြီးပြီပဲ၊ နောင်တရမပါနဲ့၊ ငါ့အချစ် ဆို တာက မိုးဇွေဆီမှာ နင့်အချစ်လောက်မှ တန်ဖိုးမကြီးနိုင် ပဲ"

"ရှန်းရှန်းရယ်"

"ထက်လှ ... မိုးဇွေက ခရီးဝေးဝေး ကားစီးရင် အမြဲကား တောက်တတ်တယ်၊ သူမူးပြီး အမြဲအန်တတ်တယ်၊ အဲဒါ ငယ်ငယ်ကတည်းက ခုထိပဲ၊ ရော့ ... ငါ တခြားဘာမှ နင်တို့အတွက် မစီစဉ်နိုင်ပေမယ့် ဒီမအန်တဲ့ဆေးကတ်ဆေး တော့ နင်ယူသွား၊ ကားထွက်တာနဲ့ သူ့ကိုတိုက်လိုက်ဦး နော်၊ နို့မို့ တစ်လမ်းလုံး သူ အော့အန်ပြီး နင်လည်းစိတ် ညစ် စိတ်ပူနေရမယ်၊ သူ ခရီးသွားရတိုင်း ငါ ထည့်ဆေး နေကျမို့ပါ"

ထက်လှသည် လက်ထဲရောက်လာတဲ့ ဆေးကတ် ပြားလေးကို မျက်ရည်ဝေသော မျက်လုံးများနှင့် ငိုးတဝါးငုံကြည့် ရင်းက ရှိုက်ကြီးတငင် ငိုချမိလေသည်။

✧ ❦ ✧





မိုးဇွေသည် သူ့ရှေ့မှာ မားမားရပ်လာတဲ့သူကို ကြည့်ရင်း မျက်လုံးတွေ ပြာနှမ်းကာ လူက ယိုင်မလိုတောင်ဖြစ် သွားရပါသည်။ ခံစားချက်မျိုးစုံ ရောပြွန်းနေတဲ့ မင်းသူရမောင် မျက်နှာက နာကျင်စုတ်ပြတ်သတ်နေသည်။

"ထက်လှရော မိုးဇွေ"

"ဟို ... ထက် ... ထက်လှ ..."

"မင်း ဘာမှစိတ်မပူပါနဲ့ မိုးဇွေ၊ ငါ ဒီကိုကားမောင်းလာ ရင်း လမ်းမှာ တစ်လမ်းလုံး သေချာစဉ်းစားခဲ့ပြီးပြီ၊ ငါက ထက်လှကို ချုပ်ဖက်ပြီး ပြန်ဆွဲခေါ်သွားမယ့်ကောင် မဟုတ် ဘူးဆိုတာ မင်း နားလည်စေချင်တယ်၊ အခု သူဘယ်မှာလဲ"

"သူ မရောက်သေးတာလား မသိဘူး၊ ကျွန်တော် ရှာနေတာ၊ သူက ဒီဂိတ်ကြီးကို တစ်ခါမှ မရောက်ဖူးဘူး ပြောတယ်၊ မျက်စိလည်ပြီး လိုက်ပဲရှာနေလား မသိဘူးဗျာ"

"မင်းတို့နှစ်ယောက်လုံး တော်ရုံချစ်ခြင်းမေတ္တာနဲ့ ခုလောက် မိုက်မိုက်မဲမဲ မဆုံးဖြတ်ကြလောက်ဘူးဆိုတာ ငါ တွေးနိုင် တယ် မိုးဇွေ၊ ထက်လှ နှလုံးသားကို မသိမ်းပိုက်နိုင်တာ



www.burmeseclassic.com

www.burmeseclassic.com



ငါညှံ့လို့ပဲလို့ ငါ ဖြေသိမ့်ပါတယ်၊ ထက်လှ လိုအပ်တာ မှန်သမျှကို ငါ့လောက် အစစအရာရာ ဖြည့်ဆည်းပေးနိုင်ခဲ့တဲ့သူ လောကကြီးမှာ မရှိနိုင်တာ သေချာတယ်၊ ဒါနဲ့တောင်မှ သူ့နှလုံးသား သူ့အချစ်ကို ငါ မရနိုင်ခဲ့ဘူးဆိုရင် ငါလည်း ဒီထက်ပိုပြီး မချစ်ပြတတ်၊ မစွမ်းဆောင်တတ်တော့တာ အမှန်ပဲ"

မင်းသူရမောင်က သက်ပြင်းတစ်ချက် ချလိုက်ပါသည်။

"သူ့အမေ ပါလာရင် ရှန်းရင်းဆန်ခတ်တွေပါဖြစ်ပြီး ထက်လှ ပိုစိတ်ထိခိုက်ရမယ်ဆိုတာ သဘောပေါက်လို့ သူ့အမေကိုတောင် ငါ မခေါ်လာဘဲ ထားရစ်ခဲ့တာပါ။ မင်းနဲ့ လိုက်သွားရမှ ထက်လှ စိတ်ချမ်းသာမှာ သေချာရင် ဟောဒီလက်ထပ်လက်စွပ် နှစ်ကွင်းကိုတောင် ငါက လက်ဖွဲ့လိုက်ဦးမှာပါ"

"ကိုမင်းသူရ ... ကျွန်တော့်ကို ကြိုက်သလို အပြစ်ပေးပါ၊ သတ်ချင်ရင်တောင် သတ်ထိုက်အောင် ကျွန်တော့်ဘက်က မတရားတဲ့ အနေအထားပါဗျာ"

"မင်းကို ငါ မသတ်ချင်ပါဘူး၊ ထက်လှ ဒီလောက်ချစ်အောင် စွမ်းဆောင်နိုင်တဲ့ အရည်အချင်းကိုတောင် ငါ လေးစားနေတာပါ၊ တကယ်လို့ သတ်ချင်တယ်ပဲထားဦး ထက်လှ မုန်းမယ့်အလုပ် ငါ ဘယ်တော့မှ မလုပ်ဘူး"





မိုးစွေသည် မင်းသူရမောင်ရဲ့ နာကျင်သော မျက်လုံးများကို ရင်ဆိုင်မကြည့်ဝံ့၍ ခေါင်းကိုငုံ့ချထားလိုက်ပါသည်။ သူ့ရင်ထဲမှာ ဘယ်လိုသိမ်ငယ်ခံစားနေရတယ်ဆိုတာ ယောက်ျားချင်း မင်းသူရမောင် နားလည်နိုင်ပါလိမ့်မည်။ မြေကိုခွဲ၍လည်း နစ်မြုပ်လိုက်ချင်သည်။ အခိုးအငွေ့လေးလိုလည်း လွင့်မျောပျောက်သွားချင်သည်။

"ဒါပေမဲ့ ငါ လုပ်ချင်တာတစ်ခုပဲ မိုးစွေ"

"ပြောပါ ကိုမင်းသူရ"

"ငါ ထက်လှကို စောင့်ပြီးတွေ့ချင်သေးတယ်၊ ငါ သူ့ကို မေးခွန်းတစ်ခုပဲ မေးမှာပါ၊ ထက်လှ ... ဒီဆုံးဖြတ်ချက် အတည်ပဲလား၊ ပြန်ပြင်ဖို့ရှိသေးလားလို့ပါ"

မင်းသူရမောင်သည် အသံကတိမ်းကပါး ဖြစ်သွား၍ စကားခဏ ရပ်လိုက်သည်။ အတန်ကြာမှ ...

"တကယ်လို့ မပြင်တော့ဘူး အတည်ပဲဆိုရင် မင်းတို့ကို ငါကဲ ဒီလက်ထပ်လက်စွပ်တောင် လက်ဖွဲ့ဦးမှာ၊ ပြီးရင် ငါ ပြန်မှာပါ၊ ငါ ထက်လှကို ဘယ်တော့မှ စိတ်ဆင်းရဲအောင် မလုပ်ဘူး မိုးစွေ"

"ကျွန်တော် ယုံပါတယ် ကိုမင်းသူရ"

"ငါ သူ့ကို လက်လွှတ်ပေးနိုင်တယ် ဆိုလို့လည်း အပိုင်ရလိုတဲ့ ပိုင်ဆိုင်ချင်တဲ့ အချစ်မျိုးနဲ့ မချစ်ဘူး၊ မင်းမထင်လိုက်လေနဲ့၊ လောကကြီးမှာ အလိုချင်ဆုံးအရာတစ်ခုရွေး

www.burmeseclassic.com

www.burmeseclassic.com



ပါဆိုရင် ငါ့အတွက် အဲဒါဟာ ထက်လှပါ၊ ဒါပေမဲ့ ဒီအချိန်ထိအောင် အရိပ်တကြည့်ကြည့်နဲ့ အလှကြည့်ချစ်လာခဲ့ပြီးမှ အချိန်အခိုက်အတန့်ကလေးတစ်ခုတည်းနဲ့ ထက်လှအသည်းနှလုံးကို ညစ်နွမ်းနာကျင်အောင် ငါ ဘာလို့လုပ်တော့မလဲ ...

ငါသိပါတယ်၊ မင်းကို သူ သိပ်ချစ်မယ်ဆိုတာ မှန်းနိုင်ပေမယ့် သူ ငါ့အတွက် စိတ်မကောင်းဘူးဆိုတာ ငါ သိပါတယ်၊ မနေ့ကပဲ သူ မင်္ဂလာပွဲ ရက်နောက်ရွှေ့တဲ့အတွက် သူ့ကို စိတ်မဆိုးပါနဲ့ ခွင့်လွှတ်ပါနော်လို့ ပြောရင်း ချုံးပွဲချ ငိုကတည်းက ငါ့စိတ်တွေ ထင့်ခဲ့ရပြီးသားပါ မိုးဈွေ၊ သူ ငါ့အတွက်လည်း 'ခံစားနေရတယ်ဆိုတာ ငါ့နှလုံးသားတွေက တုံ့ပြန်ခံစားလို့ ရပါတယ်"

နှစ်ယောက်အကြား တိတ်ဆိတ်သွားခြင်းက ကာလရှည်မျောစွာ ချောက်ချားချင်စရာ။ တစ်လောကလုံးမှာ အသံရယ်လို့ သူတို့နှစ်ဦးရဲ့ခံစားချက်တစ်မျိုးစီနှင့် ခုန်နေသော ရင်ခုန်သံတွေသာ မြည်ဟည်းနေတယ် ထင်မိသည်။

✧ ❦ ✧



အဲဒီနေ့တုန်းက မဆုံတွေ့ဖြစ်လိုက်ကြတဲ့ ထက်လှနှင့် မိုးဈွေ နှစ်ယောက်တွင် အဲဒီနေ့ရာမှ အရင်ထွက်ခွာပြန်လှည့်သွားခဲ့သူဟာ မိုးဈွေလား ထက်လှလား ဆိုတာ မိုးဈွေရော ထက်လှရော နှစ်ဦးလုံး၊၊ ဘယ်သောအခါမှ ပြန်သိနိုင်ကြမယ် မထင်။

✧ ❦ ✧

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ...

အချစ်ဆိုတာဟာ တစ်ခါတစ်ရံမှာ ...

ရင်မှာတိတ်တခိုး သိမ်းဆည်းသွားရမယ့် အရာမျိုး လည်း ဖြစ်နေတတ်လေသည်။

✧ ❦ ✧

လမင်းမိုမို

www.burmeseclassic.com